ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com




အတွဲ(၁၀)၊ အမှတ်(၄၈) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက် ၊ ကြာသပတေး၊ (ဖေဖော်ဝါရီ ၁၆ ၊ ၂၀၁၂)

# ငွေလဲနှုန်းပြင်ဆင်ရန် အရေးကြီးကြောင်း စတစ်ဂလစ် ပြောကြား

**အောင်သူရ**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၁**

စီးပွားရေး နိုဗယ်ဆုရှင် ပါမောက္ခ စတစ်ဂလစ်ရှိက မြန်မာနိုင်ငံတွင် အရေးကြီးဆုံး လုပ်ရမည်မှာ ငွေလဲနှုန်း ပြင်ဆင်သတ်မှတ်ရန်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

"လုပ်စရာတွေက အများကြီးပါ။ ပထမအဆင့်အနေနဲ့ အရေးကြီးဆုံး ပြုပြင်ရမှာက ငွေလဲနှုန်းထိန်းညှိဖို့ရယ်၊ မြေယာပြုပြင်ပြောင်းလဲမှုကိစ္စ၊ ဈေးကွက်တွေပိုပြီး ယှဉ်ပြိုင်နိုင်အောင် လုပ်ပေးဖို့နဲ့လက်ဝါးကြီးအုပ်မှုတွေကိုဖယ်ရှားဖို့လည်း အရေးကြီးပါတယ်" ဟု သတင်းထောက်များ၏ မေးမြန်းမှုကိုဖြေကြားရင်းကပြန်လည်ဖြေကြားခဲ့သည်။

ထိုအပြင် ၎င်းဖတ်ကြားခဲ့သော စာတမ်းတွင်ဦးစားပေးပြုလုပ်ရမည့် အစီအစဉ်များ၌ နိုင်ငံခြားငွေ ဖလှယ်နှုန်း၊ လယ်ယာစိုက်ပျိုးရေး၊ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု၊ ပြိုင်ဆိုင်နိုင်စွမ်းရှိသော စီးပွားရေးလုပ်ငန်းကဏ္ဍနှင့် အခြေခံအဆောက်အအုံကိစ္စများ ပါဝင်ခဲ့သည်။

ငွေလှယ်နှုန်းနှင့်ပတ်သက်၍ စီးပွားရေးပညာရှင်ဒေါက်တာဦးမြင့်ကလည်း "ငွေလဲနှုန်းကို တည်ငြိမ်အောင် လုပ်ရမယ်။ ဒါအရမ်းအရေးကြီးတယ်" ဟု မှတ်ချက်ပြုပြောကြားခဲ့သည်။

လက်ရှိ မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ စီးပွားရေးပညာရှင် ရော်နယ်ဖင်လေ ကလည်း အကောင်းဘက်က မြင်ပါတယ်ဟု မှတ်ချက်ပြုခဲ့သည်။

စာ(၁၂)သို့




# ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့မှသည်....

ဥက္ကာကိုကို

ဗိုလ်ချုပ်အောင်ဆန်းသာ လုပ်ကြံမခံရဘဲ ကျန်းကျန်းမာမာနှင့် အသက်ရှည်ရှည်နေခဲ့ရမည်ဆိုလျှင် ယနေ့တွင် ကျရောက်သော သူ၏ အသက် ၉၇နှစ်မြောက်မွေးနေ့ပွဲကို မြန်မာနိုင်ငံသားအားလုံးနှင့်အတူ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ပေလိမ့်မည်။

၁၉၁၅၊ဖေဖော်ဝါရီလ ၁၃ ရက်၊စနေနေ့ နံနက် ၅ နာရီ၊ ၃၅ မိနစ်တွင် ဦးဖာ(တတိယတန်းရှေ့နေ)နှင့် ဒေါ်စုတို့က မွေးဖွားခဲ့သောဗိုလ်ချုပ်အောင်ဆန်းသည် အသက် ၃၂နှစ်အရွယ် ၁၉၄၇ခုနှစ်တွင် လုပ်ကြံခံခဲ့ရသည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ကို မြန်မာတစ်မျိုးသားလုံးမေ့မရသောကြေကွဲဖွယ်ရာ အာဇာနည်နေ့အဖြစ် သတ်မှတ်ခဲ့သလို ဗိုလ်ချုပ်မွေးနေ့ဖြစ်သော ဖေဖော်ဝါရီ၁၃ရက်နေ့ကိုလည်း မြန်မာတစ်မျိုးသားလုံးက အမြတ်တနိုး ရှိကြမြဲဖြစ်သည်။ ထို့ကြောင့် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၃ရက်သည် ဗိုလ်ချုပ်အောင်ဆန်း၏ ၉၇နှစ်ပြည့်မွေးနေ့ ဖြစ်ပါသည်။

စာ(၃၀)သို့

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လုံခြုံရေးတိုးမြှင့်ထား



**အောင်သူရ**

**ရန်ကုန် ဖေဖော်ဝါရီ - ၉**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ဖေဖော်ဝါရီလ ၇ ရက်မှစ၍ လုံခြုံရေးတိုးမြှင့်ထားကြောင်း သတင်းရရှိသည်။

"ပတ်စ်ပို့ (နိုင်ငံကူးလက်မှတ်)နဲ့ လူနဲ့တိုက်ပြီး သေသေချာချာစစ်တာတို့၊ အိတ်တွေကိုသေသေချာစစ်တာတို့လုပ်တာပါ"ဟု လေကြောင်းလိုင်းမှ မန်နေဂျာတစ်ဦးကပြောသည်။

အချပ်ပို(D)သို့

ပြည်ပလေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာသူများနှင့် ကြိုဆိုကြသူများကိုတွေ့ရစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ပြည်တွင်းထုတ်ဓာတ်ဆီဈေး တစ်ဂါလန် ၂၀၀ ကျပ်တက်

## ဓာတ်ဆီဈေးတက်ပြီးနောက် အခြားစက်သုံးဆီများလည်း ၅၀ မှ ၁၀၀ ကျပ်အတွင်း အသီးသီးဈေးတက်ခဲ့သည်

**သိမ့်သိမ့်စိုး** **ရန်ကုန်၊ ဖေဖော်ဝါရီ-၁၁**

စွမ်းအင်ဝန်ကြီးဌာနမှ ပုဂ္ဂလိကစက်သုံးဆီဆိုင်များသို့ ရောင်းချပေးသော ပြည်တွင်းထုတ်ဓာတ်ဆီဈေးနှုန်းများ မြင့်တက်သွားခြင်းကြောင့် စက်သုံးဆီဈေးနှုန်းအားလုံးသည် ယခုဖေဖော်ဝါရီ ၁၁ ရက်မှစ၍ မြင့်တက်သွားကြောင်း ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ သတင်းရရှိသည်။

"ဆီအသင်းကနေပြီးတော့ ဆီဈေးတက်မယ့်အကြောင်းကို ပုဂ္ဂလိကဆီဆိုင်တွေကို ခေါ်ပြောခဲ့တယ်။ ပြင်ပရေနံစိမ်းဈေးတက်တာနဲ့ ထုတ်လုပ်မှုစရိတ်တွေ တက်တာကြောင့် ဈေးတက်ရခြင်းဖြစ်တဲ့အကြောင်းကိုခေါ်ပြောခဲ့တယ်။ ဒါကြောင့် ဆီဈေးက တက်သွားတာပါ"ဟု ပုဂ္ဂလိကစက်သုံးဆီဆိုင်တစ်ဆိုင်မှ မန်နေဂျာတစ်ဦးက ဆီဈေးတက်ရခြင်း၏အကြောင်းကိုပြောသည်။

စာ(၁၂)သို့

အလုပ်အကိုင် အလုပ်သမားအခွင့်အရေး

# ဇောတိကဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်း ဝန်ထမ်းများ အလုပ်ပြန်ဆင်း

**အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၉**

လုပ်ခနှင့်အလုပ်ချိန်မမျှတမှုကြောင့် လုပ်ငန်းခွင်မဝင်ဘဲ နှစ်ရက်ကြာ ဆန္ဒထုတ်ဖော်ပြသခဲ့ကြသော ရေဖြူမြို့နယ် ကန်ဘောက်ဒေသရှိ

အချပ်ပို(D)သို့






7 DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012

# ရန်ကုန်တွင် ဈေးအမြင့်ဆုံး ကွန်ဒိုခန်းများ စတင်ရောင်း

ဇာဇာနီ

**ရန်ကုန်၊ ဖေဖော်ဝါရီ-၉**

ရန်ကုန်မြို့တွင် လက်ရှိကာလ၌ ဈေးနှုန်းအမြင့်ဆုံး ကွန်ဒိုမှာ မကြာသေးမီက ဒဂုံမြို့နယ်အတွင်း ဆောက်လုပ်ပြီးစီးသွားသော ယောမင်းကြီးကွန်ဒိုဖြစ်ကြောင်း သတင်းရရှိသည်။

"ရန်ကုန်မြို့ရဲ့ ဈေးအမြင့်ဆုံးကွန်ဒိုက ကျပ်သိန်းသုံးထောင်ကျော်ရှိတယ်။ ဒါပေမဲ့ ယောမင်းကြီးကွန်ဒိုကတော့က ကျပ်သိန်းနှစ်ထောင့်ငါးရာကနေ ကျပ်သိန်းခြောက်ထောင်ကျော်ဆိုတော့ ဈေးအမြင့်ဆုံးဖြစ်လာတယ်" ဟု နာမည်ရဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ထိုကွန်ဒိုရောင်းဈေးမှာ ကျပ်သိန်း ၂,၅၀၀မှ ၆,၀၀၀ ကျော်အထိရှိပြီး ယခင်ဈေးအများဆုံးဖြစ်သော ရွှေဟင်္သာကွန်ဒိုအခန်းဈေးမှာ ကျပ်သိန်း ၃,၀၀၀ဖြစ်သည်။ ရွှေဟင်္သာကွန်ဒိုမှ 1 Sqft လျှင် ကျပ်ငွေ ၁၅၀,၀၀၀ ခန့်ရှိသည်။ လက်ရှိဈေးအမြင့်ဆုံးဖြစ်သော ထိုကွန် ဒိုမှာ တစ်ပေပတ်လည်လျှင် ကျပ်နှစ်သိန်းခန့်မှ သုံးသိန်းကျော်ဈေးပေါက်ကြောင်း အိမ်ခြံမြေဈေးကွက်ကျွမ်းကျင်သူများက တွက်ပြသည်။

ယူနတီအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ကိုဇော်ဇော်က "ဒဂုံမြို့နယ်မှာ Location ကောင်း တဲ့နေရာဆိုရင် 1Sqftကိုပြင်ပြီး ကျပ်တစ်သိန်းရှစ်သောင်းလောက် ရှိတယ်။ ယောမင်းကြီး ကွန်ဒိုက နေရာအချက်အချာနဲ့ သူရဲ့ ဝန်ဆောင်မှုကြောင့် ဈေးက ပိုပြီးမြင့်သွားတယ်"ဟုပြောသည်။

ယောမင်းကြီးကွန်ဒိုမှာ ရန်ကုန်မြို့ရှိ ကွန်ဒိုများအနက် ကွန်ဒိုတိုက်ခန်းတွင် ပါဝင်ရမည့် ဝန်ဆောင်မှုနှင့် လက္ခဏာပိုမိုပြည့်စုံပြီး မြန်မာနှင့် စင်ကာပူပညာရှင်များက ရာသီဥတုခံနိုင်ရည်ရှိမှုနှင့် အခြားသော ဒီဇိုင်းပုံစံများကို အများနှင့်မတူ ထည့်သွင်းတည် ဆောက်ထားသောကြောင့် ယခုကဲ့သို့ ဈေးနှုန်းမြင့်ရခြင်းဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ဆိုသည်။


"ဈေးမြင့်တယ်လို့ပြောမယ့်အစား အရည်အသွေးကွာလို့ဈေးနှုန်းကွာတယ်လို့ပြောလို့ရတယ်။ နောက် Location ကောင်းတယ်။ သူများနဲ့မတူတဲ့ ကားပါကင်ရှိတယ်။ သဘာဝဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိမှု ဒါတွေအကုန်လုံးအပြင် အဆောက်အအုံအတွက် ရေရှည်ပြုပြင်ထိန်းသိမ်းမယ့် Team အဖွဲ့လည်းရှိပါတယ်။ ဒါတွေကြောင့် ဈေးမြင့်တယ်လို့ ပြောလို့ရပါတယ်" ဟု ယင်းကွန်ဒိုအား တာဝန်ယူဆောက်လုပ်ခဲ့သော နိုင်ဂရု(ပ်)ဆောက်လုပ်ရေးမှ ဒါရိုက်တာ ဗိသုကာကိုထက်နိုင်ဦးကဆိုသည်။

ကွန်ဒိုအဆောက်အအုံအတွင်း ကျပ်သိန်းတစ်ရာတန် ငွေပဒေသာပင် မတည်ပြီး ယင်းငွေမှ ကွန်ဒိုပြုပြင်ထိန်းသိမ်းရေးအတွက် အသုံးပြုပေးမည်ဖြစ်ကြောင်းသိရသည်။ ထို့အပြင် ဧည့်ကြိုကောင်တာနှင့် နားနေနိုင်သည့် lobby၊ ကားစီးရေ ၇၃ စီးထားရှိနိုင်သည့် ကားပါကင်နှစ်ထပ်၊ အမှိုက်ပစ်စနစ်၊ ကိုယ်ပိုင်ရုပ်ရှင်ရုံ၊ ၂၄ နာရီ Mark၊ အင်တာနက်ကဖေး၊ အားကစားလေ့ကျင့်ခန်း၊ ခွေးထုတ်ခန်း၊ အလိုအလျောက် မီးငြိမ်းသတ်နိုင်သော စနစ်များ၊ ဓာတ်လှေကားလေးစင်း စသော ကွန်ဒိုအခန်းတွင်ပါရမည့် ဝန်ဆောင်မှုများ ပါဝင်သည်ဟုဆိုသည်။ ထိုကွန်ဒိုတွင် အခန်းပေါင်း၆၇ခန်းမှလူနေအခန်းပေါင်း၄၀အနက် ၂၆ခန်း ရောင်းချပြီးဖြစ်သည်။ အခန်းအကျယ်အဝန်းမှာ Sqft 1500 နှင့် 1600ကျော်ထိရှိသည်။

"ပြီးခဲ့တဲ့နှစ်က ရန်ကုန်မြို့မှာ ဈေးအမြင့်ဆုံး ကွန်ဒိုဟာ ၆ မိုင်ခွဲ အင်းလျားကန်အနီး ပြည်လမ်းရှိ ရွှေဟင်္သာကွန်ဒိုဖြစ်တယ်။ စုစုပေါင်းအခန်းအကျယ်အဝန်းမှာ Sqft 3000 ရှိပြီး ကျပ်သိန်း သုံးထောင်သာရှိတယ်"ဟု မဏ္ဍိုင် အကျိုးဆောင်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရတနာမြိုင်ဆောက်လုပ်ရေးနှင့် ရှိုင်းဆောက်လုပ်ရေးတို့မှလည်း အများဆုံး ငွေကျပ်သိန်း ၃,၀၀၀ခန့်ရှိကွန်ဒိုမီနီယံများကို ယခုနှစ်တွင် အရစ်ကျစနစ်ဖြင့် ရောင်းချပေးနေပြီဟု ယင်းဆောက် လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတို့ကပြောသည်။





**ယောမင်းကြီးကွန်ဒိုအတွင်းပိုင်းဖွဲ့စည်းမှုကို တွေ့ရစဉ်**
ဓာတ်ပုံ - ဝေယံ



### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တိုင်ရီဖိနပ်စက်ရုံအလုပ်ရှင်နှင့် အလုပ်သမားများ လစာအတွက် ပထမအကြိမ် စတင်ဆွေးနွေး



*တိုင်ရီဖိနပ်စက်ရုံမှ အလုပ်ရှင်နှင့် အလုပ်သမားများ လုပ်ခလစာနှင့်ပတ်သက်၍ ဆွေးနွေးစဉ်*

ဓာတ်ပုံ - အိဖြူမွန်

**အိဖြူမွန်၊ ပြည့်သိမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၃**

အခြေခံလုပ်ခလစာတိုးမြှင့်ရေးနှင့် တရုတ်နှစ်သစ်ကူးပိတ်ရက်လုပ်ခလစာပြန်လည်ရရှိရေးတို့အတွက် ပထမဆုံးအကြိမ် တိုင်ရီဖိနပ်စက်ရုံမှ အလုပ်ရှင်နှင့် အလုပ်သမား ကိုယ်စားလှယ်များ လူချင်းတွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့သည်။

တိုင်ရီဖိနပ်စက်ရုံမှ အလုပ်ပိုင်ရှင် တရုတ်သူဌေး ချိန်းမမက အလုပ်သမားများ၏ တောင်းဆိုချက်ကို ပုံစံနှစ်မျိုးဖြင့် အလုပ်သမားကိုယ်စားလှယ်များထံ တင်ပြခဲ့သည်။

တစ်နာရီလုပ်ခ ၉၀ကျပ်နှုန်းပေးပါကရက်မှန်ကြေး၁,၀၀၀ကျပ်တိုးမြှင့်ပြီး စက်ရုံမှ ထမင်းကျွေးစရိတ် ၁၀၀ကျပ်နှင့် ပုံမှန်အချိန်ပိုကြေးပေးနှုန်းကို လျှော့ချမည်ဖြစ်သည်။ ဒုတိယပုံစံမှာ တစ်နာရီလုပ်ခ ၁၀၀ ကျပ်နှုန်းပေးပါက ရက်မှန်ကြေး မူလပုံစံနှင့် အချိန်ပိုဆင်းပါက နှုန်းထားတွက်ချက်ပေးပြီး မုန့်ဖိုးဟုပေးသောငွေကြေးကို ဖျက်သိမ်းမည်ဖြစ်ကြောင်း အလုပ်ရှင်က အလုပ်သမား ကိုယ်စားလှယ်များနှင့်ဆွေးနွေးခဲ့သည်။

အလုပ်သမားကိုယ်စားလှယ်များက တစ်နာရီ လုပ်ခ ၇၅ ကျပ်မှ ၁၅၀ ကျပ်၊ ရက်မှန်ကြေး ယခင် ၆,၀၀၀ ကျပ်မှ ၈,၀၀၀ ကျပ်နှင့် အလုပ်ပိုဆင်းလျှင် အချိန်ပိုကြေးပေးရန် တင်ပြဆွေးနွေးမှုအပေါ် အလုပ်ရှင်ကပြန်လည်ညှိနှိုင်းခြင်းဖြစ်သည်။

“တောင်းဆိုတဲ့ဟာကို ပြန်စဉ်းစားပေးတာပါ။ အလုပ်သမားတွေဘက်ကလည်း ပြန်စဉ်းစားစေချင်ပါတယ်”ဟုတိုင်ရီဖိနပ်စက်ရုံမှပိုင်ရှင် ချိန်းမမကပြောသည်။

တိုင်ရီဖိနပ်စက်ရုံမှ အလုပ်ဆင်းချိန်သည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိဖြစ်ပြီး ဖေဖော်ဝါရီ ၁၅ ရက်တွင် အလုပ်သမားကိုယ်စားလှယ်များကပြန်လည်ဆွေးနွေးညှိနှိုင်းမှုကို ပြုလုပ်ရန်တောင်းဆိုခဲ့သည်။

နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးမှုတွင် အလုပ်သမားကိုယ်စားလှယ် ၃၈ ဦးပါဝင်ပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(နေပြည်တော်)မှ ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများကလည်း စေ့စပ်ညှိနှိုင်းပေးခဲ့သည်။

“ကိုယ်စားလှယ်ထုတ်ပြီး ၁၂ နာရီမထိုးခင် ညှိပေးမယ်” ဟု အလုပ်သမား၁,၈၄၅ဦးရှေ့တွင်ညွှန်ကြားရေးချုပ်ဦးချစ်ရှိန်က ပြောကြားခဲ့သည်။

တိုင်ရီဖိနပ်စက်ရုံသည်တရုတ်လူမျိုးပိုင်ဆိုင်သော စက်ရုံ ဖြစ်ပြီး အလုပ်သမားပေါင်း ၁,၈၄၅ ဦး လုပ်ကိုင်လျက်ရှိသည်။ စက်ရုံကို ၁၉၉၇ ခုနှစ်တွင် ထိုင်ဝမ်လုပ်ငန်းရှင်က မြန်မာလူမျိုးနာမည်ခံ၍ ဖွင့်လှစ်ခဲ့သည်။

# မိုးစပါး တင်းသန်း ၁၂၀ ကျော် အထွက်လျော့

**အားမာန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၃**

ရာသီဥတုဖောက်ပြန်မှုကြောင့်ပြီးခဲ့သည့်နှစ်မိုးစပါးအထွက်နှုန်း စပါးတင်းသန်းပေါင်း ၁၂၂သန်းလျော့ကျခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြောကြားသည်။

၂၀၁၁ ပြည့်နှစ်တွင် မိုးစပါးဧက ၁၂ သန်းစိုက်ပျိုးခဲ့ပြီး ရာသီဥတုဖောက်ပြန်ကာ မိုးများမှုနှင့် အထွက်ဆုတ်ယုတ်မှုကြောင့် ပုံမှန်ထက် တစ်ဧကလျှင်၁၀ တင်းလျော့သွားကြောင်းလည်းဦးအုန်းသန်းက ဇန်နဝါရီ ၃၁ရက်၌ ကျင်းပသော ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီအစည်းအဝေးတွင် ပြောကြားခဲ့သည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအနေဖြင့် မိုးစပါးတင်းသန်း ၁၂၂ သန်းလျော့ကျခဲ့ကြောင်း ၎င်းကပြောသည်။ ***အချပ်ပို(B)သို့***






7DAY NEWS JOURNAL
Vol.10, No.48 · FEBRUARY 16 , 2012

CRIME မှုခင်း သတင်း CORNER

## ခရီးသည်တင်ယာဉ် ချောက်ထဲကျ၍ လူလေးဦးသေ ၁၆ဦး ပြင်းထန်စွာဒဏ်ရာရ

စိုင်းသာအောင်

မန္တလေး၊ ဖေဖော်ဝါရီ- ၁၀

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် တောင်ပေါ်ပြည်ညောင်ရွှေမြစ်ဆုံကွေ့အနီးတွင် တောင်ကြီး-မိတ္ထီလာပြေးဆွဲနေသော ရွှေခြသေ့်မှန်လုံယာဉ်အသင်းမှ မော်တော်ယာဉ်တစ်စီးသည်ဖေဖော်ဝါရီပထမပတ်အတွင်းက အရှိန်လွန်ပြီးချောက်ထဲထိုးကျသွားရာ ခရီးသည် လေးဦးပွဲချင်းပြီး သေဆုံးပြီး ၁၆ ဦးပြင်းထန်စွာဒဏ်ရာရရှိသွားကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှသတင်းရရှိသည်။

တောင်ကြီး-မိတ္ထီလာပြေးဆွဲသော ရွှေခြသေ့်အသင်းမှ မှန်လုံယာဉ် ၆ခ/××× သည် ဖေဖော်ဝါရီ ၆ ရက်နံနက် ၉ နာရီခန့်တွင် ခရီးသည် ၃၀ဦးတင်ဆောင်၍ ယာဉ်မှူးအေးမောင်(ခ)ကရင်ကြီး (၄၀)နှစ် မောင်းနှင်ပြီး မိတ္ထီလာမြို့သို့ ထွက်ခွာလာရာ သာစည်မြို့နယ် တောင်ကြပ်စခန်းရွာနှင့် ပြည်ညောင်ရွာအကြား မိုင်တိုင် ၄၇/၃ နှင့် ၄၇/၄ အကြား မြစ်ဆုံကွေ့၌အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲထိုးကျခဲ့ခြင်း ဖြစ်သည်။

ယာဉ်ပေါ်ပါရှိသော မြင်းခြံမြို့နယ် သဘော်ဘပင်ကျေးရွာနေ မစန်းစန်းအေး (၃၅)နှစ် (ဘ) ဦးသိန်းမောင်၊ ရွှေညောင်မြို့ အမှတ်(၁) ရပ်ကွက်နေ ဒေါ်ညွှန့်ရီ(၅၆ နှစ်)(ဘ)ဦးဘိုး၊မိတ္ထီလာမြို့နယ်ပျဉ်သာကျေးရွာနေစပယ်ယာမောင်ဇော်(၂၇)နှစ်(ဘ)ဦးဝင်းမြင့်၊မိတ္ထီလာမြို့နယ်ရှားပင်ကျေးရွာနေကိုအောင်စိုး(၃၀)နှစ်(ဘ)ဦးထွန်းမြိုင်တို့ပွဲချင်းပြီးသေဆုံးပြီးကျား(၈)ဦးနှင့်မ(၈)ဦးစုစုပေါင်း၁၆ဦး၊အပြင်းအထန်ဒဏ်ရာရရှိသွားပြီး ဒဏ်ရာရရှိသူများအားယင်းမာပင်နှင့်သာစည်မြို့နယ်ဆေးရုံများသို့အရေးပေါ်တင်ပို့ကုသထားရှိကာယာဉ်မှူးအေးမောင်(ခ)ကရင်ကြီး(၄၀နှစ်)အား ယင်းမာပင်ရဲစခန်းက(ပ)၁၈/၂၀၁၂ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၄(က)/၃၃၈/၃၃၇ တို့အရ အရေးယူဆောင်ရွက်ထားသည်။

## မိန်းကလေးကို ကာမစျေးပျက်ယွင်းအောင် ချစ်ရေးဆိုသူ အရေးယူခံရ

ကျော်ဇေယျ

နေပြည်တော်၊ ဖေဖော်ဝါရီ-၈

အသက် ၃၃ နှစ်အရွယ် အမျိုးသားတစ်ဦးက ၁၃ နှစ်အရွယ်ရှိ မိန်းကလေးတစ်ဦးအား အတင်းဖက်ပြီး ရည်းစားစကားပြောဆိုသဖြင့်အရှက်ရကာ ကာယိန္ဒြေပျက် စီးမှုအရ လာရောက်အမှုဖွင့်ခဲ့သောဖြစ်စဉ်တစ်ခု နေပြည်တော်ပျဉ်းမနားတွင် ယခုလ ၆ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ. . နေပြည်တော် ပျဉ်းမနား၊ ××ကျေးရွာနေ မ××(၁၃နှစ်)သည် ယခုလ ၄ရက်နေ့ည ၈ နာရီအချိန်ခန့်က အိမ်သို့ငိုယိုပြီး ပြန်လာသဖြင့် မိဘများက မေးမြန်းရာ မ××× သည် ညအချိန်အတွင်း ရွာထဲအကြွေးသွားတောင်းရာမှ ရွာလယ်လမ်းအရောက် တစ်ဖက်ရွာ၌ နေထိုင်သူ ဝေဖြိုး(၃၃နှစ်)ဆိုသူက ဝိုင်းတစ်ဝိုင်းထဲမှ ထွက်လာကာ မ××× အား အတင်းဆွဲဖက်ပြီး ရည်းစားစကားပြောဆိုကြောင်း၊ အနားတွင် အခြားအမျိုးသမီးကလည်း တွေ့မြင်သွားကြောင်းဆိုသည်။

ထို့ကြောင့် မ××× ၏ မိဘများက သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးရှေ့မှောက်၌ ခေါ်ယူဖြေရှင်းသော်လည်း မကျေနပ်၍ ယခုလ ၆ ရက်တွင် အမှုဖွင့် တိုင်ကြားခဲ့သည်။ နေပြည်တော် ပျဉ်းမနားရဲစခန်း(ပ) ၁၀၈/၂၀၁၂ပြစ်မှုပုဒ်မ ၃၅၄ (ကာယိန္ဒြေဖျက်ဆီးမှု)အရ အမှုဖွင့်ခဲ့ရကြောင်း ရဲမှတ်တမ်းများသိရသည်။

ကျေးလက်ကျေးရွာများတွင် မိဘများအနေဖြင့် ထိုသို့အရွယ်ရောက်ခါစ သမီးငယ်များအား အချိန်မတော်ညပိုင်းစေလွှတ်ခြင်း၊ အိမ်တွင် တစ်ဦးတည်းထားရှိခဲ့ ခြင်း၊ လူသွားလူလာပြတ်လပ်သောနေရာများသို့စေခိုင်းခြင်းသည် မသမာသူများ၏ အန္တရာယ်ပြုမှုမှုနှင့် ပိုမိုကြုံတွေ့နိုင်ကြောင်း ရဲအရာရှိတစ်ဦးကပြောကြားသည်။

# တပ်မတော်ပိုင်မြေ ၁၁ နေရာ နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်အတွက် ကုမ္ပဏီ ၇၁ ခုကို ဆန်ခါတင်ရွေးချယ်

ပြည်သိမ်း

ရန်ကုန်၊ ဖေဖော်ဝါရီ-၉

**စီးပွားရေးအချက်အချာကျသည့်တပ်မတော်ပိုင်မြေနှင့် အဆောက် အအုံနေရာ ၁၁နေရာအား နှစ်ရှည်ငှားရမ်းခွင့် လေလံတွင်ကုမ္ပဏီ ၇၁ခုကို(Shot List) ဆန်ခါတင်ရွေးချယ်ထားကြောင်း သတင်းရရှိသည်။**

အဆိုပါလေလံအတွက် လျှောက်လွှာ၄၇၅စောင်ရောင်းရပြီး ကုမ္ပဏီ ၂၇၆ခုက အဆိုပြုလွှာတင်ခဲ့သည်။ ထိုထဲမှ ငွေကြေးတတ်နိုင်ပြီး အမှန်တကယ်လုပ်ကိုင်နိုင်မည့် ကုမ္ပဏီ ၇၁ခုကို ရွေးချယ်ခြင်းဖြစ်ကြောင်း လေလံပါဝင်ဆွဲသည့် ဝါးခယ်မရောင်းဝယ်ရေးကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာဒေါက်တာစိုးထွန်းကပြောသည်။

ကုမ္ပဏီ ၇၁ခုတွင် မြန်မာနိုင်ငံတွင် အင်အားကြီး စီးပွားရေး ကုမ္ပဏီများပါဝင်ပြီး ထူးကုမ္ပဏီ၊ ကမ္ဘောဇကုမ္ပဏီလီမိတက်၊ အေးရှားဝေါလ် ကုမ္ပဏီ၊ တော်ဝင်ဆောက်လုပ်ရေးကုမ္ပဏီ၊ ဂမုန်းပွင့်စီးတီးမတ်စသည်တို့ပါဝင်သည်။

စာ(၁၂)သို့

# နည်းပညာနှင့်သက်ဆိုင်သောပွဲသို့ ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးအကြိမ်တက်ရောက်

ယုဇနကိုကို

ရန်ကုန်၊ ဖေဖော်ဝါရီ- ၁၁

နည်းပညာနှင့် သက်ဆိုင်သော အခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးအကြိမ်တက်ခဲ့သည်။ ရန်ကုန်မြို့တွင် တတိယအကြိမ်မြောက် ကျင်းပသည့် ဘားကမ့်ရန်ကုန် ၂၀၁၂သို့ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

နည်းပညာဆိုင်ရာအကြောင်းအရာများကို မည်သူမဆို လွတ်လပ်စွာဆွေးနွေးဖလှယ်နိုင်သည့် အဆိုပါဘားကမ့် ၂၀၁၂၏ ဖွင့်ပွဲအခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည်သည် နံနက် ၈ နာရီ တိတိတွင် တက်ရောက်ပြီး 'လူငယ်နှင့်နည်းပညာ'ဟူသော ခေါင်းစဉ်ဖြင့် ဆယ်မိနစ်ကျော်ကျော်ခန့် တက်ရောက်လာသော လူငယ်များကို စကားပြောကြားခဲ့သည်။

သူမအနေဖြင့် ယနေ့နံနက်တွင် နိုင်ငံရေးခရီးစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးကော့မှူးမြို့နယ်သို့ သွားရောက်မည့်ခရီးစဉ် မတိုင်မီတွင် ဘားကမ့်ရန်ကုန် ၂၀၁၂ဖွင့်ပွဲသို့ဦးစွာတက်ရောက်ခဲ့ခြင်းဖြစ်သည်။




ဒေါ်အောင်ဆန်းစုကြည်က 'လူငယ်နှင့်နည်းပညာ'မိန့်ခွန်းပြောကြားစဉ်

ဒေါ်အောင်ဆန်းစုကြည်က ဘားကမ့်ရန်ကုန် ၂၀၁၂သို့ တက်ရောက်လာသော လူငယ်များအား "ကျွန်မအနေနဲ့ ဒီဘားကမ့်ဆိုတာကို ဘာဖြစ်လို့ သဘောကျရသလဲဆိုရင် ဘားကမ့်ရဲ့အခြေခံသဘောတရားကိုက အများကပါဝင်ခြင်း၊ အများကနေ လွတ်လွတ်လပ်လပ်ဆွေးနွေးခြင်းနဲ့မျှဝေခြင်းဖြစ်တယ်။ လက်ရှိ ကျွန်မတို့နိုင်ငံဟာ ပြင်ပကမ္ဘာနဲ့ယှဉ်ရင် နောက်ကျကျန်နေခဲ့တယ်ဆိုတာ ငြင်းလို့မရပါဘူး။ ဒါကြောင့် နောက်မှာကျန်ရစ်ခဲ့တဲ့အနေအထားကနေ ရှေ့တန်းကိုရောက်လာဖို့ဆိုတာ အခု နည်းပညာကျွမ်းကျင်တဲ့ လူငယ်တွေအပေါ် အများကြီးမှီခိုနေပါတယ်" ဟု အခမ်းအနားနှင့် သက်ဆိုင်သည့် အကြောင်းအရာများကိုအမှာစကားပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ကွန်ပျူတာကို ကျွမ်းကျင်စွာ သုံးစွဲတတ်ကြောင်းမကြာသေးမီက ပြုလုပ်ခဲ့သော ဝါရှင်တန်ပို့စ် သတင်းစာနှင့် အင်တာဗျူးတွင် ဖြေကြားခဲ့သည်။

ယနေ့ နံနက် ၈ နာရီတွင် လှိုင်တက္ကသိုလ်နယ်မြေ၊ မြန်မာအင်ဖိုတက်ခ်ဝင်းအတွင်းကျင်းပခဲ့သော အဆိုပါဘားကမ့်ရန်ကုန် ၂၀၁၂ ဖွင့်ပွဲသို့ ဒေါ်အောင်ဆန်းစုကြည်တက်ရောက်ပြီး အမှာစကားပြောကြားမည်ကို တက်ရောက်လာသူအများစု ကြိုတင်မသိရှိထားကြဘဲ အခမ်းအနားမစတင်မီ မိနစ်အနည်းငယ်အလိုမှသာ သိရှိခဲ့ကြခြင်းဖြစ်ကြောင်း တက်ရောက်ခဲ့သူများက ပြောကြားသည်။

# ငွေလဲကောင်တာများတွင် လူတစ်ဦးလျှင် ဒေါ်လာ ၃၀၀သာ လဲလှယ်နိုင်

ပြည်သိမ်း

ရန်ကုန်၊

ဖေဖော်ဝါရီ - ၁၁

ငွေလဲကောင်တာများတွင် လူတစ်ဦးလျှင် ကန်ဒေါ်လာ ၁၀,၀၀၀ အထိ ငွေလဲလှယ်ခွင့်ပြုထားသည်ဟုဆိုသော်လည်း လက်တွေ့၌ ကန်ဒေါ်လာ ၃၀၀ အထိသာ လဲလှယ်ပေးကြောင်း သတင်းရရှိသည်။

ထိုသို့ ဒေါ်လာ ၁၀,၀၀၀ အထိ မဝယ်ခြင်းမှာ ပုဂ္ဂလိကဘဏ်များက နိုင်ငံခြားငွေများစွာ ဝင်ရောက်လာမည်ကို စိုးရိမ်ခြင်း၊ ဈေးကစားပြီး ရောင်းဝယ်မှုများဖြစ်ခြင်းတို့ကိုတားဆီးရန်အတွက် ယခုကဲ့သို့ထိန်းရခြင်းဖြစ်ကြောင်း ငွေလဲကောင်တာအချို့မှ တာဝန်ရှိသူများကဆိုသည်။

"တစ်သောင်းအထိ မဝယ်ချင်လည်းရတယ်။ အခြေအနေပေါ်ကြည့်ပြီး ဘဏ်တွေက လုပ်နေရတယ်"ဟု သမဝါယမဘဏ်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာဦးဖေမြင့်ကဆိုသည်။

ဖေဖော်ဝါရီ ၁ ရက်မှစ၍ ဗဟိုဘဏ်က ငွေလဲကောင်တာများတွင် အထောက်အထားမလိုဘဲ လူတစ်ဦးလျှင် တစ်ရက် ဒေါ်လာတစ်သောင်းအထိ လဲခွင့်ပြုခဲ့သည်ဟုဆိုသည်။ ထိုသို့ခွင့်ပြုခြင်းမှာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)၏ အကြံပြုချက်ကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။

သို့သော် ယခုလက်ရှိအခြေအနေမှာ နိုင်ငံသားဖြစ်ပါက အထောက်အထားမလိုဘဲ ကန်ဒေါ်လာ ၃၀၀ အထိသာလဲလှယ်ခွင့်ရပြီး အကောက်ခွန်ကြေညာလွှာတင်ပြပါက ဒေါ်လာ ၅၀၀ ထိသာလဲလှယ်ခွင့်ရသည်။ အမေရိကန်ဒေါ်လာလဲလှယ်နှုန်းမှာ ငွေလဲကောင်တာများတွင် ဖေဖော်ဝါရီ၁၀ ရက်က သိမ်ဖြူငွေလဲကောင်တာ၌ တစ်ဒေါ်လာလျှင် ၈၂၀ ကျပ်ဖြစ်သည်။

ပုဂ္ဂလိကဘဏ်ရှိ နိုင်ငံခြားငွေများ ဝင်ရောက်လာပါက နိုင်ငံတော်ဘဏ်များဖြစ်သည့် မြန်မာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဘဏ်(MFTB)နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်(MICB)တို့တွင် အပ်နှံထား၍ရသည်။ သို့သော် ယင်းသို့ အပ်နှံမည်ဆိုပါက ပုဂ္ဂလိကဘဏ်များက အပ်ငွေအတွက် ၂ ရာခိုင်နှုန်း ပေးရမည်ဖြစ်သည်။

ထို့အပြင် ပုဂ္ဂလိကဘဏ်များရှိ နိုင်ငံခြားငွေကို အဓိကပြန်လည်ဝယ်ယူသူများမှာ သွင်းကုန်လုပ်ငန်းများမှဖြစ်သည်။ လက်ရှိပြည်တွင်းစီးပွားရေးအခြေအနေအရ သွင်းကုန်လုပ်ငန်းများတွင်သာ ကားတင်သွင်းမှုသာရှိပြီး အခြားသောလုပ်ငန်းများမှာ နေးကွေးနေကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

7DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012

# အခြေခံစားသောက်ကုန်အချို့ ဈေးအနည်းငယ်တက်

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၃**

အခြေခံစားသောက်ကုန်ပစ္စည်းအချို့ ယခုရက်ပိုင်းတွင် ဈေးနှုန်းစတင်မြင့်တက်လာကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

အစိုးရဝန်ထမ်းများ လစာကို ၂၀၁၂-၁၃ ဘဏ္ဍာနှစ်အတွက် လုံလောက်အောင် တိုးမြှင့်ပေးရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော်၌ အဆိုတင်သွင်းခဲ့ပြီးနောက် လူထုအတွင်း၌လည်း လစာတိုးမည့် ခန့်မှန်းသတင်းများ ပျံ့နှံ့နေကာ အခြေခံစားကုန်အချို့ ဈေးနှုန်းများ အနည်းငယ်မြင့်တက်လာကြောင်း သတင်းရရှိသည်။

"လစာတိုးမယ့် သတင်းကြောင့် ဈေးကွက်ထဲကတချို့စားကုန်တွေ ဈေးတက်လာပြီ" ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက ဆိုသည်။ ဆန်ဈေးမြင့်တက်ရခြင်းမှာ နိုင်ငံတော်ကအရန်ဆန်အတွက်စတင်ဝယ်ယူခြင်း၊ ပြည်ပသို့ တင်ပို့မှု ပြန်လည်အားကောင်းလာခြင်းလည်း ပါဝင်ကြောင်း သိရသည်။

ဈေးကွက်အတွင်း၌ ဖေဖော်ဝါရီလဆန်းက ဆန်တစ်အိတ်လျှင် ၁၀ မှတ်အမျိုးအစားမှာ ကျပ် ၁၂၈၀၀ ဝန်းကျင်ရှိရာမှ ယနေ့တွင် ကျပ် ၁၃၅၀၀ ထိ ဈေးမြင့်တက်လာသည်။ စားအုန်းဆီမှာလည်းတစ်ပိဿာလျှင် ၂၀ကျပ်ဈေးတက်လာသည်။ လက်ရှိစားအုန်းဆီဈေးနှုန်း လက်လီဈေးမှာ တစ်ပိဿာလျှင် ၁၈၅၀ကျပ် ဝန်းကျင်ရှိကြောင်း ဆီကုန်သည်တစ်ဦးက ဆိုသည်။ ယင်းကဲ့သို့ပင် ပဲဆီဈေးနှုန်းမှာလည်း တစ်ပိဿာလျှင် ၂၀၀ကျပ်နီးပါး ဈေးတက်လာသည်။



ရန်ကုန်မြို့တစ်နေရာမှ ကုန်စုံဆိုင်တစ်ဆိုင်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ယင်းကဲ့သို့ပင် ဓာတ်ဆီဈေးနှုန်းမှာလည်းတစ်ဂါလန်လျှင် ၂၀၀ ကျပ် ဈေးတက်လာသည်။

"လှောင်ထားတဲ့ပစ္စည်းတွေ ပုံမှန်ထုတ်ရောင်းနေရင် ကိစ္စမရှိဘူး။ ထိန်းထားရင်တော့ ဈေးကမြင့်လာမှာပဲ" ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ဝန်ထမ်းများ လစာတိုးလျှင် ကုန်ဈေးနှုန်းကြီးမြင့်နိုင်သည်ဟု ဆိုသော်လည်း လက်ရှိကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့် တောင်သူမှ ကုန်ထုတ်လုပ်သူများအထိ အရှုံးပေါ်နေခြင်းမှာ မလိုလားအပ်သော ကုန်ကျစရိတ် (Transaction Cost)များ မြင့်မားနေခြင်းကြောင့်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက လွှတ်တော်တွင် ပြောကြားခဲ့သည်။

## ဧပြီ ၁ရက်မှစ၍ ရေခွန် တိုးကောက်မည်

**ဥက္ကာကိုကို၊ ကျော်သီဟ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၃**

ရန်ကုန်မြို့တော်အတွင်း ရေသုံးစွဲခများကို ဧပြီ ၁ရက်မှစတင်၍ ပြောင်းလဲတိုးမြှင့်ကောက်ခံသွားတော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းရေး)မှ သတင်းရရှိသည်။

ရေသုံးစွဲခနှုန်းထားများကို ၂၀၀၅ခုနှစ် ဇူလိုင်လအထိ ရေတစ်ဂါလန်လျှင် ၃ပြားနှုန်းဖြင့် ကောက်ခံခဲ့ပြီး ၂၀၀၅ ခုနှစ် ဩဂုတ်လမှစတင်၍ ရေတစ်ဂါလန်လျှင် အိမ်သုံး ၂၅ပြားနှုန်း၊ စီးပွားရေးလုပ်ငန်းသုံး ၃၅ပြားနှုန်း၊ ဌာနဆိုင်ရာများအတွက် ၂၅ပြားနှုန်းဖြင့် လက်ရှိအချိန်ထိကောက်ခံနေကြောင်း သိရှိရသည်။

လာမည့် ဧပြီ ၁ရက်မှစတင်၍ အိမ်သုံး တစ်ဂါလန်လျှင် ၄၀ပြားနှုန်း၊ စီးပွားရေးလုပ်ငန်းသုံး တစ်ဂါလန်လျှင် ၅၀ပြားနှုန်းသို့ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ပြီး ဌာနဆိုင်ရာများအား လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း တစ်ဂါလန်လျှင် ၂၅ ပြားနှုန်းဖြင့်သာ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရှိရသည်။

"မြို့တော်စည်ပင်ရေ ရယူသုံးစွဲနေသူတွေအတွက် လာမယ့် ဧပြီ ၁ရက်ကစတင်ပြီး ရေဖိုးရေခတွေကို တိုးမြှင့်သွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့ကြီး ပြုပြင်တည်ဆောက်ဖို့အတွက် ငွေကြေးများစွာလိုအပ်ပါတယ်။ ဒါကြောင့် ရေဖိုးရေခတွေကို လက်ရှိ အိမ်သုံး တစ်ဂါလန် ၂၅ပြားကနေ ပြား၄၀ကို တိုးကောက်မယ်။ စီးပွားရေးသုံးအတွက်ကို လက်ရှိ တစ်ဂါလန် ၃၅ပြားကနေ တစ်ဂါလန် ၅၀ ပြားနှုန်းကို တိုးကောက် သွားမှာဖြစ်ပါတယ်။

စာ(၁၂)သို့



7DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012

## ကချင်စစ်ဘေးဒုက္ခသည်များအတွက် ရန်ပုံငွေ ဂီတပွဲကျင်းပမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၈**

ကချင်ပြည်နယ်အတွင်းရှိအကူအညီလိုအပ်သူများကိုကူညီရန် ကချင်အနုပညာရှင်များ၏ ရန်ပုံငွေဂီတပွဲအား မျှော်စင်ကျွန်းတွင် ယခုလ ၂၅ ရက်၌ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

နော်နော်၊ Lလွန်းဝါ၊ Lဆိုင်းဇီ၊ ရေဗက္ကာဝင်း၊ Blue Berry တို့ကဲ့သို့လက်ရှိအောင်မြင်နေသည့်ကချင်အနုပညာရှင်များနှင့် ယခင်က အောင်မြင်ခဲ့ကြသည့် အယ်လ်ခွန်းရီ၊ ကေဂျာနူး၊ ကော့မိုင်စသည့်နာမည်ရကချင်ဂီတသမား ၂၀ကျော်ပါဝင်သီဆိုမည့် အဆိုပါပွဲအား 'မနောအလှဂီတည'ဟု အမည်ပေးထားပြီး၊ ထိုပွဲတွင် ရရှိသမျှ ရန်ပုံငွေအားလုံးအား အနုပညာရှင်များကိုယ်တိုင် ကချင်ပြည်နယ်သို့ သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

"ကိုယ့်လူမျိုးတွေ ဒုက္ခရောက်နေတာတွေကို နိုင်တဲ့ဘက်က ကူညီတဲ့အနေနဲ့ ကချင်အနုပညာရှင်တွေအားလုံး ဝိုင်းပြီး စီစဉ်ကြတာပါ။ ကျွန်တော်တို့တွေ မြစ်ကြီးနားကို အဓိက ထားပြီး ကိုယ်တိုင်ကိုယ်ကျ သွားလှူဒါန်းမှာပါ" ဟု ပွဲဖြစ်မြောက်ရေးကော်မတီဝင် အဆိုတော်Lလွန်းဝါကပြောသည်။

ပွဲတွင် ရရှိသောငွေများအပြင် ပွဲလာရောက်ကြည့်ရှုသူ ပရိသတ်များက လှူဒါန်းလိုသည့် ငွေကြေးနှင့် အခြားပစ္စည်းများ ရှိပါကလည်း အနုပညာရှင်များက တစ်ပါတည်း ယူဆောင်လှူဒါန်းပေးမည်ဖြစ်ကြောင်းသိရသည်။

ပွဲကြော်ငြာဆိုင်းဘုတ်များ ထောင်ရာတွင်လည်း ကချင်ပြည်နယ်မှ အကူအညီလိုအပ်သူများအား ကူညီရန်အတွက်ဟူသော စာသားများထည့်သွင်းကြော်ငြာသွားမည်ဖြစ်ပြီး သီချင်းနှင့်ဖျော်ဖြေမှုများအပြင် ရိုးရာအကများဖြင့်လည်း ကပြဖျော်ဖြေမည်ဖြစ်ကြောင်းသိရသည်။

ထိုရန်ပုံငွေပွဲတွင် နာမည်ကြီးအဆိုတော်များသာမက မော်ဒယ်များဖြစ်ကြသော အွန်ဆိုင်း၊ M ဆိုင်းလူ၊ ခင်လေးနွယ်၊ Zအဘောက်တို့ကလည်း အစီအစဉ်တင်ဆက်သူများအဖြစ် ပါဝင်မည်ဖြစ်သည်။ တီးခတ်မည့်သူများမှာလည်း ကချင်လူမျိုး အနုပညာရှင်များသာဖြစ်ကြောင်းသိရသည်။ ဝင်ကြေးကို ကျပ်

## ကြားဖြတ်ရွေးကောက်ပွဲကြောင့် ပလက်ဖောင်းများ ပြင်ဆင်နေခြင်းမဟုတ်ကြောင်း တာဝန်ရှိသူပြောကြား

**ကျော်သီဟ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၉**

ရန်ကုန်မြို့ရှိ ပလက်ဖောင်းများအား ပြင်ဆင်မှုမှာ ကြားဖြတ်ရွေးကောက်ပွဲကြောင့် မဟုတ်ကြောင်းနှင့် ရရှိသောဘဏ္ဍာရေးအရပြင်ဆင်နေခြင်းဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းတံတားဌာနမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောသည်။

မြို့တွင်း ခြောက်မြို့နယ်ရှိ ပလက်ဖောင်းများကို ယခုအခါ ပြင်ဆင်ပေးနေပြီး ထိုမြို့တွင်းမြို့နယ်များအပြင် ဆက်စပ်မြို့နယ်များဖြစ်သော ရန်ကင်း၊ ဗဟန်း၊ ကမာရွတ် စသည့်မြို့နယ်များတွင်လည်း ပြင်ဆင်မွမ်းမံမည်ဟု ဆိုသည်။ ပလက်ဖောင်းအား ယခင်ကျောက်ပြားပုံစံအလှဆင်ကျောက်များအစား၊ ဘိလပ်မြေအသုံးပြုပြင်ဆင်ခြင်းဖြစ်ပြီး ရေမြောင်းများ ယိုယွင်းမှုများအား အကျယ်အနက်ချဲ့ခြင်းကိုပါ တစ်ပါတည်း



**အလံပြဘုရားလမ်းမတွင် ပလက်ဖောင်းများပြုပြင်နေသည်ကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်** ဓာတ်ပုံ-ဝေယံ

ပြင်ဆင်သွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

"ကြားဖြတ်ရွေးကောက်ပွဲကြောင့်မဟုတ်ပါဘူး။ ဒီနှစ်ဘဏ္ဍာရတာနဲ့ အကုန်လုပ်ပေးနေတာပါ။ မြို့တွင်း မြို့နယ်များအပြင် ဆက်စပ်မြို့နယ်တွင်ပါ လုပ်သွားမှာပါ" ဟုအထက်ပါပုဂ္ဂိုလ်က ပြောသည်။

"ပလက်ဖောင်းတွေပြင်ထားတာကောင်းပါတယ်။ ဒါပေမဲ့ မနက်ရုံးချိန်ကြီးမှာ မှတ်တိုင်တွေ၊ ပလက်ဖောင်းတွေပြင်တော့ လမ်းပေါ်ကနေ လူတွေက ဆင်းလျှောက်ရတယ်။ ညဘက်ပြင်တာပိုကောင်းပါတယ်"ဟု ဒဂုံမြို့နယ်တွင်နေထိုင်သူတစ်ဦးကဆိုသည်။

"ကောင်းတာပေါ့။ လမ်းလည်းသန့်သွားတာပေါ့။ သွားရင်းလာရင်း ခလုတ်တိုက်တာတော့ မရှိတော့ဘူးပေါ့။ ပြင်နေဆဲမှာတော့ ကွေ့ပတ်ပြီးသွားရတယ်။ လုံးလုံးမပိတ်လိုက်တာတော့တော်သေးတယ်။ သူတို့ပြင်နေတာကြာလှပြီပဲ။ ကြားဖြတ်ရွေးကောက် ပွဲနီးလို့ပြင်တာမဟုတ်လောက်ဘူး" ဟု ရန်ကုန်မြို့လည် ၃၈ လမ်းအပေါ်ဘလောက်နေအသက်၅၀အရွယ်အိမ်ထောင်ရှင်မတစ်ဦးက ပြောသည်။

၂၀၁၁-၁၂ဘဏ္ဍာငွေလက်ကျန်ဖြင့် ယခုကဲ့သို့ပလက်ဖောင်းနှင့် ရေမြောင်းများ ပြင်ဆင်နေခြင်းဖြစ်သည်ဟုဆိုသည်။

## အင်ဒိုနီးရှားက မြန်မာ့ဆန် တန် ၈,၀၀၀ စတင်ဝယ်ယူ

**ပြည်သိမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၁**

အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံတော်ဆန်စပါးဝယ်ယူရေးအဖွဲ့ Perum Bulog က မြန်မာနိုင်ငံမှ ညှော့မထငါးမှတ်ဆန် တန်ချိန် ၈,၀၀၀ ကို



**ဈေးကွက်သို့မတင်ပို့မီ ဆန်များသန့်စင်နေစဉ်** ဓာတ်ပုံ-ဝေယံ

ယခုလတွင်ဝယ်ယူပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှသတင်းရရှိသည်။

အဆိုပါကုမ္ပဏီသည်မြန်မာနိုင်ငံမှ တန်းမြင့်ဆန်ကို တစ်နှစ်လျှင် တန်ချိန်နှစ်သိန်းဝယ်ယူရန် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းနှင့် ဇန်နဝါရီ ၂၈ ရက်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။ ယခု တန်ချိန် ၈,၀၀၀ ဝယ်ယူမှုမှာ အဆိုပါ တန်ချိန်နှစ်သိန်းအတွက် စတင်ဝယ်ယူခြင်းဖြစ်ကြောင်းမြန်မာနိုင်ငံဆန်စပါးလုပ်ငန်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစိုးထွန်းကရှင်းပြသည်။

"ဖေဖော်ဝါရီ ၂၂ရက်မှာ သင်္ဘောတင်မှာပါ။ တန်ချိန်နှစ်သိန်းမှာ ဒါ ပထမဆုံး စဝယ်တာပဲ"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။ တန်ချိန် ၈,၀၀၀ ရောင်းဈေးမှာ ဆန်တစ်တန်လျှင် ၄၄၀ ဒေါ်လာဖြစ်သည်။

နိုင်ငံတော် အရန်ဆန်ဝယ်ယူခြင်း၊ ယခုကဲ့သို့ ပြည်ပတင်ပို့မှုများ စတင်ခြင်းတို့ကြောင့် ပြည်တွင်းဆန်ဈေးကွက်တွင် ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀ ဝန်းကျင် ပြန်တက်လာသည်။ ယခင်က ကျပ် ၁၂,၅၀၀ သာရှိသည့် ဇီယာရှယ်သည် ယခုရက်ပိုင်းတွင် တစ်အိတ်လျှင် ကျပ် ၁၃,၀၀၀ ထိဈေးမြင့်လာကြောင်း မော်တင်ရှိ ဆန်ကုန်စည်ဒိုင်မှ ဆန်ကုန်သည်တစ်ဦးကပြောသည်။

အင်ဒိုနီးရှားနိုင်ငံမှ ဆန်ပြန်လည်ဝယ်ယူခြင်းသည် ၂၀၁၀ ပြည့်နှစ်မှစ၍ ရာသီဥတုဖောက်ပြန်ကာ သီးနှံအထွက်လျော့ကျခဲ့ခြင်းကြောင့်ဖြစ်ကြောင်း Perum Bulog ဥက္ကဋ္ဌ Mr. Sutanto Alimoeso က နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲတွင်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံမှ အင်ဒိုနီးရှားသို့ ဆန်တင်ပို့မှုမှာ ၂၀၀၆ ခုနှစ်အထိ တင်ပို့ခဲ့ပြီး နောက်ပိုင်းတွင် တင်ပို့နိုင်မှုမရှိဘဲ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂,၁၂၅ တန်သာ တင်ပို့နိုင်ခဲ့သည်။

မြန်မာ့ဆန် ပြည်ပသို့ တင်ပို့မှုသည် ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ယခုလအထိ တန်ချိန် ၅ ဒသမ ၃၃ သိန်းတင်ပို့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

## အရန်ဆန်အတွက် ညှော့မထစပါး ဖေဖော်ဝါရီလကုန်တွင် ဝယ်ယူမည်

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၁၁**

ဖေဖော်ဝါရီကုန်တွင် တောင်သူ များထံမှ အရန်ဆန်အတွက် ညှော့ မထစပါးထပ်မံဝယ်ယူသွားမည်ဟု အရန်ဆန်ဝယ်ယူရေးကော်မတီ အတွင်းရေးမှူးဦးအောင်သန်းဦးက ပြောသည်။

"ဒီဈေးအတိုင်းပဲဝယ်သွားမှာပါ။ နွေစပါးစိုက်တဲ့တောင်သူတွေအဆင်ပြေအောင်ပါ"ဟုဦးအောင်သန်းဦးကပြောသည်။ အရန်ဆန်ဝယ်ယူရေးကော်မတီက ဇန်နဝါရီလ ၂၂ ရက်မှစ၍ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးရှိမြို့နယ် ၄၆ မြို့နယ်မှ တောင်သူများထဲမှ ညှော့မထစပါး တစ်တင်း (၄၆ ပေါင်)လျှင် ၃,၃၀၀ ကျပ်ဖြင့် ဝယ်ယူခဲ့သည်။

ထိုသို့ဝယ်ယူရာတွင် ဖေဖော်ဝါရီလ ၁၀ရက်အထိ စပါးတင်းနှစ်သိန်းနီးပါးဝယ်ယူခဲ့ပြီး လပွတ္တာမြို့နယ်က အများဆုံးဝယ်ယူခဲ့ကြောင်း အရန်ဆန် ဝယ်ယူရေးကော်မတီမှ ဦးရဲမင်းအောင်ကပြောသည်။

သို့သော် စပါးဝယ်ယူရန် ဖွင့်လှစ်ထားသော ဧရာဝတီတိုင်းဒေသကြီးမှ ပန်းတနော်၊ လေးမျက်နှာ၊ ကျောင်းကုန်း၊ ဖျာပုံ၊ ဒေးဒရဲနှင့် ဘိုကလေး၊ ပဲခူးတိုင်းဒေသကြီးမှ သာယာဝတီ၊ လက်ပံတန်း၊ ရွှေတောင်၊ ကြို့ပင်ကောက်၊ ကဝနှင့် ရန်ကုန်တိုင်းဒေသကြီးမှ တိုက်ကြီး၊ ထန်းတပင်၊ တွံတေး၊ မှော်ဘီနှင့် ဒလမြို့များမှ စပါးဝယ်၍မရသေးကြောင်းဦးအောင်သန်းဦးကပြောသည်။

"မြို့နယ်ကော်မတီက အကျိုးအမြတ်သိပ်မရှိတော့ ဝယ်မပေးချင်ကြတော့နောက်တောင်သူလက်ထဲမှာ စပါးသိပ်မရှိတာလည်းပါတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အရန်ဆန်ဝယ်ယူရေးကော်မတီကလည်း ယင်းဒေသတွင် ညှော့မထ စပါးစိုက်ပျိုးသူမရှိသဖြင့် အရန်ဆန်မဝယ်ယူလိုကြောင်း အကြောင်းကြားလာသည်ဟု ဦးအောင်သန်းဦးကပြောသည်။

မြန်မာနိုင်ငံ အရန်ဆန်ဝယ်ယူရေးကော်မတီက ကြီးကြပ်၍ အရန်ဆန်တန်ချိန်တစ်သိန်းအတွက် ညှော့မထစပါး ရှစ်သိန်းကျော်အား ဇန်နဝါရီလ ၂၂ရက်မှစတင်ဝယ်ယူခဲ့သဖြင့် စပါးဈေးမှာ တင်းတစ်ရာလျှင် ကျပ်နှစ်သောင်းခန့် ဈေးတက်လာသည်။



## မြန်မာနိုင်ငံဖွံ့ဖြိုးရန် နိုဗယ်လ်ဆုရ စီးပွားရေးပညာရှင် အကြံပြု

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၁**

နိုင်ငံတစ်နိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်မှ ရရှိသောဝင်ငွေကိုသာ မှီခိုမနေသင့်ပဲ အခွန်ကောက်ခံမှုမှရရှိသော ဝင်ငွေကိုလည်း မြှင့်တင်ဖို့လိုအပ်ကြောင်း ကိုလံဘီယာတက္ကသိုလ်မှ စီးပွားရေးနိုဗယ်ဆုရှင် ပါမောက္ခဂျိုးဇက်စတစ်ဂလစ်ကပြောသည်။

၂၁ရာစုကာလ၌ အလုပ်သမားဝင်ငွေခွန်ပေါ်တွင် အားကိုးနေ၍မရနိုင်ဘဲ စီးပွားရေးလုပ်ငန်းများထံမှ အခွန်အခများ ရရှိနိုင်ရန် ဦးစားပေးပြီးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

နိုင်ငံတစ်နိုင်ငံ၏ ကြွယ်ဝမှုများကို အောက်ခြေနှင့် အပေါ်အဆင့်များတွင် ရင်းနှီးမြှုပ်နှံခြင်းမရှိပါက ဆင်းရဲသော နိုင်ငံဖြစ်နေပြီး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ကြာရှည်ထိန်းသိမ်းထားနိုင်မည်မဟုတ်ကြောင်း အဆိုပါပုဂ္ဂိုလ်က စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့၊ စိုက်ပျိုးမြေများ၊ သစ်တောများ၊ ပင်လယ်ပြင်နှင့် ထိစပ်နေခြင်း စသည့် သဘာဝအရင်းအမြစ်များနှင့် ကံကောင်းသော နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံအများစုသည် သဘာဝအရင်းအမြစ်



ကြွယ်ဝမှုကို ကောင်းမွန်သော စီမံခန့်ခွဲမှု မလုပ်နိုင်ခဲ့ကြကြောင်း၊ နိုင်ငံ့ဝင်ငွေများကို ပြည်သူများအတွက် အသုံးမပြုပါက ဆင်းရဲသောပြည်သူများနှင့် ချမ်းသာသော နိုင်ငံဖြစ်လာနိုင်ကြောင်း စီးပွားရေးနိုဗယ်ဆုရှင်ကပြောသည်။

စာ(၁၂)သို့

## ဆောက်လုပ်ပြီး ရေလှောင်တမံနှင့် ရေလွှဲဆည်များ၏ အကျိုးသက်ရောက်မှုနည်း

**သီဟ**

**နေပြည်တော်၊ ဖေဖော်ဝါရီ - ၈**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးချက်အရ ဆောက်လုပ်ပြီး ရေလှောင်တမံများ၊ ရေလွှဲဆည် များ၏ အကျိုးသက်ရောက်မှုမှာ နည်းနေသေးသည့်အပြင် အချို့ ရေလှောင်တမံများသည် ဖွင့်ပွဲပြုလုပ်ပြီး ၁၀ နှစ်ကြာသည့်တိုင် လယ်မြေများသို့ ရေပေးဝေနိုင်မှု မရှိသေးကြောင်း သိရသည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကပြောသည်။

ထို့ကြောင့် ဆည်များ၊ ရေလှောင်တမံများ အသစ်ဆောက်လုပ်ခြင်းအား ရပ်တန့်ထားပြီး ဆောက်လုပ်ဆဲလုပ်ငန်းများကို အချိန်ယူဆောင်ရွက်ရန်နှင့် တည်ဆောက်ပြီး လုပ်ငန်းများကိုသာ စွမ်းရည်မြင့်မားစေရန် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သင့်ကြောင်း အထက်ပါပုဂ္ဂိုလ်က လွှတ်တော်တွင် အကြံပြုပြောကြားခဲ့သည်။

အလားတူ မြစ်ရေတင်စီမံကိန်းများတွင်လည်း မြစ်ရေတင်စီမံကိန်း၏ လျာထားဧက၏ ၁၆ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်သည်ကို တွေ့ရပြီး မြစ်ရေတင်လျှပ်စစ်ခများအား နိုင်ငံတော်မှ စိုက်ထုတ်ကျခံနေရသည့်အတွက် ၂၀၁၀-၁၁ ခုနှစ်တွင် ကျပ်ငွေသန်းတစ်ထောင်တစ်ထောင့်တစ်ရာကျော် စိုက်ထုတ်ကျခံခဲ့သည်။

ထို့အပြင် တောင်သူလယ်သမားများထံမှလည်း မြစ်ရေတင်ခအကြွေးများ ကျပ်သန်းကိုးရာကျော်ရရှိရန်ရှိသည်ဟုဆိုသည်။ ထို့ကြောင့် မြစ်ရေတင်လုပ်ငန်းအသစ်များ တည်ဆောက်ခြင်းကို ရပ်တန့်ထားရန်နှင့် တည်ဆောက်ပြီး မြစ်ရေတင်စီမံကိန်းများ စွမ်းရည်မြင့်တက်ရေးအတွက် ဆောင်ရွက်ရန်နှင့်နိုင်ငံတော်မှ လျှပ်စစ်ဓာတ်အားခစိုက်ထုတ်ကျခံခြင်းမျိုးမဖြစ်စေရေး၊ ကြွေးကျန်မရှိစေရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သင့်သည်ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုးက ဖေဖော်ဝါရီ၈ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ မူဝါဒများအား ဆွေးနွေးရာတွင် အထက်ပါအတိုင်း အကြံပြုပြောကြားသွားခြင်းဖြစ်သည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်းကလည်း မြစ်ရေတင်စီမံကိန်းများနှင့် ဆည်များ စီမံဆောင်ရွက်ရာတွင် မူလမျှော်မှန်းချက်၏ ၁၆ဒသမ၃ရာခိုင်နှုန်းသာ ရရှိသည်ဟု ပြောသည်။ ထို့ကြောင့် ပြည်သူ့ဘဏ္ဍာငွေများ၊ အချိန်၊ လုပ်အားများ ဆုံးရှုံးမှုလျော့နည်းရန် အကျိုးမပြုသည့် ဆည်နှင့်မြစ်ရေတင်စီမံကိန်းများကို ခေတ္တရပ်ဆိုင်း ပြန်လည်စီစစ်လေ့လာရန် ဖေဖော်ဝါရီ၇ရက်တွင် အဆိုတင်သွင်းခဲ့သည်။



7 DAY NEWS JOURNAL
Vol.10, No.48 · FEBRUARY 16 , 2012

## ၂၀၁၂ ဖေဖော်ဝါရီ ၁၅မှ ၂၁ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒသုံ့မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ပေါ်နိုင်ခြေမရှိပါ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာနဲ့ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းမှာ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်မှာ အများအားဖြင့် သာယာပါ့မယ်။ အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ တိုးဝင်လာသော လေအေးစီးကြောင်းများကြောင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ အသင့်အတင့် ဖြစ်ထွန်းနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်သာ ရှိနိုင်ပါတယ်။ အများဆုံးဖြစ်ပေါ်နိုင်တဲ့လှိုင်းအမြင့် အနေနဲ့ ရခိုင်ကမ်းရိုးတန်းနဲ့ကမ်းလွန်ဒေသမှာ(၃)ပေခန့်နဲ့ ကျန်မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအမြင့် ၁ ပေ ခန့်ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ ဇန်နဝါရီလ ဇန်နဝါရီလ(၂၈)ရက်မှ ဖေဖေါ်ဝါရီလ (၃)ရက်နေ့အထိ ရက်သတ္တတစ်ပတ် အတွင်းမှာ မိုးရေချိန် ၀. ၂ လက်မမှ ၀. ၈ လက်မအထိ မြူများနဲ့အတူ ထစ်ချုန်းမိုးများရွာသွန်းခဲ့သော ဒေသများမှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းနဲ့ အရှေ့မြောက်ပိုင်းစွန်းဒေသများဖြစ်ကြပြီး၊ မိုးအနည်းငယ် ထစ်ချုန်းရွာသွန်းခဲ့တဲ့ဒေသတွေကတော့မြန်မာနိုင်ငံတောင်ပိုင်းဒေသတွေ ဖြစ်ကြပါတယ်။ ကျန်ဒေသတွေမှာတော့(၂)ရက်မှ(၃)ရက်ခန့် မြူများကျဆင်းခဲ့တာကလွဲရင် အများအားဖြင့် သာယာနေခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

လာမယ့်ရက်သတ္တတစ်ပတ်အတွင်း ကချင်ပြည်နယ်အရှေ့မြောက်ပိုင်းစွန်းဒေသနဲ့ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းစွန်းဒေသတို့မှာ ထစ်ချုန်းမိုးအနည်းငယ်ရွာနိုင်ပြီး၊ တောင်ပိုင်းစွန်းဒေသများမှာတော့(၃)ရက်ခန့်နေရာကွက်ကျား မိုးအနည်းငယ် ရွာသွန်းနိုင်ပါတယ်။ ကျန်တစ်ပြည်လုံးမှာတော့ အများအားဖြင့် သာယာပါ့မယ်။

**ညအပူချိန်များ**

မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းစွန်းဒေသများမှာ 4 °C မှ 8 °C၊ ကချင်ပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ချင်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်ဒေသများတွင် 10 °C မှ 12 °C၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်၊ ပဲခူးတိုင်း အနောက်ပိုင်းဒေသများတွင် 13 °C မှ 15 °C ၊ ပဲခူးတိုင်းအရှေ့ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းဒေသများတွင် 16 °C မှ 20 °C နဲ့ တောင်ပိုင်းဒေသများတွင် 20°C မှ 23 °C ခန့်အထိ ရှိနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံ တစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်ကျဆင်းနေပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှာ မိုးရွာသွန်းမှုလျော့နည်းနေတဲ့အတွက် နောက်ပိုင်းရက်များမှာ ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်တို့မှာရေကြောင်းကျပ်ခြင်း၊ သဲသောင်ထွန်းခြင်း စသည်တို့ကြောင့် ပြည်တွင်းရေကြောင်းသွားလာရေးအတွက် ရေနည်းမှုအန္တရာယ်ကို သတိထားဖို့လိုလာပါလိမ့်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းဖြစ်ရန်အခြေအနေမရှိသဖြင့် အရှေ့လေပွေလှိုင်းကြောင့် မိုးရွာသွန်းမှုရှိမည်မဟုတ်ပါ။

**ဒေါက်တာထွန်းလွင်**

# ကြားဖြတ်ရွေးကောက်ပွဲယှဉ်ပြိုင်မည့်ပါတီ ၁၇ ခုသာကျန်

**သန်းဌေး**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၈**

နိုင်ငံရေးပါတီနှစ်ခုအား ကြားဖြတ်ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ရန် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်လိုက်သောကြောင့်ကြားဖြတ်ရွေးကောက်ပွဲတွင် ပါတီ ၁၇ ခုသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်တော့မည်ဖြစ်သည်။

ဒီမိုကရက်တစ်မဟာမိတ်ပါတီနှင့် ၈၈-ပြည်သူ့ အင်အားစုပါတီ နှစ်ခုအားပြောရက်၌ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် အနည်း ဆုံးမဲဆန္ဒနယ်သုံးခုတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမပြုနိုင်သောကြောင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂(ခ)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများကိုလည်း ဖျက်သိမ်းလိုက်ကြောင်း ဖေဖော်ဝါရီ ၈ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာထားသည်။

အဆိုပါ နိုင်ငံရေးပါတီနှစ်ခုလုံးသည် မန္တလေးတိုင်းဒေသကြီးတွင် အခြေစိုက်ပြီး ကြားဖြတ်ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ရန် မှတ်ပုံတင်ခဲ့ကြသော ပါတီသစ်များဖြစ်ကြသည်။ ဒီမိုကရက်တစ် မဟာမိတ်ပါတီသည် ၂၀၁၁ ခုနှစ်အောက်တိုဘာ ၁၄ ရက်တွင် ပါတီမှတ်ပုံတင်အမှတ် ၄၅ ဖြင့်လည်းကောင်း၊ ၈၈-ပြည်သူ့အင်အားစုပါတီသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ပါတီမှတ်ပုံတင်အမှတ်၄၈ဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီများအဖြစ် အသီးသီးမှတ်ပုံတင်ခဲ့ကြခြင်းဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာကင်တားနားတို့ ဖေဖော် ဝါရီ ၂ရက်က တွေ့ဆုံစဉ် ဧပြီ ၁ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီ ၁၉ ခုဝင်ရောက်ယှဉ်ပြိုင်မည်ဟုပြောကြားခဲ့ကြောင်း ဖေဖော်ဝါရီ ၃ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

# ရေခဲကမ္ဘာပြခန်း ဖေဖော်ဝါရီ ၂၅ ရက်တွင် ဖွင့်လှစ်မည်


## အခြားမြို့များတွင်ပါ ရေခဲရုပ်တုပြခန်းများ ဆောက်လုပ်ပြသမည်

**အေးမြတ်သူ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၉**

ကန်တော်ကြီးဥယျာဉ်အတွင်းရှိ “ရေခဲကမ္ဘာ Ice World”အမည်ရှိ ရေခဲရုပ်တုပြခန်းကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း စီမံကိန်းအင်ဂျင်နီယာဦးသောင်းဌေးကပြောသည်။

အဆိုပါပြခန်းကို ရန်ကုန်မြို့အပြင် အခြားမြို့များတွင်လည်း ဆောက်လုပ်ရန်ရှိကြောင်း ၎င်းကပြောသည်။



ဓာတ်ပုံ - အေးမြတ်သူ

“ကျွန်တော်တို့ဝင်ပေါက်မှာ မန္တလေးမြို့ရိုးပါမယ်။ ကျန်တာတော့ အီဖယ်လ်မျှော်စင်နဲ့ လေဘာတီရုပ်ပါမယ်။ ကလေးတွေ စိတ်ဝင်စားမယ့်ရုပ်တုတွေပါမယ်။ ဝင်ကြေးကတော့ လူကြီး ကျပ်ငါးထောင်နဲ့ကလေး ကျပ်သုံးထောင်ပါ”ဟုဦးသောင်းဌေးကဆက်လက်ပြောသည်။

လျှပ်စစ်မီးပျက်သည့်အခါ အော်တို ချက်ချင်းမီးလင်းရန်နှင့် စက်ပစ္စည်းများ လည်ပတ်ရန်အတွက် မီးစက်ထားပြီး၊ ကျန်းမာရေးအကူအညီအတွက်လည်း ဆေးခန်းထားရှိပြီး အရေးပေါ်အတွက် ထွက်ပေါက်များ စီစဉ်ထားကြောင်းသတင်းရရှိသည်။

လုံခြုံရေးအတွက် စီစီတီဗီကင်မရာများ ထားရှိမည်ဖြစ်ပြီး ကျွမ်းကျင်သော လုံခြုံရေးဝန်ထမ်းများလည်း ထားရှိမည်ဟုဆိုသည်။

အအေးခံနိုင်သည့်ဝတ်စုံများကို အလုံအလောက်ထားရှိပြီး ဓာတ်ပုံဝန်ဆောင်မှုအတွက် သင့်လျော်သည့်နှုန်းထားသတ်မှတ်မည်ဖြစ်သည်။ ပြခန်းအတွင်းမှထွက်လျှင်ရုတ်တရက်အပူချိန်အပြောင်းအလဲ မဖြစ်ရန်အတွက်လည်း ကြိုတင်စီစဉ်ထားသည်ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

# ရေနံဓာတ်ငွေ့ရည်လုပ်ငန်းတွင် ပုဂ္ဂလိကကို စတင်လုပ်ကိုင်ခွင့်ပြု

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၆**

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်းက ရေနံဓာတ်ငွေ့ရည်(LPG) လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်းလုပ်ကိုင်ခွင့်ပြုပေးမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှသတင်းရရှိသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များ အဆိုပြုလွှာတင်သွင်းလျှောက်ထားနိုင်သည့် ရေနံဓာတ်ငွေ့ရည် တင်သွင်း၊ သိုလှောင်၊ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်ငန်းများ၊ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်သစ်များတည်ဆောက်ခြင်း၊ ရေနံဓာတ်ငွေ့ရည်စခန်းအသစ်များနှင့် ရေနံဓာတ်ငွေ့ရည်ဆိပ်ကမ်းအသစ်များ တည်ဆောက်ဖွင့်လှစ်ခြင်းများအတွက်ပတ်ဝန်းကျင်အား ဘေးအန္တရာယ်ကျရောက်စေနိုင်ခြင်းမရှိကြောင်း သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ ရေနံဓာတ်ငွေ့ရည်(LPG)ရယူမည့်ကုမ္ပဏီ၊ အဖွဲ့အစည်း၏ ထောက်ခံချက်၊ စာချုပ်စာတမ်းများ ပါရှိရမည်ဟု သတ်မှတ်ထားကြောင်း ဖေဖော်ဝါရီ၃ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိပါကလည်း စွမ်းအင်ဝန်ကြီးဌာနပိုင် ဆိပ်ကမ်းများ၊ ရေနံဓာတ်ငွေ့ရည် သိုလှောင်ကန်များ၊ ရေနံဓာတ်ငွေ့ရည် သယ်ဆောင်ယာဉ်များအား ခေတ္တ ငှားရမ်းသုံးစွဲခွင့်ပြုမည်မဟုတ်ဘဲ မိမိအစီအစဉ်ဖြင့်သာ ဆောင်ရွက်ရမည်ဟုဆိုသည်။

ပတ်ဝန်းကျင်အား ဘေးအန္တရာယ်ကျရောက်စေခြင်းမရှိစေရန်အတွက် စွမ်းအင်ဝန်ကြီးဌာနမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကာ သင်တန်းများကိုလည်း စွမ်းအင်ဝန်ကြီးဌာနမှ အခါအားလျော်စွာဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်းသိရသည်။

ရေနံဓာတ်ငွေ့ရည်(LPG) မှာ စက်သုံးဆီများထက်အန္တရာယ်ကိုအထူးဂရုစိုက်ရန်လိုပြီး ရင်းနှီးမြှုပ်နှံစရိတ်လည်း မြင့်မားသည်ဟုဆိုသည်။

# နယ်မှ ကားဝယ်သူများလာ

**ဇာဇာနီ**

**ရန်ကုန်၊**

**ဖေဖော်ဝါရီ - ၁၁**

ရန်ကုန်ကားဈေးကွက်တွင် နယ်ဒေသများမှ ကားအဝယ်များလာပြီး ဆလွန်းနှင့် ဗင်ကားအမျိုးအစားများလူကြိုက်များလာကြောင်း ကားအရောင်းစင်တာများနှင့် ဟံသာဝတီယာဉ်ရောင်းဝယ်ရေးဈေးကွက်မှစုံစမ်းသိရှိရသည်။

“မန္တလေး၊ လားရှိုး၊ မူဆယ်ဘက်က လူတွေ ဆင်းဝယ်တာများတယ်။ ဒီလမှာ တော်တော်လေးရောင်းရတယ်။ ပစ္စည်းတောင်ပြတ်သွားတယ်”ဟု ဆာကူရာ ကားအရောင်းစင်တာမှ ကိုအောင်နိုင်ထွန်းက ပြောသည်။

Polistar ကားအရောင်းစင်တာမှဦးသက်စိုးကလည်း“သဘော်သားပါမစ်နဲ့ လာဝယ်ကြတယ်။ ပါမစ်ဈေးက သိန်း ၇၀ ရှိတယ်။ ရန်ကုန် အရောက်ဈေးကတော့ သိန်း ၁၃၀ ရှိတယ်”ဟုပြောသည်။

ယခု အဝယ်လိုက်နေသော မတ်ခ်တူး 99 ကားအမျိုးအစား၊ ရှေ့ငါး 2.0 ကားများမှာ ဆီစားသက်သာခြင်းကြောင့် တက္ကစီလိုင်းဆွဲရန် ပိုကောင်းမွန်သောကြောင့် အဝယ်များလာကြောင်းသိရသည်။

ဟံသာဝတီကားပွဲစားတန်းတွင်လည်း နယ်မှ ကားအဝယ်ရှိသောကြောင့် အရောင်းအဝယ်ကောင်းပြီး ကားဈေးနှုန်း ထပ်မံကျဆင်းခြင်းမရှိသေးကြောင်းသိရသည်။

“ကားဈေးတွေက ကျတယ်ဆိုတာ ကားတွေ ပြည်တွင်းကိုတရားဝင် စသွင်းတဲ့အချိန်ကနဲ့စာရင်တော့ကျပ်သိန်း၄၀လောက်ကျတယ်။ ပါဂျဲရိုးဆို စသွင်းတဲ့အချိန်က သိန်း ၅၇၀ ရှိရာက အခုသိန်း၅၁၀လောက်ပဲရှိတယ်။ ကားတွေသွင်းနေပြီး ဈေးထပ်မကျတာကတော့ပါမစ်ဈေးမြင့်လို့မကျတာပဲ”ဟုဟံသာဝတီကားပွဲစားတန်းမှ ဦးဝင်းကပြောသည်။

အရောင်းအဝယ်ဖြစ်သောကားအမျိုးအစားနှင့် ဈေးနှုန်းမှာ ပါဂျဲရိုး(၄၆ရိုးရိုး)ကျပ်သိန်း ၃၅၀၊ ဟိုင်းလတ်ဆပ် ၉၇ မော်ဒယ် အကွခရာ ၉၀ မှာ ကျပ်သိန်း ၄၀၀၊ ရှေ့ငါး 2.0 ကျပ်သိန်း ၃၀၀၊ ၉၉ မတ်ခ်တူးကျပ်သိန်း ၂၈၀ဖြစ်သည်။

Life
7DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012



# ပြဿနာဟောင်းအတွက် အဖြေသစ် အလုပ်ဖြစ်မလား

■ မေဝင်းမွန်

အမျိုးသမီးများကိုထိပါးစော်ကားကာ ကြံ့ခြေပျက်ပြားအောင်ပြုလုပ်ကြသည့် ဘတ်စ်ကားပေါ်မှ အပြုအမူဆိုးကို ရပ်တန့်စေနိုင်စွမ်းသောငှာ စတင်လိုက်သော အကူအညီပေးမည့်ခရာ (Whistle for Help) ဟူသည့် ဆောင်ရွက်မှုတစ်ခုကို စတင်ပြီဖြစ်သည်။

လိုင်းကားပေါ်တွင်မဖွယ်မရာပြုလုပ်ခံရသူအမျိုးသမီးများတွင် ဆယ်ကျော်သက်အရွယ်များသာမက ၈ နှစ် ၉ နှစ်အရွယ် ကလေးငယ်များ၊ သီလရှင်များပင် ပြုလုပ်ခံရမှုများရှိကြောင်း အမျိုးသမီးများဆိုင်ရာ အင်န်ဂျီအိုများမှသိရသည်။

"ဘတ်စ်ကားပေါ်မှာ ၁၃ နှစ်အရွယ်မိန်းကလေးနဲ့အတူယှဉ်ပြီးတော့ အသက်အရွယ်ကြီးတဲ့အမျိုးသားတစ်ဦးကထိုင်နေတယ်။ သူက ထိုင်ခုံလက်ရန်းကိုမှီပြီးမှောက်အိပ်နေတယ်။ သူ့လက်တစ်ဖက်ကတော့ သူ့မှာပါလာတဲ့ အိတ် အမည်းကြီးရဲ့အောက်မှာထားလို့ အိပ်နေတဲ့ပုံစံနဲ့။ ခဏကြာတော့ သူ့ဘေးကထိုင်နေတဲ့မိန်းကလေးက မျက်ရည် တွေတွေကျနေပြီးတော့ ဘယ်သူ့မှလည်းမကြည့်ဘဲ ငြိမ်နေတယ်။ အဲဒါနဲ့တစ်ခုခု ဖြစ်နေပြီထင်ပြီး လူကြီးကိုင်ထားတဲ့အိတ်ကို ဆွဲဖယ်လိုက်တော့ အဲဒီလူကြီးရဲ့လက်က မိန်းကလေးရဲ့ လုံချည်ထဲမှာရောက်နေတယ်။ အဲဒါနဲ့ ဆွဲထိုးပစ်ခဲ့ရတယ်။ အဲဒီမိန်းကလေးက မပြောရဲမဆိုရဲနဲ့ ဘယ်လောက်တောင်ရှက်ကြောက်ပြီး ထိတ်လန့်နေမလဲ။ ဒီလိုမျိုးအဖြစ်တွေ ဘယ်လောက်ရှိနေလဲဆိုတာ မသိနိုင်ဘူး" ဟု မိတ်ဆွေအမျိုးသားတစ်ဦးကြုံတွေ့ခဲ့သောအဖြစ်အပျက်တစ်ခုကိုမထားထားကပြောပြသည်။

နေ့စဉ်ခရီးသည်တင်ဘတ်စ်များဖြင့် လှုပ်ရှားသွားလာနေကြသည့် အမျိုးသမီးထုအနက်မှ ငယ်ရွယ်ရှက်ကြောက်တတ်သည့် အမျိုးသမီးများကို အများဆုံးပစ်မှတ်ထားကာ နှောင့်ယှက်ပြုမူမှုများမှာ မကြုံဖူးသူ၊ မသိသူမရှိသလောက်များပြားလျက်ရှိနေဆဲဖြစ်သည်။

"ကျွန်မတို့တစ်ယောက်တည်းမဟုတ်ဘူး။ သူငယ်ချင်းတွေ၊ အစ်မတွေ၊ ညီမတွေအားလုံးနီးပါး ကြုံဖူးကြတယ်။ အသက်ငယ်လေလေ ပိုပြီးပစ်မှတ်ထားလေလေ။ သားကောင်ဖြစ်လေလေဖြစ်နေတယ်။ ပြက်လုံးတွေမှာလည်း ဘတ်စ်ကားပေါ်က ထောက်လှမ်းရေးတွေအကြောင်းကိုပြောလာကြပါပြီ။ သတိထားဖို့က မိန်းကလေးချည်းရဲ့ တာဝန်မဟုတ်ဘဲယောက်ျားလေးတွေလည်းပါဝင်ရပါမယ်။ ကျွန်မတို့အမျိုးသမီးတွေရဲ့ခန္ဓာက သူတို့တွေရဲ့စိတ်ဖြေရာကိုယ်ခန္ဓာမဟုတ်ပါဘူး။ မြန်မာတွေအချင်းချင်းကူညီဖို့ ဝန်မလေးကြသူတွေဖြစ်တဲ့အတွက် ဘတ်စ်ကားပေါ်မှာအမျိုးသမီးတစ်ယောက်ကသာအဲဒီလိုခံခဲ့ရလို့ ခရာလေးသာမှုတ်လိုက်မယ်ဆိုရင် ဘေးကလူတွေကလည်း ခရာသံကြားပြီးကူညီပေးကြမယ်ဆိုရင် ဒါမျိုးဖြစ်တာတွေကို တဖြည်းဖြည်းရပ်တန့်သွားနိုင်မယ်ဆိုပြီးတော့ လုပ်ဖြစ်တာပါ" ဟု Whistle for Help Campaign တွင် ပါဝင်ဆောင်ရွက်သူ မထားထားက ပြောကြားသည်။


ဘတ်စ်ကားများပေါ်တွင် အမျိုးသမီးများကို ကြံ့ခြေပျက်ပြားအောင်ကိုယ်ထိလက်ရောက်အနှောင့်အယှက်ပြုခြင်းကိုခရီးသည်အချင်းချင်းပြုလုပ်မှုများသာမက ခရီးသည် အမျိုးသမီးကိုကားပေါ်ဆွဲတင်သည့်ပုံစံဖြင့် ရင်သားကိုကိုင်ခြင်း၊ မှီထားခြင်း၊ တင်ပါးကိုထိခြင်းများကို ယာဉ်နောက်လိုက်များက ပြုလုပ်သည့်ဖြစ်စဉ်များလည်းရှိသည်။

Sexual Harassment ခေါ် လိင်မှုဆိုင်ရာထိကပါးရိကပါးပြုမူခြင်းကို မြို့တွင်း၊ နယ်ဝေးသွား ဘတ်စ်ကားများပေါ်တွင်သာမက နေရာဒေသ၊ အခြေအနေမရွေးတွင် အမျိုးသမီးများကြုံတွေ့နေကြရသည်။

ရေဒီယိုခေတ်၊ ကက်ဆက်ခွေခေတ်၊စီဒီခေတ်မှသည်ခေတ်မီဖျော်ဖြေရေးအသုံးအဆောင်များ မော်တော်ယာဉ်များတွင်တပ်ဆင်လာပြီးသည့်နောက်ပိုင်း ဖျော်ဖြေရေးသီးသန့်သုံးစွဲမှုများရှိသလို ခရီးသည်ကိုစိတ်အနှောင့်အယှက်ဖြစ်၊အရှက်ရအောင်လုပ်ဆောင်မှုများက ခေတ်မီလာသည့်အခြေအနေနှင့်နည်းတူ ဖြစ်ပွားမှုများလာသည်ဟုဆိုရမည်ဖြစ်သည်။

စာ(၁၁)သို့



## အမဲသား သခွားသီးချက်

အမဲသားကို အမွှေးအကြိုင်မထည့်ဘဲ ပုံမှန်ဟင်းချက်သလိုမျိုးဆီပြန်ဟင်းလည်းမဟုတ်တဲ့ အရသာရှိတဲ့ ဆီကျန်ရေကျန်ဟင်းတစ်ခွက်ပဲဖြစ်ပါတယ်။ အမဲသားကိုသင်္ဘောသီးနဲ့တွဲချက်သလိုမျိုးပါပဲ။ သင်္ဘောသီးနဲ့ တွဲချက်တာကိုတော့ အိမ်ရှင်မတွေက အမဲသားမြန်မြန်နူးစေဖို့ဆိုတဲ့ အကြောင်းပြချက်ပေးကြပါတယ်။ တကယ်တော့ အဲဒီဟင်းကအရသာ တစ်မျိုးနဲ့ကိုဆွဲဆောင်မှုရှိတာပါ။

အခု အမဲသားသခွားသီးဟင်းကိုချက်ဖို့ အမဲသားမိုးခိုသား ၂၅ ကျပ် သား၊ သခွားသီးတစ်ခြမ်း(သုပ်စားသည့်သခွားသီးအကြီး)ပဲလိုပါတယ်။

အမဲမိုးခိုသားကို အနေတော်အတုံးလေးတွေလှီးပြီး လက်တစ်သစ်စာချင်းထောင်းရေလေးညှစ်ထည့်ပြီး ဆား၊ နနွင်း၊ ကြက်သားမှုန့်တွေ ထည့်နယ်ပြီး ၁၀ မိနစ်လောက်နှပ်ထားပါ။ အမဲသားနှပ်ထားတဲ့အချိန်မှာ အစေ့တွေဖယ်ထားတဲ့သခွားသီးခြမ်းကို သခွားခြစ်နဲ့အချောင်းရှည်လေးတွေရအောင်ခြစ်ပါမယ်။

ကြက်သွန်ဖြူ၊ နီနဲ့ ပုံမှန်အတိုင်း ဆီသပ်ပြီး နှပ်ထားတဲ့အမဲသားကိုထည့်လိုက်ပါ။ ရေမထည့်ခင် ငန်ပြာရည်အနည်းငယ်ကိုလည်း ထည့်ရပါမယ်။ အမဲသားနူးအောင်တည်ပြီးမှ ခြစ်ထားတဲ့သခွားသီးတွေကို ထည့်ရမှာပါ။ သခွားသီးထည့်ပြီး ငါးမိနစ်လောက်တည်လိုက်ရင်သခွားသီးကနေ အရည်လေးထွက်လာပြီး ဆီကျန်ရေကျန်လေးနဲ့ ချလို့ရပါပြီ။

ဒါဆိုရင်တော့ သခွားနံ့မွှေးမွှေးလေးနဲ့ အမဲသားသခွားသီးချက်လေးကို သုံးဆောင်လို့ရပါပြီ။




## အလှူမင်္ဂလာပွဲအတွက် ဝတ်စုံလှလှရွေးချယ်နိုင်မယ့်နေရာ



**အိဖြူလွင်**

အလှူအတန်းရာသီပွဲလမ်းသဘင်ရာသီလို့ဆိုနိုင်လောက်အောင် ပွဲတွေပေါများလှတဲ့ ယခုအချိန်မှာ ပွဲတက်ဖို့အတွက် အမျိုးသားရော အမျိုးသမီးရော အဝတ်အစားလို အပ်လာပါပြီ။

အမျိုးသမီးတွေအတွက်ရိုးရာအလှူပွဲတွေ မင်္ဂလာဆောင်လို အခမ်းအနားတွေကိုသွားဖို့အတွက် အဝတ်အစားဝယ်လို့ရမယ့် ဆိုင်လေးကိုဒီတစ်ပတ်မှာဈေးဝယ်လမ်းညွှန်ပေးလိုက်ပါတယ်။

ရိုးရာချည်ထည်၊ ပိုးထည်တွေ အပါအဝင် ရိုးရာဝတ်စုံတွေကို အသင့်ချုပ်ပြီးသားရော၊ မချုပ်ရသေးတာတွေပါ ရနိုင်တဲ့ဆိုင်ပါ။

ရိုးရာဝတ်စုံကိုပွဲတက်အခမ်းအနားအတွက်တင်မကဘဲနေ့စဉ်ထသွားထလာပါဝတ်လို့ရတဲ့ ဝတ်စုံတွေပါ ရနိုင်တဲ့အတွက် ကိုယ်လိုချင်တဲ့ အတိုင်းလည်း စိတ်တိုင်းကျအပ်ပြီးဝတ်လို့ရနိုင်ပါသေးတယ်။

ပွဲတက်အခမ်းအနားတွေအတွက် ဝတ်စုံဆိုရင်လည်း ကိုယ်သွားမယ့်ပွဲပေါ်မူတည်ပြီး ဝတ်စုံရဲ့တန်ဖိုးနဲ့ ပုံစံကိုလည်း ရွေးချယ်လို့ရပါတယ်။

ဝတ်မယ့်သူရဲ့စိတ်ကြိုက်အကျဉ်းအကျယ်ကိုလည်း ဆိုင်က အဆင်ပြေအောင်ပြုပြင်ပေးမှာဖြစ်ပြီး ဝတ်စုံကို ချိတ်ပုံစံ၊ ချည်ပွန် အမျိုးအစားစုံ၊ ဆေးရေးထည်စသဖြင့်လည်းစိတ်တိုင်းကျရွေးချယ်နိုင်ပါသေးတယ်။ ဈေးနှုန်းကတော့ လုံချည်တစ်ထည်ကို တစ်သောင်းကျော်လောက်ကနေ တစ်သိန်းဝန်းကျင်ထိ ဈေးနှုန်းအမျိုးမျိုးရှိပါတယ်။

အင်္ကျီတွေရဲ့ ဈေးနှုန်းကလည်း ပိတ်စနဲ့ အင်္ကျီမှာသုံးထားတဲ့ အဆင်တန်ဆာတွေပေါ်မူတည်ပြီးကျပ်တစ်သောင်းခန့်ကနေ အစားစားသတ်မှတ်ထားပါတယ်။

ပွဲတက်ဖို့ကြိုမသိလို့အဝတ်အစားချုပ်ချိန်မရသူအမျိုးသမီးတွေအတွက်တော့ ဒီဆိုင်မှာ ထဘီ၊ အင်္ကျီကစ ပိုးသားနဲ့ပြုလုပ်တဲ့ လက်ကိုင်အိတ်ထိအမျိုးစုံရနိုင်တာမို့ ပွဲတက်ဝတ်စုံက ပြည့်စုံနိုင်မှာသေချာပါတယ်။ အမျိုးသမီးတွေအတွက် ပွဲတက်ဝတ်စုံလှလှတွေကိုရနိုင်တဲ့ ဒီဆိုင်ရဲ့ လိပ်စာကတော့ အင်းစိန်လမ်းမကြီး စံရိပ်ငြိမ်မှတ်တိုင်အနီးက မျိုးမျိုးအထည်ဆိုင်မှာပါလို့ လမ်းညွှန်ပေးလိုက်ပါတယ်။



# ညီမျှမှုလေးတွေ ရှိစေချင်

**နန်းနွယ်**

“အိရေအိရေ”ဆိုတဲ့ ခေါ်သံနှင့်အတူ ဆိုင်ရှေ့ကို ရောက်လာတဲ့ မခိုင်တစ်ယောက် ဘာဖြစ်လာသလဲလို့မေးလိုက်မိတော့ “ညီမလေး အိရေ၊ နင်တို့ကိုရော ဘယ်လောက်တောင်းမယ် ပြောသွားသေးလဲတဲ့” အရင်းမရှိ အဖျားမရှိ ပြောလာတဲ့ မခိုင်ရဲ့စကားကို နားမလည်လို့ပြန်မေးလိုက်မိ၏ “ဘာကို ဘယ်လောက်တောင်းမယ်လို့ ပြောတာလဲ မခိုင်”လို့ ကျွန်မပြန်မေးလိုက်တော့၊ ပြောချင်နေသောနှုတ်ခမ်းတစ်စုံမှထွက်ကျလာသော စကားသံက “ဟုတ်သားပဲ ညီမလေး အိရယ်၊ မခိုင် ပြောချင်ဇောနဲ့ လောသွားလို့။ ဟို . . မီတာခ လေ ညီမလေးရဲ့၊ မခိုင်တို့ကိုတော့ တစ်ယူနစ်ကို ၇၅ ကျပ်နှုန်းနဲ့ ကောက်ဖို့လို့ ပြောသွားတယ်လေ။ ဘာဖြစ်လို့လဲလို့ ပြန်မေးကြည့်တော့ ဘာပြောတယ်မှတ်လဲ ညီမလေးရယ်။ မခိုင်တို့က လုပ်ငန်းရှင်မို့လို့တဲ့လေ”တဲ့ မခိုင်ပြောလာသော စကားတစ်ခွန်းကြောင့် ကျွန်မနှင့် ဘဝတူရှိသေးတယ်ဆိုတာသိလိုက်တယ်။ “ဟုတ်တယ် မခိုင်ရေ၊ ညီမတို့ကိုလည်း တစ်ယူနစ်ကို ၇၅ ကျပ်တဲ့ မခိုင်ရယ်။ ညီမကိုလည်း မခိုင်လိုပြောသွားတာပဲ။ လုပ်ငန်းရှင်မို့လို့တဲ့လေ” လို့ ကျွန်မ ပြန်ပြောလိုက်တော့ အဖော်ညှိသလို မျက်နှာထားနှင့် မခိုင်က “အဲဒါ ဘာဆိုင်လို့လဲ ညီမလေးရယ်။ မခိုင်တို့တွေကို လုပ်ငန်းရှင်လို့ပြောရအောင် မခိုင်တို့၊ ညီမတို့ အလုပ်တွေက မီတာနဲ့ လုပ်တဲ့အလုပ်မှ မဟုတ်ဘဲ။ ကိုယ်တတ်နိုင်တဲ့ ငွေလေးနဲ့ ကိုယ့်အိမ်ရှေ့မှာ ကိုယ့် ကိုယ်ပိုင်အိမ်ဆိုင်လေး၊ အခွေငှားဆိုင်တွေ ဖွင့်ထားတာပဲလေ။ မီတာနဲ့ လုပ်တဲ့အလုပ်တွေဖြစ်တဲ့ သစ်ခွဲစက်တို့၊ အမှုန့်ကြိတ်စက်တို့မှ မဟုတ်ဘဲ ညီမရဲ့။ နောက်ဆုံး ကုန်ကုန်ပြောရရင် ဂိမ်းတို့လို မီတာနဲ့လုပ်ရတဲ့ အလုပ်တွေမို့လို့ တောင်းတယ်ဆိုလည်း တော်ပါသေးရဲ့ ညီမလေးရယ်။ အခုတော့ ကိုယ့်အိမ်ရှေ့မှာကိုယ် အိမ်ဆိုင်လေး၊ အခွေအငှားဆိုင်လေးဖွင့်ထားတာကို လုပ်ငန်းရှင်တဲ့”။ တကယ်ဆို မခိုင်ပြောသောစကားတွေ အားလုံး လုံးဝမမှားပေ။ ကျွန်မက အိမ်ရှေ့တွင် အိမ်ဆိုင်လေး ဖွင့်ရောင်းသလို မခိုင်ကတော့ တိတ်ခွေအငှားဆိုင်လေးဖွင့်ထားကြသူများသာဖြစ်သည်။

“ဒါနဲ့ညီမလေးဟိုဘက်လမ်းက အန်တီစောတို့ မမဝေတို့ကိုတော့ ၁ယူနစ်ကို ၃၅ ကျပ်နှုန်းနဲ့ ကောက်ဖို့ပြောသွားတယ်တဲ့။ သူတို့လည်း မခိုင်တို့ ညီမတို့လို အိမ်ဆိုင်နဲ့ စာအုပ်အငှားဆိုင်ဖွင့်ထားတဲ့ သူတွေပဲလေ။ သူတို့ကျတော့ ဘာဖြစ်လို့များ တစ်ယူနစ်ကို ၃၅ ကျပ်တည်းတောင်းပြီး တို့ကျမှ ဘာ ဖြစ်လို့ တစ်ယူနစ်ကို ၇၅ ကျပ်တောင်းတာလဲ မသိဘူးနော်တဲ့” မခိုင်ပြောသော စကားသည် တကယ်တော့ စဉ်းစားစရာတစ်ခု ဖြစ်နေသည်။ အန်တီစောတို့ဆိုသော အန်တီက ကျွန်မဆိုင်နှင့် တစ်လမ်းကျော်တွင် အိမ်ဆိုင်ဖွင့်ထားပြီး မမဝေကတော့ ကိုယ်ပိုင် စာအုပ်အငှားဆိုင်လေးတွေ ဖွင့်ထားကြသူ များဖြစ်ကြသည်။ ကျွန်မတို့က တကယ်ဆို လုပ်ငန်းရှင်လို့ ပြောရအောင် မီတာနှင့် အလုပ်လုပ်သူများ မဟုတ်ပေ။ အိမ်မီးလောက်သာ သုံးကြသူများသာဖြစ်သည်။ မီတာနှင့် အလုပ်မလုပ်ဘဲ အိမ်ဆိုင်၊ ခွေအငှားဆိုင်တို့ကို ကိုယ်ပိုင်အိမ်ဆိုင်ဖွင့်သူချင်းတူပြီး ကျွန်မတို့ကတော့ တစ်ယူနစ်ကို ၇၅ ကျပ်တောင်းမယ်လို့ ပြောသွားပြီး ဟိုဘက်လမ်းက အန်တီစောတို့၊ မခိုင်တို့ကျတော့ ဘာဖြစ်လို့ တစ်ယူနစ်ကို ၃၅ ကျပ်သာ ကောက်ခံမှာလဲ။ အတွေးပေါင်းများစွာဖြင့် ကျန်ခဲ့သူမှာ ကျွန်မပင်ဖြစ်သည်။ တကယ်ဆို အိမ်သုံးမီတာနဲ့ လုပ်ငန်းသုံးမီတာကို မှန်မှန်ကန်ကန်ခွဲခြားပြီး လုပ်ငန်းရှင်များကိုသတ်သတ်ကောက်ခံပြီး ကျွန်မတို့အားလုံးကို အတူတူကောက်ခံသွားလျှင် ပြောစရာမရှိပေ။ ကျွန်မအနေနဲ့ပြောရလျှင်တော့ဖြင့် အရာအားလုံးကို ညီမျှမှုလေးတွေရှိစေချင်သည်။






7DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012

## စာ-၉၊ ပြဿနာဟောင်းအတွက် အဖြေသစ် အလုပ်ဖြစ်မလားမှ

"အမျိုးသမီးလေးယောက်ပေမယ့် တက္ကစီသမားကိုသီချင်းကို ရပ်ပစ်ဖို့၊ ကားကိုရပ်ပေးဖို့ ပြောဖို့ကို ဘယ်လိုမှပြောလို့မထွက်တော့ဘူး။ အိမ်ပြန်နေတယ်ဆိုတာတောင် မေ့သွားတယ်။ တက္ကစီပေါ်မှာဖုန်းလာတာတောင် မကိုင်ရဲဘူးဖြစ်ခဲ့တယ်။ စကားပြောဖို့အသံကိုထွက်မလာတော့တာ။ ဒီလိုမျိုးမကြုံဘူးတော့ လူကိုနေမထိထိုင်မသာနဲ့ ရှက်တာပဲသိတော့တယ်။ နောက်ပြီးပုံမှန်သွားနေကျလမ်းကမသွားဘဲ လမ်းကြောင်းရှည်တဲ့ဘက်ကို ရွေးမောင်းပြီး သီချင်းတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် ကျော်ပြီးဖွင့်ပြတော့တာပဲ။ အိမ်နားရောက်တာတောင်ကားကိုချက်ချင်းမထွက်သေးဘဲ လူတွေကိုအကဲခတ်ကြည့်နေသေးတယ်"ဟုတက္ကစီပေါ်တွင် ညစ်ညမ်း သီချင်းဖွင့်ပြမှုနှင့် ကြုံတွေ့ခဲ့သော အမျိုးသမီးတစ်ဦးက ပြောကြားသည်။

"တစ်ခါကလည်း တက္ကစီတွေမှာ မဖွယ်မရာပုံတွေပြတယ်ဆိုပြီးကြားတော့တစ်ယောက်တည်း တက္ကစီမစီးရဲသလောက်ပါပဲ။ လူတိုင်းကသိက္ခာမဲ့သူတွေမဟုတ်ပေမယ့် ကံဆိုးစွာနဲ့ ကြုံရတဲ့အမျိုးသမီးတွေလည်းအများကြီးပါ။ တက္ကစီတစ်ယောက်တည်း မစီးရဲလို့ ခရီးသည်တွေအများကြီးပါတဲ့ လိုင်းကားကို တက်စီးတော့လည်း စိတ်ဓာတ်မကောင်းတဲ့သူတွေနဲ့ ကြုံရတာပဲ။ မိန်းကလေးတစ်ယောက်ကို နှောင့်ယှက်ခံနေရတာ တွေ့နေပေမယ့် စပယ်ယာတွေကော၊ ခရီးသည်အချင်းချင်းကော မကူညီဘဲမသိချင်ယောင် ဆောင်နေတာမျိုးလည်းကြုံရဖူးတယ်"ဟုအသက် ၃၀ အရွယ် အိမ်ထောင်ရှင်အမျိုးသမီးတစ်ဦးကပြောသည်။

"မိန်းကလေးတွေကလည်း ကားပေါ်မှာဒီလိုမျိုးကြုံရပြီဆိုရင် ဘေးလူကိုမပြောရင်တောင် ငြိမ်မခံသင့်ပါဘူး။ ကိုယ်ကသူမဟုတ်တာလုပ်နေတယ်ဆိုတာကို သိအောင်တစ်ခုခုတော့လုပ်ရမယ်။ မိန်းကလေးကငြိမ်ခံနေတဲ့အခါကျတော့ သူလုပ်နေတာကိုလက်ခံပြီး ငြိမ်နေတယ်လို့ထင်သွားနိုင်တယ်။ တစ်ခုခုတုံ့ပြန်လိုက်မှထိပါးလို့မရမှန်းသိရင်ရှောင်သွားကြမှာပဲ" ဟုအသက် ၂၉ နှစ်အရွယ်ကုမ္ပဏီဝန်ထမ်းအမျိုးသားတစ်ဦးက ဆိုသည်။

ရဲဝံ့သည့်အမျိုးသမီးရာခိုင်နှုန်းအချို့က တွယ်ချိတ်ဆောင်ထားခြင်း၊ ဒေါက်ဖိနပ်နှင့်နင်းခြင်း၊ တံတောင်နှင့်တွက်ခြင်း စသည်ဖြင့် နည်းလမ်းစုံဖြင့် ကာကွယ်မှုပြုသည်များလည်းရှိသည်။

မြန်မာနိုင်ငံတွင်လက်ရှိပြဋ္ဌာန်းထားသည့်ဥပဒေများတွင် အမျိုးသမီးများ အိန္ဒြေထိခိုက်အောင်လုပ်ဆောင်ပါက အရေးယူနိုင်သည့်ဥပဒေများရှိသော်လည်း နစ်နာသူနှင့် ပြုလုပ်သူအများစုမှာ သိရှိမှုမရှိဟုဆိုသည်။

အမျိုးသမီးများအား တစ်ဦးချင်းရှေ့တွင်ဖြစ်စေ၊ အများပြည်သူရှေ့တွင်ဖြစ်စေ ကာယိန္ဒြေပျက်ပြားစေအောင် ကိုယ်အမူအရာဖြင့်ဖြစ်စေ၊ ညစ်ညမ်းရုပ်ပုံများ၊ ကဗျာ၊ စာများပြသခြင်း၊ ဗီဒီယိုနှင့် သီချင်းများဖွင့်ပြခြင်း၊ ကိုယ်ထိလက်ရောက် ပြုမူစော်ကားခြင်း စသည်တို့ပြုလုပ်ပါက ပြစ်မှုအလိုက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၄၊ ၃၅၄၊ ၅၀၉ တို့ဖြင့်အရေးယူခံနိုင်သည်ဟု သိရသည်။

ရန်ကုန်တိုင်းအတွင်းဆိုပါက ရန်ကုန်ရဲဥပဒေ၊ ရဲအက်ပုဒ်မ ၄၁ (၅၁) ဖြင့်အမျိုးသမီးကိုအရှက်ရစေအောင် မဖွယ်မရာပြသခြင်း၊ ပြုလုပ်ခြင်းများကိုအရေးယူဆောင်ရွက်သည်ဟုသိရသည်။

"ဒီလိုအဖြစ်အပျက်တွေက အရင်ခေတ်တွေတည်းက ရှိခဲ့ရာက ခုခေတ်ထိကိုဆက်ပြီး ရှိနေတယ်။အမှုဖွင့်တိုင်တန်းသူနည်းတယ်လို့ဆိုရာမှာ ခံရတဲ့အမျိုးသမီးအပြင်သက်သေဆိုတာလည်းလိုအပ်တဲ့အတွက် သက်သေက စခန်းတွေ၊ တရားရုံးတွေအထိလိုက်ပြီးအချိန်ပေးလုပ်ရတဲ့အတွက် မလုပ်ချင်ကြတာတွေလည်းရှိတယ်။ နောက်ပြီးတိုင်တန်းလိုက်လို့နောက်ဆက်တွဲ ဖြစ်လာမယ့် ပြဿနာတွေကိုတွေးပြီး အမှုမဖွင့်ကြတာမျိုးတွေလည်းရှိပါတယ်။ မြန်မာမိန်းကလေးအများစုက ရှက်ကြောက်တဲ့အတွက်ငြိမ်ခံနေရသလိုဖြစ်နေတယ်။ ကိုယ်ကိုယ်တိုင် မတုံ့ပြန်နိုင်ဘူးဆိုရင်ဘေးအနားက အမျိုးသမီးကြီးတွေ၊ ကားစပယ်ယာတွေကို အသိပေးအကူညီတောင်းတာမျိုးတွေလုပ်သင့်တယ်။ တက္ကစီတွေပေါ်မှာ ညစ်ညမ်းဗီဒီယိုတို့၊ သီချင်းတို့ ဖွင့်ပြတာတွေကိုလည်း ရဲတပ်ဖွဲ့ကိုမှ မဟုတ်ပါဘူး၊ ယာဉ်ထိန်းရဲကိုလည်း တိုင်ကြားနိုင်ပါတယ်" ဟုဒဂုံမြို့နယ်မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

"ဘတ်စ်ကားတွေပေါ်မှာ ယာဉ်နောက်လိုက်က ကြွေပျက်ပြားအောင် မဖွယ်မရာပြုတယ်ဆိုရင် မိန်းကလေးတွေအနေနဲ့က တိုင်တန်းတာတွေပြုလုပ်သင့်ပါတယ်။ လက်ရှိမှာကို တိုင်တဲ့သူတွေလည်းရှိပြီး စိစစ်အရေးယူဆောင်ရွက်ပေးပါတယ်"ဟုမထသမြို့တွင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံ၏အခြေအနေ၊ ယဉ်ကျေးမှုနှင့်ကိုက်ညီနိုင်သည့် အယဉ်ကျေးဆုံး၊အနူးညံ့ဆုံးအပြုအမူတစ်ခုဟု ယူဆချက်ဖြင့် အမျိုးသမီးထုအတွက်ပထမခြေလှမ်းအဖြစ်ပြုလုပ်သည့်အကူညီပေးမည့် ခရာ(ဝီစီ)လုပ်ဆောင်ချက်ကို အမျိုးသမီးအများစုပါဝင်သည့် လုပ်အားပေးအဖွဲ့ဝင် ၁၅၀ ကျော်က ယခုလ ၇ရက်က ခရာများ (Whistles) နှင့်လက်ကမ်းစာရွက် ၇၀၀၀ ကျော်ကို ရန်ကုန်မြို့ရှိ ဘတ်စ်ကားမှတ်တိုင်နေရာ ရှစ်ခုတွင်ဖြန့်ဝေပေးခဲ့ပြီးဖြစ်သည်။

"ဝီစီမှုတ်တာက အကောင်းဆုံး၊ အမှန်ဆုံး၊ အလုပ်သင့်ဆုံး အဖြေဆိုပြီးလုပ်ကြတာမဟုတ်ပါဘူး။ ကြွေပျက်ရတဲ့အပြုအမူနဲ့ကြုံရပြီဆိုရင်ဘာလုပ်ပါတယ်။ ညာလုပ်ပါတယ်၊ ထုတ်ပြောမယ့်အစား ဝီစီမှုတ်လိုက်တယ်ဆိုတာနဲ့ နှောင့်ယှက်နေသူလည်း တန့်သွားပြီး အခြေအနေကိုကြည့်တော့မယ်။ ဘေးနားကလူတွေကလည်း အာရုံစိုက်သွားမယ်။ မိန်းကလေးတစ်ယောက်က ဝီစီမှုတ်တာတွေ့မယ်၊အချို့လည်းလိုက်လုပ်ကြမယ် ဆိုရင်ဒီလိုလုပ်ဖို့ကရှက်စရာလည်း မဟုတ်တော့ပါဘူး။ အဖွဲ့အစည်းတွေ၊ ပတ်ဝန်းကျင်က လူတွေကလည်အားပေးတိုက်တွန်းကြမယ်ရင် မိန်းကလေးတွေ ရဲရဲဝံ့ဝံ့နဲ့ လုပ်ဆောင်နိုင်ကြမှာပါ" ဟုလုပ်အားပေးကော်မတီဝင်တစ်ဦးက ပြောသည်။

ယခုလ ၇ ရက်လုပ်ဆောင်ချက်၏ရလဒ်အရ အမျိုးသမီးအများစုကြိုဆိုလက်ခံမှုများ ရှိသဖြင့် အကူအညီပေးမည့် ခရာလုပ်ဆောင်ချက်မှာ လာမည့်ကာလများအတွင်း ဆက်လက်အကောင်အထည်ဖော်ဆောင်သွားမည်ဟု ဆိုသည်။

ထို့ကြောင့် မိန်းကလေး တစ်ဦး၏ လည်ပင်းတွင် ခရာအဆင်တန်ဆာချိတ်ဆွဲထားပြီဆိုလျှင် ပစ်မှတ်ထားရန် မလွယ်ကူတော့သည့်အခြေအနေတစ်ခုဖြစ်ကြောင်း အကျင့်ပျက်အမျိုးသားများ သတိချပ်ရမည်ဖြစ်သည်။



## ကောင်းမှုများနှင့် ဘဝကို တည်ဆောက်ခြင်း

**ဓမ္မ**

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

သူတော်ကောင်းတရားကျင့်ရန် မိတ်ဆွေကောင်းကိုရှာသောသူသည် မိမိထက် သီလ၊ သမာဓိ၊ ပညာသာလွန်သောသူကိုလည်းကောင်း မိမိနှင့် ဂုဏ်ရည်တူဖြစ်သောသူကိုလည်းကောင်း မရနိုင်ခဲ့မူ တစ်ယောက်တည်းသာ ကောင်းစွာကျင့်ရာ၏။ သူမိုက်နှင့်မပေါင်းဖော်ရာ။

လူမိုက်ပင်ဖြစ်သော်လည်း မိမိမိုက်ကြောင်းသိသောသူသည် ဤကဲ့သို့ အမှန်သိတတ်သဖြင့် ပညာရှိမည်၏။ လူမိုက်ဖြစ်လျက် မိမိကိုယ်ကိုပညာရှိဟု ထင်မှတ်သောသူသည် မိမိမိုက်ကြောင်းကိုမျှ မသိတတ်သဖြင့် တကယ့်ပညာမဲ့လူမိုက်ဟုခေါ်၏။

အမှုတစ်ခုကို ပြုလုပ်သည့်အတွက် နောင်တ တစ်ဖန်ပူပန်ခြင်း မဖြစ်ရဘဲ၊ နှစ်သက်ဝမ်းမြောက်စွာ ကောင်းကျိုးချမ်းသာကို ခံစားရလျှင် ထိုအမှုသည်ကောင်း၏။

ပညာရှိမည်သည် မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ မကောင်းမှုကိုမပြု၊ ယုတ်မာသောအကျင့်ဖြင့် သားသမီး၊ ပစ္စည်းဥစ္စာ၊ စည်းစိမ်ကို အလိုမရှိရာ၊ မတရားသဖြင့် မိမိ၏ စည်းစိမ်ချမ်းသာပြည့်စုံခြင်းကို အလိုမရှိရာ။ သီလရှိသောသူ၊ ပညာရှိသောသူ၊ အသိတရားရှိသောသူဖြစ်ရာ၏။

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌လည်း ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရလေ၏။

ရည်ညွှန်း-'ဓမ္မပဒ' ဘဒ္ဒန္တသေဋ္ဌိလဘိဝံသ(၁၈၉၆-၁၉၉၇)

## အယ်ဒီတာထံ ပေးစာ



7Day News ၏ ဇန်နဝါရီ ၂၆ ရက်ထုတ် Vol.10, No.45 တွင် ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့်တွေ့ဆုံအင်တာဗျူးတွင်ကျွန်ုပ်တို့၏ အပြည်ပြည်ဆိုင်ရာနိုင်ငံတကာ အဆင့်မီငါးလေလံဈေးအကြောင်း မေးမြန်းထားသည့်အပေါ် အဖြေကိုကျွန်ုပ်တို့ငါးလေလံဈေးမှ တံတားနှင့် လေလံဈေးကွက်၏ကွာဟချက်များကိုစာဖတ်ပရိသတ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ နားလည်မှုမလွဲရန် ရည်ရွယ်၍ ရှင်းလင်းလိုပါသည်။ တံတားများသည်ပုဂ္ဂလိကပိုင်သောတံတားဖြစ်သည့်အပြင် ၎င်းတို့တွင် ကိုယ်ပိုင်ငါးဖမ်းလှေရှိကြပါသည်။ သို့ပေမဲ့ တံတားတွင် Check-Point (One Stop Service) မရှိပါ။ ထို့ကြောင့် တံတားသာလျှင် ငါးဖမ်းစက်လှေအတွက်လိုအပ်သော ဆီ၊ ရေခဲ၊ ပိုက်ဆံကြိုချသည့်စနစ်သုံးပါသည်။ကျွန်ုပ်တို့၏ ငါးလေလံဈေးက ငါးလာရောင်းသူ ပြည်တွင်း၊ ပြည်ပ ငါးဝယ်သူများကို ဝန်ဆောင်မှုပေးသောစနစ်ကိုကျင့်သုံးပါသည်။ အခေါ်အဝေါ်ဝေါဟာရခြင်းလည်း မတူပါ။ ရေခဲ၊ ဆီရောင်းချင်သူများက ကျွန်ုပ်တို့ ငါးလေလံဈေးနှင့်ဆက်သွယ်၍လာရောက်ရောင်းချ ကြပါသည်။ ကျွန်ုပ်တို့ ငါးလေလံဈေးဝင်းတွင် Check-Point (One Stop Service) အစိုးရအဖွဲ့အစည်းများရှိသည့်အပြင် ကျွန်ုပ်တို့သည် ငါးလုပ်ငန်းဦးစီးဌာနနှင့်အကျိုးတူ ပူးပေါင်းဖွဲ့စည်းထားသော ဖက်စပ်ကုမ္ပဏီဖြစ်ပါသည်။ တစ်နည်းပြောရလျှင် Semi-Government ဖြစ်ပါသည်။

အထူးသဖြင့် ငါးလေလံဈေး မအောင်မြင်ရခြင်းမှာ ဦးမောင်မောင်စိုးပြောသွားသည့် ထဲတွင်ပါပါသည်။ မြိတ်မြို့ရှိ ၈၀ ရာခိုင်နှုန်းသော ငါးဖမ်းစက်လှေများသည် ထိုင်းနိုင်ငံသားပိုင်လှေများကို မြန်မာနာမည်နှင့်ထားကြသည့်အတွက် ငါးလေလံဈေး မအောင်မြင်တာဟု ရှင်းရှင်းလင်းလင်းဖြေကြားထားပါသည်။

အထူးပြောကြားလိုသည်မှာ ငါးလေလံဈေးသည် ကျွန်ုပ်တို့တစ်ဦးတည်းရပ်တည်၊ ပိုင်ဆိုင်နေခြင်းမဟုတ်ပါ။ မြန်မာအပြည်ပြည်ဆိုင်ရာ နိုင်ငံတကာအဆင့်မီ ငါးလေလံဈေးကြီး ဖြစ်ပါသည်။ မြိတ်မြို့မှာ ငါးဖမ်းစက်လှေ ထောင်ချီရှိသော်လည်း ငါးလေလံဈေးကြီးနှင့် အဆောက်အအုံများ ပိတ်ထားရတာကတော့ ဝမ်းနည်းစရာပါ။

**မစ္စတာဂျင်းပီချွန်း**

## အစားအသောက် မဂ္ဂဇင်း စတင်ထုတ်ဝေ

**သန်းဌေး**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၅**

အစားအသောက်များနှင့်ပတ်သက်သည့်အကြောင်းအရာများကိုသာဖော်ပြသောပထမဆုံး အစားအသောက်မဂ္ဂဇင်း Food Magazine ကို ယခုနှစ် ဇန်နဝါရီ မှစတင်ကာ Synergy ထုတ်ဝေရေးမှ တစ်လတစ်ကြိမ် ထုတ်ဝေဖြန့်ချိနေကြောင်း သတင်းရရှိသည်။

"ဘယ်စားကောင်းသောက်ဖွယ်မဆိုတစ်မျိုးတည်းကိုထပ်တလဲလဲစားနေရပါကငြီးငွေ့တတ်တာ လူ့သဘာဝ မဟုတ်ပါလား။ တစ်နေ့တစ်မျိုး တစ်ပတ်တစ်ဖုံ၊ တစ်ရာသီတစ်မည်၊ အလီလီကို အပြောင်းအလဲ သဘာဝနဲ့ကိုက်ညီအောင် စီစဉ်ချင်ရင် ဒီမဂ္ဂဇင်းက အထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်"ဟု အယ်ဒီတာ့စကားတွင် ဖော်ပြထားသည်။

အခြားသော မဂ္ဂဇင်းများတွင် ပါဝင်လေ့မရှိသော ချက်ပြုတ်နည်းမျိုးစုံ၊ ပြည်တွင်း၊ ပြည်ပမှ စားဖိုမှူးနှင့် အိမ်ရှင်မများ အင်တာဗျူး၊ အနုပညာရှင်နှင့် သူ့စိတ်ကြိုက်လက်ရာများကို ဖတ်ရှုရမည်ဟုဆိုသည်။



# Health

7DAY NEWS JOURNAL

Vol.10, No.48 · FEBRUARY 16 , 2012


နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် အဖြစ်များလေ့ရှိသော တစ်ဦးမှတစ်ဦးသို့ ကူးစက်မှုမြန်ဆန်သည့် ဝက်သက်ရောဂါသည် ယခုအချိန်တွင် လူထုအကြား၌ ဖြစ်ပွားမှုများပြားနေကြောင်းသိရသည်။

ဝက်သက်ရောဂါသည် အသက်ငါးနှစ်အောက်ကလေးများတွင် အများဆုံးဖြစ်ပွားလေ့ရှိပြီး ငယ်ရွယ်စဉ် မဖြစ်ခဲ့သည့်သူများတွင်လည်း အသက်ကြီးသည့်အခါမှ ဝက်သက်ရောဂါ ဗိုင်းရပ်စ်ပိုးကူးစက်ခံရပြီး ထပ်မံဖြစ်ပွားနိုင်သည့်ရောဂါဖြစ်သည်။

ဝက်သက်ရောဂါသည် နှစ်စဉ် ဖြစ်ပွားလေ့ရှိနေသေးသော ရောဂါတစ်ခုဖြစ်သော်လည်း ကာကွယ်ဆေးများထိုးနေသည့်အချိန်အတွင်းမှာပင် ၂၀၁၁ အတွင်း ယခင်နှစ်များထက် ဖြစ်ပွားမှုများပြားလာခဲ့ပြီး ကာကွယ်ဆေး မထိုးလိုက်ရသည့်ကလေးများ တဖြည်းဖြည်း များပြားလာသည့်အတွက် ဝက်သက်ရောဂါဖြစ်ပွားမှု ပြန်လည်တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း ကူးစက်ရောဂါတိုက်ဖျက်ရေးဌာနမှသိရသည်။



# အဖြစ်များလာတဲ့ ဝက်သက်ရောဂါ

ဝတ်ရည်

ဝက်သက်ရောဂါပိုး စတင်ဝင်ရောက်သည့်အချိန်မှ စတင်၍ ခုနစ်ရက်မှ ၁၈ ရက်အတွင်း လက္ခဏာများပြသပြီး ထိုအချိန်သည် အခြားသူတစ်ဦးအား ထပ်မံ ကူးစက်သည့်အချိန်လည်းဖြစ်သည်။ ဗိုင်းရပ်စ်ကြောင့် ဖြစ်သည့်ရောဂါဖြစ်သောကြောင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်လေ့ရှိရာ တစ်ဦးဖြစ်ပွားပါက နှာချေခြင်း၊ ချောင်းဆိုးခြင်းမှ တစ်ဆင့်လည်းကောင်း၊ တိုက်ရိုက်ထိတွေ့၍လည်းကောင်း အနီးအနားရှိဖြစ်ပွားနိုင်ခြေရှိသည့် လူများအား ထပ်မံကူးစက်ခြင်းဖြစ်သည်။

"ဟိုးအရင်တုန်းက ကာကွယ်ဆေးမထိုးရတဲ့အခြေအနေကဆိုရင် တစ်ယောက်ဖြစ်ရင် တစ်ရပ်ကွက်လုံးကို ကူးတာ။ အခုတော့ အဲလိုမျိုး မဟုတ်တော့ဘူး။ ဒါပေမဲ့ အဖြစ်များတဲ့အချိန်ဆိုရင် ကိုယ့်ပတ်ဝန်းကျင်မှာတောင် တော်တော်များများတော့ ကြားရတယ်"ဟု တောင်ဒဂုံမြို့နယ်တွင် နေထိုင်သည့် အသက် ၅၀အရွယ် အမျိုးသားတစ်ဦးကပြောသည်။

ဝက်သက်ရောဂါဖြစ်ပွားသည့်အချိန်တွင် နှာချေ၊ ချောင်းဆိုးခြင်း၊ ဖျားခြင်းနှင့် မျက်စိနီခြင်း မျက်နှာနှင့် ခန္ဓာကိုယ်တွင် အနီစက်များ ထွက်ပေါ်လေ့ရှိပြီး ဖြစ်ပွားနေသည့်အချိန်တွင် အပူချိန်အလွန်အမင်း ပြင်းထန်သည့်အတွက် အစာမစားနိုင်ရာမှ အာဟာရချို့တဲ့ခြင်းများ၊ အာဟာရချို့တဲ့သည့်ကလေးများတွင် ဝက်သက်ပေါက်လျှင် အသက်အန္တရာယ်ဖြစ်စေခြင်းများအထိ ဖြစ်ပွားနိုင်ကြောင်း ကူးစက်ရောဂါတိုက်ဖျက်ရေးမှ ညွှန်ကြားရေးမှူး ဒေါက်တာစိုးလွင်ငြိမ်းက ပညာပေးဆောင်းပါးဖြင့် ရေးသားထားသည်။

"ဝက်သက်ဖြစ်တဲ့အတွက် အသက်အန္တရာယ်ဖြစ်တယ် ဆိုတာက နောက်ဆက်တွဲဖြစ်တဲ့ အဆုတ်ထဲကိုပိုးဝင်ပြီး အဆုတ်ရောင်တာ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောဖြစ်တာ၊ ဦးနှောက်အမြှေးရောင်တာ၊ နားပြည်ယိုတာ၊ မျက်စိကွယ်တာတွေကြောင့် အသက်ဆုံးရှုံးမှုများတာ"ဟု အထွေထွေရောဂါကုဆရာဝန်ဒေါက်တာထွန်းသိန်းကပြောသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဝက်သက်ရောဂါကြောင့် သေဆုံးနှုန်းသည် ဖြစ်ပွားသူများ၏ ၃ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအထိရှိပြီး မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်အတွင်း ဝက်သက်ရောဂါအစုလိုက်ဖြစ်ပွားမှု (၃၄)ကြိမ်တွင် သေဆုံးသူ ခုနစ်ဦးရှိခဲ့ပြီး ရန်ကုန်၊ မန္တလေး၊ မကွေးတိုင်းဒေသကြီးတို့၌ အများဆုံးဖြစ်ပွားခဲ့ပြီး အခြားတိုင်းဒေသကြီးများတွင်လည်း ဖြစ်ပွားမှုများရှိနေကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရသိရသည်။

ဝက်သက်ရောဂါဖြစ်ပွားပါက ဗိုင်းရပ်စ်ပိုးသေစေရန်အတွက် ကုသ၍ မရနိုင်သဖြင့် နောက်ဆက်တွဲရောဂါများ ဝင်ရောက်ပြီး အသက်သေဆုံးမှုများ မဖြစ်ပွားစေရန်အတွက်သာ ကုသကာကွယ်ရခြင်းမျိုးသာ လုပ်နိုင်ကြောင်း ဒေါက်တာထွန်းသိန်းက ဆက်လက်ပြောသည်။

ဝက်သက်ရောဂါသည် အသက်တစ်နှစ်အောက် ကလေးများတွင် ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး အသက်ငါးနှစ်မှ ကိုးနှစ်ကလေးများမှာ ဒုတိယဖြစ်ပွားမှုအများဆုံးဖြစ်သည်။ ဖြစ်ပွားတွေ့ရှိမှု ပြန်လည်များပြားလာခြင်းသည် ကာကွယ်ဆေးမထိုးသည့် ကလေးများရှိနေခြင်း၊ ကာကွယ်ဆေးသွားရောက်ထိုးနိုင်မှု ခက်ခဲသည့် နေရာဒေသများရှိနေခြင်း၊ ဝေးလံခက်ခဲသည့်နေရာဒေသမဟုတ်သော်လည်း မြို့ပေါ်တိုက်တာများရှိ ကလေးများရှိနေခြင်း၊ ယာယီအလုပ်စခန်းများရှိကလေးများနှင့် ရွှေ့ပြောင်းနေထိုင် လုပ်ကိုင်သူများ၏ ရင်သွေးများတွင် ကာကွယ်ဆေးထိုးမှု နည်းပါးလာရာမှ တဖြည်းဖြည်း များပြားလာခြင်းဖြစ်သည်။

ဝက်သက်ရောဂါ ဖြစ်ပွားသည့်အခါတွင် ကိုယ်အပူချိန်ပြင်းထန်သည့်အတွက် ရေချိုးခြင်းမပြုသင့်ဘဲ အဖျားပျောက်ပြီး အရေပြားပေါ်ရှိ အနာဖေးများ ကွာကျပြီးသည့်အချိန်မှသာ ရေချိုးနိုင်ကြောင်းသိရသည်။

ဝက်သက် မဖြစ်ပေါ်သေးသည့်လူတိုင်း၌ ဖြစ်ပွားနိုင်ပြီး အသက်ကြီးသည့်သူများတွင်ဖြစ်ပွားမှုမှာ နည်းပါးကြောင်း သိရသည်။ ဝက်သက်ဖြစ်ပွားဖူးသည့် ကလေးများအား ကတုံးတုံးပေးရသည်ဟူသော ယူဆချက်များလည်းရှိပြီး ကတုံးတုံးခြင်း၊ မတုံးခြင်းသည် ဆိုးရွားသော ထိခိုက်မှုများ မရှိနိုင်ကြောင်း ဒေါက်တာထွန်းသိန်းက ဆက်လက်ပြောသည်။

"ဟိုးအရင်တုန်းကဆိုရင် ဝက်သက်ဖြစ်ရင် ဝက်ချေးကျွေးရတယ်။ မျက်လုံးထဲ ဝက်ချေးရည်ကို ထည့်ရတယ်ဆိုတာတွေရှိခဲ့တယ်။ အဲဒီတုန်းကဆို ဝက်ချေးရည် မျက်လုံးထဲထည့်ပြီး မျက်စိကွယ်သွားတဲ့ ကလေးတွေလည်း ကြုံဖူးတယ်။ အခုတော့ အဲဒီ့အယူအဆတွေ မရှိသလောက်ဖြစ်သွားပါပြီ"ဟု ဒေါက်တာထွန်းသိန်းက ဆက်လက်ပြောသည်။

## လူအချို့ ဝမ်းပျက်၊ ဝမ်းလျှောဖြစ်

ဝတ်ရည်

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၀**

အချိန်အခါမဟုတ်သော်လည်း လူအချို့တွင် ဝမ်းပျက်ဝမ်းလျှောခြင်းများ အဖြစ်များနေကြကြောင်း မြို့နယ်အတွင်းရှိ အထွေထွေရောဂါကုဆရာဝန်အချို့ထံမှသိရသည်။

ဝမ်းပျက်ဝမ်းလျှောခြင်းသည် ပုံမှန်အားဖြင့် မတ်လကုန် ဧပြီလများကဲ့သို့ ရေခန်းပြီး မိုးအကူးယင်ကောင်ပေါများသည့် အချိန်များတွင် ဖြစ်ပွားလေ့ရှိသော်လည်း ယခုကဲ့သို့ အချိန်များတွင် ဖြစ်ပွားမှုနည်းပါးကြောင်း အထွေထွေရောဂါကုဆရာဝန်ဒေါက်တာထွန်းသိန်းကပြောသည်။

"လူကြီးတွေကတော့ နှာစေး၊ ချောင်းဆိုးနဲ့ ဖျားကြတာတွေလည်းရှိတယ်။ ကလေးတွေက အထက်လန်အောက်လျှောလိုမျိုးတွေဖြစ်တာများနေကြတယ်"ဟု တာမွေမြို့နယ်အတွင်းရှိ ကလေးအထူးကုဆရာဝန်တစ်ဦးကပြောသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါသည် လက်မသန့်ဘဲ ပြုလုပ်ထားသည့် အစားအစာများစားမိခြင်း၊ ယင်နားစာများ စားမိခြင်း၊ ရေခန်း သည့်အချိန်တွင် မသန့်သောရေများ သောက်မိခြင်းများတို့ကြောင့် ဖြစ်ပွားလေ့ရှိပြီး အချို့နှစ်များတွင် တစ်နေရာတည်း၌ ကပ်ရောဂါအသွင် လူအများအပြား ဖြစ်ပွားခဲ့သည်များလည်းရှိခဲ့သည်။

"တစ်ညတည်းနဲ့ဝမ်းသွားတာ ဆယ်ခါကျော်တယ်။ ဆေးရုံတော့ မသွားဖြစ်ဘူး။ ဖြစ်နေတုန်း ဓာတ်ဆားရည်သောက်ပြီး မနက်မိုးလင်းတော့ ဆေးခန်းသွားရတယ်"ဟု ဝမ်းပျက်ဝမ်းလျှောခဲ့သူမဒွေးဒွေးကပြောသည်။

"အရမ်းပူတဲ့အချိန်ဆိုရင် အစားတွေက သိုးတာမြန်တဲ့အတွက် အဲဒါတွေစားမိရင်းနဲ့ ဝမ်းလျှောတာတွေလည်းဖြစ်တတ်တယ်။ အခုချိန်ကတော့ ရာသီဥတုလည်း သိပ်မပူသေးဘူး။ ပုံမှန်ဖြစ်နေတဲ့အချိန်လည်းမဟုတ်ဘဲ ဖြစ်ကြတယ်"ဟု ဒေါက်တာထွန်းသိန်းကဆက်လက်ပြောသည်။

ရာသီဥတုအပြောင်းအလဲလည်းဖြစ်နေသဖြင့် လူအချို့တွင် ဖျားနာခြင်းများလည်း ဖြစ်ပွားနေကြောင်းသိရသည်။




7 DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012

# ကာကွယ်ဆေး ငါးမျိုးပါဝင်သော ထိုးဆေး စတင်အသုံးပြုတော့မည်

ဝတ်ရည်အောင်

ရန်ကုန်၊ ဖေဖော်ဝါရီ-၈

တစ်ကြိမ်ထိုးရုံဖြင့် ကာကွယ်ဆေးငါးမျိုးပါဝင်သော Penta Valent Vaccine အား ယခု နှစ်လယ်ခန့်တွင် စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ကူးစက်ရောဂါတိုက်ဖျက်ရေး စီမံချက်မှ သတင်းရရှိသည်။

ယခင်က ရောဂါခုနစ်မျိုးအတွက် ကာကွယ်ဆေးကိုသာ ထိုးနိုင်သည့်အခြေအနေမှ ထိုဆေးကြောင့် ရင်သွေးငယ်များအတွက် ရောဂါရှစ်မျိုး၏ အန္တရာယ်မှ ကာကွယ်ပေးနိုင်တော့မည်ဖြစ်ကြောင်း ကူးစက်ရောဂါတိုက်ဖျက်ရေးစီမံချက်မှ ညွှန်ကြားရေးမှူး ဒေါက်တာစိုးလွင်ငြိမ်းက ၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာထဲတွင် ရေးသားထားသည်။

သို့သော်အဓိကပြဿနာသည်ကာကွယ်ဆေးထုတ်လုပ်သည့် ကုမ္ပဏီများမှာ ရောင်းအားသွက်လာမည့် အဆိုပါဆေးသာ တိုးတက်ထုတ်လုပ်လာကြပြီး ကာကွယ်ဆေးတစ်မျိုးချင်းထုတ်လုပ်မှုရပ်ဆိုင်းလာသည့်အတွက် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံအချို့တွင် သုံးလက်စဖြစ်သော တစ်မျိုးတည်းကာကွယ်ဆေးများရရှိမှု ခက်ခဲလာကြောင်း အဆိုပါညွှန်ကြားရေးမှူးက ဆက်လက်ပြောသည်။

“GAVI က ပေးတဲ့ဆေးဝါးကိုလည်း အခု နှစ်လယ်ထက်စောပြီး ရနိုင်အောင်ကြိုးပမ်းနေတယ်။ လိုအပ်တဲ့ ကာကွယ်ဆေးတွေကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ယူနီဆက်အဖွဲ့နဲ့ ညှိနှိုင်းတာ အဲဒီ အချိန်ပဲ ကာကွယ်ဆေးနည်းနည်း လိုခဲ့တယ်။ ကျန်အချိန်တွေကတော့ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းကို လုပ်နိုင်ခဲ့တယ်”ဟု ကူးစက်ရောဂါတိုက်ဖျက်ရေးစီမံချက်မှ ညွှန်ကြားရေးမှူး ဒေါက်တာစိုးလွင်ငြိမ်းကပြောသည်။

Global Alliance for Vaccine and Immunazation (GAVI) ဟုခေါ်သည့်အဖွဲ့မှ ထောက်ပံ့မည့် အဆိုပါဆေးတွင် ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသား ဝါ(ဘီ)ရောဂါနှင့် ဟေမိုဖီးလက် ဦးနှောက်အမြှေးရောင်ရောဂါနှင့် အဆုတ်ရောင်ရောဂါများ ကာကွယ်နိုင်သည့် ကာကွယ်ဆေးတို့အား တစ်ကြိမ်တည်း ထိုးနိုင်ပြီး ယခင်ကကဲ့သို့ ကလေးငယ်များ အကြိမ်ကြိမ်ဆေးထိုးခံရသည့် အခြေအနေမှ ကင်းလွတ်သွားမည်ဖြစ်သည်။

ကျန်းမာဝန်ကြီးဌာန အနေဖြင့် ပုံမှန်ဆေးဝါးများ ဆက်လက် ရရှိစေရေးနှင့် ဆေးဝါးအသစ် အချိန်မီရနိုင်ရေး ဆောင်ရွက်နေပြီး ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများအား ၂၀၁၂ ခုနှစ်တွင် သိသာစွာ တိုးတက်စေရေးဆောင်ရွက်နေသည့်အတွက် ပူးပေါင်းပါဝင်ပေးကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရသည်။

# အသက်ကြီးသော အမျိုးသမီးများ ရင်သားကင်ဆာကြောင့် သေဆုံးနိုင်ခြေများ

လန်ဒန်၊ ဖေဖော်ဝါရီ - ၈

ရင်သားကင်ဆာရောဂါသည်ငယ်ရွယ်သော အမျိုးသမီးများတွင် ဖြစ်လေ့ရှိသည့်ရောဂါဟု ထင်မှတ်ခံရသော်လည်း အသက်ကြီးသည့် ၇၅ နှစ်နှင့်အထက် အမျိုးသမီးကြီးများတွင်လည်း ဖြစ်ပွားတတ်ကြောင်း နိုင်ငံတကာသုတေသနတစ်ခုကဖော်ပြလိုက်သည်။

အမေရိကန်ဆေးပညာအသင်းကြီး၏ ဂျာနယ်တွင် ဖော်ပြခဲ့သည့် စစ်တမ်းအရ အမျိုးသမီးအများစုတွင် ပုံမှန်အားဖြင့် ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေရှိပြီး အသက် ၇၅ နှစ်နှင့်အထက်အရွယ်များတွင်ဖြစ်ပွားပါက ရောဂါကြောင့် သေဆုံးနိုင်ခြေ ၆၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

သုတေသနတွင် ပါဝင်သူတစ်ဦးဖြစ်သည့် အမေရိကန်ကင်ဆာသုတေသီ စတီဗင်ဂျုန်းစ်က ထိုသို့ဖြစ်ပွားမှုမှာ အသက်အရွယ်ကြီးသောအုပ်စုများတွင် ဓာတ်ရောင်ခြည်ဖြင့် ကုသမှုနည်းပါးခြင်းကြောင့်ဖြစ်နိုင်ကြောင်း ခန့်မှန်းသည်။

သုတေသနတွင် အမျိုးသမီးပေါင်း ၁၀,၀၀၀ ခန့်ကိုလေ့လာခဲ့ပြီး အသက်အရွယ်အုပ်စုအလိုက် ခွဲခြားသတ်မှတ်ကာ ရလဒ်များကို ဆန်းစစ်ခဲ့သည်။ လေ့လာမှုအရ အသက် ၆၅ နှစ်အောက် အမျိုးသမီး ၁၀၀ တွင် ငါးဦးနှုန်းနှင့် အသက် ၆၅ မှ ၇၄ နှစ်ကြား အမျိုးသမီး ၁၀၀ဦးတွင် ခြောက်ဦးနှုန်းမှာ ရင်သားကင်ဆာရောဂါ ဖြစ်ပွားပြီး ငါးနှစ်အတွင်း သေဆုံးခဲ့ကြောင်းသိရသည်။

—Ref: Asiaone

# ပေါင်ပုပ် လက်ပုပ်နာရောဂါကြောင့် နွားအချို့ သေဆုံး

စောရန်နိုင်၊ သန်းငွေး

ရန်ကုန်၊

ဖေဖော်ဝါရီ-၉



နွားများတွင် ပေါင်ပုပ်လက်ပုပ်နာရောဂါ ဖြစ်ပွားနေသောကြောင့် မကွေးတိုင်းဒေသကြီးအတွင်း နွား ၁၁ ကောင် သေဆုံးသွားကြောင်း ဒေသခံများကပြောသည်။

သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အင်ယုံရွာတွင် ဖေဖော်ဝါရီ ၂ ရက်က နွားထီး ၆ ကောင်နှင့် နွားမ ၅ ကောင် စုစုပေါင်း ၁၁ ကောင်မှာ ပေါင်ပုပ်လက်ပုပ်နာရောဂါဖြင့် သေဆုံးခဲ့ကြောင်း နွားအကောင် ၄၀ မွေးမြူထားသည့် အမျိုးသမီးတစ်ဦးကပြောသည်။

ယခင်နှစ်ကလည်း မကွေးမြို့ သလွန်ဘုရား မြောက်ဘက်ရှိ ဝါးတောချောင်းရွာတွင် အဆိုပါရောဂါဖြင့်ပင် နွား ၁၀ ကောင် သေဆုံးခဲ့ဖူးကြောင်း အသက် ၄၀ နှစ်အရွယ် အမျိုးသမီးတစ်ဦးကလည်းပြောသည်။

ထို့ကြောင့် တိရစ္ဆာန် မွေးမြူနှင့်ကုသရေးဌာနမှ ကွင်းဆင်းစစ်ဆေးကာ အဆိုပါ ကျေးရွာရှိ အသက်မသေဆုံးသေးသော နွား ၈၇ ကောင်အား ကာကွယ်ဆေးများထိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

“ဓာတ်ခွဲခန်းကိုတော့ နမူနာပစ္စည်းတွေ မပို့သေးတော့ အတည်မပြုနိုင်သေးဘူး”ဟု ရန်ကုန်မြို့ရှိ တိရစ္ဆာန်ရောဂါ ရှာဖွေရေးနှင့် ထိန်းချုပ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၆ ရက်တွင် ပြောကြားခဲ့သည်။

# စာ - ၁၃၊ အဖြစ်များလာတဲ့ ဝက်သက်ရောဂါ မှ

ဝက်သက်ရောဂါ ဖြစ်ပွားသည့် ကလေးများအား အရည်များများ တိုက်ကျွေးခြင်း၊ စွပ်ပြုတ်ရည်ကဲ့သို့ အာဟာရဖြစ်စေမည့် အစားအစာများအား ဂရုပြု၍ ကျွေးမွေးခြင်းဖြင့် အာဟာရချို့တဲ့မှု မဖြစ်ပွားစေရန် ဆောင်ရွက်နိုင်ကြောင်းသိရသည်။

ဝက်သက်ရောဂါသည်အအေးမိခြင်းကဲ့သို့ အလွယ်တကူဖြစ်နိုင်ပြီး ကူးစက်မှုမြန်ဆန်သည်။ ကလေးများ စုဝေးရာနေရာများတွင် အလွယ်တကူ ကူးစက်တတ်လေ့ရှိပြီး ရောဂါဖြစ်ပွားသူအား သီးခြားထားရှိခြင်းဖြင့် တစ်ဦးမှတစ်ဦးသို့ ကူးစက်မှုနည်းပါးစေရန် ကာကွယ်နိုင်သည်။

“အခုလို စာမေးပွဲတွေ နီးတဲ့အခါတွေမှာ ကလေးတွေ ဝက်သက်တွေဖြစ်ကြတာတွေ များနေတယ်”ဟု ဒေါက်တာထွန်းသိန်းက ဆက်လက်ပြောသည်။

ဝက်သက်ရောဂါသည် ကာကွယ်ဆေးထိုး၍ ကာကွယ်ရနိုင်သည့်ရောဂါများစာရင်းတွင် ပါဝင်ပြီး ပိုလီယိုရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ တီဘီ ဦးနှောက် အမြှေးရောင်ရောဂါများကဲ့သို့ ကာကွယ်ဆေးများ ပုံမှန် ထိုးပေးလျက်ရှိပြီး မွေးကင်းစမေးခိုင်ရောဂါလျော့နည်းပပျောက်သွားသကဲ့သို့ဝက်သက်ရောဂါနှင့် ပိုလီယိုရောဂါကိုလည်း လုံးဝပပျောက်စေရေးဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ၂၀၁၁ ခုနှစ်အတွင်းတွင် ပိုမိုဖြစ်ပွားလာသည့်အခြေအနေကြောင့်လည်းကောင်း၊ ကာကွယ်ဆေးထိုးနှံမှု ပိုမိုလွှမ်းခြုံနိုင်ရန်အတွက်လည်းကောင်း ဝေးလံခက်ခဲသည့်နေရာများရှိကလေးများပါမကျန်စေရေးအတွက် အစုလိုက် ဝက်သက်ကာကွယ် ဆေးထိုးလုပ်ငန်းအား ဆောင်ရွက်မည်ဖြစ်ပြီး ယခုနှစ်မတ်လ ၂၂ရက်မှ ၃၁ ရက်အထိ အသက်ကိုးလမှ ငါးနှစ်အတွင်း ကလေးငယ် ၆ ဒသမ ၄ သန်းအား ဝက်သက်ကာကွယ်ဆေး ထပ်မံထိုးပေးမည်ဖြစ်၍ မပျက်မကွက် ကာကွယ်ဆေးထိုးကြရန် ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ထားကြောင်းသိရသည်။

မွန်ပြတ်ဆေးခန်း ပီသားစုဘဝ ကျန်းမာသုခ မွန်ပြတ်ဆေးခန်း အမှန်ယုံကြည်ရ

ဆေးခန်းသုံး တိုင်းရင်းဆေးများသာ

လိပ်ခေါင်းရောဂါကုသခြင်း

- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

သွေးတိုးနှင့်ဆက်နွယ်သောနှလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း

- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။

ဆီးချို၊ သွေးချိုရောဂါကုသခြင်း

- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကိုသာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

အစာအိမ်အူလမ်းကြောင်းနှင့် ဝမ်းချုပ်ရောဂါကုသခြင်း ( ဆေးခန်းဖွင့်ချိန် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ )

အစာအိမ်အူလမ်းကြောင်းရောဂါအမျိုးမျိုးနှင့် ဝမ်းချုပ်ရောဂါကို (၇)ရက်အတွင်း သက်သာစေပြီး (၁)လအတွင်း ပျောက်ကင်းစေနိုင်ရန် အစွမ်းအာနိသင်ထက်သည့်ဆေးကို အသုံးပြုကုသပေးပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၃၂၂၊ ၀၉ ၅၁၉၆၅၁၈

သို့ ✓

နိုင်နိုင်ကျော်ထမင်းဆိုင် နှင့် ချိုင့်ဆွဲပို့ဆောင်ရေး

ဆိုင်(၁) – အမှတ်(၄၂/က)၊ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။
ဆိုင်(၂) – အမှတ်(၂၀/ခ)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ ကုဣိုင်းမီးပွိုင့်အနီး၊
ဆိုင်(၃) – Gandamar Wholesale (တောင်ဥက္ကလာဂေါက်ကွင်းအနီး)၊
ဖုန်း–၀၉–၅၁၅၉၀၈၄၊ ၀၉–၇၃၀၀၀၇၀၇ ၊၀၉–၇၃၀၀၆၄၂၂

မင်းတို့ဆိုင်ရဲ့ ဆောင်ပုဒ်ကိုတော့ ကြိုက်တယ်ဟေ့ • • •
“အစားအစာ အန္တရာယ်ကင်းဖို့က ပထမ၊ အရသာကောင်းဖို့က ဒုတိယ” • • • ဆိုတာ • • • ဒါပေါ့ကွ !
အရသာကောင်းပြီး ရောဂါဖြစ်မယ့်အစာတွေဖြစ်နေရင် ရောဂါကို နေ့စဉ်ဝယ်စားသလိုဖြစ်မှာပေါ့ • • • !
ရောဂါလည်းကင်း။ အရသာလည်းကောင်း။ သန့်ရှင်းမှုကလည်းရှိ၊ ဈေးနှုန်းကလည်းသက်သာ၊ ဝန်ဆောင်မှုကလည်းကောင်း • • •
ခေတ် စနစ်တွေကလည်း ပြောင်း • • • ဆိုရင် စဉ်းစားသာကြည့်တော့ မောင်ရေ • • • ထမင်းရည်ချောင်းစီးမောင်းတီးပြီးလူ့မို့ဘာပြင်ထားပေတော့။

Regional
7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.48 · FEBRUARY 16 , 2012

# သာစည်မြို့လယ်ရှိ စက်သုံးဆီဆိုင်ကြောင့် ဒေသခံအချို့ မီးဘေးစိုးရိမ်နေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၅**

သာစည်မြို့လယ်တွင် ဖွင့်လှစ်ထားသော စက်သုံးဆီဆိုင်ကြောင့် မီးဘေးစိုးရိမ်နေကြသောကြောင့် စက်သုံးဆီဆိုင်ကို မြို့ပြင်သို့ ရွှေ့ပြောင်းပေးရန်မြို့ခံများက သက်ဆိုင်ရာသို့ တင်ပြတောင်းဆိုထားကြောင်း သိရသည်။

“ဒီဆိုင်ပေါက်ကွဲမှုဖြစ်ရင် မင်္ဂလာတောင်ညွန့်ကူးတို့ဆိပ်မှာဖြစ်တဲ့ပေါက်ကွဲမှုထက်တောင် ပိုကြီးနိုင်သေးတယ်။ ရုတ်တရက်ပေါက်ကွဲတာဖြစ်ရင် တစ်မြို့လုံးလွတ်တဲ့သူတောင်ရှိမှာ မဟုတ်ဘူး”ဟု သာစည်မြို့ခံတစ်ဦးဖြစ်သော ဦးအုန်းရွှေကပြောသည်။

သာစည်မြို့ခံ ၁၀၀ နီးပါးက မြို့လယ်တွင်စက်သုံးဆီရောင်းချခြင်းအပြင် ဆီသိုလှောင်ကန်ပါပြုလုပ်ထားသည်ဟု ဆိုသော ပုဂ္ဂလိကစက်သုံးဆီဆိုင်ကိုမြို့ပြင်သို့ ပြောင်းရွှေ့ပေးရန် သက်ဆိုင်ရာဌာနအသီးသီးသို့ တင်ပြထားသည်။

အဆိုပါ စက်သုံးဆီဆိုင်မှာ မိတ္ထီလာ-တောင်ကြီး အဝေးပြေးလမ်းမပေါ်တွင်ရှိနေပြီး သာစည်မြို့လယ်ရှိ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရှိနေခြင်းဖြစ်သည်။

ယခင်က ၎င်းစက်သုံးဆီမှာ ဂါလန် ၄၀၀၀ ခန့်ဆံ့သော ကန်တစ်ကန်သာ သိုလှောင်ထားရှိသော်လည်း လက်ရှိတွင် ဂါလန် ၆၀၀၀ ဆံ့သော သိုလှောင်ကန်တစ်ခုပါ လမ်းနယ်နိမိတ်ရောက်သည်အထိ တိုးချဲ့တည်ဆောက်ထားကြောင်း မြို့ခံများက ပြောကြားသည်။

ထို့ပြင် ဆိုင်နှင့် လမ်းတစ်ဖက်ခြားတွင်လည်း ဂါလန် ၁၆၀၀ ဆံ့သော သိုလှောင်ရုံ ၆ လုံးကိုလည်း ထပ်မံတည်ဆောက်ထားကြောင်း သိရသည်။

ယင်းကဲ့သို့ ဆီသိုလှောင်ရုံများ တိုးချဲ့ထားသော ဆိုင်နှင့် ပေ ၁၀၀ အကွာဝန်းကျင်တွင် မြို့နယ်လျှပ်စစ်ရုံးမှ ၃၃/၁၁ KV ၊ ၅ MVA ရှိသော ပင်မဓာတ်အားခွဲရုံတည်ဆောက်နေသောကြောင့် မြို့ခံများအနေဖြင့် ပေါက်ကွဲမှုဖြစ်မည်ကို စိုးရိမ်နေရခြင်းဖြစ်သည်ဟု ဒေသခံများက ပြောသည်။

စက်သုံးဆီဆိုင်အနီးတွင် မြန်မာ့စီးပွားရေးဘဏ်၊ ပေ ၃၀၀ နီးပါးအကွာတွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် ၁၅ ပေခန့်အကွာတွင် ခရစ်ယာန်ဘာသာဝင်များ၏ မူကြိုကျောင်းဖွင့်လှစ်ထားခြင်းများ ရှိကြောင်းဒေသခံများကပြောသည်။ လမ်းပိတ်ဆို့မှုများလည်း ခံစားနေကြရကြောင်း ဒေသခံများက ပြောသည်။

“ယာဉ်ကြောပိတ်တော့ယာဉ်တိုက်မှုတွေကနေတစ်ဆင့် ဆီဆိုင်ကူးသွားမှာ စိုးရိမ်ရတယ်။ ဆိုင်က မြို့လယ်တည့်တည့်မှာရှိနေတော့ ယာဉ်တိုက်မှုတွေကလည်းတစ်ဆင့်ဖြစ်သွားနိုင်တယ်”ဟု မြို့ခံတစ်ဦးကပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍သာစည်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသန်းစိုးကလည်း စက်သုံးဆီဆိုင်နေရာ ပြောင်းရွှေ့စေလိုခြင်းကိုစွမ်းအင်ဝန်ကြီးဌာနသို့တင်ပြတောင်းဆိုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုကဲ့သို့ ပြောင်းရွှေ့ရန် တောင်းဆိုခြင်းနှင့်ပတ်သက်၍ ၎င်းဆိုင်မှ ဆိုင်မန်နေဂျာ ဦးထိန်ဝင်းအား မေးမြန်းရာတွင် ဆိုင်အနေဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးမီးသတ်ဆေးဘူး ၃၆ ဘူး အပြင် ရေဂါလန် ၂၀၀၀၀ ဆံ့သော ရေသိုလှောင်ကန်ကိုလည်း ဆိုင်ဘေးကပ်လျက် ထားရှိကြောင်း ဦးထိန်ဝင်းက ပြောသည်။

## စပါးဈေး ကောင်းလာ

**ထူးသန့်**

**နေပြည်တော်၊ ဖေဖော်ဝါရီ-၉**

စပါးဈေးသည်ယခုရက်ပိုင်းအတွင်းတရိပ်ရိပ်တက်လာကြောင်း ဆန်စက်လုပ်ငန်းရှင်များနှင့်လယ်သမားအချို့က ပြောဆိုကြသည်။

မိုးစပါး စတင်ရိတ်သိမ်းချိန်ကတည်းက တင်း ၁၀၀ လျှင်ကျပ်သုံးသိန်းဝန်းကျင် နှုန်းဖြင့်သာ တည်တံ့ခဲ့သော စပါးပေါက်ဈေးသည် ဇန်နဝါရီလကုန်ပိုင်းမှစ၍ အရန်ဆန်ဝယ်ယူမည့်သတင်းနှင့် အတူပြန်လည်လှုပ်ရှားလာကြောင်း၊ ဖေဖော်ဝါရီ ဒုတိယပတ်၌ တင်း ၁၀၀ လျှင် ၃၅၀,၀၀၀ ကျပ်အထိ ပေးဝယ်လာကြကြောင်း၎င်းတို့က ပြောသည်။

“စပါးဈေးက ဒီရက်ပိုင်းမှာ သုံးသိန်းခွဲအထိ ပေးဝယ်တယ်။ စပါးသိပ်ကောင်းရင် ၃၆၀,၀၀၀ အထိလည်း ပေးရတယ်။ အခုကုမ္ပဏီကြီးတစ်ခုကလည်း လိုက်ဝယ်မယ်လို့ကြားတယ်။ အဲဒါကြောင့် ကျွန်တော်တို့က ကြိုဝယ်ထားတာ။ အခုစပါးဈေးတက်တော့ဆန်လည်းလိုက်တက်တယ်။ ဒါပေမဲ့ အဝယ်လည်းလိုက်နေတယ်” ဟု နေပြည်တော်-ပျဉ်းမနားမြို့ခံ ဆန်စက်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။



စပါးခြွေလှေ့နေသော တောင်သူတစ်ဦး

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မိုးစပါးလေးကေခန့်စိုက်ပျိုးခဲ့ပြီး ဝမ်းစာစပါးပင်သိုလှောင်ထားနိုင်ခြင်းမရှိသောလယ်သမားဦးလှမြင့်က “ဒီလိုပါပဲ။ ကြုံနေပါ။ လယ်သမားစပါးပေါ်ရင်၊ တောင်သူပဲပေါ်ရင် စပါးဈေး၊ ပဲဈေးကကျပြီ။ ကိုယ့်ဆီမှာ မရှိတော့ဘူးဆိုရင် ဈေးကတက်ပြီ။ အခုတော့ ရတဲ့စပါးကို အကြွေးဆပ်ရတာရယ်၊ နောက်ထပ်ပဲစိုက်ဖို့ အရင်းထည့်ရတာနဲ့ပဲ ဝမ်းစာတောင်မရှိတော့ဘူး”ဟု ၎င်းကလယ်သမားများ၏ အခြေအနေကို ထင်ဟပ်ပြောဆိုသည်။

အလားတူ စပါးစိုက်တောင်သူအများစုထံတွင် စပါးမရှိကြတော့ဘဲ ကုန်သည်ပွဲစားများထံတွင်သာရှိကြောင်းသိရသည်။

ကျင်းပလျက်ရှိသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဦးရဲထွဋ်က “စားသုံးတဲ့သူတွေကလည်း ဈေးကြီးပေးဝယ်စားရတယ်။ စိုက်ပျိုးတဲ့သူတွေကလည်း ရှုံးနေတယ်။ ဒါကို လယ်ကွင်းထဲဆင်းပြီး အဖြေရှာဖို့ လိုအပ်နေပါပြီ”ဟု ယခုလ ၈ရက်တွင်အကြံပြုပြောကြားသွားခဲ့သည်။

စီးပွားရေးပညာရှင်စတစ်ဂလစ်ကမူ လယ်သမားများနှင့် စားသုံးသူအကြား ကြားခံအဆင့်များကိုလျှော့ချပေးရန် လွန်ခဲ့သည့် ၂နှစ်ခန့် မြန်မာနိုင်ငံလာရောက်စဉ်က အကြံပြုပြောကြားသွားသည်။

## တောင်မြင့်သုသာန်အား တောင်အင်း၊ မြောက်အင်းသုသာန်သစ်သို့ မတ်လဆန်းတွင် ပြောင်းရွှေ့မည်

**စိုင်းသာအောင်**

**မန္တလေး၊ ဖေဖော်ဝါရီ- ၁၀**

မန္တလေးမြို့စည်ပင်သာယာရေးကော်မတီမှ မြို့တောင်ဘက် ၇ မိုင်အကွာ မန္တလေး-ရန်ကုန်လမ်းမကြီးအရှေ့ဘက်ရှိတောင်မြင့်သုသာန်ကိုမကြာမီ အမရပူရမြို့နယ် တောင်အင်းမြောက်အင်းဒေသရှိ သုသာန်အသစ်သို့ ပြောင်းရွှေ့တော့မည်ဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ 7Day News က မန္တလေးမြို့တော်စည်ပင်သာယာကော်မတီသန့်ရှင်းဌာနသို့ ဆက်သွယ်မေးမြန်းရာ“တောင်မြင့်သုသာန်နဲ့ မီးသင်္ဂြိုဟ်စက်ကို အမရပူရမြို့နယ် တောင်အင်းမြောက်အင်းဒေသရှိသုသာန်အသစ်ဆီ မတ်လပထမပတ်အတွင်းမှာ ပြောင်းဖို့စီစဉ်ထားပါတယ်။ တောင်မြင့်သုသာန်အဟောင်းတွင်ဂူသွင်းမြှုပ်နှံထားသော အုတ်ဂူများကို ဖေဖော်ဝါရီ ၁၈ ရက်နောက်ဆုံးထားပြီး ကြာနီကန်သို့ရွှေ့ပြောင်းကြရန်အတွက် အုတ်ဂူပိုင်ရှင်များကိုအသိပေးကြေညာထားပါတယ်။ အဲဒီနောက်ပိုင်းတော့ ဌာနအစီအစဉ်နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ဌာနမှူးဦးနေဝင်းမြင့်ကပြောသည်။

မန္တလေးမြို့တွင်နာရေးကိစ္စရပ်များဖြစ်ပေါ်လာပါက အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်တို့မှ နာရေးများသည် မြို့မြောက်ဘက် ၁၃ မိုင်အကွာကြာနီကန်သုသာန်သို့လည်းကောင်း၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန် မြို့နယ်၊ အမရပူရမြို့နယ်တို့မှ နာရေးကိစ္စရပ်များသည် ယခုအသစ်တည်ဆောက်ထားသော တောင်အင်းမြောက်အင်း သုသာန်အသစ်တွင် သင်္ဂြိုဟ်ရမည်ဖြစ်ကြောင်း သိရသည်။ တောင်အင်းမြောက်အင်းသုသာန်သည် မန္တလေးတောင်ဘက် ၁၃ မိုင်အကွာတွင်ရှိသဖြင့် အသုဘခပို့ကားခများလာသဖြင့် စရိတ်ပိုမိုကုန်ကျလာမည့်အတွက် စိတ်သောကဖြစ်မိကြောင်း အမရပူရမြို့ခံတစ်ဦးက ၎င်း၏အမြင်ကိုပြောသည်။



7 DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012

# ကျုံးရေကန်များအတွင်း ရေဆိုးဝင်ရောက်

ညီညီဇော်

**မန္တလေး၊ ဖေဖော်ဝါရီ-၁၁**

မန္တလေးမြို့ နန်းမြို့ကျုံးအရှေ့ဘက် နန်းရှေ့ရှိ လူနေရပ်ကွက်များရှိ ကျုံးရေကန်များတွင်း ရေဆိုး ရေညစ်များ ဝင်ရောက်နေကြောင်း သတင်းရရှိသည်။

ရေဆိုးများဝင်ရောက်ခြင်းအကြောင်းရင်းမှာ ၁၉လမ်းနှင့် ၆၄လမ်းထောင့်ရှိ ငွေတချောင်းမြောင်းအောက်ခြေတွင်ရှိသော ကျုံးအတွင်းမှ နန်းရှေ့ လူနေရပ်ကွက်များသို့ သွယ်တန်းထားသည့်ပိုက်ပေါက်နေ၍ဖြစ်သည်။ ငွေတချောင်းမြောင်းတစ်နေရာကိုလည်းပြင်နေ၍ မြောင်းပိတ်ထားသည့်အတွက်မြောင်းအတွင်းမှ ရေဆိုးများ မစီးဆင်းနိုင်ဘဲပိုက်ပေါက်မှတစ်ဆင့် လူနေရပ်ကွက်အတွင်းရှိ ကျုံးရေကန်များသို့ ဝင်ရောက်နေခြင်းဖြစ်ကြောင်း ရပ်ကွက်သူ၊ ရပ်ကွက်သားများက ပြောသည်။



မြောင်းထဲမှရေဆိုးများကိုတွေ့ရစဉ်

ဓာတ်ပုံ-ညီညီဇော်

"ရေတွေက မြောင်းထဲကရေဆိုးတွေဆိုတော့ တော်တော်လေးကို နံတယ်။ ညစ်လည်းညစ်ပတ်တယ်။ အကောင်ဗလောင်တွေ တောင်ပါလာတယ်။ ခုကျွန်တော်တို့ ရေကိုဝယ်သုံးနေရတယ်။ ရေမီတာကရေကလည်း နည်းနည်းချင်းလာတာဆိုတော့ အဆင်မပြေဘူးလေ" ဟု အနိုပ်တော်ရပ်ကွက်တွင် နေထိုင်သူ အမျိုးသားတစ်ဦးက ပြောသည်။

ရပ်ကွက်ပြည်သူများက အနိုပ်တော် ရပ်ကွက် ၁၉လမ်းနှင့် ၆၄လမ်းရှိ ငွေတချောင်းမြောင်းအား စည်ပင်သာယာရေးအဖွဲ့၊ ရေမြောင်း သန့်ရှင်းရေးဌာနမှ မြောင်းဆယ် စက်ကြီးများဖြင့် မြောင်းဆယ်စဉ် ကျုံးရေပိုက်အား မတော်တဆထိခိုက်မိ၍ ရေပိုက်ပေါက်သွားကြောင်း၊ ထိုအပေါက်နေရာမှ ရေဆိုးများဝင်ရောက်သည်ဟုယူဆရကြောင်းပြောကြားသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်ရေသန့်ရှင်းရေးဌာန ဌာနမှူးကို နှစ်ကြိမ်တိုင်သွားရောက်မေးမြန်းရာ အစည်းအဝေးလုပ်နေသည်ဆို၍ တွေ့ခွင့်မရဘဲဌာနမှ တာဝန်ရှိသူတစ်ဦးက မြောင်းတစ်နေရာတွင်ပြုပြင်မှုများ ပြုလုပ်နေ၍ မြောင်းရေစီးဆင်းမှုပိတ်ထားသောကြောင့် မြောင်းရေအောက်ရှိပိုက်ပေါက်ကို ယခုလောလောဆယ် မပြင်ပေးနိုင်ခြင်းဖြစ်ကြောင်း၊မြောင်းပြုပြင်ပြီးပါကပြင်ဆင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောသည်။

မြောင်းပြုပြင်မှုမှာ အနည်းငယ်အချိန်ကြာနိုင်သေးသည်ဟု ရပ်ကွက်နေပြည်သူများ ခန့်မှန်းနေကြပြီး ကျန်းမာရေးအရပါ ထိခိုက်လာနိုင်ကြောင်း ၎င်းရပ်ကွက်နေပြည်သူများက ပြောကြားသည်။

# မုံရွာ-မဟာမြိုင်ခေါင်နန်းပလ္လင် ကျောင်းတိုက် (မဟာဗောဓိမြိုင်ဆရာတော်) ဘုရားဖူးခရီးစဉ် စတင်ပြေးဆွဲ

မျိုးမင်းဦး

**မုံရွာ၊ ဖေဖော်ဝါရီ-၁**

မုံရွာမြို့မှကလေးခရိုင်၊ကလေးဝမြို့နယ်၊မဟာမြိုင်တောအတွင်း မဟာဗောဓိမြိုင်ဆရာတော်ကြီး တောရသီတင်းဆောက်တည်လျက်ရှိသည့် ခေါင်နန်းပလ္လင်ကျောင်းတိုက်သို့ ဘုရားဖူးခရီးစဉ်များကို ယခုနှစ်ဇန်နဝါရီလဆန်းမှစ၍ အပတ်စဉ်စနေနေ့တိုင်း မုံရွာမြို့ ဦးညို့ဝင်းနှင့်ရောင်းရင်းများဘုရားဖူးအဖွဲ့ကစတင်ပြေးဆွဲလျက်ရှိကြောင်း သိရှိရသည်။

"မုံရွာကနေ မဟာဗောဓိမြိုင်တောရဆရာတော်ကျောင်းတိုက်နဲ့မိုင် ၁၄၀ ကျော်ဝေးတယ်။ မုံရွာမြို့က နံနက်၅နာရီထွက်ခွာပြီး ညနေ ၆ နာရီမှာ မဟာဗောဓိမြိုင် ဆရာတော်ကျောင်းကိုရောက်တယ်။ မဟာဗောဓိမြိုင်ဆရာတော်ရဲ့ ခေါင်နန်းပလ္လင်ကျောင်းတိုက်မှာတစ်ညတာနားပြီးနောက်တစ်နေ့နံနက်ပိုင်းမှာဆရာတော်ကြီးကိုဆွမ်းလောင်းလှူပြီးပြန်လာတယ်။ ညပိုင်းမှာမုံရွာကိုပြန်ရောက်ပါတယ်။ လမ်းတစ်လျှောက်မှာ မဟာမြိုင်တောအတွင်း သဲဖြူဆရာတော်ကျောင်းတိုက်၊ဗိဿနိုးမယ်တော်ကြီးနန်းတော်၊ခေါင်နန်းပလ္လင်ကျောင်းတိုက်(မဟာဗောဓိမြိုင်ဆရာတော်ကျောင်း)ကိုဘုရားဖူးရင်း မဟာမြိုင်တောရဲ့သဘာဝတောတောင် အလှအပတွေကိုခံစားနိုင်မှာဖြစ်ပါတယ်။ အပတ်စဉ်စနေနေ့တိုင်း ဘုရားဖူးခရီးသည်အပေါ် မူတည်ပြီး ယာဉ်ကြီးယာဉ်ငယ်များနဲ့ပြေးဆွဲပေးပါတယ်"ဟုမုံရွာ-မဟာမြိုင်အပတ်စဉ် ဘုရားဖူးခရီးစဉ် ပြေးဆွဲသောဦးညို့ဝင်းနှင့်ရောင်းရင်းများဘုရားဖူးအဖွဲ့ခေါင်းဆောင်ဦးညို့ဝင်းက ပြောသည်။

မုံရွာမြို့မှမဟာမြိုင်တောရ ခေါင်နန်းပလ္လင်ကျောင်းတိုက် (မဟာဗောဓိမြိုင်တောရဆရာတော်) သို့ အပတ်စဉ်စနေနေ့တိုင်း ခရီးစဉ်တွင် ယာဉ်ကြီးမှန်လုံ(ခရီး သည်-၃၀ ဦး) နှင့်လိုက်ထရပ်၊ ဟိုင်းလတ်(ခရီးသည်-၁၀ ဦး) ယာဉ်များဖြင့် ခရီးသည်တစ်ဦးလျှင် ကျပ်နှစ်သောင်းခွဲနှုန်း သတ်မှတ်ထားသည်။

ယာဉ်စင်းလုံးငှားစနစ်တွင်မှန်လုံယာဉ်ကြီး တစ်စီးလျှင်ကျပ်ငါးသိန်းခွဲ၊ လိုက်ထရပ်နှင့် ဟိုင်းလတ်တစ်စီးလျှင် ကျပ်နှစ်သိန်းခွဲနှုန်းဖြင့် ပြေးဆွဲပေးကြောင်းသိရှိရသည်။ မုံရွာ-အလောင်းတော်ကဿပနှင့်မုံရွာ-မဟာဗောဓိမြိုင်ဆရာတော်ဘုရားဖူးခရီးစဉ်အတွက် ဦးညို့ဝင်းနှင့်ရောင်းရင်းများ ဖုန်း-၀၇၁-၂၃၅၅၂၊၀၉-၂၁၁၁၁၄၂၊၀၉-၆၄၆၃၂၀၄ သို့ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။




# မောင်တောနယ်စပ်ကုန်သွယ်ရေးမှ ဘင်္ဂလားဒေ့ရှ်သို့ ဖရဲသီးတန်ချိန် ၁,၀၀၀ ကျော် တင်ပို့မည်

**မောင်ကံ**

**မောင်တော၊ ဖေဖော်ဝါရီ-၉**

လယ်ယာထွက်သီးနှံ တစ်ခုဖြစ်သည့် ဖရဲသီးများကို နှစ်စဉ်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့လျက်ရှိရာ ယခုနှစ်တွင်မောင်တောနယ်စပ်ကုန်သွယ်ရေးမှတန်ချိန် ၁၀၀၀ ကျော်တင်ပို့နိုင်ရန် ရည်ရွယ်ထားကြောင်း ရိုးမအားမာန်ထရေးဒင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အခုတော့ သိပ်မထွက်သေးတဲ့အတွက် မတင်ပို့နိုင်သေးပါဘူး။ ဒေသက အသီးအထွက်များလာတဲ့မတ်လလောက်ဆိုရင်စတင်ပို့နိုင်မှာ ဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံက အော်ဒါတွေတော့ ရထားပါပြီ။ အရင်နှစ်တွေက ဘူးသီးတောင်၊ရသေ့တောင်ထွက်တွေကို အများဆုံးတင်ပို့ခဲ့ရပါတယ်။ ဒီနှစ်တော့ ကျောက်တော်ဘက်ကပါမှာထားပါတယ်" ဟု ဆက်လက်ပြော သည်။

ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတင်ပို့လာနိုင်သည့်အတွက် ရခိုင်ပြည်နယ်ဒေသအသီးသီးတွင် ဖရဲသီးများကို တိုးချဲ့စိုက်ပျိုးလာကြပြီး ယခုအခါကျောက်တော်ဒေသထွက်များကိုပါ ဝယ်ယူတင်ပို့သွားမည်ဖြစ်သဖြင့် ဖရဲစိုက်တောင်သူများအတွက် ထိုက်သင့်သောဈေးရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။ ဖရဲသီးများတင်ပို့ပါက အခွန် ၇ ရာခိုင်နှုန်းသာ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012

# လယ်ယာသုံးဆေးဝါးများကို စီစစ်သင့်ကြောင်း ပညာရှင်အချို့ အကြံပြု

**ထူးသန့်**

**နေပြည်တော်၊ ဖေဖော်ဝါရီ-၉**



ဓာတ်ပုံ-ထူးသန့်

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းခွင်၌ တွင်ကျယ်စွာ အသုံးပြုနေပြီဖြစ်သော ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ဟိုမုန်းဆေး၊ ပေါင်းသတ်ဆေး စသည့် လယ်ယာသုံးဆေးဝါးများ၏အရည်အသွေး၊ ဈေးနှုန်းနှင့် သက်ရောက်မှုများကိုသက်ဆိုင်ရာဌာနမှ စိစစ်သင့်ပြီဖြစ်ကြောင်း စိုက်ပျိုးရေး ပညာရှင်အချို့က အကြံပြုပြောဆိုလာကြသည်။

စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတိုင်းနီးပါး သုံးစွဲလာပြီဖြစ်သော အဆိုပါဆေးဝါးများနှင့် ပတ်သက်ပြီး ကိုယ်စားလှယ်များနှင့် တောင်သူများထံမှ ပြောဆိုသံများကြားသိလာရကြောင်း တစ်ဖက်တွင်မူ ဆေးမနိုင်၍ လက်မှိုင်ချရသော တောင်သူများ၏ အကြောင်းကိုလည်း ကြားနေရကြောင်း တာဝန်ထမ်းဆောင်ဆဲ စိုက်ပျိုးရေး ပညာရှင်တစ်ဦးက ပြောသည်။

“ပြီးခဲ့တဲ့ရက်ပိုင်းက နေပြည်တော်မှာကြားလိုက်ရတယ်။ပဲစိုက်ခင်းတွေပိုးကျတာကို ဆေးဖျန်းလို့မနိုင်တော့ ‘ပဲမှာဆရာမရှိ’ လို့ ပြောကြတယ်။ ကုမ္ပဏီကတော့ ပြောမှာပဲ။ ဆေးသုံးတာ နည်းလမ်းမကျလို့ဆိုပြီး ပြောမှာပဲ။ ဒါပေမဲ့ အဲဒီဆေးတွေကရော အမှန်တကယ်ပဲအညွှန်းအတိုင်း၊ တန်ဖိုးအတိုင်းအာနိသင်ရှိရဲ့လားဆိုတာ သံသယဝင်မိတယ်”ဟု ရှင်းလင်းပြောကြားခဲ့သည်။ လူငယ် စိုက်ပျိုးရေးဘွဲ့ရ တစ်ဦးဖြစ်သော ကိုမိုးအောင်ကလည်း “တောင်သူတွေကသာ ဘာမှဖြစ်မလာတာ၊ ကိုယ်စားလှယ်နဲ့ ကုမ္ပဏီကတော့ ကြီးပွားသွားတာပဲ”ဟု မှတ်ချက်ပေးသည်။

နေပြည်တော်ပျဉ်းမနားမြို့မှ စိုက်ပျိုးရေး ဆေးဝါးကိုယ်စားလှယ်တစ်ဦးကလည်း“ပြောရင်တော့ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရာကျတာပဲ။ ကုမ္ပဏီကြီးတစ်ခုဆိုရင် ဆေးတန်ဖိုးရဲ့ ၄၀ ရာခိုင်နှုန်းလောက်ကို ကိုယ်စားလှယ်ကို ပေးတယ်။ ၃၀ ရာခိုင်နှုန်းလောက်ကို သူ့ရဲ့ မြို့နယ်အလိုက် ဝန်ထမ်းကိုပေးတယ်။ သူ့အတွက် ၃၀ ရာခိုင်နှုန်းတောင်မကျန်ဘူး။ တခြားကုမ္ပဏီတွေလည်း အဲဒီနည်းတူပဲ။ တောင်သူကို ရောင်းတဲ့တန်ဖိုးရဲ့လေးပုံတစ်ပုံလောက်ပဲယူတာတောင်သူတို့တွေ ချက်ချင်းကြီးပွားသွားတယ်”ဟု ရှင်းလင်းပြောကြားသည်။

ပညာရေးနှင့် အတွေ့အကြုံနုံချာသော တောင်သူလယ်သမားများထံသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသော အဆိုပါဆေးဝါးများ၏ ဘူးခွံ၊ အိပ်ခွံများတွင် မူရင်းထုတ်လုပ်သည့် နိုင်ငံ၏ အမည်ကို ထိုင်း၊ ဒိန်းမတ်၊ စင်ကာပူစသည်ဖြင့် အမျိုးမျိုးဖော်ပြထားသော်လည်း နယ်စပ်မှ ဝင်လာသည့် တရုတ်ဆေးဝါးများဖြင့် ထုတ်ပိုးရောင်းချခြင်းများလည်းရှိကြောင်း ၎င်းကပင် အသိပေး ပြောဆိုခဲ့သည်။

# တရားမဝင် ကျွန်းသစ် ခိုးထုတ်သူများဖမ်းဆီးရမိ

**စိုင်းသာအောင်**

**မန္တလေး၊ ဖေဖော်ဝါရီ- ၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သစ်တောရေးရာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနတို့ ပူးပေါင်း၍ တရားမဝင်သစ်ခိုးထုတ်သူများအား စီမံချက်ဖြင့်ဖမ်းဆီးလျက်ရှိကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

တိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များနှင့် ကောလင်းမြို့နယ်သစ်တောဦးစီးဌာနနှင့် တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၅ ရက်နံနက်ပိုင်းက ကောလင်းမြို့နယ် ငပွေးကြီးကျေးရွာတွင်တမလန်းသစ်ရှစ်လုံး (၁ ဒသမ ၀၇၀တန်)၊ တမလန်းငါးရွေးတုံး (၉၇) လုံး (၁ ဒသမ ၇၂၄)တန်၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၈ သိန်းကျော်၊ ငပွေးကြီးကျေးရွာရှိ ဒေါ် . . . . နေအိမ်တွင် တမလန်းဒါးရွေးတုံး(၂၇) တုံး (၄ဒသမ၁၅၂တန်)၊ ကာလတန်ဖိုးကျပ်လေးသိန်းကျော်ဖိုးတို့ ဖမ်းမိခဲ့သည်။ ထို့ကြောင့်သစ်စက်ပိုင်ရှင်ဖြစ်သော ကောလင်းမြို့ သုဝဏ္ဏရပ်ကွက်နေ ဦး. . . နှင့် သစ်စက်ပိုင်ရှင် လားရှိုးမြို့နေ ဦး. . . တို့အား ကောလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

အလားတူ ဝန်းသိုမြို့နယ် ဖီးလေးကြိုးဝိုင်းတွင် ဒီဇင်ဘာ ၂၈ ရက်ကသစ်တောရေးရာနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနမှ အထူးအရာရှိ ဦးစီးပြီး ကွင်းဆင်းရှာဖွေစစ်ဆေးရာ ကျွန်းသစ်လေးလုံး (၂ ဒသမ ၃၅၉၆ တန်) ကျွန်းခွဲသား ၂၈၉ ချောင်း (၂ဒသမ ၈၆၇၆)တန်နှင့် သစ်စက်တွင်အသုံးပြုသော ဂျင်ဒေါင် ၂၅ ကောင်အင်ဂျင်တစ်လုံး၊ လွှဝိုင်းများနှင့်အတူတွေ့ရှိဖမ်းဆီးရမိခဲ့သည်။

သစ်စက်ပိုင်ရှင်အား ဝန်းသိုမြို့ရဲစခန်းက (ပ)၃/၂၀၁၂ ပြည်သူပိုင်ပစ္စည်း ကာကွယ်သော ဥပဒေပုဒ်မ၆(၁)အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

# တာကာငွေဈေးများကျသဖြင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေး သိသိသာသာအေးနေ

**မောင်ကံ**

**မောင်တော၊ ဖေဖော်ဝါရီ-၉**

ဘင်္ဂလားဒေ့ရှ်တာကာငွေဈေးများအတက်မရှိဘဲ ယခင်အတိုင်းကျ ဈေးနှင့်အကျဘက်သို့သာ ထပ်မံ ဦးတည်နေသည့်အတွက် မြန်မာ- ဘင်္ဂလားဒေ့ရှ် မောင်တောနယ်စပ်ကုန်သွယ်မှုမှာ သိသိသာသာ အေးနေကြောင်း သတင်းရရှိသည်။

“တာကာငွေဈေးတွေက အတက်ထက် အကျဘက်ကိုပဲ ဦးတည်ရွေ့လျားနေတော့ ပို့ကုန်တွေတင်ပို့ရတာဘယ်လိုမှ အဆင်မပြေဖြစ်နေပါတယ်။ ပြီးတော့ ဒီအချိန်က ရေငန်ပုစွန်တွေ အထွက်နည်းသွားပြီဖြစ်တဲ့အတွက် တခြားပို့ကုန်တွေက ရေငန်ပုစွန်တွေလောက်မများတော့ ပိုပြီးအေးနေတာလည်း ဖြစ်နိုင်ပါတယ်။ သွင်းကုန်ပိုင်းကလည်း အရင်နှစ်တွေထက် နည်းနေတာတွေ့ရပါတယ်” ဟု နယ်စပ်ကုန်သွယ်သူတစ်ဦးက ပြောသည်။

တာကာငွေတန်ဖိုးများကျဆင်းနေမှုကြောင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်း လုပ်ကိုင်သူဦးရေမှာလည်း တဖြည်းဖြည်းလျော့နည်းလာကြောင်း သိရသည်။

လက်ရှိမောင်တောနယ်စပ် တာကာငွေလဲလှယ်မှုဈေးကွက်တွင် ဘင်္ဂလားဒေ့ရှ် တာကာတစ်ရာလျှင် မြန်မာငွေ ၉၄၀ ကျပ်ဈေးရှိနေကြောင်း သိရသည်။

# မန္တလေးစက်မှုဇုန် ရေဦးဆီစက် မီးလောင်

**စိုင်းသာအောင်**

**မန္တလေး၊ ဖေဖော်ဝါရီ- ၁၁**

မန္တလေးပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန် (ခ)ရပ်ကွက်ရှိ ရေဦးဆီစက်တွင် ဖေဖော်ဝါရီ၉ ရက် မွန်းလွဲ ၁ နာရီခန့်က နှမ်းဖတ်အိတ်များစုပုံထားရာမှ အပူဓာတ်ကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မီးသတ်ယာဉ် ၅၀ စီးနှင့် အတူ မီးသတ် တပ်ဖွဲ့ဝင် ၁၅၀ ဦးတို့သွားရောက် မီးငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီခွဲ တွင် မီးငြိမ်းသွားခဲ့သည်။ မီး လောင်မှုကြောင့် ရေဦးဆီစက်အတွင်း ထားရှိသော ပဲပုပ်အိတ် ၁၀၀၊ မတ်ပဲအိတ် ၂၀ နှမ်းအိတ် ၃၀ နှင့် နှမ်းဖတ်အိတ် ၁၀၀ တို့မီးလောင်ဆုံးရှုံးသွားပြီး အဆိုပါ အမှုကို ပြည်ကြီးတံခွန်အဆင့်မြင့်ရဲစခန်းက (ပ)၆၇/ ၂၀၁၂ပုဒ်မ ၂၈၅ အရအမှုဖွင့်အရေးယူထားသည်။ အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ “မန္တလေးမြို့မှာ ဖေဖော်ဝါရီမှ စတင်ပြီး မီးလောင်မှုတွေများတတ်ပါတယ်။ များသောအားဖြင့် ပေါ့ဆမီးလျှပ်စစ်ဝါယာရှော့မီးတွေများပါတယ်။ ယခု မန္တလေးမြို့မှာ လျှပ်စစ်မီးက ၂၄ နာရီနီးပါးမီးလာနေတော့ လျှပ်စစ်ပေ့ါဆမီးကိုအဓိကထားရမယ်။ နေအိမ်မှာဖြစ်ဖြစ်၊ ရုံးမှာဖြစ်ဖြစ် အလုပ်ရုံမှာဖြစ်ဖြစ်လူမရှိရင် ညပိုင်းမှ လျှပ်စစ်မီးမိန်းဆွဲချထားတာအကောင်းဆုံးပါ”ဟု ပြောသည်။

# မြောက်ဦးမြို့ရှိ စေတီ ပုထိုးအဆူ ၂၀ အား ရှေးမူမပျက်ပြုပြင်မွမ်းမံမည်

**မောင်သန်းဝင်း**

**မြောက်ဦး၊ ဖေဖော်ဝါရီ- ၈**



ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးကြပ် စီစဉ်မှုဖြင့် ရခိုင်ပြည်နယ် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေ မြောက်ဦး ဒေသအတွင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် စေတီပုထိုးတော်အဆူ ၂၀ အား အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုအဖွဲ့အစည်းများ၏ သတ်မှတ်ချက်နှင့်အညီ ပြန်လည် ပြုပြင်မွမ်းမံထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ထိုသို့ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ စေတီတော်အဆူ ၁၂ ဆူအား ရှေးမူလက်ရာမပျက် ဘက်စုံအင်္ဂါစုံပြုပြင်မည်ဖြစ်ပြီး အလားတူ စေတီပုထိုး ၈ ဆူကိုလည်း ရှေးမူလက်ရာများအတိုင်း စနစ်တကျ အနုစိတ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်ပေါင်းများစွာ တည်ရှိနေသော မြောက်ဦးဒေသအတွင်း ဘုရား၊ ပုထိုး၊ စေတီအစရှိသော ယဉ်ကျေးမှုအမွေအနှစ်အချို့မှာ ပြုပြင်ထိန်းသိမ်းဆောင်ရွက်မှုအားနည်းချက်များကြောင့် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်လာသည်နှင့်အမျှ ယိုယွင်းပျက်စီးမှုများရှိလာသည်။ ထိုသို့ပျက်စီး ယိုယွင်းမှုများကို နီးစပ်ရာဒေသခံအချို့မှာ ထိန်းသိမ်းပြုပြင်လိုစိတ် သဒ္ဓါတရားထက်သန်စွာဖြင့်ကိုယ့်နည်းကိုယ့်ဟန် အစီအစဉ်များဖြင့် ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်မှုများကြောင့် ရှေးမူလက်ရာ အနေအထားများ မတူကွဲပြား ခြားနားလာသည်ဟုဆိုသည်။

“အခုယဉ်ကျေးမှုဝန်ကြီးဌာနမှ ကိုယ်တိုင်ကြီးကြပ်စီစဉ်မှုနဲ့ပြန်လည်ပြုပြင်မွမ်းမံမယ်ဆိုတော့ ကောင်းတာပေ့ါ။ မြောက်ဦးဒေသမှာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဘုရား၊ ပုထိုးစေတီတချို့ နှစ်ကာလသက်တမ်း ကြာလာတာနဲ့အမျှ အစိတ်အပိုင်းတချို့ ယိုယွင်းပျက်စီးမှုတွေ ရှိလာပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာနက ကိုယ်တိုင်ကြီးကြပ်စီစဉ်ပြီး ပြန်လည်ပြုပြင်မွမ်းမံမယ်ဆိုတော့ ကောင်းတာပေ့ါ”ဟု မြောက်ဦးမြို့ခံ ဘုရားသမိုင်းသုတေသီက သူ့အမြင်အား သုံးသပ်ပြောသည်။

ယခုပြန်လည်ပြုပြင်မွမ်းမံလာမည့် စေတီပုထိုးတော်အဆူ ၂၀ မှာ ပြည်တွင်းဘုရားဖူးညေ့သည်များနှင့် ကမ္ဘာလှည့်ခရီးသွားများသွားရောက်မှု များသော မြို့ပြနှင့် မြို့မြဒေသ အနီးအနားနေမြေရိယာအတွင်း ကျရောက်တည်ရှိနေကြောင်း လူသူအရောက်ပေါက်နည်းသော ကျေးလက်ဒေသများရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဘုရား၊ ပုထိုးစေတီတော်အချို့ ယိုယွင်းပျက်စီးမှုများကိုလည်း စစ်တမ်းကောက်ယူပြီးပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်နေကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

7DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012

# မန္တလေးမြို့ဌာနဆိုင်ရာ အချို့တွင် ငွေတောင်းခံမှုများ ရှိနေဆဲ

**စိုင်းသာအောင်**

**မန္တလေး၊ ဖေဖော်ဝါရီ-၉**

နိုင်ငံတော်အစိုးရသစ်တက်လာသည်မှာ ၁၀ လကျော်ပြီဖြစ်သော်လည်း မန္တလေးမြို့ပေါ်ရှိ အများနှင့်သက်ဆိုင်သော ရုံးများတွင် ငွေကြေးတောင်းခံမှုများရှိနေဆဲဖြစ်ကြောင်းဒေသခံများထံမှသိရသည်။

မန္တလေး-မြစ်ကြီးနားမီးရထားလက်မှတ်သည်ယခင်ကများစွာခက်ခဲပြီး မှောင်ခိုကဝယ်ရသည်မှာများကြောင်း၊ ယခုအခါ လွယ်လွယ်ကူကူ ဝယ်ရသော်လည်း လက်မှတ်ရောင်းသူများက စေတနာရှိလျှင် လက်ဖက်ရည်ဖိုးလေးပေးခဲ့ကြပါဟု ပုံစံပြောင်းတောင်းခံလာကြောင်းထိုကဲ့သို့တောင်းပါက မပေးလည်းရကြောင်း သို့သော်မြန်မာလူမျိုးများဖြစ်၍ အနည်းဆုံး ၂၀၀ ကျပ်မှ ၅၀၀ ကျပ်အထိ စေတနာအရပေးခဲ့ကြောင်း မိုးညှင်းမြို့သားတစ်ဦးက 7Day News သို့ ပြောသည်။

အလားတူ မန္တလေးမြို့တွင် စီးပွားရေးနှင့် ဆက်နွယ်သော ရုံးများ၊ တရားရုံး၊ ဥပဒေရုံး၊ ရဲစခန်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ လုပ်ငန်းကိစ္စရပ်များ သွားရောက်ဆောင်ရွက်ရာတွင်စာရွက်စာတမ်းကြေး၊ ကထိန်ကြေး၊ သာရေးနာရေးကြေး၊ ဓာတ်ဆီဖိုးစသည်ဖြင့် ခေါင်းစဉ်မျိုးစုံနှင့် တောင်းခံမှုများရှိနေကြောင်း အချို့သောရုံးများက ယခင်ကဝန်ထမ်းသက်သာဟု တောင်းခံသော်လည်း ယခုအခါ အလှူငွေခေါင်းစဉ်ဖြင့် ငွေတောင်းခံနေကြောင်း ဘုန်းကြီးကျောင်းလည်းမဟုတ်၊ ဘာသာရေးအဖွဲ့အစည်းလည်းမဟုတ်၊ သာရေးနာရေးအသင်းလည်းမဟုတ်အလှူငွေဟုတောင်းခံနေခြင်းမှာလည်း ယနေ့ခေတ်စနစ်နဲ့မကိုက်ညီတော့ကြောင်း မန္တလေးမြို့တရားလွှတ်တော်ရှေ့နေတစ်ဦးကသူ၏အမြင်ကို ပြောသည်။ မန္တလေးမြို့ဈေးချိုတော်မှ အထည်ကုန်သည်တစ်ဦးက“ကျွန်တော် လုပ်ငန်းတစ်ခုအတွက် အများနဲ့ ဆက်သွယ်နေတဲ့ ရုံးကြီးတစ်ရုံးမကြာမီ ရက်ပိုင်းက ရောက်ခဲ့တယ်။ ကိုယ်စားပြုလုပ်တဲ့သူတစ်ဦးပါလာတယ်။ အဆင့်ဆင့်ကိုစားပွဲတစ်ခုကစားပွဲတစ်ခုကိုအနည်းဆုံး၁,၀၀၀ကျပ်မှစတင်ပြီး နောက်ဆုံးအဆင့်လက်မှတ်ထိုးသူအထိ အဆင့်လိုက်ပိုက်ဆံပေးခဲ့ရတယ်။ ငယ်တဲ့သူကိုပိုက်ဆံဒီအတိုင်းပေးရင်ရတယ်။ ကြီးတဲ့သူကိုတော့ ပိုက်ဆံကို စာအိတ်နဲ့ထည့်ပေးခဲ့ရတယ်”ဟုပြောသည်။

မန္တလေးမြို့တရားလွှတ်တော်ရှေ့နေတစ်ဦးက “ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းရဲ့ ဖေဖော်ဝါရီလ ၆ ရက်က လွှတ်တော်မှာ တင်ပြထားတဲ့ မိမိဂုဏ်၊ မိမိသိက္ခာနှင့်အညီနေထိုင်စားသောက်နိုင်ရန် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးအမှန်တကယ်ဖြစ်လာရန်နှင့် နိုင်ငံသားများ ဝန်ထမ်းများ၏လုပ်ခလစာစရိတ်နှင့် ချီးမြှင့်ငွေများကို လာမည့်ဘတ်ဂျက်နှစ် အစတွင် မဖြစ်မနေတိုးမြှင့်ပေးရေး” ဟူသော တင်ပြချက်များသည် ဝန်ထမ်းများ စားဝတ်နေရေးဖူလုံပြီး ဘဝအာမခံချက်ရှိလာမည်ဖြစ်သဖြင့် ယခုကဲ့သို့ဝန်ထမ်းနယ်ပယ်တွင် ဝန်ထမ်းသက်သာ (သို့) အလှူငွေ(သို့)စာရွက်စာတမ်းကြေး(သို့)ဓာတ်ဆီဖိုး (သို့)စေတနာရှိပါက ပေးခဲ့ပါရန်တောင်းခံမှုမျိုးများ မရှိနိုင်တော့ကြောင်းဖြင့် သူ၏အမြင်ကို 7Day News သို့ ပြောသည်။

# ၇၈ လမ်းမကြီးတွင် ယာဉ်မရပ်ရ သတ်မှတ်ခြင်းကို ပြင်ဆင်ပေးရန် လုပ်ငန်းရှင်များ လိုလား

**စိုင်းသာအောင်**

**မန္တလေး၊ ဖေဖော်ဝါရီ- ၉**

မန္တလေးမြို့၏ အရှေ့ဘက်ခြမ်း အဓိကလမ်းမကြီးတစ်ခုဖြစ်သော မန္တလေး-ရန်ကုန်လမ်းမကြီး ၇၈ လမ်းအား ၂၆×၇၈ လမ်းဆုံမှ ပြည်ကြီးတံခွန်မြို့နယ် မီးရထားသံလမ်းဆုံအထိ ယာဉ်မရပ်ရ ကန့်သတ်နယ်မြေ (မျဉ်းနီကြား) သတ်မှတ်ထားခြင်းအား နာရီပိုင်း၊ အချိန်ပိုင်းအလိုက်ပြန်လည်ပြုပြင်သင့်ကြောင်း မန္တလေးမြို့ခံ စီးပွားရေးလုပ်ငန်းရှင်ကြီးများက လိုလားလျက်ရှိသည်။

မန္တလေးမြို့တွင် ယခင်က ဘူတာကြီးအရှေ့ဘက်အရှေ့ခြမ်း ၇၈ လမ်းမကြီးသည် ဘူတာကြီးအနောက်ဘက်လမ်း ၈၀၊ ၈၄ လမ်းတို့လောက်စည်ကားမှုမရှိသော်လည်း ၂၀၀၀ ပြည့်နှစ် နောက်ပိုင်း မန္တလေးမြို့အရှေ့ဘက်ခြမ်းသည် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာပြီး စည်ကားဖွံ့ဖြိုးသော လမ်းမကြီးဖြစ်လာကြောင်း၊ ၇၈ လမ်းမပေါ်တွင် ယခုအခါ ဒိုင်းမွန်းပလာဇာ၊ ရတနာပုံစူပါစင်တာ၊ ရွှေဖြူပလာဇာ၊ ဂရိတ်ဝေါလ်ပလာဇာ၊ ၇၈ ဈေးဝယ်စင်တာစသည်တို့နှင့် ကားအရောင်းပြခန်းများ ဆိုင်ခန်းများဖြင့် စည်ကားသည့် လမ်းမဖြစ်သဖြင့် ယာဉ်မရပ်ရနယ်မြေ(မျဉ်းနီကြား)သတ်မှတ်ထားသဖြင့် ယာဉ်၊ ဆိုင်ကယ်များရပ်နားမှုအခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း မျဉ်းနီကြားသတ်မှတ်ထားသဖြင့်မြို့တော်စည်ပင်အခွန်ဌာနက စစ်ဆေးပါက မျဉ်းနီကြားတွင် ရပ်ထားသဖြင့် ဒဏ်ကြေးငွေ ၅,၀၀၀ ကျပ် ယာဉ်ထိန်းတပ်ဖွဲ့က စစ်ဆေးတွေ့ရှိပါက ဒဏ်ကြေးငွေ ၁,၅၀၀ ကျပ်တပ်ရိုက်ကြောင်း သိရသည်။

# မန္တလေးတိုင်းဒေသကြီးတွင် ယာဉ်များ စနစ်တကျပြေးဆွဲရေး တိုင်းဒေသကြီးလွှတ်တော်တွင် ဆွေးနွေးမည်

**စိုင်းသာအောင်**

**မန္တလေး၊ ဖေဖော်ဝါရီ- ၉**

မန္တလေးမြို့တော်ဧရိယာနှင့်တိုင်းဒေသကြီးဧရိယာအတွင်း အဝေးအနီးမြို့တွင်းပြေးဆွဲနေကြသော မော်တော်ယာဉ်လိုင်းများ စနစ်တကျ ပြေးဆွဲရေးအတွက် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပမည့် တိုင်းဒေသကြီးလွှတ်တော်၌ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ မန္တလေးမြို့ခံတစ်ဦးက“တိုင်းဒေသကြီးအတွင်းမှာ ယာဉ်များစနစ်တကျရေးဆွဲရေးအတွက် တိုင်းဒေသကြီးလွှတ်တော်မှာ အတည်ပြုပြဋ္ဌာန်းသွားမှာကောင်းပါတယ်။ ကျွန်တော်က ၈၄×၂၉ လမ်းဆုံအနီးမှာနေပါတယ်။ ကျွန်တော်တို့နေရာကမြို့လယ်ဗဟိုလမ်းဆုံဆိုတော့ လိုင်းကားတွေစုံပါတယ်။ လိုင်းကားယာဉ်ကြီး/ယာဉ်ငယ်တွေ စည်းကမ်းမရှိဘူး။ ညနေ ၃နာရီမှ ၆ နာရီအတွင်း ရပ်ချင်သလိုရပ်၊ တင်ချင်သလိုတင်၊ ကားကြီးတွေက လမ်းလယ်မှာ ရပ်ထားတယ်။ ယာဉ်ထိန်းရဲ၊ မြို့တော်စည်ပင်က ရှင်းတယ်။ မရဘူး။ ရှင်းတုန်းခဏပဲ။ စစ်ကိုင်းကားတွေ၊ မြို့သစ်ကားတွေအဆိုးဆုံးပါပဲ။ ခရီးသည်လည်းလုတင်ကြတယ်။ စပယ်ယာတွေအချင်းချင်းရန်ဖြစ်ဆဲဆိုကြတာ မြို့တွင်းပြေးယာဉ်လိုင်းတွေ လုံးဝစည်းကမ်းမရှိပါဘူး။ စနစ်တကျကြီးကြပ်ဖို့အချိန်တန်ပါပြီ”ဟု ၎င်း၏အမြင်ကိုပြောသည်။



ဓာတ်ပုံ - အားမာန်

# စစ်တွေ-ကျောက်ဖြူ-တောင်ကုတ်သင်္ဘော ပုဂ္ဂလိကက ပြည်တွင်းရေကြောင်းထံ ပြန်လည်အပ်နှံ

**မောင်ကံ**

**စစ်တွေ၊ ဇန်နဝါရီ- ၃၀**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းမှ ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးခဲ့သည့် ပြည်တွင်းသင်္ဘောလိုင်းများအနက် စစ်တွေ-ကျောက်ဖြူ-တောင်ကုတ်ခရီးစဉ်ကို လုပ်ကိုင်ခွင့်ရရှိခဲ့သည့် ဦးကျောက်တောင် ကုမ္ပဏီမှ ပြေးဆွဲနေသည့် အောင်တံခွန်ပြည်တွင်းသင်္ဘောများကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းထံပြန်လည်လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ပုဂ္ဂလိကကုမ္ပဏီမှ သင်္ဘောများကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနသို့ ပြန်လည် လွှဲပြောင်းပေးလိုက်ခြင်းမှာ တွက်ခြေမကိုက်သည့်အတွက် လွှဲပြောင်းပေးလိုက်ခြင်းဖြစ်ပြီး နိုဝင်ဘာလ ၂၂ ရက်က ဖြစ်ပေါ်ခဲ့သည့် အောင်တံခွန်သင်္ဘော ၂ကျောက်ဆောင်ဖြင့်တိုက်မိခဲ့သည့်ကိစ္စနှင့် မသက်ဆိုင်ကြောင်းသိရသည်။

ယခုအခါစစ်တွေ- ကျောက်ဖြူ-တောင်ကုတ် ခရီးစဉ်ကို ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းမှ ဆက်လက်ပြေးဆွဲပေးနေပြီး အပတ်စဉ် အင်္ဂါနေ့နှင့် သောကြာနေ့များတွင် ပြေးဆွဲပေးနေပြီး အခြားရခိုင်ပြည်နယ်အတွင်း ပြေးဆွဲနေသည့် ပုဂ္ဂလိကသင်္ဘောလိုင်းများမှ ဆက်လက်ပြေးဆွဲနေကြောင်း သိရသည်။

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ No.146 Sathorn Nua Road, Silom, Bangkok တွင် တည်ရှိသော Nan Mee Co., Ltd. သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို ရန်ကုန်မြို့ စာချုပ် စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းထားသည့် တစ်ဦးတည်းပိုင်ရှင် ဖြစ်ပါသည်။

ARROW (၄/၁၃၉၂/၂၀၀၂)

Horse (၄/၁၃၉၅/၂၀၀၂)

NANMEE (၄/၂၇၉/၁၉၉၉)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို စာရွက်နှင့်စာရေး ကိရိယာအမျိုးမျိုး၊ ရုံးသုံးပစ္စည်းကိရိယာအမျိုးမျိုး အပါအဝင် နိုင်ငံတကာပစ္စည်းအမျိုးအစားသတ်မှတ်ချက်ဇယား (Class 16)ပါ ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရာတွင် အသုံးပြုလျက်ရှိပါသည်။ အထက်ပါ ပစ္စည်းများကို မြန်မာနိုင်ငံအတွင်း ဖြန့်ချိရန်အတွက် YIN & KHINE CO., Ltd. အား တစ်ဦးတည်းကိုယ်စားလှယ် အဖြစ် လွှဲအပ်ထားပါသဖြင့် YIN & KHINE CO., Ltd. မှ တာဝန်ယူ၍ မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ချိလျက်ရှိပါသည်။ အထက်ပါ ကုန်အမှတ်တံဆိပ်များအား ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
ဦးထိန်လင်းဦး LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၆၁)
အမှတ်(၅၆၇)၊ အခန်း(၃၀၄)၊ တတိယထပ်၊ MAC Tower ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
E-mail: mtpip@mptmail.net.mm ဖုန်း-၀၉ ၇၃၁၀၃၇၈၉၊ ၃၇၆၃၁။

## ဝန်ထမ်းအလိုရှိသည်

Inforithm-Maze မှ ရိုးသားကြိုးစား၍ အရည်အချင်းရှိသော အောက်ဖော်ပြပါဝန်ထမ်းများ အမြန်အလိုရှိသည်။

**ယာဉ်မောင်း** ကျား(၂)ဦး

- အသက် (၃၅) နှစ်အောက်၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။
- ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာမောင်းနိုင်ရမည်။
- လိုအပ်ပါက မြို့ပြင်ခရီးမောင်းနှင်ရမည်။
- ကုမ္ပဏီရုံးကား (သို့) အိမ်စီးကားမောင်းနှင်ရမည်။
- ကျန်းမာသန်စွမ်း၍ မျက်မှန်မတပ်ဆင်သူ ဖြစ်ရမည်။
- ဆေးလိပ်၊ အရက်၊ ကွမ်း မစားသူဖြစ်ရမည်။
- အများနှင့် ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်ရမည်။
- စကားနည်း၍ အပြောအဆို ရိုးသားယဉ်ကျေးရမည်။
- မိမိအလုပ်ကို အမှားအယွင်းမရှိ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရမည်။

အထက်ပါအချက်များနှင့် ပြည့်စုံသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း ၊ မှတ်ပုံတင်မိတ္တူ ၊ ဓါတ်ပုံ(၂)ပုံ ၊ ဘွဲ့လက်မှတ် မိတ္တူ ၊ ရဲစခန်းထောက်ခံစာ ၊ သန်ခေါင်းစာရင်းမိတ္တူတို့နှင့်အတူ (၂၉.၂.၁၂) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါ လိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

(၁၀)ထပ်၊ လပြည့်ဝန်းပလာဇာ၊ အမှတ် (၃၇)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

7DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012



# ထိုင်းရောက် မြန်မာအလုပ်သမားအချို့ ပြည်နှင်ဒဏ်ခံရမည့် အခြေအနေနှင့်ကြုံတွေ့နေ

**သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ- ၃၁**

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် အလုပ်လုပ်ခွင့်လက်မှတ် (Work Permit)သက်တမ်းကုန်ဆုံးတော့မည့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများသည် နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်တွင် မပါဝင်ပါက မတ်လဆန်းမှစတင်ကာ ပြည်နှင်ခံရဖွယ်ရှိကြောင်း ဦးဝင်းနိုင်ထွန်းက ပြောသည်။

"၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလကုန်နောက်ပိုင်း ပြည်နှင်ခံရနိုင်တဲ့ ဒီအလုပ်သမား အများစုက မြန်မာအလုပ်သမားများ အများစုဖြစ်တယ်၊ မြန်မာရွှေ့ပြောင်း အလုပ်သမား နှစ်သိန်းခုနစ်သောင်းလောက်ရှိတယ်"ဟု ၎င်းက ပြောသည်။ နိုင်ငံသားစိစစ်မှု လုပ်ငန်းစဉ်ဆိုသည်မှာ ထိုင်းနိုင်ငံတွင် ရောက်ရှိနေကာ တရားမဝင် အလုပ်လုပ်နေကြသည့် အိမ်နီးချင်းနိုင်ငံများမှ ရွှေ့ပြောင်းအလုပ်သမားများအား သက်ဆိုင်ရာ နိုင်ငံများက ၎င်းတို့နိုင်ငံသားများ ဖြစ်ကြောင်း အထောက်အထားများ ထုတ်ပေးခြင်းဖြစ်သည်။

အဆိုပါ လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် ပါဝင်ခွင့်ရှိသည့် အိမ်နီးချင်း သုံးနိုင်ငံမှ အလုပ်သမားဦးရေ ၈၃၂,၂၅၅ ယောက်ရှိသော်လည်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ အိမ်နီးချင်းသုံးနိုင်ငံမှ ၆၃၁,၇၇၃ ယောက်သာ ဆောင်ရွက်ပြီးသေးကြောင်း ထုတ်ပြန်ထားသော စာရင်းဇယားများအရသိရှိသည်။

"ဒါကြောင့် မပြီးစီးသေးတဲ့ အလုပ်သမား သုံးသိန်းကျော်က ပြည်နှင်ခံရဖို့ပဲရှိတော့တယ်၊ ဒါကြောင့် ဒီအချိန်မှာ ထိုင်းနိုင်ငံဘက်ကို တရားမဝင်အလုပ်လုပ်ဖို့ မသွားသင့်တော့တာ" ဟု ဦးဝင်းနိုင်ထွန်းက ပြောသည်။

ထို့ကြောင့် အလုပ်သမားဝန်ကြီးဌာနမှ နှစ်နိုင်ငံအစီအစဉ်ဖြင့် ထိုင်းနိုင်ငံသို့အလုပ်သမားအသစ်တင်ပို့နေသော အစီအစဉ်အတိုင်း တရားဝင်သွားသင့်သည်။ တရားမဝင်သွားရောက် အလုပ်လုပ်ခြင်းကြောင့် ပြည်နှင်ခံရပါက ရောင်းစားခံရခြင်း၊ လူကုန်ကူးခံရခြင်း မဖြစ်ပွားစေရန် နှစ်နိုင်ငံ အစီအစဉ်ဖြင့် ပြည်နှင်မှု လုပ်ငန်းစဉ်ကို စနစ်တကျ လုပ်သင့်သည်။ ထို့အပြင် ပြည်နှင်ခံရနိုင်သော လူများအား တရားဝင်အလုပ်သမားအသစ် တင်ပို့သော လုပ်ငန်းစဉ်တွင် ပါဝင်စေပြီး တရားဝင်ဖြစ်စေရန် ပြန်လုပ်ပေးသင့်ကြောင်း ၎င်းကပြောသည်။



မြန်မာနိုင်ငံသား အလုပ်သမားများကို အထောက်အထားများ ထုတ်ပေးနိုင်ရန်အတွက် ထိုင်းနိုင်ငံနှင့် ညှိနှိုင်းပြီး တာချီလိတ်၊ မြဝတီနှင့် ကော့သောင်း နယ်စပ်စခန်းများအပြင် ထိုင်းနိုင်ငံအတွင်းသို့ အဖွဲ့ငါးဖွဲ့စေလွှတ်၍ ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးရေးဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ သားသမီးများအား အထောက်အထားထုတ်ပေးရန်နှင့်ပညာသင်ကြားပေးရန်လည်း နှစ်နိုင်ငံစီစဉ်ဆောင်ရွက်လျက်ရှိသည်။ အထက်ပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလုပ်သမားဝန်ကြီးဌာနမှ အရာရှိတစ်ဦးအား ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှစ၍ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွဲဖက်လျက် တာဝန်ပေးအပ်ထားသည်။ မြန်မာနိုင်ငံသား အလုပ်သမားများအနက် ခြောက်သိန်းကျော်မှာ ယာယီနိုင်ငံကူးလက်မှတ်များ ကိုင်ဆောင်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း ဖော်ပြပါရှိသည်။

## သင်တန်းပြီးလျှင် လုပ်ငန်းရှင်များနှင့် ဆက်သွယ်ပေးမည်ဆိုသော အီလက်ထရွန်နစ်နှင့် ဂဟေဆက်သင်တန်း

**ညီညီဇော်**

**မန္တလေး၊ ဖေဖော်ဝါရီ - ၁၀**

စွမ်းအားအီလက်ထရွန်နစ်နှင့် သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ လျှပ်စစ်ကျွမ်းကျင်နှင့်အခြေခံအီလက်ထရွန်နစ်သင်တန်းနှင့် စတိန်းလက်စတီးဂဟေဆက်သင်တန်းကို မန္တလေးမြို့ ရဲမွန်နည်းပညာသင်တန်းကျောင်းတွင် မတ်လ ၂၀ ရက်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်း ရရှိသည်။

အဆိုပါသင်တန်းများကို တစ်ပတ်လျှင် ခြောက်ရက်၊ နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်း ကာလမှာ နှစ်လကြာမြင့်မည်ဖြစ်သည်။ ယင်းသင်တန်းများပြီးဆုံးပါက ထူးချွန်သူများကို အလုပ်အကိုင်အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆက်သွယ်ပေးမည်ဖြစ်ကြောင်းနှင့်ကိုယ်ပိုင်လုပ်ငန်းထူထောင်လိုသူများအတွက်လည်း စီးပွားဖြစ်လုပ်ကိုင်နိုင်သည်အထိ သင်ကြားပေးကြောင်း သင်တန်းစီစဉ်သူတစ်ဦးကပြောသည်။ တက်ရောက်လိုသူများ၏ အနိမ့်ဆုံးပညာအရည်အချင်းမှာ တက္ကသိုလ်ဝင်တန်းအဆင့် သင်ယူဖူးသူဖြစ်ရမည်ဖြစ်ပြီးအစိုးရနည်းပညာကောလိပ်ကျောင်းဆင်းများလည်း လျှောက်ထားနိုင်သည်။

သင်တန်းတက်ရောက်မည့်သူများသည်မှတ်ပုံတင်ကြေး ၁၀,၀၀၀ ကျပ်ပေးသွင်းရမည်ဖြစ်ပြီး ကျန်သင်တန်းကုန်ကျစရိတ်မှာ အခမဲ့ဖြစ်ကြောင်း၊ လူဦးရေကန့်သတ်လက်ခံပါသဖြင့်ဖေဖော်ဝါရီ ၂၉ ရက်နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်း ထားရန် လိုအပ်ကြောင်း၊ စာရင်းပေးသွင်းလိုပါက ရဲမွန်နည်းပညာ သင်တန်းကျောင်း ၀၂-၇၇၂၉၉၊ ၀၉-၉၁၀၁၂၇၇၅ နှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဌာန ၀၂-၃၉၆၀၉ သို့ ဆက်သွယ်စုံစမ်းအပ်နှံနိုင်ကြောင်း သတင်းရရှိသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

သန့်ရှင်းရေး - မ ၂ ဦး
အသက် ၂၅ မှ ၄၀ နှစ်အတွင်းရှိရမည်။ ပညာအရည်အချင်း ၄ တန်းအောင်ရမည်။ ကျန်းမာသန်စွမ်း၍ မိမိကိုယ်တိုင်သန့်ရှင်းသပ်ရပ်ရမည်။ လခနှင့်အတူ အခြားခံစားခွင့်များရမည်။ လျှောက်ထားရန်-
လပြည့်ဝန်းပလာဇာ (၁၀) ထပ်၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။

-------------------------

၁။ ညှပ်၊ ကောက်၊ ဖြောင့် ကျွမ်းကျင် - မ ၁ ဦး၊ ၂။ လက်သည်း၊ ခြေသည်း၊ ဆေးပန်းချီ - မ ၁ ဦး၊ ၃။ ခေါင်းလျှော်၊ စက်ဆွဲ ကျွမ်းကျင် - မ ၁ ဦး။

**ဖုန်း-၀၉-၄၉၂၁၆၈၉၃**

-------------------------

Marketing - M/F 3 Posts
Sale - M/F 3 Posts

**ဖုန်း-၅၄၇၁၃၄၊ ၀၉-၄၉၃၁၅၇၇၇**

-------------------------

Accounting - မ ၂ ဦး၊ Computer Hardware & Networking - ကျား ၂ ဦး၊ ဖုန်းအရောင်းကျွမ်းကျင် - မ ၂ ဦး
IT CITY

**ဖုန်း-၂၄၃၀၄၉**

-------------------------

မိတ္တူကူးကျွမ်းကျင်ဝန်ထမ်း

**ဖုန်း-၀၉-၅၄၁၂၈၄၆**

-------------------------

Accounts Assistant - မ ၁ ဦး
ရဲရင့်ကုမ္ပဏီလီမိတက်

**ဖုန်း-၀၆၇-၄၃၂၃၉၇**

-------------------------

၁။ Marketing Assistant Manager - ကျား/မ ၂ ဦး၊ ၂။ ယာဉ်မောင်း - ကျား ၁ ဦး
A.m.A Construction Co., Ltd

**ဖုန်း-၅၂၂၆၈၈၊ ၀၉-၇၃၀၃၇၀၁၈**

-------------------------

Machnic -M 1 Post (Mandalay)
Dusit Inya Lake Hotel (Compound)

**Ph: 652536, 652544, 652545**

-------------------------

(1) F& B Manager - M 1 post
(2) HR Manager - M/F 1 post
(3) Duty Manager - M 2 posts
(4) Restaurant Supervisor - M 2 posts (5) Room Attendant - M/F 10 posts

**Yuzana Goup of Hotels**

ယုဇနဂါးဒင်းဟိုတယ်၊အမှတ်(၄၄)၊ အလံပြဘုရားလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။

-------------------------

၁။ Electrical/ Mechanical Engineer - ကျား/မ ၂ ဦး (အတွေ့အကြုံ ၅ နှစ်)၊ ၂။ Electrical/ Mechanical Engineer - ကျား ၂ ဦး(အတွေ့အကြုံ ၂ နှစ်)
Standard Engineering Co.,Ltd

**ဖုန်း-၆၆၅၀၁၄**

-------------------------

၁။ Air-con ကျွမ်းကျင် - ၅ဦး၊ ၂။ Air-con Helper - ၅ ဦး၊ ၃။ ယာဉ်မောင်း - ၁ ဦး။
အောင်ချမ်းမြေ့(လေအေးပေးစက်ရောင်းဝယ်တပ်ဆင်ရေး)

**ဖုန်း-၀၉-၇၃၀၀၄၄၅၆၊ ၀၉-၅၁၀၆၉၁၆**

-------------------------

၁။ Receptionist - မ ၃ ဦး၊ ၂။ Pharmacist - မ ၃ ဦး၊ ၃။ ဆေးဝါးအရောင်း - မ ၃ ဦး၊ ၄။ သူနာပြုအကူ - ၃ ဦး
ကန်တော်လေး (အထူးကုဆေးခန်း)

**ဖုန်း-၂၄၆၅၃၁၊ ၃၈၄၀၄၃**

-------------------------

DTP - ၅ ဦး၊ Marketing Staff - ၃ ဦး။

**ဖုန်း-၂၉၉၅၉၆၊ ၂၉၅၁၂၇**

-------------------------

အလုပ်သင်ဝန်ထမ်း - မ ၁ ဦး
ထွင် အပ်ချုပ်သင်တန်း

**ဖုန်း-၀၉-၅၁၈၀၀၀၉**

-------------------------

၁။ အရောင်းဝန်ထမ်း - မ ၂ ဦး၊ ၂။ အရောင်းတာဝန်ခံ - မ ၂ ဦး၊ ၃။ အထွေထွေလုပ်သား - ကျား ၄ ဦး
အမှတ်(၁၃၂)၊မင်းရဲကျော်စွာ(၆)လမ်း၊(၁)ထိပ်မှတ်တိုင်အနီး၊လှိုင်သာယာမြို့နယ်။

-------------------------

၁။ စာပြင်၊ လ/ထအယ်ဒီတာ - ကျား/မ ၂ဦး၊ ၂။သတင်းထောက် - ကျား/မ ၅ ဦး၊ ၃။ Marketing - မ ၂ ဦး၊ ၄။ စာစီ စာရိုက် - မ ၂ ဦး

**ဖုန်း-၂၃၀၁၁၂၅၊ ၂၃၀၁၁၂၆**

-------------------------

၁။ Marketing နှင့် အရောင်းဆိုင်မန်နေဂျာ - မ ၁ ဦး၊ ၂။ ကိုယ်ရေးအရာရှိ - မ ၁ ဦး၊ ၃။ ယာဉ်မောင်း - ကျား ၁ ဦး၊ ၄။ အရောင်းဝန်ထမ်း - ကျား/မ၊ ၅။ ရုံးခွဲမန်နေဂျာ - ကျား/မ(တောင်ကြီး၊ မုံရွာ၊ မကွေး၊ တောင်ငူ၊ မိတ္ထီလာ၊ မန္တလေး၊ မော်လမြိုင်၊ နေပြည်တော်၊ ပဲခူး)
SAIL Marketing & Communications

အခန်း(၄၀၃)၊နေသီဟစင်တာ၊ ၇၉၀၊ ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်၊လမ်းမတော်မြို့နယ်။

-------------------------

၁။ အရောင်းဝန်ထမ်း - မ ၄ ဦး၊ ၂။ လုံခြုံရေးနှင့်အထွေထွေဝန်ထမ်း - ကျား ၂ ဦး၊ ၃။ ယာဉ်မောင်း - ကျား ၁ ဦး

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Receptionist- Female(2)
အတွေ့အကြုံရှိရမည်၊
No.339,Rm-1602,16 Floor,
Sakura Tower,
Bogyoke Aung San Road,
Kyauktada Tsp.

ယာဉ်မောင်းတစ်ဦးအလိုရှိသည်
အသက်(၅၀)ကျော် ယာဉ်မောင်းတစ်ဦးအလိုရှိသည်။ (ရန်ကုန်မြို့တွင်းသာ)

**ဖုန်း-၃၇၄၂၈၃**

-------------------------

နဂါးကိုးကောင်စိန်ရွှေရတနာဆိုင်
ဖုန်း-၂၅၃၃၂၇

-------------------------

Sale Promotor - ကျား/မ ၅ ဦး၊ Computer Operator - မ ၃ ဦး၊ ယာဉ်မောင်း - ကျား ၂ ဦး၊ Marketing - ကျား/မ ၅ဦး၊ တရုတ်/အင်္ဂလိပ်စကားပြန် - ကျား ၃ ဦး၊ စိုက်ပျိုးရေးဘွဲ့ရ - ကျား ၃ ဦး၊ အရောင်းဝန်ထမ်း - ကျား/မ ၅ ဦး၊ အရောင်း - မ ၅ ဦး
စေတနာ(အထွေထွေဝန်ဆောင်မှုလုပ်ငန်း)

**ဖုန်း-၂၄၃၈၁၉**

-------------------------

သင်တန်းဆရာ/ဆရာမ အမြန်အလိုရှိသည်။

**ဖုန်း-၃၈၆၆၉၃**

-------------------------

Japanese Language Instructor - ကျား/မ ၂ ဦး
Better Life Education & Career Supporting Centre

**ဖုန်း-၃၈၂၅၂၉၊ ၀၉-၅၁၁၈၈၁၂**

-------------------------

အမျိုးသမီး ဆံပင် ညှပ်/ကောက်/ဖြောင့် - ၁ ဦး၊ လက်သည်းပန်းချီ - ၁ ဦး (ပြင်ဦးလွင်မြို့)

**ဖုန်း-၀၉-၂၀၄၅၅၅၄၊ ၀၈၅-၂၈၃၉၈**

-------------------------

Marketing Supervisor - မ ၂ဦး
Angel Pearl Trading Co., Ltd

**ဖုန်း-၅၁၁၄၉၊ ၀၉-၅၀၀၁၇၀၇**

-------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး Top-Ten များ၊ ဘာသာစုံဂုဏ်ထူးရှင်များ မွေးထုတ်ရာ အကောင်းဆုံးနေရာ . . .
EC ပညာ့ရိပ်သာ
(၁၄)နှစ်ပြည့် ဘာစ်ဆုနှင့် ဆုနှင်းသဘင်
ဒေါက်တာစောလှဖြူ
ဦးစီးသော
EC ပညာ့ရိပ်သာ
Top Ten (2006)
မဝင်းအိမ်ရိုင်
(ဆတမ - ၆၀၄) (ရန်ကုန်)
Top 12 (2011)
မခင်သော်တာညို
(ဆတမ - ၃၈) (တောင်ကြီး)
မြန်မာတစ်နိုင်ငံလုံးအဆင့် ထူးချွန်ရင်သွေးတပည့်များနှင့်အတူ ဘာသာစုံဂုဏ်ထူးရှင်များ
မိမိဝါသနာပါရာ နယ်ပယ်အသီးသီးတွင် အောင်မြင်လျက်ရှိကြသည့် EC ရင်သွေးတပည့်များ အားလုံးတို့၏
တောက်ပသော ရွှေရောင်အနာဂတ်များအတွက် EC က ထာဝရဂုဏ်ယူလျက် . . .
• စာရိတ္တ၊ ပြည်သူ့နီတိ၊ Leadership
• လေ့အေးပေးစက်တပ်စာသင်ခန်းများ၊ အိပ်ခန်းများ
• Four Skills English & ICT
• Music & Fine Arts
• Computer Lab & E-Library
• Language Lab, Science Lab
• EC Campus အားလုံး Wi-fi Internet
• Physical Education
၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ၅ တန်း မှ ၁၀ တန်းအထိ လက်ရွေးစင် ကျောင်းသား/သူများကိုသာ ရွေးချယ်လက်ခံလျက်ရှိပါသည်။
■ ၆ (က) ကန်တော်ကြီးကန်ပတ်လမ်းမကြီး၊ တာမွေမြို့နယ်။
■ ၅၄(B4)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်။
၀၉ ၅၀၆ ၂၉၉၅၊ ၀၉ ၄၃၀ ၅၆၃၅၁၊ ၀၉ ၇၃၀ ၇၇၅၈၂၊ ၀၁ ၅၄၈ ၉၄၀၊ ၅၄၈ ၆၄၀၊ ၅၄၅ ၃၉၄
www.eceducationcentre.com


သင့် နှလုံး ကို ဂရုစိုက်ပါ..
သွေးပေါင်ချိန် မှန်မှန်တိုင်းပါ !
"သွေးတိုးရောဂါရှိသူများတွင် နှလုံးရောဂါဖြစ်နိုင်သည်။
သွေးတိုးရောဂါကို ဆရာဝန်နှင့် တိုင်ပင်၍ ထိရောက်စွာ ကုသသင့်သည်။"
British Hypertension Society နှင့် German Hypertension Society အသိအမှတ်ပြု
အဆင့်မြင့် သွေးပေါင်ချိန်တိုင်း ကိရိယာ
SWISS DESIGN
microlife®
pad
mam
Clinically Tested
BHS A/A-BHS Protocol
BHS
reddot
ကမ္ဘာ့အကြီးဆုံး သွေးပေါင်ချိန်တိုင်း ကိရိယာ ထုတ်လုပ်သော ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် microlife မှ ထုတ်လုပ်သည်။


One-Stop Trusted Paper Supplier
DECO
DECO-LAND Group Of Companies
Fully Stock
Heartly Service
Instant Delivery
PureWhite
IT
PLUS
I-PLUS
PLUS Royal
NINGBO STAR
PAPER One
SINARPLEX
စက္ကူအမျိုးမျိုးကို နိုင်ငံခြားမှ
တိုက်ရိုက်မှာယူပြီး
ဈေးနှုန်းချိုသာစွာဖြင့်
ဖြန့်ချိသည်။
ART PAPER
ART CARD
COLOR PAPER
COLOR CARD
CANBONLESS PAPER
WOODFREE PAPER
STICKER PAPER
NEWSPRINT PAPER
CAST COATED PAPER
COPY PAPER
(70 / 80 GSM) (A4, Legal, A3)
DUPLEX COATED PAPER
(Gray Back / White Back)
Main Office : No. 3C-2, U Tun Nyo St., Ward (9), Hlaing Thar Yar Ind. Zone (6),Hlaing Thar Yar Tsp., Yangon, Myanmar.
Tel : 95 1 684 284, 684 292, 687 736~39 HP : 95 9 52 02390 Fax : 95 1 687 728
E-mail : sales@decolandgroup.com website:http://www.decolandgroup.com
Showroom : No. 326/328, 24th Street x Strand Road, Lathar Township, Yangon, Myanmar.
Tel : 95 1 382 789, 95 9 732 28162

Vol.10, No.48 · FEBRUARY 16 , 2012



# ကလေးဗဟိုပြု သင်ကြားရေးဆိုတာ...

**ကလေးဗဟိုပြုသင်ကြားရေးဆိုင်ရာ ကျွမ်းကျင်သူများနှင့်တွေ့ဆုံခြင်း**

**နေလင်းထွန်း**

အခြေခံပညာကျောင်းများ၌ ကျောင်းသားများကို ပညာသင်ကြားရာတွင် မိရိုးဖလာဖြစ်သော ဆရာဗဟိုပြု သင်ကြားနည်းကို နှစ်ပေါင်းများစွာ ကျင့်သုံးလာခဲ့ကြသည်။ ယခုအခါ ကျောင်းသားများ၏ အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ဝေဖန်ဆန်းစစ်မှု၊ ဆုံးဖြတ်ချက်ချမှတ်နိုင်မှု၊ စိတ်ကူးဉာဏ်ကွန့်မြူးမှု စသည့်စွမ်းရည်များကို မြှင့်တင်ပေးနိုင်မည့် ကလေးဗဟိုပြုသင်ကြားနည်းကို ပြောင်းလဲကျင့်သုံးနိုင်ရန် အစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပညာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့တွင် သင်ကြားရေးဆိုင်ရာနှင့် ပညာရေးအကြံပေးအဖြစ် တာဝန်ယူခဲ့ပြီး ယခုအခါ ကလေးဗဟိုပြုသင်ကြားရေးနည်းစနစ်အား သင်ကြားပို့ချနေသော ဒေါ်စုစုလွင်နှင့် ကလေးဗဟိုပြုသင်ကြားရေးအကြောင်း တွေ့ဆုံမေးမြန်းထားမှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**လက်ရှိ အခြေခံပညာသင်ကြားရေးစနစ်အကြောင်း သုံးသပ်ပေးပါ။**

နိုင်ငံတော်က ကလေးဗဟိုပြုသင်ကြားနည်းစနစ်ကို လက်ခံထားတယ်။ ကလေးတွေ တတ်မြောက်မှုကို စစ်ဆေးတဲ့နည်းစနစ်မှာလည်း စဉ်ဆက်မပြတ်အကဲဖြတ်၊ အတန်းတင်ပေးတဲ့စနစ်ကို ကျင့်သုံးနေတယ်။ သင်ရိုးထဲမှာ ပုံမှန်သင်ခန်းစာတွေကို သင်နေသလို ယူနီဆက်ရဲ့ ပူးပေါင်းမှုနဲ့ ဘဝတစ်သက်တာကျွမ်းကျင်စရာ ဆိုတဲ့ဘာသာရပ်ကို ထည့်သင်ထားတာရှိတယ်။ အဲ့လိုအနေအထားနဲ့ ကြည့်မယ်ဆိုရင်တော့ သိပ်ပြီး အားနည်းချက်တွေ ထောက်ပြစရာမရှိဘူးလို့ ပြောချင်တယ်။ ဘာလို့လဲဆိုတော့ ကလေးဗဟိုပြုသင်ကြားရေးဆိုတာက နိုင်ငံတကာမှာ ကျင့်သုံးနေတာဖြစ်သလို စဉ်ဆက်မပြတ် အကဲဖြတ်အတန်းတင်ပေးတာကလည်း စနစ်အားဖြင့် ကောင်းပါတယ်။ ဒါပေမဲ့ အခုကြည့်မယ်ဆိုရင် ပညာရေးနဲ့ပတ်သက်ပြီး အားနည်းချက်တွေ အများကြီး ပြောနေကြတယ်။ ကလေးတွေက အလွတ်ကျက်ပြီး စာသေချာမတတ်ဘူး။ အလွတ်ရရင် အတန်းတင်ပေးတယ်။ ဆရာ၊ ဆရာမတွေတံစိုးလက်ဆောင်ပေါ် အခြေခံပြီး ဘက်လိုက်မှုတွေရှိတယ်ဆိုပြီးပြောကြတာတွေလည်း ရှိတယ်။ ချဉ်းကပ်နိုင်တဲ့ သူက အမှတ်ပိုရတယ်၊ မျက်နှာသာပေးခံရတယ်လို့ ပြောကြတယ်။ နောက်တစ်ခုက ယှဉ်ပြိုင်တဲ့ဟာကမိဘတွေဆီမှာ အရမ်းဖြစ်လာတယ်။ ကျောင်းတွေမှာ ကလေးဗဟိုပြုသင်ကြားနည်းစနစ်ကို ပြောနေပေမယ့် လက်တွေ့မှာ အဲ့ဒါကိုဘယ်လောက်အတိုင်းအတာအကောင်အထည်ဖော်လဲ။ ကျောင်းထဲက ဆရာ၊ ဆရာမအပါအဝင် ပညာရေးလုပ်ငန်းတွေကိုကြီးကြပ်နေတဲ့ပညာရေးအမှုထမ်း၊ အရာထမ်းတွေကရောဒါကိုဘယ်လောက် အလေးအနက်ထားနေသလဲ။ ပညာရေးလုပ်ဆောင်ချက်တွေက ကလေးတွေရဲ့ဖွံ့ဖြိုးမှုကို ဘယ်လောက်အားပေးလဲဆိုတာကြည့်လို့ရပါတယ်။ စနစ်က မကောင်းဘူးလို့တချို့တွေကပြောကြတယ်။ အခုရှိနေတဲ့စနစ်ကို ဘယ်လိုအကောင် အထည်ဖော်နေလဲဆိုတာက ပိုပြီး အရေးကြီးတယ် လို့ထင်တယ်။

**ကလေးဗဟိုပြုချဉ်းကပ်နည်းရဲ့ သဘောတရားကို ရှင်းပြပေးပါ။**

ကလေးဗဟိုပြုချဉ်းကပ်နည်းရဲ့ အနှစ်သာရက ကိုယ့်ဘက်က ကျောင်းသားကို ဘာတွေပေးစေချင်လဲ။ တတ်စေချင်တယ်ဆိုတာကို အခြေခံတာထက် သူတို့ရဲ့ ပညာရေးအရလိုအပ်ချက်၊ ကလေးရဲ့သဘာဝ ဘယ်လိုရှိတယ်ဆိုတာသိနေရမယ်။ နောက်ပြီးတော့ ကလေးတွေမှာ ရုပ်ရော၊ နာမ်ရောရှိတယ်။ နှစ်မျိုးလုံး ဖွံ့ဖြိုးဖို့လိုတယ်။ ကလေးတွေ အာဟာရပြည့်ဝနေရုံနဲ့မရဘူး။ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတွေလည်း ဖြစ်ဖို့လိုတယ်။ စဉ်းစားတွေးခေါ်နိုင်တဲ့ အရည်အသွေးတွေ၊ ဆင်ခြင်တုံတရားတွေ၊ ခံစားချက်တွေ၊ ကြိုက်ခြင်း၊ မကြိုက်ခြင်းတွေသူမှာ ရှိတယ်။ ကလေးမှာ အဲ့လို အချက်တွေရှိတယ်ဆိုတာမြင်ဖို့လိုတယ်။ တစ်ခါတလေမှာ အဲ့လိုမြင်တာမျိုး မဟုတ်ဘဲနဲ့ ဉာဏ်ရည်ဖွံ့ဖြိုးဖို့အတွက်ပဲ အဓိကရည်ရွယ်ပြီးလုပ်နေကြတယ်။ ဉာဏ်ရည်ဖွံ့ဖြိုးဖို့လုပ်ငန်းတွေပဲလုပ်နေရင်ကလေးသဘာဝနဲ့ကိုက်ညီမှာမဟုတ်ဘူးလို့ပြောချင်တယ်။ ကလေးကိုဘာတတ်စေချင်လဲဆိုတာပဲ အလေးထားမယ်ဆိုရင်ကိုယ့်ဘက်ကပဲစဉ်းစားတာပါ။ ကလေးဗဟိုပြုချဉ်းကပ်နည်းဆိုတာက ကိုယ်သင်ပေးချင်တဲ့အရာကိုထည့်စဉ်းစားသလို ကိုယ် သင်ပေးမယ့်အရာတွေကို ကလေး ဘယ်လောက်ထိ လက်ခံနိုင်တဲ့အနေအထားရှိလည်း သိနေရမယ်။ ကလေးတွေကတစ်ယောက်နဲ့ တစ်ယောက် အကြိုက်မတူကြဘူး၊ ခြားနားတဲ့အမြင်တွေရှိတယ်၊ အရည်အသွေး စွမ်းရည်တွေ ကလည်း ကွဲပြားမှုရှိတယ်။

စာ(၂၂)သို့

## ဗြိတိန်ကျောင်းသားဗီဇာကြေးတိုးမြှင့်ဖွယ်ရှိ

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၁**

လာမည့်ဧပြီလမှစတင်၍ ဗြိတိန်ကျောင်းသားဗီဇာကြေးများ တိုးမြှင့်သွားဖွယ်ရှိနေကြောင်း ယူကေဘော်ဒါအေဂျင်စီမှ သတင်းထုတ်ပြန်ထားသည်။ ဗြိတိန်ပြည်ဝင်ခွင့်ကြေးများကို တိုးမြှင့်သွားရန်စီစဉ်နေခြင်းဖြစ်ပြီး ကျောင်းသားဗီဇာကြေးများကို လက်ရှိတွင် ၂၂၅ပေါင်နှင့်ကိုက်ညီသောမြန်မာကျပ်ငွေပေးသွင်းနေရာမှ ၂၈၉ ပေါင်ထိ တိုးမြှင့်ပေးဆောင်ရဖွယ်ရှိနေကြောင်း သိရသည်။

## စင်ကာပူပုဂ္ဂလိကကျောင်း ၁၂ ကျောင်း၏ ပညာရေးပြပွဲကျင်းပမည်

**ရန်ကုန်၊ဖေဖော်ဝါရီ-၉**

စင်ကာပူနိုင်ငံမှ ပုဂ္ဂလိကျောင်း ၁၂ ကျောင်းပါဝင်ပြသမည့် ပညာရေးပြပွဲကို ဖေဖော်ဝါရီလ ၁၇ရက်တွင် ဆန်းမစ်ပါ့ခ်ဗျူးဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ပညာရေးပြပွဲတွင် သက်ဆိုင်ရာကျောင်းများ၏ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်များကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ပြီး ပြည်ပပညာရေးစိတ်ဝင်စားသော ကျောင်းသားများတက်ရောက်လေ့လာနိုင်သည်။

## မလေးရှားတွင် တက်ရောက်ရမည့် တစ်ပတ်သင်တန်းလျှောက်ထားနိုင်

**ရန်ကုန်၊ဖေဖော်ဝါရီ-၉**

Asia-Pacific Regional Indigenous Peoples' Program အတွက်မလေးရှားနိုင်ငံတွင်တစ်ပတ်ကြာသင်တန်းတက်ရောက်နိုင်ရန် ဖေဖော်ဝါရီ ၂၅ရက်နောက်ဆုံးလျှောက်ထားနိုင်သည်။ www.dtp.unsw.au တွင် အသေးစိတ်ဝင်ရောက်ကြည့်ရှုလေ့လာလျှောက်ထားနိုင်သည်။

# စင်ကာပူ အစိုးရကျောင်းလခများ တိုးမြှင့်

**နေလင်းထွန်း**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၁**

စင်ကာပူနိုင်ငံရှိ အစိုးရကျောင်းများ၏ ကျောင်းလခများမြင့်တက်သွားခြင်းကြောင့် ၎င်းကျောင်းများတွင်သွားရောက်ပညာသင်ယူရန် ပြင်ဆင်နေကြသည့် မြန်မာကျောင်းသားများအတွက် အခက်အခဲကြုံ တွေ့နိုင်ကြောင်း စင်ကာပူပညာရေးကျွမ်းကျင်သူတစ်ဦးကသုံးသပ်သည်။

စင်ကာပူအစိုးရသည် လာမည့်စာသင်နှစ်မှစတင်၍တက္ကသိုလ်များ၏ ပညာသင်စရိတ်ကို ၄ ရာခိုင်နှုန်းမှ ၈ရာခိုင်နှုန်းနှင့် ပိုလီကျောင်းများ၏ ပညာသင်စရိတ်ကို ၂၂ရာခိုင်နှုန်းမှ ၂၈ ရာခိုင်နှုန်းထိ တိုးမြှင့်လိုက်ခြင်းဖြစ်သည်။

“ပိုလီကျောင်းလခတွေက တချို့ပုဂ္ဂလိကကျောင်းတွေရဲ့ ဒီပလိုမာသင်တန်းကြေးထက်ကို ကျော်သွားပြီ။ အခု သင်တန်းကြေး စင်ကာပူဒေါ်လာ ၅၀၀၀၊ ၆၀၀၀ကနေ ၈၀၀၀လောက်ထိပေးရမယ့် ဘာသာရပ်တွေရှိတယ်။ ဒီတစ်ခါတက်တာကြမ်းတယ်။ နောက်ဆို ပိုက်ဆံချေးပြီး အလုပ်သွားလုပ်သလိုဖြစ်လာမယ်။ ကျောင်းသွားတက်ပြီး အလုပ်လုပ်မယ်ဆိုရင် မကိုက်လောက်တော့ဘူး” ဟု အဆိုပါပုဂ္ဂိုလ်ကဆိုသည်။

စင်ကာပူပိုလီကျောင်းများ၏ ကျောင်းလခများမြင့်တက်သွားခြင်းသည် မြန်မာကျောင်းသားများအတွက် အဓိကသက်ရောက်မှုရှိစေမည်ဖြစ်ပြီး အစိုးရထံမှ ပညာသင်ချေးငွေယူ၍ ကျောင်းတက်သူများ အနေဖြင့်လည်း ပိုမိုရုန်းကန်ရမည့် အနေအထားရှိနေကြောင်း သိရသည်။

‘ကျွန်တော်က ဒီနှစ်ပဲ ပိုလီကျောင်းပြီးတယ်။ နောက်နှစ် စတက်မယ့်သူတွေအတွက် အဆင်မပြေလောက်တော့ဘူး။ ကျောင်းလခကကျောင်းတက်နိုင်ဖို့ အဓိက အခက်အခဲဖြစ်နေပြီ”ဟု စင်ကာပူနိုင်ငံတွင်နေထိုင်အလုပ်လုပ်ကိုင်နေသော လူငယ်တစ်ဦးကပြောသည်။

ကျောင်းလခများသည်နိုင်ငံတကာကျောင်းသားများအတွက် အဓိကတိုးမြှင့်လိုက်ခြင်းဖြစ်ပြီး ယခုအခါ တတိယအကြိမ် မြင့်တက်သွားခြင်းဖြစ်သည်။

ယုဇနဥယျာဉ်မြို့တော်တိုက်ခန်းများနှင့် ပတ်ဝန်းကျင်မြေကွက်များအား ရောင်းလို၊ ဝယ်လို၊ ငှားလိုပါက

ငုံမိတ်ဆွေ အကျိုးဆောင်

အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း ရောင်း၊ ဝယ်၊ ငှား

(A)Block၊ (၉)လမ်းထိပ်၊ ယုဇနဥယျာဉ်မြို့တော်။

ဖုန်း-၀၉-၇၃၀၈၁၀၉၂၊ ၀၉-၄၅၁၄၄၃၁၂

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(၁၅၀၀)စတုရန်းပေ၊ ကိုးမိုင် Ocean ကွန်ဒို

1 MBR, 2 BR, 3 AC, 1 Ext.Ph

သိန်း (၉၅၀) ကျပ်၊

(ပွဲစားမလို)

ဖုန်း-၀၉-၅၀၃-၁၁၆၈

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်

အလယ်တန်း အထက်တန်း ဘွဲ့ကြို ဘွဲ့ရများ အားလုံး အတွက်

ဂုဏ်ထူး ဦးအောင်နိုင်

Basic Grammar စာအုပ်အသစ် (ထွက်ပါပြီ)

Grammar & Essay နွေသင်တန်း (မတ်-၁၄)

၂၄၂-ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ Tel : 01-252 919, 09-430 85263

7DAY NEWS JOURNAL
Vol.10, No.48 · FEBRUARY 16 , 2012

## စာ–၂၁၊ ကလေးဗဟိုပြုသင်ကြားရေးဆိုင်ရာ ကျွမ်းကျင်သူတို့နှင့်တွေ့ဆုံခြင်း မှ

သင်ယူမှုပုံစံ၊ ဖွံ့ဖြိုးမှုပုံစံ၊ တတ်မြောက်မှုပုံစံကမတူကြဘူး။ ကလေးက သူမကြိုက်တာ၊ သူနဲ့မကိုက်ညီတာကို အတင်းပေးရင် လက်ခံနိုင်မှာမဟုတ်ဘူး။ ကလေး လက်ခံနိုင်တဲ့ အတိုင်းအတာကို ဘယ်လောက်ထိ စဉ်းစားထားလဲ။ ကလေးတွေရဲ့အသက်အရွယ်၊ဉာဏ်ရည်၊ ကလေးနေထိုင်တဲ့ ပတ်ဝန်းကျင် ဒါတွေကို အများကြီး စဉ်းစားရမယ်။ မူဝါဒအားဖြင့်တော့မြန်မာနိုင်ငံမှာ ကလေးဗဟိုပြု သင်ကြားနည်းစနစ်နဲ့ ကျောင်းတွေမှာ သင်ကြားရမယ်လို့ ပြောနေပေမယ့် လက်တွေ့ ဒီစနစ်နဲ့ ကိုက်ညီတဲ့ သင်ရိုးကို ဘယ်လိုရေးဆွဲမလဲ။ ကလေးတွေ လုပ်ရတဲ့လေ့ကျင့်ခန်းတွေကရော ကလေးသဘာဝနဲ့ ကိုက်ညီမှုရှိလားပေါ့။

**ကလေးဗဟိုပြုသင်ကြားနည်းစနစ် အောင်အောင်မြင်မြင် အသုံးပြုနိုင်ဖို့အခြေခံကျတဲ့အချက်ကိုပြောပြပေးပါ။**

အဓိကကတော့ဆရာ၊ဆရာမတွေပေါ့။ ကလေးဗဟိုပြုစာသင်ခန်းအနေအထားကို လက်ခံဖို့လိုတယ်။ တချို့က လက်ခံသလိုလက်မခံတဲ့သူတွေလည်းရှိတယ်။ နောက်တစ်ခုက တချို့က မယုံလို့ လက်မခံကြတာရှိတယ်။ သမားရိုးကျသင်လာတာဖြစ်တာကို အခုမှ ဒါတွေ ဘာလို့ လျှောက်ပြောင်းရတာလဲပေါ့။ ကလေးတွေ မေးခွန်းတွေမေးလာရင် အတန်းထိန်းရတာ ခက်တယ်ပေါ့။ ဆရာ၊ ဆရာမတွေမှာ အစိုးရိမ်ဆုံးကိစ္စက အတန်းမထိန်းနိုင်မှာ စိုးရိမ်တာပါ။ ဆရာ၊ ဆရာမတစ်ယောက်ရဲ့ အရည်အချင်းဟာ အတန်း ဘယ်လောက်ထိန်းနိုင်လဲ ဆိုတာနဲ့ တော်တော်များများက ဆုံးဖြတ်တယ်။ အတန်းထိန်းတယ်ဆိုတာ အရေးကြီးပါတယ်။ ပညာသား အများကြီးပါပါတယ်။ ဆရာ၊ ဆရာမတွေ ပြင်ဆင်မှုအများကြီး လုပ်ရပါတယ်။ အဲ့လိုမှ မဟုတ်ရင် တော်တော်များများက အတန်းကို ထိန်းချုပ်တာတွေ လုပ်နေကြတယ်။ တားမြစ်ချက်တွေက ထိန်းတယ်လို့ထင်တယ်။ စကားမပြောရဘူး၊ ငြိမ်ငြိမ်ထိုင်၊ အတန်းရှေ့ပဲကြည့်၊ ဘေးကို အပြင်ကို မငေးနဲ့၊ အဲ့လိုနည်းနဲ့ အတန်းကို ထိန်းချုပ်တာက အကြောက်တရားကိုအခြေခံတယ်။ ပြောတဲ့အတိုင်း မနေရင် ဒဏ်ပေးတယ်။ အရိုက်ခံရမှာ၊ အဆူခံရမှာ၊ အပြစ်တင်၊ ရှုတ်ချခံရမှာ ကြောက်တော့ ကလေးက စိတ်ပျော်ရွှင်တော့မှာ မဟုတ်ဘူး။ ကလေးဗဟိုပြုချဉ်းကပ်နည်း ဆိုတာ အဲ့ဒါတွေနဲ့ လုံးဝမသက်ဆိုင်ဘူး။ တချို့က ထင်တယ်၊ ကလေးကို ပျော်အောင်ထားဖို့ဆိုပြီး။ပျော်အောင် ထားဖို့ချည်းတော့ မဟုတ်ဘူး။ ကလေးက စိတ်ဆင်းဆင်းရဲရဲနဲ့ စာမသင်ရဖို့နဲ့ သူ သင်တဲ့ အကြောင်းအရာအပေါ်မှာ စိတ်ပါဝင်စားမှုရှိဖို့အရေးကြီးပါတယ်။ အဲ့ဒါနဲ့ တစ်ဆက်တည်း စည်းနဲ့ကမ်းနဲ့နေတတ်ဖို့လည်း လိုတယ်။ စည်းမဲ့၊ ကမ်းမဲ့နေတာ ကလေးဗဟိုပြုချဉ်းကပ်နည်း မဟုတ်ဘူး။

**သမားရိုးကျသင်ကြားနည်းနဲ့ ကလေးဗဟိုပြု သင်ကြားနည်းက ဘယ်လို ကွာခြားမှုတွေရှိနေပါလဲ။**

ကလေးဗဟိုပြုသင်ကြားနည်းက ကလေးတွေတစ်ယောက်နဲ့တစ်ယောက်ပြောဆိုဆက်ဆံပြီးတော့ အဖြေရှာတဲ့အလုပ်ကို လုပ်ရတာပါ။ သမားရိုးကျသင်တာက ကိုယ့်ဘေးက အတန်းသားကို မကြည့်နဲ့ ကိုယ့်ပုစ္ဆာကိုယ်တွက်၊ သူဘာလုပ်နေလဲ သွားမကြည့်နဲ့ ကိုယ့်ဘာသာကို အဖြေထုတ်ပေါ့။ အဲ့လိုမဟုတ်ပါဘူး။ လောကမှာ လူ့သဘာဝကိုပဲကြည့်ပါ။ပြဿနာ အခက်အခဲဖြစ်လာရင်တစ်ယောက်တည်း စဉ်းစားဆုံးဖြတ်တာထက် အများနဲ့ တိုင်ပင်ဆုံးဖြတ်တာက ဘယ်ဟာ ပိုကောင်းလဲ။ ကလေးဗဟိုပြုချဉ်းကပ်နည်းက ကျောင်းလုပ်ငန်း တော်တော်များများကို စုပေါင်း အဖြေရှာရမှာဖြစ်တယ်။ သမားရိုးကျ သင်ကြားနည်းနဲ့ တော်တော်ကွာဟနေတယ်၊တချို့ဆန့်ကျင်ဘက်ဖြစ်နေတယ်။

**ကလေးဗဟိုပြု သင်ကြားနည်း ကျင့်သုံးနိုင်ဖို့အတွက် ဘယ်လို ပြောင်းလဲမှုတွေလုပ်ဖို့လိုပါသလဲ။**

ဆရာ၊ဆရာမတွေက ဒီသင်ကြားနည်းတွေကို လက်ခံရုံ၊ လုပ်တတ်ရုံနဲ့ မပြီးဘူး။ ကလေးတွေအတွက်ပြဋ္ဌာန်းစာအုပ်နဲ့တင် မပြီးဘူး။ ကလေး လေ့လာသင်ယူလို့ရမယ့် ပတ်ဝန်းကျင်က အရမ်း အရေး ကြီးတယ်။ အဲ့ဒီပတ်ဝန်းကျင်ကို အရင်ဆုံး ဖန်တီးနိုင်ရမယ်။ အဲ့လိုဖန်တီးနိုင်ဖို့ အရင်းအမြစ်တွေ အထိုက်အလျောက် လိုတာပေါ့။ ငွေကြေးလည်း လိုတယ်။ ကလေးတွေအတွက် ပြင်ပစာအုပ်တွေလိုမယ်။ ကျောင်းမှာ ပြဋ္ဌာန်းထားတဲ့ အကြောင်း အရာတွေကိုတတ်သွားရုံနဲ့မပြီးသေးဘူး။ အဲ့ဒီအကြောင်းအရာတွေပေါ်မှာ ဆက်စပ်ပြီးတော့ သူတို့ဘာသာ လေ့လာနိုင်မယ့် စာအုပ်တွေလိုမယ်။ လေ့လာခွင့်တွေ ရှိဖို့လိုတယ်။ လက်တွေ့စမ်းသပ်ချက်တွေလုပ်နိုင်ဖို့လိုတယ်။ မူဝါဒနဲ့ လမ်းညွှန်ချက်တွေ ချမှတ်လိုက်ရုံနဲ့မပြီးဘူး။ မူဝါဒတွေ၊ လမ်းညွှန်ချက်တွေကို ဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေ၊ အထောက်အပံ့တွေလည်း လိုတယ်။ မဟုတ်ရင်တော့ ကလေးဗဟိုပြုသင်ကြားရေးဖြစ်လာမှာမဟုတ်ဘူး။နောက်ပြီး လူတွေရဲ့ ယုံကြည်မှုကလည်း အရေးကြီးတယ်။ အတန်းထဲမှာ စာသင်နေတဲ့ဆရာ၊ ဆရာမတွေတင် မကဘူး။ စီမံခန့်ခွဲနေတဲ့ ပုဂ္ဂိုလ်တွေ၊ မိဘအုပ်ထိန်းသူတွေကလည်း သဘောထားအမြင်ရှိဖို့လိုပါတယ်။

**ကျောင်းသားမိဘတွေကိုရော ဘာပြောချင်ပါလဲ။**

ကလေးတွေမှာ ရှိသင့်ရှိထိုက်တဲ့တန်ဖိုးစနစ်တွေ၊သဘောထားတွေငယ်စဉ်ခါမှာတကယ်ခိုင်မာတဲ့ အခြေခံရ သွားဖို့လိုတယ်။ ကျောင်းတစ်ခုတည်းထိန်းကျောင်းရုံနဲ့ မပြီးဘူးလို့ ပြောချင်ပါတယ်။ အိမ်က မိဘအုပ်ထိန်းသူတွေကလည်း ယဉ်ကျေးတဲ့ကလေးတွေဖြစ်ဖို့ အများကြီး သွန်သင်လမ်းပြပေးနိုင်တာရှိတယ်။ အဲဒီလိုလုပ်ပေးဖို့ မိဘတွေမှာ တာဝန်ရှိပါတယ်။

## ပုဂ္ဂလိကဘော်ဒါကျောင်းတစ်ခု ကိုယ်ပိုင်ကျောင်းအဖြစ် စတင်ကြော်ငြာ

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၆**

ရန်ကုန်မြို့ရှိ ပုဂ္ဂလိကဘော်ဒါကျောင်းတစ်ခုသည် ကိုယ်ပိုင်ကျောင်းအမည်အသုံးပြု၍ ကျောင်းကြော်ငြာဖြင့် ကျောင်းသားဈေးကွက်ရှာဖွေမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

အဆိုပါ ဘော်ဒါကျောင်းသည် ကျောင်းနာမည်ဆိုင်းဘုတ်တပ်ဆင်ရာနှင့် ကြော်ငြာအသုံးပြုရာတွင် တရားဝင်ဖွင့်လှစ်တည်ထောင်ခွင့်ပြုထားသကဲ့သို့ဆောင်ရွက်နေခြင်းဖြစ်ကြောင်းသိရသည်။

ပြည်ထောင်စုလွှတ်တော်မှ ကိုယ်ပိုင် ကျောင်းမှတ်ပုံတင်ဥပဒေပြဋ္ဌာန်းလိုက်ပြီးနောက်မှတ်ပုံတင်နည်းဥပဒေထွက်ရှိလာရန် စောင့်ဆိုင်းနေရဆဲဖြစ်ပြီး နည်းဥပဒေထွက်ရှိလာမှသာ မှတ်ပုံတင်စာရင်းသွင်းနိုင်မည်ဖြစ်သည်။

“နည်းဥပဒေက ဒီလကုန်ထွက်လာမယ်လို့ ကြားတယ်။ နည်းဥပဒေထွက်လာပြီးရင် ကျောင်းတွေ မှတ်ပုံတင်၊ သက်ဆိုင်ရာက စိစစ်တာနဲ့ဆို မေလလောက်ဆို ဘယ်ဘော်ဒါကျောင်းတွေ ကိုယ်ပိုင်ကျောင်း တည်ထောင်ခွင့်ရမှာပါ”ဟု ကိုယ်ပိုင်ကျောင်းစမ်းသပ် ဖွင့်လှစ်ခွင့်ရရှိထားသောဘော်ဒါကျောင်းပိုင်ရှင်တစ်ဦးက ပြောသည်။

အခိုင်မာဆုံး စင်ကာပူကျောင်းများ၏ သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် ရရှိနိုင်မည်

Singapore Education ROADSHOW 2012

AUSTON INSTITUTE OF MANAGEMENT · Curtin Singapore · JCU SINGAPORE · KAPLAN HIGHER EDUCATION ACADEMY · LASALLE COLLEGE OF THE ARTS · Marketing Institute of Singapore · MDIS · psb Academy · Shelton · SMa · SAA GLOBAL EDUCATION · TMIS

17th FEB
10:00 am - 4:00 pm
Summit Parkview Hotel

“Seminar တက်ရောက်မည့် ကျောင်းသူကျောင်းသားများတွက် စင်ကာပူပညာရေးလမ်းညွှန်စာအုပ် အခမဲ့ ”

- စင်ကာပူသို့ ကျောင်းသွားတက်မည့်သူများအတွက် တရားဝင်ငွေသယ်ဆောင်ခွင့် Service
- MDIS မှ နိုင်ငံတကာကျောင်းသားများအတွက်ရည်ရွယ်သော MERIT Scholarship
- KAPLAN မှ MBA Study Grant
- LASALLE အနုပညာကျောင်းမှပေးအပ်မည့် Tan Chay Bing Scholarship နှင့် MOE Tuition Grant
- ပြပွဲအတွင်းကျောင်းအပ်သူများအတွက် အထူးအခွင့်အရေးအဖြစ်ချီးမြှင့်မည့် Netbook နှင့် Apple iPad2(For MIS)
- ၁၀၀% ပညာသင်ထောက်ပံ့ကြေး ရယူနိုင်သောအခွင့်အလမ်းများစွာ...

| Presentation Time | Room No - 254 | Room No - 236 |
|---|---|---|
| 10:00 - 10:45 | Kaplan | SAA |
| 11:00 - 11:45 | Shelton | Auston |
| 12:00 - 12:45 | MIS | TMIS |
| 1:00 - 1:45 | PSB | MDIS |
| 2:00 - 2:45 | SMA | Lasalle |
| 3:00 - 3:45 | JCU | Curtin |



CROWN EDUCATION
#228-229,Summit Parkview Hotel,Alone Road,Yangon.
Call us : 09 732 732 77, 09 732 40 688, 01 527 838

# Technology

7 DAY NEWS JOURNAL

Vol.10, No.48 · FEBRUARY 16 , 2012


## ဘားကမ့်ရန်ကုန်ပွဲ တက်ရောက်သူ စံချိန်တင်




ဘားကမ့်ရန်ကုန်ဖွင့်ပွဲတွင် အဖွင့်မိန့်ခွန်းပြောကြားနေသော ဒေါ်အောင်ဆန်းစုကြည်နှင့် တက်ရောက်လာသူများ

ဓာတ်ပုံ - SSTM

**ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၁၁**

နည်းပညာနှင့် ပတ်သက်ဆက်နွှယ်နေသည့်အကြောင်းအရာများကို မည်သူမဆို လွတ်လပ်စွာ ဆွေးနွေးဖလှယ်နိုင်သော ဘားကမ့် ရန်ကုန်၏ နှစ်ရက်ပေါင်း တက်ရောက်သူစုစုပေါင်းဦးရေမှာ ငါးထောင်ကျော်ဖြင့် ယခင်နှစ်များတွင်ကျင်းပခဲ့သည့်စုစုပေါင်းတက်ရောက်ခဲ့သူ အရေအတွက်ထက် ကျော်လွန်ကာ စံချိန်တင်သွားကြောင်း စီစဉ်သူအဖွဲ့မှသိရသည်။

ယခင်နှစ်များတွင် ကျင်းပခဲ့သည့် ဘားကမ့်ပွဲများတွင်လည်း နိုင်ငံတကာစံချိန်များကို ချိုးနိုင်ခဲ့သည်။

သို့သော် ယခင်နှစ်များက နိုင်ငံတကာစံချိန်ချိုးနိုင်ခဲ့သည့် တက်ရောက်သူပမာဏမှာ စုစုပေါင်းကျင်းပသည့်နှစ်ရက်တာ ကာလအတွင်း တက်ရောက်သည့် အရေအတွက်များဖြစ်သည်။

ထို့အပြင် ယခုနှစ်အတွက် ကျင်းပခဲ့သည့် အဆိုပါဘားကမ့် ရန်ကုန်သို့ တက်ရောက်လာသူများတွင် ဆယ်ကျော်သက်အရွယ် လူငယ်များမှာ ယခင်နှစ်များထက် ပိုမိုများပြားလာကြောင်း အဆိုပါ နည်းပညာဆွေးနွေးဖလှယ်ပွဲကို စီစဉ်သည့်မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ တာဝန်ရှိသူအချို့ထံမှ သိရသည်။

“နှစ်တိုင်းတော့ လူငယ်တွေများပါတယ်။ ဒါပေမဲ့ ဒီနှစ်မှာ ပိုပြီးများလာတာတွေ့ရတယ်။ အသက်နှစ်ဆယ်စွန်းစွန်းအရွယ်တွေ ပိုများလာတယ်။ ဒါကတော့ ဒီနိုင်ငံရဲ့အိုင်စီတီကဏ္ဍအတွက် ကောင်းတဲ့လက္ခဏာတွေလို့ မြင်ပါတယ်။ လူငယ်တွေနည်းပညာကို ပိုပြီးစိတ်ဝင်စားလာကြတာကို သက်သေပြနေတာပါပဲ”ဟုမြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၏ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးမင်းဦးက ၄င်း၏ထင်မြင်ချက်ကို ပြောကြားသည်။

ရန်ကုန်မြို့တွင်ကျင်းပသည့် အဆိုပါဘားကမ့်သို့ ရန်ကုန်မြို့မှ နည်းပညာကိုစိတ်ဝင်စားသောလူငယ်များအပြင် မန္တလေးမြို့ကဲ့သို့သော အခြားမြို့ကြီးများမှ တက်ရောက်လာသူအရေအတွက်မှာလည်းနှစ်ဆယ်ဦးခန့်ရှိကြောင်း သိရသည်။

ထို့အပြင် စင်ကာပူ၊ ထိုင်း၊ ကမ္ဘောဒီးယားအစရှိသော အိမ်နီးချင်းနိုင်ငံများအပြင် အနောက်ဥရောပနိုင်ငံများမှ တက်ရောက်လာသည့် နိုင်ငံတကာ Barcamper များမှာလည်း နှစ်ဆယ်ဦးခန့်ရှိကြောင်းသိရသည်။

နှစ်ရက်တာကျင်းပခဲ့သည့် အဆိုပါဘားကမ့်တွင် မိုဘိုင်းနည်းပညာများ၊ အီလက်ထရွန်နစ်အစိုးရလုပ်ငန်း၊ နက်ဝ့ါခ်ကင်းနှင့်သက်ဆိုင်သောလုပ်ငန်းများ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးများနှင့် ဆက်စပ်နေသည့် အိုင်စီတီနည်းပညာများ၊ ဆော့ဖ်ဝဲနည်းပညာများအပြင် တိုးတက်ပြောင်းလဲလာသည့် အိုင်စီတီဆိုင်ရာများအကြောင်းကို လေ့လာလိုက်စားနေသူများက တက်ရောက်ဆွေးနွေးဟောပြောခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ်မှ စတင်ပြီး နှစ်စဉ်ကျင်းပခဲ့သည့် ဘားကမ့်သည် ပထမဆုံးကျင်းပခဲ့သည့်နှစ်တွင်ပင် တက်ရောက်သူပေါင်း သုံးထောင်နီးပါးဖြင့် နိုင်ငံတကာတွင် တက်ရောက်သူအများဆုံး နှုန်းထားဖြင့်စံချိန်တင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယအကြိမ် ကျင်းပခဲ့ရာတွင်လည်း နှစ်ရက်ပေါင်းတက်ရောက်သူ လေးထောင်နီးပါးရှိခဲ့ပြီး ဒုတိယအကြိမ် နိုင်ငံတကာစံချိန်တင်နိုင်ခဲ့သည်။

## ဂျီအက်စ်အမ်တာဝါတိုင် ၇၀၀ ကျော်စိုက်ထူပြီး

**ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၁၁**

အစိုးရနှင့်ပုဂ္ဂလိကကုမ္ပဏီများက မကြာမီရောင်းချမည့် ကျပ်သုံးသိန်းအောက်တန်ဖိုးရှိ ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများအတွက်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှတာဝါတိုင်ပေါင်း ခုနစ်ရာကျော်ကို စိုက်ထူထားပြီးဖြစ်ကြောင်း ယင်းလုပ်ငန်းမှ စုံစမ်းသိရှိရသည်။

ပထမနှစ်စီမံကိန်းတွင် တန်ဖိုးနည်းဂျီအက်စ်အမ်မိုဘိုင်းဖုန်းလေးသန်းကိုစတင်ရောင်းချပေးမည်ဖြစ်ပြီး ကနဦးစီမံကိန်းအတွက် တာဝါတိုင်ပေါင်း တစ်ထောင့်လေးရာကျော် စိုက်ထူသွားမည်ဟုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပြီးခဲ့သည့်လများအတွင်းက ပြည်တွင်းမီဒီယာများသို့ ပြောကြားခဲ့သည်။

လက်ရှိ စိုက်ထူထားပြီးဖြစ်သည့် တာဝါတိုင်ပေါင်း ခုနစ်ရာကျော်မှာ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်အပါအဝင် အခြားမြို့များတွင်ဖြစ်ကြောင်း စိုက်ထူရန် ကျန်ရှိနေသေးသည့် တာဝါတိုင် ခြောက်ရာကျော်ကို ပထမနှစ်စီမံကိန်းကာလအတွင်း ဆက်လက်တည်ဆောက်သွားမည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မိုဘိုင်းဖုန်း ဆက်သွယ်မှုကွန်ရက်စနစ်မှာ ထပ်မံချထားပေးမည့်တန်ဖိုးနည်းဂျီအက်စ်အမ်ဖုန်းအင်အားအတွက်သာမက လက်ရှိအသုံးပြုနေသည့် မိုဘိုင်းဖုန်းလိုင်းများအတွက်ပင် လုံလောက်မှုမရှိခြင်းကြောင့် ထိုကဲ့သို့ တာဝါတိုင်အရေအတွက်ကို ထပ်မံတိုးချဲ့ရခြင်းဖြစ်သည်ဟု သိရသည်။

ထို့ကြောင့် ယခုအချိန်အထိ တည်ဆောက်ပြီးစီးထားပြီဖြစ်သည့် တာဝါတိုင်အရေအတွက်သည် မကြာမီတွင် အသုံးပြုနိုင်တော့မည့် ကျပ်သုံးသိန်းဝန်းကျင်ဖုန်းများအတွက်သာမက လက်ရှိအသုံးပြုနေသည့် ဂျီအက်စ်အမ်ဖုန်းလိုင်းများ၏ ဆက်သွယ်မှုစနစ်များကိုပါ ပိုမိုကောင်းမွန်သွားမည်ဖြစ်ကြောင်း အထက်ပါလုပ်ငန်းမှ တာဝန်ရှိသူထံမှသိရသည်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် ယင်းတာဝါတိုင်တည်ဆောက်မှုစီမံကိန်းကို ပြီးခဲ့သည့်နှစ် ဇူလိုင်လဝန်းကျင်ခန့်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။







# ၂၀၁၁ ကို အိုင်ဖုန်းများ လွှမ်းမိုးထားသော်လည်း Android စမတ်ဖုန်းများ ကျော်တက်ဖွယ်ရှိ

**ဆန်ဖရန်စစ္စကို၊ ဖေဖော်ဝါရီ - ၇**

၂၀၁၁ နှစ်ကုန်ပိုင်းတွင် Apple ၏ အိုင်ဖုန်းများက လွှမ်းမိုးထားခဲ့သော်လည်း Google ၏ Android ဆော့ဖ်ဝဲသုံး စမတ်ဖုန်းများက မကြာမီ ကျော်တက်သွားဖွယ်ရှိကြောင်း သိရသည်။

ကမ္ဘာလုံးဆိုင်ရာမိုဘိုင်းဖုန်းအသုံးပြုမှုစစ်တမ်းကောက်ယူရေးအဖွဲ့(IDC)၏ အစီရင်ခံစာ၌ ၂၀၁၁ စတုတ္ထသုံးလပတ်ကာလတွင် စမတ်ဖုန်းလုံးရေ ၁၅၇ ဒသမ ၈ သန်းတင်ပို့ခဲ့ကြပြီး ယင်းမှာ ၂၀၁၀ တွင် ၁၀၂ သန်းတင်ပို့ခဲ့သည့်ထက် သန်း ၅၀ ကျော်ပိုများခဲ့ကြောင်း ဖော်ပြထားသည်။


Apple သည် ကမ္ဘာလုံးဆိုင်ရာ စမတ်ဖုန်းဈေးကွက်တွင် ဈေးကွက်ဝေစု ၂၃ ဒသမ ၅ ရာခိုင်နှုန်းရရှိထားပြီး ဆမ်ဆောင်းမှာ ၂၂ ဒသမ ၈ ရာခိုင်နှုန်းနှင့် နိုကီယာမှာ ၁၂ ဒသမ ၄ ရာခိုင်နှုန်း အသီးသီးရရှိထားသည်။ သို့သော် စမတ်ဖုန်းဈေးကွက်၌ Android ဆော့ဖ်ဝဲသုံး စမတ်ဖုန်းများမှာ အမေရိကန်ဈေးကွက်ဝေစု ၄၈ ရာခိုင်နှုန်းရထားပြီး Apple ၏ iOS ဆော့ဖ်ဝဲများမှာ ၄၃ ရာခိုင်နှုန်းသာရထားသည်။



စာရင်းများအရ Apple သည် ၂၀၁၁ နောက်ဆုံး သုံးလပတ်ကာလတွင် အိုင်ဖုန်းလုံးရေ ၃၇ ဒသမ ၀၄ သန်းရောင်းချခဲ့ရပြီး ဖုန်းဈေးကွက်၏ ဈေးကွက်ဝေစု ၈ ဒသမ ၇သန်းရခဲ့သည်။ နိုကီယာမှာမူ မိုဘိုင်းဟန်းဆက်များ ထုတ်လုပ်တင်ပို့မှုတွင် ထိပ်တန်းမှ ဆက်လက်ရပ်တည်ခဲ့ပြီး လုံးရေ ၁၁၃ ဒသမ ၅ သန်း တင်ပို့ခဲ့ကာ ဈေးကွက်ဝေစု ၂၇ ရာခိုင်နှုန်းရခဲ့သည်။ *—Ref: AFP*




# SE-ME-WE-4 အတွက် ဘင်္ဂလားဒေ့ရှ်နှင့် ယခုနှစ်တွင် ချိတ်ဆက်မည်




**ယုဇနကိုကို**
**ရန်ကုန်၊ ဖေဖော်ဝါရီ- ၁၁**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ပြည်တွင်းအင်တာနက်ဆက်သွယ်မှုများအတွက် ရေအောက်ကေဘယ်လ်ဆက်ကြောင်းအသစ်ဖြစ်သော SE-ME-WE 4 ကိုဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ယခုနှစ်အတွင်းချိတ်ဆက်သွယ်တန်းသွားမည်ဖြစ်ကြောင်း ယင်းလုပ်ငန်း၏ သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်း၏ အင်တာနက်ဝန်ဆောင်ရေးလုပ်ငန်းများနှင့် ဆက်သွယ်မှုစနစ်များတိုးတက်လာစေရန် အတွက် ယခုကဲ့သို့ ရေအောက်ကေဘယ်လ် အင်တာနက်ဆက်ကြောင်း အသစ်တစ်ခု တိုးချဲ့ချိတ်ဆက်ရန် စီစဉ်နေရခြင်းဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူထံမှ သိရသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ အင်တာနက်အသုံးပြုနိုင်သည့်လူဦးရေကို ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်များတွင် ခြောက်သိန်းနီးပါးအထိ တိုးတက်လာအောင် ဆောင်ရွက်သွားရန်ရှိခြင်းကြောင့်လည်း အဆိုပါရေအောက်ကေဘယ်လ်ဆက်ကြောင်းအသစ်များကို တိုးချဲ့ရန် စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ အာရှ-ဥရောပ ရေအောက်ကေဘယ်လ် အင်တာနက်ဆက်ကြောင်းဖြစ်သော SE-ME-WE 4 ကို ချိတ်ဆက်ရာတွင် လမ်းကြောင်းအတိုဆုံးဖြစ်သည့် လမ်းကို ရွေးချယ်သွယ်တန်းသွားမည်ဟုသိရသည်။

ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အနီးစပ်ဆုံးဖြစ်သော ရခိုင်ပြည်နယ်အတွင်းရှိ ဘူးသီးတောင် မောင်တောနယ်စပ်ဘက်မှနေပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အဆိုပါ ရေအောက်ကေဘယ်လ်ဆက်ကြောင်းအသစ်ကို သွယ်တန်းသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ယခုအသစ်ထပ်မံချိတ်ဆက်မည့် အင်တာနက် ဆက်ကြောင်းအသစ် မတိုင်မီတွင် SE-ME-WE 3 ဆက်ကြောင်းကို ရေဝတီတိုင်း ဖျာပုံမြို့နယ်မှနေ၍ စင်ကာပူနိုင်ငံနှင့် သွယ်တန်းချိတ်ဆက်ထားကြောင်း သိရသည်။

အဆိုပါ အာရှ-ဥရောပ ရေ အောက်ကေဘယ်လ်ဆက်ကြောင်း စီမံကိန်းသည် ဥရောပ တိုက်မှစတင်ပြီး အတ္တလန္တိတ်သမုဒ္ဒရာ၊ မြေထဲပင်လယ်၊ အိန္ဒိယ သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာများကို ဖြတ်ကာ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံများအထိ ချိတ်ဆက်သွယ်တန်းထားသော အင်တာနက် ဆက်သွယ်မှုစီမံကိန်းတစ်ခုဖြစ်သည်။

အဆိုပါကေဘယ်လ်များ ချိတ်ဆက်ထားရာ လမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံများတွင် မြန်မာနိုင်ငံအပါအဝင် တိုက်ရိုက်ချိတ်ဆက်မည့်နိုင်ငံပေါင်း သုံးဆယ့်လေးနိုင်ငံနှင့် ထိုစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမည့်နိုင်ငံပေါင်း ခြောက်ဆယ့်လေးနိုင်ငံ ပါဝင်သည်။

7 DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012

# 'ယနေ့ ငြိမ်းချမ်းရေးစကားပြောဆိုမှုတွေဟာ လအ အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိဖို့အတွက် အစပျိုးကြိုးပမ်းချက်တွေလို့ ကျွန်တော်တို့ မြင်ပါတယ်'

ငြိမ်းငြိမ်းနိုင်

## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးအောင်မိုးဇော်





၁၉၈၈ ရှစ်လေးလုံးအရေးတော်ပုံကြီးအပြီး ကျောင်းသားများကို ကိုယ်စားပြုသည့်ပါတီတစ်ရပ်အဖြစ် ပြည်တွင်းတွင် ဖွဲ့စည်းခဲ့ပြီးမှ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြည်ပရောက်နိုင်ငံရေးပါတီအဖြစ် ရပ်တည်ခဲ့သည့်လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနှင့် သမ္မတဦးသိန်းစိန်အစိုးရသစ်လက်ထက် ဖွဲ့စည်းလိုက်သည့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ဖေဖော်ဝါရီ ၅ ရက်က ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် တစ်နာရီကျော်ကြာ ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်အဖွဲ့ဝင်များဖြစ်သော ဦးလှမောင်ရွှေ၊ ဦးတင်မောင်သန်းနှင့် ဦးဆန်နီတို့ သွားရောက်တွေ့ဆုံခြင်းဖြစ်ပြီး ပါတီဘက်မှ ဦးအောင်မိုးဇော်ဦးဆောင်သော ပါတီအဖွဲ့ဝင်များက လက်ခံတွေ့ဆုံခဲ့ခြင်းဖြစ်သည်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို ၁၉၈၈ခုနှစ်၊ အောက်တိုဘာလတွင်ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးမိုးသီးဇွန်က ဦးဆောင်၍ နိုင်ငံရေးပါတီတစ်ရပ်အဖြစ် တရားဝင်ကြေညာရပ်တည်ခဲ့ခြင်းဖြစ်သည်။

၁၉၉၀ တွင် ပါတီခေါင်းဆောင်များ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရကာ ပါတီကိုပါ ဖျက်သိမ်းခံရသည့်အတွက် တိမ်းရှောင်သွားသည့် ပါတီခေါင်းဆောင်များက ၁၉၉၁တွင် ပါတီကို ထိုင်း-မြန်မာနယ်စပ်ရှိမာနယ်ပလောဒေသသို့ ပြောင်းရွှေ့ခဲ့ရာမှ ပြည်ပရောက် နိုင်ငံရေးပါတီတစ်ရပ်အဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီအပြင် အခြားသော ပြည်ပရောက်နိုင်ငံရေးအင်အားစု၊ အဖွဲ့စည်းများနှင့်လည်းတွေ့ဆုံဆွေးနွေးမှုများကိုငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့က ဆက်လက်ဆောင်ရွက်လျက်ရှိရာ ပြည်ပရောက် နိုင်ငံရေးပါတီတစ်ခု၏ လက်ရှိဆွေးနွေးပွဲများအပေါ် အမြင်ကို လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်နှင့် 7Day News မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

**■ ဦးအောင်မိုးဇော်တို့ ဒီနေ့ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့နဲ့ တွေ့ဆုံမှုအခြေအနေက ဘယ်လိုရှိပါသလဲ။**

နွေးထွေးမှုရှိတဲ့တွေ့ဆုံမှုပါ။ ပထမဆုံးအကြိမ် တွေ့ဆုံတာဖြစ်ပြီး အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုလို့ပြောလို့ရပါတယ်။

**■ ခုတွေ့ဆုံမှုကနေ လက်ဆုပ်လက်ကိုင်ပြောလို့ရတဲ့ ရလဒ်ရှိခဲ့တယ်လို့ပြောလို့ရမလား။ ဒါမှမဟုတ် ဒီလိုတွေ့ဆုံမှုတွေကနေ အမျိုးသား ရင်ကြားစေ့ရေးကို ဘယ်လောက်အတိုင်းအတာထိ ဖော်ဆောင်နိုင်မယ်လို့ ထင်မြင်ယူဆပါသလဲ။**

ရင်းနှီးမှု၊ နားလည်မှုပိုမိုရရှိလာတယ်လို့ထင်ပါတယ်။ နောက်ထပ်တွေ့ဆုံမှုတွေ အများကြီးလုပ်ရဦးမယ်လို့ ကျွန်တော်ယူဆပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ကတော့ ယနေ့တိုင်းပြည်ရဲ့ နိုင်ငံရေးဖြစ်စဉ်တွေမှာတရားဝင်ပါဝင်ပြီး တခြားနိုင်ငံရေးအင်အားစုတွေနဲ့ လက်တွဲပြီး တိုင်းပြည်ရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေမှာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းရှာဖွေတာဖြစ်ပါတယ်။

**■ ဦးအောင်မိုးဇော်တို့ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့နဲ့ တွေ့ဆုံဖို့ကို ဘယ်လိုဆက်သွယ်မှုရခဲ့တာပါလဲ။**

ဒီလဆန်းပိုင်းမှာ ငြိမ်းချမ်းရေး အကျိုးဆောင်တွေထဲက ဒေါက်တာကျော်ရင်လှိုင်ကျွန်တော်တို့ကို ဆက်သွယ်လာတယ်။ အဲဒီကစတယ်လို့ပြောရမယ်။ နောက်လေး၊ ငါးရက်ကြာတော့ ကျွန်တော်တို့ကို ဖိတ်စာပို့လာတယ်။ ဒီ ဖိတ်ခေါ်မှုကို ကျွန်တော်တို့က ကြိုဆိုလက်ခံခဲ့တယ်။ ဒါကြောင့် ဆွေးနွေးပွဲဖြစ်ခဲ့တာပါ။

**■ ဒီအဖွဲ့က လက်နက်ကိုင်အဖွဲ့တွေ၊ လက်နက်ကိုင်ပါတီတွေနဲ့ အဓိကတွေ့ဆုံနေတဲ့အချိန်မှာပဲ လူ့ဘောင်သစ်ပါတီလို ပြည်ပရောက်နိုင်ငံရေးပါတီကိုတွေ့ဆုံဖို့ ကမ်းလှမ်းတဲ့အပေါ် ဦးအောင်မိုးဇော်ဘယ်လိုမြင်ပါသလဲ။**

ပြည်ထောင်စုအစိုးရအနေနဲ့ ပြည်တွင်း၊ ပြည်ပနိုင်ငံရေးအင်အားစုတွေအားလုံးပါဝင်တဲ့ နိုင်ငံရေးဖြစ်စဉ်တစ်ရပ်ကိုဖော်ဆောင်ဖို့ လိုအပ်တယ်လို့ ယူဆပြီး အဲဒီလိုဖိတ်ကြားတယ်လို့ ကျွန်တော်ထင်ပါတယ်။

**■ ပါတီအနေနဲ့တွေ့ဆုံဖို့ လက်ခံလိုက်တာဟာ လက်ရှိဒီအဖွဲ့က လုပ်နေတဲ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုတွေကိုအတိုင်းတာတစ်ခုအရလက်ခံလို့၊ ထောက်ခံလို့လို့ ပြောရင်ရမလား။**

ယနေ့ ငြိမ်းချမ်းရေးစကားပြောဆိုမှုတွေဟာ အမျိုးသားပြန်လည်သင့်မြတ်ရေး ရရှိဖို့အတွက် အစပျိုးကြိုးပမ်းချက်တွေလို့ ကျွန်တော်တို့မြင်ပါတယ်။ ပါတီအနေနဲ့ ကြိုဆိုပါတယ်။ နိုင်ငံရေးအရ ဆွေးနွေးမှုတွေကို ကျယ်ကျယ်ပြန့်ပြန့်တော့ ဆက်လုပ်ရဦးမှာဖြစ်ပါတယ်။

**■ ပြီးတော့ သမ္မတ ဦးသိန်းစိန် အစိုးရအပေါ် ဒီအဖွဲ့ရဲ့ကိုယ်စားပြုနိုင်မှုကို ဘယ်လိုသုံးသပ်မိပါသလဲ။**

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းဟာ အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးဖြစ်သလိုနိုင်ငံတော်သမ္မတရဲ့ ငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင်ဖြစ်တယ်လို့ သိရပါတယ်။ ဘယ်လောက်အတိုင်းအတာထိ တာဝန်ပေးအပ်ခြင်းခံရတယ်ဆိုတာတော့ ကျွန်တော်လည်း မသိနိုင်ပါဘူး။ သို့သော်လည်း ဦးအောင်မင်းဟာ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းတွေမှာ တော်တော်ကို ထဲထဲဝင်ဝင် လေးလေးနက်နက်လုပ်ဆောင်နေတဲ့ ဝန်ကြီးတစ်ဦးဖြစ်တယ်လို့ ကျွန်တော်တို့ သုံးသပ်ပါတယ်။

**■ အရင်လက်နက်ကိုင်တွေနဲ့ တွေ့တော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲပေါ့လေ။ အခုပါတီတွေနဲ့တွေ့တာကျတော့ ဘယ်လိုခေါင်းစဉ်အောက်ကဖြစ်မလဲ။ အစိုးရဘက်ကဘယ်လိုပုံစံမျိုးနဲ့ ကမ်းလှမ်းခဲ့တာလဲ။**

ကျွန်တော်တို့နဲ့ နိုင်ငံရေး စကားပြောဖို့ တွေ့ဆုံဆွေးနွေးဖို့ ဖိတ်ခေါ်ခဲ့တာပါ။ ဘယ်ခေါင်းစဉ်လည်းဆိုတာတော့ ကျွန်တော်လည်းမသိပါဘူး။ နိုင်ငံသားတစ်ဦးအနေနဲ့ ဖြစ်ဖြစ်၊ နိုင်ငံရေးပါတီတစ်ခုအနေနဲ့ ဖြစ်ဖြစ် ကျွန်တော်တို့တိုင်းပြည်ရဲ့ ပြဿနာတွေ ပြေလည်စေဖို့၊ ကျွန်တော်တို့တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာနိုင်စေဖို့ စကားပြောရမယ်ဆိုရင် ဘယ်သူနဲ့မဆို ဘယ်လိုပုံစံမျိုးနဲ့ပဲ ဖြစ်ဖြစ် တွေ့ဆုံပြောဆိုမှာဖြစ်ပါတယ်။ စကားပြောဆိုတာဟာ အငြင်းပွားရန်ဖြစ်နေတာထက်စာရင် အဖြေရဖို့ နီးစပ်နိုင်ပါတယ်။

**■ ဦးအောင်မိုးဇော်အနေနဲ့ ပြည်ပရောက်ပြီး နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်းမှာ အခုလို ပြည်တွင်းအစိုးရတာဝန်ရှိသူတွေရဲ့ ကမ်းလှမ်းမှုကိုရတာပထမဆုံးဖြစ်မယ်ထင်ပါတယ်။ အဲဒီလို တွေ့ဆုံဆွေးနွေးဖို့ မျှော်လင့်ခဲ့ပါသလား။**

တစ်ချိန်ချိန်မှာ ကျွန်တော်တို့ စကားပြောကိုပြောရမယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ခဲ့ပါတယ်။ ကျွန်တော်တို့ အနှစ် ၂၀ ကျော် တစ်စိုက်မတ်မတ်ဆောင်ရွက်ခဲ့တဲ့ ဆောင်ရွက်ချက်ရဲ့ မျှော်မှန်းချက်ဟာ တိုင်းပြည်ကို နာကျင်မှုအနည်းဆုံးနဲ့ ဒီမိုကရေစီရေးလမ်းကြောင်းပေါ် ရောက်အောင်၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ် ရောက်အောင် တွန်းတင်နိုင်ဖို့ပါပဲ။

**■ ပြည်တွင်း လက်ရှိအခြေအနေတွေနဲ့ ပတ်သက်ပြီးတော့လည်း မေးချင်ပါတယ်။ လက်ရှိနိုင်ငံရေး အခင်းအကျင်းတွေအပေါ် ဘယ်လိုမြင်ပါသလဲ။**

ကျွန်တော်တို့တိုင်းပြည်ဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းကြောင်းပေါ်ကို တက်လှမ်းနိုင်ဖို့အတွက် အခြေအနေသစ်တွေဖြစ်ထွန်းနေတယ်လို့ သုံးသပ်ပါတယ်။ ဒီအခြေအနေတွေကို အားလုံးက မိမိရရ ဆုပ်ကိုင်နိုင်ဖို့ လိုအပ်ပါတယ်။ နောက်ကြောင်းပြန်လှည့်မှာကိုတော့ အတော်ကို စိုးရိမ်မိပါတယ်။ တိုင်းပြည်က အရမ်းနာနေပြီ။ အာဏာပိုင်များအပါအဝင် နိုင်ငံရေးအင်အားစုအားလုံး ခိုင်ခိုင်ခန့်ခန့်လက်တွဲနိုင်တဲ့အခြေအနေရှိမှ သူများတွေထက် လေး၊ ငါးဆယ်ဆအပင်ပန်းခံပြီး ကြိုးစားနိုင်ပါမှ ကြိုးပမ်းနိုင်မယ့် အခွင့်အလမ်းအခြေအနေတွေကိုလည်း လက်ရှိအစိုးရအနေနဲ့ မဖြစ်ဖြစ်အောင်ဖန်တီးမယ်၊ နောက်ပြန်မလှည့်တော့ဘူးဆိုတဲ့ နိုင်ငံရေးစိတ်ဆန္ဒပြင်းထန်ပါမှ ကျွန်တော်တို့ တိုင်းပြည်ခံစားနေရတဲ့ ရောဂါဝေဒနာတွေ တဖြည်းဖြည်း ကုစားသွားနိုင်ပါလိမ့်မယ်။

**■ ပြည်တွင်းက အရင်လက်ကျန် အင်အားစုတွေရော ပြန်လည်စုစည်းပြီး ပြည်တွင်းမှာရော တရားဝင်နိုင်ငံရေးပါတီအနေနဲ့ရပ်တည်ဖို့ဖြစ်လာနိုင်လား။ အခုလို ဆွေးနွေးမှုတွေကနေဒါမှမဟုတ် လက်ရှိနိုင်ငံရေးအခင်းအကျင်းတွေကို မြင်တွေ့ရခြင်းတွေကနေပြီးတော့ပေါ့။**

တရားဝင်နိုင်ငံရေးပါတီအဖြစ်ရပ်တည်နိုင်တဲ့ အခင်းအကျင်းရှိခဲ့ရင် ကျွန်တော်တို့ တရားဝင်ပါတီအဖြစ် ရပ်တည်မှာပါ။ အဲဒီလို အခြေအနေဖြစ်ဖို့အချိန်တော့ နည်းနည်းယူရဦးမယ်ထင်တယ်။

**■ နောက်ဆုံးမေးချင်တာကတော့ ပြည်ပရောက်နေတဲ့ပုဂ္ဂိုလ်အချို့ ပြန်လာတာတွေ့ရပါတယ်။ ဦးအောင်မိုးဇော် မြန်မာပြည် ပြန်လာဖို့အစီအစဉ်ရှိပါသလား။ ပြန်လာနိုင်မယ့် အခြေအနေရောရှိပြီလို့ ယုံကြည်ပါသလား။**

ကျွန်တော်အနေနဲ့ကတော့ ပါတီနဲ့အတူ ကျွန်တော်တို့ရဲ့ဘော်ရဲဘက်အားလုံးနဲ့အတူပြန်လာနိုင်တဲ့ အခြေအနေရှိမှ ပြန်လာမယ်လို့ ပြောချင်ပါတယ်။ ။

---

## ရှေးဟောင်းအဆောက်အအုံများ နိုင်ငံတကာစံနှင့်အညီ ပြုပြင်ထိန်းသိမ်းနိုင်ရန် စတင်ဆောင်ရွက်

**အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၇**

ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းများကို နိုင်ငံတကာမှ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်အတွက် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်မည့် အလုပ်ရုံဆွေးနွေးပွဲကို ပုဂံမြို့တွင် သုံးရက်အကြာ ပြုလုပ်မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်အေးမိစိန်က ပြောသည်။

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းစီမံချက်အား ယူနက်စကိုနှင့် ပူးပေါင်းဆောင်ရွက်ရန် အီတလီနိုင်ငံကယူရိုငွေလေးသိန်းထောက်ပံ့ကြောင်း သဘောတူညီချက်အပြီး တစ်လခန့်အကြာတွင် ယင်းဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်သည်။

ယခုကျင်းပပြုလုပ်မည့်ဆွေးနွေးပွဲတွင် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖြစ်ပြီး အထက်ပါဦးစီးဌာနနှင့်မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှပညာရှင်များ၊ မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်းမှ ပညာရှင်များပူးပေါင်းဆွေးနွေးကြမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မိုးရေကြောင့် ထိခိုက်ပျက်စီးသော ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ စည်းမျဉ်းစံနှုန်းများဖြင့်ဆောင်ရွက်နေသော ထိန်းသိမ်းမှုဆိုင်ရာ သီအိုရီများ၊ ရှေးဟောင်းသစ်သားဘုန်းတော်ကြီးကျောင်းများ ဗိသုကာအမွေအနှစ် ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆွေးနွေးကြမည်ဖြစ်သည်။ယခုလက်ရှိထိန်းသိမ်းထားသော ပျူခေတ်နှင့် ပုဂံခေတ်စေတီပုထိုးများနှင့် မြောက်ဦးဒေသရှိရှေးဟောင်းကျောက်အဆောက်အအုံများကို ထိန်းသိမ်းရာတွင် တွေ့ကြုံနေရသော အခက်အခဲများကိုလည်းဆွေးနွေးကြမည်ဟု သိရသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ပုဂံမြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012

# ထင်းရှူးရနံ့ ဆားငန်ရေနှင့် တမာနံ့ဝေသော မြန်မာ –



ဓာတ်ပုံ - ဇေယျာအောင်(အရှေ့ပိုင်း)

**မြန်မာနိုင်ငံမှာမပျက်စီးသေးတဲ့ တန်ဖိုးတွေအများကြီးရှိပါသေးတယ်။ အထူးသဖြင့်မြန်မာလူမျိုးတွေရဲ့ရိုးသားပွင့်လင်းတဲ့အပြုံးတွေဟာ အခြားနေရာတွေမှာတွေ့ဖို့မလွယ်တဲ့ထူးခြားမှုတွေပါ။**

*(စီအင်န်အင်န်သတင်းတစ်ပုဒ်မှ ကောက်နုတ်ချက်)*

ချမ်းငြိမ်း

(၁)

မကြာသေးမီက စီအင်န်အင်န်သတင်းဌာနကြီးက ထုတ်ပြန်ခဲ့သော သတင်းတစ်ပုဒ်အရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်၌ သွားလာလည်ပတ်စရာအကောင်းဆုံးနိုင်ငံများစာရင်းတွင် အဆင့်သုံးအဖြစ် ရွေးချယ်ခံရကြောင်း၊ ယင်းသို့ ရွေးချယ်ခံရခြင်းမှာ အထက်ဖော်ပြပါအချက်အလက်များနှင့် ကိုက်ညီ၍ဖြစ်ကြောင်း ဖော်ပြထားပြီး မြန်မာလူမျိုးတို့၏ နွေးထွေးဖော်ရွေမှု၊ ညှော့်ဝတ်ကျေပွန်မှုနှင့် ကူညီဖေးမတတ်မှုတို့ကို ပုံရိပ်ထင်ရေးသားထားသည်ကို ဖတ်ရှုခဲ့ရပါသည်။ မှန်ပါသည်။ နိုင်ငံခြားသားတို့က မြန်မာပြည်နှင့်ပတ်သက်၍ Golden Land ဟူ၍လည်းကောင်း Ruby Land ဟူ၍လည်းကောင်း ခေါ်ဝေါ်ခဲ့ကြရာမှ ယခုဆိုလျှင် အချို့သောနိုင်ငံခြားသားတို့က Virgin Land (အပျိုစင်မြေ)ဟုပင်ခေါ်ဝေါ်လာကြသည်။ အပျိုစင်မြေဟုခေါ်ဆိုရခြင်းမှာမြန်မာနိုင်ငံသည်သဘာဝအလှအပများ၊ တောတောင်ရေမြေများ နဂိုရှိရင်းစွဲအတိုင်း မပျက်စီးသေးဘဲ ရှိနေသေး၍ ယင်းသို့ ခေါ်ဝေါ်ခြင်းဟု မှတ်ယူရပါသည်။

မြန်မာနိုင်ငံကို ချစ်သော၊ အမိမြန်မာပြည်ကိုမြတ်နိုးသော နိုင်ငံသားတစ်ဦးအနေဖြင့် မိမိတို့နိုင်ငံသည်နိုင်ငံခြားသားများယင်းသို့ခေါ်ဝေါ်ကြသည်ကိုပင်ပြည့်စုံသည် မထင်ပါ။ မြန်မာပြည်သည် ဆန့်ကျင်ဘက်အလှအပများ တစ်နည်းဆိုရလျှင် မတူညီသောအလှအပများ စုစည်းတည်ရှိရာဆုံချက်ဖြစ်ပါသည်။ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် ပေပေါင်းထောင်သောင်းချီသည့်တောင်ထွတ်၊ တောင်တန်းများ၊အလယ်မြေလတ်ပိုင်း၌ ပြန့်ပြူးညီညာသော မြေပြန့်များ၊ အနောက်ဘက်နှင့်တောင်ဘက်စွန်းတွင်ပင်လယ်ကမ်းခြေအလှအပများဖြင့် စုစည်းတည်ရှိရာနိုင်ငံဖြစ်ပါသည်။

(၂)

အာရုံတွင် မကြာခဏသတိရနေမိသည်မှာ ရှမ်းပြည်တောင်ပိုင်း ကလော၊ အောင်ပန်း၊ ပင်းတယလမ်းပိုင်းတစ်လျှောက်ဖြစ်ပါသည်။ ကလောမြို့သည် တောင်ကုန်းအနိမ့်အမြင့်များဖြင့် ဖွဲ့စည်းတည်ထားသည့် မြို့ကလေးပီပီ တစ်မြို့လုံးဘယ်သွားသွားပန်းပေါင်းဝေဆာနှင့် ရနံ့သင်းဖြာနေတတ်သည်။ကလောမြို့ဝန်းကျင်ရှိ တိုင်းရင်းသားရွာလေးများ၌ အချို့သောနေအိမ်များမှာ သစ်သားဖြင့်ဆောက်လုပ်ထားသော အိမ်ခန်းရှည်ကြီးများဖြစ်ကြသည်။ ရေကိုဝါးကျည်တောက်ဖြင့် ချောင်းထဲမှ ခပ်ကာ သောက်ကြသည်။ ကလောဝန်းကျင် တောင်စောင်းတို့၌ လက်ဖက်၊ နှမ်း၊ ငှက်ပျော၊ ချင်း၊ ပိန်းဥ၊ အာလူး၊ ဂျုံးမြစ်၊ ဂေါ်ဖီထုပ်များစိုက်ပျိုးကြသည်။ ငါးရက်တစ်ဈေးနေ့တွင် တိုင်းရင်းသားများသည် ရောင်စုံရိုးရာဝတ်စုံကိုဝတ်ဆင်ကာ ခေါင်း၌ ပလိုင်းများသိုင်း၍ တောင်ပေါ်မှ ဆင်းလာလေ့ရှိကြသည်။

တစ်နှစ်ပတ်လုံး အမြဲလိုလိုလှပနေသည်မှာ အောင်ပန်းမှ ပင်းတယသို့သွားသော ကားလမ်းမကြီးနံဘေး ဝဲယာတစ်လျှောက်ဖြစ်သည်။ နိုင်ငံခြားသားများက 'မြန်မာ-ဆွစ်ဇာလန်လမ်းမကြီး'ဟုပင်က ခေါ်ဝေါ်ကြသော အောင်ပန်း-ပင်းတယလမ်းသည် အလွန်လှပသောလမ်းဖြစ်ပါ၏။ ကားလမ်းနံဘေးမှ ကြည့်သောအခါ ဒေသခံတောင်သူတို့စိုက်ပျိုးထားသော ရာသီအလိုက် အသီးအနှံခင်းများ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်ခင်းများ၊ ဂျုံခင်းများသည် တစ်မျှော်တစ်ခေါ်ကြီးရှုမျှော်မဆုံး အနီတစ်ကန့်၊ အဝါ တစ်ကန့်၊ အစိမ်းတစ်ကန့်၊ အဖြူတစ်ကန့် အထပ်ထပ်မြင်ရပုံမှာ အံ့ဩဘနန်းရှိလှသည်။ ထင်းရှူးတောများထဲ ခေတ္တအနားယူကာ ထင်းရှူးရနံ့ကိုရှူရှိုက်နိုင်သည်။ထိုသီးနှံခင်းများ၊ဟင်းသီးဟင်းရွက်ခင်းများထဲတွင်သင်တိုင်းအမည်းရောင်ခေါင်းပေါင်းထားသည့် ခနုမိသားစုများ၊ ပအိုဝ်မိသားစုများ အုပ်စုလိုက်အလုပ်လုပ်နေပုံကိုမြင်တွေ့နိုင်ပါသည်။ စပါးပင်များကိုလက်ဖြင့်ဆုပ်ကာ သစ်တုံးများပေါ်တွင် ရိုက်၍ စပါးစေ့ခြွေနေခြင်း၊ အာလူးစိုက်ပျိုးရန် မြေတောင်ပို့ကလေးများကို ပေါက်တူးနှင့်ညီညာစွာ စုရုံးပေါက်နေခြင်း စသဖြင့် သက်ဝင်လှုပ်ရှားသည့် ရှုခင်းများဖြင့် အောင်ပန်း၊ ပင်းတယဝန်းကျင်သည် မည်သည့်အခါပင်ဖြစ်စေ မျက်လုံးပိတ်၍ တွေးလိုက်တိုင်း အာရုံထဲ အထင်းသား မြင်တွေ့ရသော ရှုမျှော်ခင်းများဖြစ်ပါသည်။ သည်လို တောင်ပေါ်ရှုမျှော်ခင်းများရှိသလို ဆားငန်ရနံ့၊ ဆားငန်ဓာတ်ပါသော လေပြည်လေညင်း တဖြူးဖြူးသုတ်နှင်သည့် ပင်လယ်ကမ်းခြေဒေသများဖြစ်သောငပလီ၊ချောင်းသာ၊ငွေဆောင်၊ မောင်းမကန်နှင့် မြိတ်ကျွန်းစုများသည် အမိမြန်မာနိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော အလွန်လှပသည့်ပင်လယ်ကမ်းခြေဒေသများဖြစ်ပါသည်။ ထိုဒေသများတွင် ငါးဖမ်းလုပ်ငန်း၊ အခြောက်လှန်းလုပ်ငန်း စသည့်ရေလုပ်သားများ၏ဘဝကို အနီးကပ်မြင်တွေ့နိုင်သလိုကာဗွန်ဒိုင်အောက်ဆိုက်လွတ်ကင်း၍ ဆားငန်ဓာတ်ပါသောလေကို တစ်ဝကြီးရှူရှိုက်နိုင်ကြသည်။

ထနောင်းပင်၊ရှားစောင်းပင်၊မန်ကျည်းပင်အို၊ တမာပင်ပျိုတို့ဖြင့် ဖုန်တထောင်းထောင်းထအောင်နွေသရုပ်ပေါ်စေသည့် အညာဒေသမှာလည်း မြန်မာပြည်၏ ရင်နှစ်သည်းချာနေရာဖြစ်သည်ကိုမငြင်းနိုင်ပေ။ မြောက်မြားလှစွာသော စေတီပုထိုးများနှင့် ပုဂံဒေသ၊ တမာရနံ့ဝေသော မန္တလေးဝန်းကျင် ဘုရားပရိဝုဏ်များ၊ မန္တလေးတောင်နှင့် အမရပူရမဟာဝေယံဘုံသာကျောင်းကြီး၊ ဦးပိန်တံတား၊ အင်းဝ၊စစ်ကိုင်းနှင့်ဧရာဝတီမြစ်တစ်ဖက်ကမ်း မင်းကွန်းဒေသတို့သည် ရှေးမြန်မာမင်း အဆက်ဆက် နန်းတက်ဆက်ခံခဲ့ရာ မြို့တော်များဝန်းကျင်ဖြစ်၍မြန်မာရနံ့ အပြည့်အဝရစေသော အလယ်ပိုင်းဒေသ အဖိုးတန်ရတနာမြေများဖြစ်ပါသည်။ အထူးသဖြင့် စလေမြို့ရှိ ၁၈၈၂ ခုနှစ်တွင် တည်ဆောက်ခဲ့သော ပန်းပုရုပ်စုံကျောင်းကြီးသည် မြန်မာမှု အနုပညာကို လှစ်ဟ၍နေပါသည်။ မန္တလေးမှမင်းကွန်းသို့ သွားမည်ဆိုပါကဧရာဝတီမြစ်အတွင်းရေချိုးဆင်းသူများ၊ ရေခပ်ကြသူများ၊ သဲသောင်ကမ်းစပ် ကျောက်ကပြင်တွင် အဝတ်လျှော်နေသော အညာသူ၊ အညာသားများ ပျားပန်းခတ်လှုပ်ရှားနေသည်ကိုမြင်တွေ့ရနိုင်သည်။ မြစ်ရေအတွင်း၌ လှေ၊ သင်္ဘောများဖြင့် အသက်မွေးကြသူများ၊ မြစ်လယ်သောင်ပြင်မှ သဲများကိုတူးဖော်၍ သဲရောင်းကြသူများ၊ မြစ်ကမ်းနံဘေးကမ်းခြေတွင် သေးငယ်သောတဲအိမ်ကလေးများဆောက်လုပ်ကာ ရေလုပ်ငန်းအသက်မွေးမှုဖြင့် ဘဝကိုဖြတ်သန်းနေကြသူများ၊ သစ်ဖောင်၊ ဝါးဖောင်များနှင့် မြစ်ကြောတစ်လျှောက် စုန်ချည် ဆန်ချည်မျောပါနေကြသူများ၊ ကျွန်းများ၊ သဲသောင်ပြင်များပေါ် စိုက်ပျိုးနေကြသူများစသည့်မြန်မာလူနေမှုစရိုက်စုံ အသက်မွေးမှုကို မြင်တွေ့ရပါသည်။ ယင်းတို့သည် အမိ မြန်မာနိုင်ငံ၏ စစ်မှန်သော၊ အမြဲလိုလိုမြင်တွေ့ရနိုင်သော တကယ့်လူမှုဘဝများဖြစ်ပါသည်။

ဤမျှမက ချယ်ရီပန်းများဝေဆာ၍ တိမ်တွေကိုပင် ပြန်လည်ငုံ့ကြည့်ရသော ချင်းတောင်ဒေသ နတ်မတောင်ဝန်းကျင်နှင့် အလွန်တရာ လှပသောအသည်းပုံ ရိဒ်ရေကန်ကြီးသည် အမိမြန်မာပြည်၌တည်ရှိပါသည်။ထို့အတူ အလွန်တရာ ရင်သပ်ရှုမောဖွယ်ရာကောင်းသည့်ရေခဲတောင်တန်းကြီးများ မြန်မာပြည်မြောက် ဖျား၌ အစဉ်အတိုင်းတည်ရှိသလို အိမ်အောက်မှာပင် အဖိုးတန်ကျောက်မျက်ရတနာများထွက်ရှိရာ မိုးကုတ်ဒေသသည်မြန်မာတို့၏အဖိုးမဖြတ်နိုင်သောရတနာမြေများဖြစ်ပါသည်။ မိုးကုတ်လို ရတနာမြေပေါ်၌တည်ထားသည့်မြို့ကမ္ဘာပေါ်တွင်မည်သည့်နေရာမှမရှိပါ။

ဆိုရလျှင် စာဖွဲ့၍ မဆုံးနိုင်သည်မှာ ချစ်သောမြန်မာပြည်ဖြစ်ပါသည်။

(၃)

တကယ်တမ်း နိုင်ငံတကာက မြန်မာပြည်ကို စွဲမက်ကြသည်မှာ ထိုထိုရှုခင်းများကြောင့်သာမဟုတ်ပါ။ အဓိကမှာ ကမ္ဘာတွင် ယနေ့တိုင် တွေ့ရခဲနေပြီဖြစ်သော လူမျိုးတစ်မျိုး၏ ပျူငှာဖော်ရွေမှု၊ ရိုးသားမှု၊ ပွင့်လင်းသောအရယ်အပြုံးနှင့် ကူညီဖေးမမှု၊ အလှူဒါနပေးကမ်းရက်ရောခြင်းတို့သည်မြန်မာလူမျိုး၊ မြန်မာတိုင်းရင်းသားတို့၌ တွေ့ရှိရခြင်းကြောင့်ဖြစ်လေသည်။ မကြာသေးမီရက်ပိုင်းက မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သော ကမ္ဘာလှည့်ခရီးသွားစာရေးဆရာတစ်ယောက်သည် ရွှေတိဂုံရင်ပြင်ပေါ်၌ ဧင်းကြုံတွေ့ခဲ့ရသော မြန်မာလူမျိုးတို့၏ နွေးထွေးဖော်ရွေမှုကို နိုင်ငံခြားသတင်းစာတစ်စောင်၌ပြန်လည်ရေးသားခဲ့ပါသည်။ ထိုကမ္ဘာလှည့်ခရီးသွားသည် ရွှေတိဂုံစေတီသို့ သွားရောက်လည်ပတ်စဉ် အလွန်အမင်း ရေငတ်နေချိန်၌ ဘုရားလုံခြုံရေးဝန်ထမ်းတစ်ဦးက ရိပ်စားမိ၍ အေးမြသော သောက်ရေဘူးတစ်ဘူးအား မေတ္တာဖြင့် လာရောက်ပေးခြင်းကို ခံယူရပုံ၊ ထိုဝန်ထမ်းအား အခကြေးငွေပေးသောအခါ ငြင်းပယ်ခံရပုံ၊ ထိုသို့ ညှော့်ဝတ်ကျေပွန်သည့်လူမျိုး ယခင်က မတွေ့ခဲ့ရဖူးပုံကို တဖွဲ့တနွဲ့ ရေးသားထားပါသည်။

သို့သော်ခြွင်းချက်အနေဖြင့်ကား မြန်မာတို့သည်လည်း လူထဲကလူဖြစ်သည့်အားလျော်စွာ ပြီးခဲ့သည့်နှစ်က ကျောက်ပန်းတောင်းမြို့နယ်အတွင်း ဂျပန်အမျိုးသမီးငယ်တစ်ဦးအား အဓမ္မကြံစည်ရာမှ လက်လွန်၍ သေဆုံးသွားသောဖြစ်ရပ်မျိုးကို မြန်မာလူမျိုးတိုင်း မြန်မာနိုင်ငံသားတိုင်း ထိုသို့မဖြစ်ရလေအောင် အတတ်နိုင်ဆုံး ကာကွယ်ပေးရမည်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်၏ အသိမိုက်မဲမှုကြောင့် လူမျိုးတစ်မျိုးလုံး၏ပုံရိပ်စွန်းထင်းစေသည့်ဖြစ်ရပ်မျိုးမဖြစ်ရလေအောင်နိုးကြားစွာဖြင့် ကာကွယ်သတိရှိကြရမည်ဖြစ်ပါသည်။

အမိမြန်မာပြည်သည် အမျိုးဘာသာ၊ သာသနာအား စောင့်ရှောက်တတ်သော အမျိုးကောင်းသားတို့၏ စောင့်ရှောက်ရာမြေသာဖြစ်စေချင်ပါသည်။ ။

# ခေတ်ပတ်ဝန်းကျင်၊ လူငယ်နှင့် တားဆီးရမည့်ပြဿနာ

**မင်းသန်းထိုက်(ဒေးဒရဲ)**

၂၀၁၂ ခု ဇန်နဝါရီ ၂၆ ရက်ထုတ် 7Day News ဂျာနယ်တွင် မနှစ်မြို့ဖွယ် သတင်းတစ်ပုဒ်ကို စိတ်ဆင်းရဲစွာဖြင့် ဖတ်လိုက်ရသည်။ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် ၁၈ နှစ်မပြည့်သေးသူ အမျိုးသမီးငယ်တစ်ဦးကို အသက် ၂၀ ကျော်အရွယ် အမျိုးသားငယ်တစ်ဦးက လိမ်ညာခေါ်ဆောင်ပြီး သားမယားပြုကျင့်သည့်သတင်းဖြစ်သည်။ အလားတူ သတင်းမျိုးကို ဂျာနယ်များတွင် မကြာခဏဆိုသလိုဖတ်ရသည်။ ဖတ်ရတိုင်းလည်း ဖခင်တစ်ဦးအနေနှင့် သားသမီးချင်း ကိုယ်ချင်းစာစိတ်ဖြင့် စိတ်နှလုံးညှိုးချုံးရပါသည်။

ဗုဒ္ဓဘာသာဝင်အများစုနေထိုင်သော တို့တိုင်းပြည်ကြီးမှာ ဘာတွေဖြစ်ကုန်ပြီလဲ။ ခေတ်ကပြောင်းလဲလာတာလား။ လူတွေရဲ့ တန်ဖိုးထားမှုစံတွေ သွေဖည်ကုန်တာလား။ ဟီရိနဲ့ဩတ္တပ္ပကို လောကပါလတရားနှစ်ပါးလို့မှတ်ယူထားတဲ့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဒါတွေကို ဘယ်လိုတားဆီးနိုင်မလဲ။ တားဆီးဖို့ရော ဘယ်သူတွေမှာ တာဝန်ရှိသလဲ။ ကျွန် တော်တစ်ယောက်တည်း ဦးနှောက်ခြောက်မတတ် အတွေးဝဲဂယက်ထဲမှာ ချာချာလည်နေမိပါတော့သည်။

သည်လိုတိကျရေရာသော အဖြေမရှိသည့်ပုစ္ဆာတစ်ခုအတွက် ဦးနှောက်ခြောက်နေဆဲ တစ်နေ့တွင် စာသင်ခန်းထဲ၌ မကြားသင့်သော စကားတစ်ခွန်းကို ကြားခဲ့မိရာက ဤစာကိုရေးဖြစ်ခြင်းဖြစ်ပါသည်။ ကျောင်းခဏခဏပျက်သော ဆယ်တန်းကျောင်းသားတစ်ယောက်ကို ကျောင်းမှန်မှန် တက်ဖို့ပြောနေစဉ်တခြား ကျောင်းသားတစ်ယောက်က နောက်ပြောင်သည့် လေသံဖြင့် "အဲဒီကောင် မာဆပ်(Massage) သွားသွားနေတာဆရာ"တဲ့။ ကျောင်းသူ၊ ကျောင်းသားအများရဲ့ရှေ့မှာ။ ပြောတဲ့ကျောင်းသားကလည်း အလေးအနက်ပုံစံမဟုတ်။ အပြောခံရသူကလည်းဘာမှမဖြစ်သလိုပေါ့ပေါ့ပါးပါး။ တခြား ကျောင်းသား၊ ကျောင်းသူတွေကလည်း အေးအေးဆေးဆေး။ သည်စကားလုံး၊ သည်ဝေါဟာရသည် သူတို့အားလုံးနှင့် အကျွမ်းတဝင်ရှိနေသည့်ပုံစံမျိုး။ သည်လိုနေရာသည် သူတို့အသက်၊ သူတို့အရွယ်နှင့် အပ်စပ်သောနေရာမဟုတ်ဟု ယူဆထားဟန်မတူ။ ကျွန်တော့်မှာသာ ကြွေ့သိက္ခာနှင့်နေတတ်သော ကျောင်းသူအချို့ကို ကြားထဲကနေ မျက်နှာပူနေမိတော့၏။

ကိုယ်နှင့် အကျွမ်းတဝင်ရှိသင့်သည့် ကျောင်းသင်ခန်းစာလို ဟာမျိုးကျတော့ မနေ့ကသင်ထားတာ ဒီကနေ့ပြန်မေး၍မရ။ အချို့ဆို သင်ထားပြီးမှန်းဘာမှန်းတောင်မမှတ်မိ။ ကျောင်းပျက်လို့ လွတ်သွားသည့် သင်ခန်းစာအတွက် စိတ်ပူရကောင်းမှန်းမသိ။ ကိုယ်နားမလည်တာကို မှတ်ပြီး ဆရာတွေကိုပြန်မေးဖို့ဝေးလို့ကိုယ်ကျောင်းပျက်တုန်း ပေးထားတဲ့မှတ်စုလိုဟာမျိုးတောင်ပြန်မကူးကြတော့။ အဲ-ကိုယ့် အသက်၊ ကိုယ့်အရွယ်နဲ့ မအပ်စပ်တဲ့ကိစ္စမျိုးကျတော့ 'မာဆပ်' ဆိုတာ ဘယ်လိုနေရာမျိုးလဲက စပြီးကာမလှုံ့ဆော်သည့် ပီကေလိုဟာမျိုး၊ ကော်ဖီမစ်လိုဟာမျိုးအထိ သူတို့ အကျွမ်းတဝင်ရှိကြသည်။ ဒါတင်ပဲလားဆိုတော့ ဗကဘိုးဘိုးကြီးကို ကာဠုဒါယီအမတ်ဖြေသလို "ဒီ့ထက်ပိုသေး"ဟုပင် ဖြေရမည်ထင်ပါသည်။ စိတ်မောစရာပင်။

ကျွန်တော်သည် ကျွန်တော်တို့ ဆယ်တန်းကျောင်းသားဘဝ ထိတွေ့ဆက်ဆံခဲ့ရသည့် ပတ်ဝန်းကျင်။ ယနေ့ခေတ်လူငယ်များ ထိတွေ့ဆက်ဆံနေရသည့် ပတ်ဝန်းကျင်။ သည်နှစ်ခုကို ချိန်ထိုးနှိုင်းယှဉ်ရင်း လူငယ်အချို့၏ ကိုယ်ကျင့်တရားစံတွေ သွေဖည်လာမှုအပေါ် သုံးသပ်ကြည့်မိသည်။

*စာ(၃၁) သို့*

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.48 • FEBRUARY 16 , 2012

# လူထုအားဖြင့် တိုင်းပြည်ဖွံ့ဖြိုးရန် ကြိုးပမ်းရမည်ဟု ဒေါ်အောင်ဆန်းစုကြည်ပြောကြား

**ဥက္ကာကိုကို၊ သိမ့်သိမ့်စိုး၊ သန်းဌေး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၂**

ပြည်သူလူထု၏ အင်အားများဖြင့် ဒေသဖွံ့ဖြိုးမှုမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုသို့ လျှောက်လှမ်းမည်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က သူမ ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်တွင် ပထမဆုံးမဲဆွယ်စည်းရုံးရေးခရီးစဉ်ဖြစ်သည့် ကော့မှူးမြို့နယ်၊ ငှက်အော်စမ်းကျေးရွာတွင် လူထုအားပြောကြားခဲ့သည်။

"ကိုယ့်ဒေသလေးကိုပဲ ကွက်ပြီး ကြည့်လို့မရဘူး။ ကော့မှူးမှာ အဆင်ပြေမှ တစ်နိုင်ငံလုံး အဆင်ပြေမယ်။ ကျွန်မတို့ တစ်နိုင်ငံလုံး အဆင်ပြေမှ ကော့မှူးအဆင်ပြေမယ်။ အဲဒီလို ဆက်နွယ်မှုမျိုးကို ကျွန်မတို့ နားလည်နိုင်ဖို့လိုပါတယ်" ဟု ဒေါ်အောင်ဆန်းစုကြည်ကဆိုသည်။

"ကျွန်မတို့ဘက်ကတော့ ပြည်သူတွေ ထုတ်လိုက်တဲ့ အင်အားတွေအလဟဿမဖြစ်အောင် လို့ ဒီအင်အားကို မှန်မှန်ကန်ကန်သုံးပြီးတော့ ပြည်သူတွေအတွက် ပြန်လုပ်ပေးဖို့ဖြစ်ပါတယ်"ဟုဒေါ်အောင်ဆန်းစုကြည်ကဆက်ပြောခဲ့သည်။

ပညာရေးနှင့်ပတ်သက်၍လည်း "ပညာရေးဟာ အရေးကြီးတယ်။ ပညာရေးကို အလေးထားတယ်။ ပညာဆိုတာ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်ပဲ။ ကလေးတွေရဲ့ အနာဂတ်ဟာ နိုင်ငံရဲ့အနာဂတ်ပါပဲ။ လမ်းမှာ လာတော့ ကလေးလေးတွေ ပုစုခရုလေးတွေအများကြီးပဲ။ ပြုစုပျိုးထောင်ဖို့ဆိုတာ တော်တော်ကိုလုပ်ယူရမှာ။ ဒီကလေးတွေ ပညာပြည့်စုံအောင် လုပ်ရမယ်။ ဒါနဲ့တင်ပြီးသလားဆိုတော့ မပြီးသေးဘူး။ ဒီကလေးတွေမှာ မှန်ကန်တဲ့စိတ်ဓာတ်တွေရှိအောင် လို့ ကျွန်မတို့ ဝိုင်းပြီး ကြိုးစားကြရမှာပါ"ဟုဒေါ်အောင်ဆန်းစုကြည်က ဝါးသခ်ကျေးရွာမှ ငှက်အော်စမ်းကျေးရွာသို့ ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၅ နာရီခွဲတွင် ရောက်ရှိစဉ် စောင့်ဆိုင်းနေကြသည့် ပြည်သူလူထုအား ပြောကြားခဲ့သည်။

ကလေးများတွင် မှန်ကန်သည့် သဘောထားများ၊ အတွေးအခေါ်များရှိရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ရန်အတွက် လူကြီးများ၏ စံနမူနာနှင့်သွန်သင်ဆုံးမမှုလိုအပ်ကြောင်း၊ လူကြီးများတွေးခေါ်တတ်မှ လူငယ်များတွေးခေါ်တတ်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"ကျွန်မ ဒီလိုပြောခြင်းအားဖြင့် ပညာတတ်တဲ့လူက မွေးမှ ပညာတတ်တဲ့ကလေးတွေပေါက်ဖွားလာတာမဟုတ်ပါဘူး"ဟုဒေါ်အောင်ဆန်းစုကြည်ကဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးခရီးစဉ်များအဖြစ် ထားဝယ်နှင့် ပုသိမ်၊ မြောင်းမြမြို့သို့ သွားရောက်ခဲ့ပြီးနောက် ပထမဆုံး မဲဆွယ်စည်းရုံးရေး ခရီးစဉ်အဖြစ် ယခုလ ၁၁ ရက်တွင် ကော့မှူးမြို့နယ်သို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ကော့မှူးခရီးစဉ်သွားရောက်ရာတွင် လှိုင်သာယာမြို့နယ်အထွက်မှစတင်၍ ဒလ၊ တွံတေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များ၊ ပြည်သူလူထုများက လမ်းတစ်လျှောက် မပြတ်ကြိုဆိုခဲ့ကြသည့်အပြင် ခရီးစဉ်ပြီးဆုံးသည်အထိ ဒေါ်အောင်ဆန်းစုကြည်၏ယာဉ်တန်းနောက်မှလိုက်ပါခဲ့ကြသည်။

လမ်းတစ်လျှောက်တွင် ကြိုဆိုနေကြသည့် ပြည်သူများအား ဒေါ်အောင်ဆန်းစုကြည်က ကားအမိုးပေါက်မှထွက်ကာ နှုတ်ဆက်စကားများ ပြောကြားလာခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ပုသိမ်ထီးနှစ်လက်မိုးကာ တွံတေး မြို့နယ်ဘုရားကြီးကျေးရွာသို့ဝင်ရောက်လာခဲ့ပြီး မင်္ဂလာပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကလေးလူငယ်များအား နှုတ်ခွန်းဆက်အပြီးတွင် ကရင်သင်တိုင်းအင်္ကျီကို စတင်ဝတ်ဆင်ခဲ့သည်။

တွံတေး-ကော့မှူးမြို့နယ် အစပ် ဇရပ်ကုန်းကျေးရွာမှစတင်ကာ ကော့မှူး-ကွမ်းခြံကုန်းမြို့နယ်များသို့ဝင်ရောက်သည်အထိလမ်းပေါ်တွင် စောင့်ဆိုင်းကြိုဆိုနေကြသည့်လူများကို မပြတ်တမ်းတွေ့ရသည်။ ကရင်တိုင်းရင်းသားရိုးရာဝတ်စုံများ ဝတ်ဆင်ကာ အိုးစည်ဗုံမောင်းများ၊ ဖားစည်များတီးမှုတ်ကြိုဆိုနေကြသည်ကိုလည်း တွေ့မြင်ရသည်။

ဝါးခုတ်ခြင်း၊ လယ်ယာစိုက်ပျိုးခြင်းနှင့် မွေးမြူရေးလုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြသော ကျေးရွာများမှ ရွာသူ၊ ရွာသားများမှာ နံနက်စောစောကတည်းကထမင်းဟင်း ချက်ပြုတ်စားသောက်ပြီး လမ်းပေါ်တက်ကာ စောင့်ဆိုင်းနေခဲ့ကြခြင်းဖြစ်ကြောင်း ၎င်းတို့ကပြောကြသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်၍ ကျိုက်ထော်ကျေးရွာမှ အသက်ခြောက်ဆယ်အရွယ် ဦးစန်းမောင်က "ရင်ထဲက သိတာကတော့ အင်မတန်မေတ္တာကြီးမားတဲ့အမျိုးသမီးတစ်ယောက်ဖြစ်တယ်။ ဆင်းရဲနေကြတာကို သူသိတယ်၊ ကြားတယ်ဆိုတော့ ဆင်းရဲသားတွေကို ထူထောင်ပေးလိမ့်မယ်လို့ ထင်တယ်လေ။ ဆင်းရဲသားတွေကို အကျိုးပြုပေးလိမ့်မယ်လို့ ထင်တယ်။ အမေ နိုင်သွားရင် ဘာလုပ်ပေးမယ် ဆိုတာတော့ မျှော်လင့်တာမရှိဘူး။ ဘာလုပ်ပေးပါလို့ မပြောဘူး"ဟုပြောသည်။

ဒေါ်အောင်ဆန်းစုကြည်ကလည်း လက်ရှိ မြန်မာနိုင်ငံ၏ အဓိက အရေးကြီးဆုံးပြဿနာမှာ ဆင်းရဲနွမ်းပါးမှုပင် ဖြစ်သည်ဟု ကော့မှူး လူထုကိုပြောသွားသည်။

ကော့မှူးမြို့နယ်အတွင်းရှိ ဝါးသခ်ကျေးရွာသို့ သွားရောက်ရာ လမ်းတစ်လျှောက် ကျေးရွာများမှ ဟိုတစ်စု ဒီတစ်စုထွက်ကြိုကြသူများမှာ ကရင်တိုင်းရင်းသားအများစုပင်ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဝါးသခ်ကျေးရွာရှိ ကွင်းပြင်တွင်ကျေးရွာပေါင်းစုံမှလာရောက်စုရုံးနေကြသော ထောင်နှင့်ချီသည့် လူထုပရိသတ်ကို မိန့်ခွန်းပြောကြားခဲ့သည်။ ဖုန်တထောင်းထောင်းထနေသော နေပူပူကွင်းပြင်ကြီးတွင် ဖားစည်များ တီးခတ်ကခုန်နေသည့် ကရင်တိုင်းရင်းသားအရွယ်စုံကို တွေ့ရသည်။

ကော့မှူးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အရွေးချယ်ခံရန်အတွက် ဒေါ်အောင်ဆန်းစုကြည်သည်ဝါးသခ်ကျေးရွာတွင် သန်းခေါင်စာရင်းဝင်ထားခဲ့ခြင်းဖြစ်ပြီး ဝါးသခ်ကျေးရွာသို့ယခု ပထမဆုံးရောက်ဖူးခြင်းပင်ဖြစ်ကြောင်း သိရသည်။

"ဝါးသခ်ဆိုတာ သားသခ်ဆိုတဲ့စကားက ဆင်းသက်လာတာပါ" ဟု အသက်သုံးဆယ်အရွယ် ဝါးသခ်ရွာသူ ကရင်အမျိုးသမီးတစ်ဦးကပြောသည်။

ဝါးသခ်ကျေးရွာရှိ ရွေးကောက်ပွဲကာလတွင် သူမ နေထိုင်မည့် အစိမ်းနုရောင် နှစ်ထပ်တိုက်အိမ်လေးပေါ်မှ ရွာသူရွာသားများအား နှုတ်ခွန်းဆက်စကားပြောကြားကာ ငှက်အော်စမ်းကျေးရွာသို့ ထွက်ခွာခဲ့ပြီး ညနေ ၅ နာရီခွဲတွင် ငှက်အော်စမ်းကျေးရွာ၌ စောင့်ဆိုင်းနေသော တစ်ထောင်ဝန်းကျင်ရှိ လူထုကို မိန့်ခွန်းပြောကြားခဲ့သည်။

"အတန်းပညာတွေ ဘယ်လောက်မြင့်မြင့်၊ ကိုယ့်အတွက်ပဲလုပ်ပြီးတော့ သူများကို လှည့်မကြည့်တဲ့သူတွေလည်းရှိပါတယ်။ ကျွန်မရဲ့အမြင်မှာတော့ ဒီလိုပုဂ္ဂိုလ်မျိုးက တကယ်တော့ တန်ဖိုးမမြင့်ဘူးလို့မြင်ပါတယ်။ သူ ဘယ်လောက်ပဲ အတန်းပညာတတ်တတ်၊ ပစ္စည်းဥစ္စာ ချမ်းသာ ချမ်းသာ၊ ကိုယ့်ရဲ့ ပတ်ဝန်းကျင်အတွက်၊ ကိုယ့်ရဲ့ ဒေသအတွက်၊ ကိုယ့်ရဲ့ နိုင်ငံအတွက် မစဉ်းစားဘဲနဲ့ တစ်ဦးတစ်ယောက်အတွက် စဉ်းစားတဲ့လူဆိုတာ အင်မတန်မှ ကျဉ်းမြောင်းပါတယ်"ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့သည်။

"ကော့မှူးက ပြည်သူအများစုက မချမ်းသာဘူးဆိုတာ ကျွန်မသိပါတယ်။ ပစ္စည်းဥစ္စာ မချမ်းသာပေမယ့် စိတ်ဓာတ်တွေ ချမ်းသာဖို့ဦးဆောင်လုပ်ကြပါ။ ကျွန်မဟာ ကော့မှူးကို နှစ်ပေါင်းများစွာမှာမှ ပထမဆုံး အကြိမ်ပြန်ရောက်တာပါ။ ကျွန်မတို့ဟာ နောင်မှာ လက်တွဲပြီး ဒီဒေသကို ဖွံ့ဖြိုးအောင်လုပ်ရမယ်။ ကော့မှူးမြို့နယ်က ပြည်သူတွေရဲ့ အခက်အခဲတွေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သိနိုင်ဖို့ လေ့လာမယ်။ ပြည်သူတွေနဲ့ ထိတွေ့နိုင်ဖို့ ကြိုးစားပါ့မယ်"ဟု သူမက ကတိပေးခဲ့သည်။

ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ကော့မှူးမြို့နယ်မဲဆန္ဒနယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအနေဖြင့် ဒေါ်အောင်ဆန်းစုကြည် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဒေါက်တာစိုးမင်း၊ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီမှ ဦးတင်ရီတို့နှင့် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။





**ကော့မှူးမြို့နယ်သို့ ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးမဲဆွယ်စည်းရုံးရေးခရီးစဉ်ထွက်စဉ်**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

7DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012


# မန္တလေး အာဇာနည် ၁၇ ဦး ဗိမာန် ပြန်လည်ရှင်းလင်းခွင့်ရ

မင်းဒင်

**မန္တလေး၊ ဖေဖော်ဝါရီ-၁၀**

မန္တလေးမြို့ အာဇာနည် ၁၇ ဦး ဗိမာန်ပေါ်သို့ဖေဖော်ဝါရီ၁၀ရက်တွင် မြို့ခံလူထု ၂၀၀ ခန့်က ဓား၊ ပေါက်ပြား စသည်တို့ကိုင်ဆောင်ကာ ချီတက်လာကြသည်။ အရွယ်စုံပါဝင်သော ထိုလူထုသည်ဗိမာန်ဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက်သရိုက်၊ အညစ်အကြေးများအား ရှင်းလင်းကြသည်။

တောထ အုပ်ဆိုင်းနေခဲ့သည့် ထိုဗိမာန်သည် ၁၃၀၀ ပြည့် အရေးတော်ပုံတွင် အသက် ၁၂ နှစ်အရွယ် ခုနစ်တန်းကျောင်းသားလေးတစ်ဦးအပါအဝင် အာဇာနည် ၁၇ဦး ဂူသွင်းမြှုပ်နှံထားရာ မန္တလေးမြို့၊စစ်ကိုင်း-မန္တလေး ကားလမ်းဘေး၊ ကန်တော်ကြီးအနီး တမ္ပဝတီသူကြွယ်ကုန်းရပ်ရှိ သမိုင်းဝင်အာဇာနည်ဗိမာန်ဖြစ်သည်။ ၂၀၁၂ခုနှစ်ဖေဖော်ဝါရီလ ၁၀ ရက်။ ဤနေ့သည် အာဇာနည်များ ကျဆုံးခဲ့သည့် ၇၃ နှစ်မြောက်နေ့လည်းဖြစ်သည်။ ထိုနေ့တွင် မန္တလေးမြို့ရှိ အဖွဲ့အစည်းပေါင်း ၂၀ ကျော်ပါဝင်ဖွဲ့စည်းထားသည့် 'မန္တလေးအာဇာနည် ၁၇ ဦးဗိမာန်သန့်ရှင်းရေးကော်မတီ'ကိုဖွဲ့စည်းကာ စုပေါင်းသန့်ရှင်းရေးလုပ်ခြင်းဖြင့် အာဇာနည်များ၏ ဂုဏ်ကျေးဇူးကိုပြန်လည်ဖော်ဆောင်ပေးခဲ့သည်။



*မန္တလေးအာဇာနည် ၁၇ ဦးဗိမာန် သန့်ရှင်းရေးလုပ်ပြီးနောက်တွေ့ရစဉ်*

ဓာတ်ပုံ-မင်းဒင်

ထိုကော်မတီအပြင်နိုင်ငံရေးပါတီများ၊စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများလည်း အားဖြည့်၍ သန့်ရှင်းရေးအတွက် စွမ်းဆောင်ပါဝင်ခဲ့ကြသည်။

သန့်ရှင်းရေး လုပ်ကိုင်ရာတွင် လူမှုအဖွဲ့အစည်းများထက် ကျွမ်းကျင်သည့် စည်ပင်သာယာရေးကော်မတီသန့်ရှင်းရေးဝန်ထမ်းများပါဝင်ခဲ့၍ လုပ်ငန်းပို၍တွင်ကျယ်ခဲ့သည်။ ထို့ကြောင့် အစိုးရအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုလည်းဖြစ်သည်။

လာမည့် ဇူလိုင်လ အာဇာနည်နေ့တွင်လည်း ဂုဏ်ပြုနိုင်ခွင့်ရရန် မျှော်လင့်ချက် ပိုအားကောင်းလာသည်။

သန့်ရှင်းရေးကော်မတီတွင် ဘုံဆွမ်းလောင်းအသင်းလည်း ပါဝင်ခဲ့ရာ သန့်ရှင်းရေးလုပ်ကိုင်မှုနှင့်အတူ သံဃာအပါး၁၀၀ အား ဆွမ်းလောင်းလှူပွဲပါ ပြုလုပ်ခဲ့သည်။

မန္တလေးမြို့ ဘုံဆွမ်းလောင်းအသင်းပေါင်း ရာဂဏန်းကျော်သည် မီးဘေး၊ ရေဘေးများတွင်လည်း လူပေါင်းများစွာ၏ စားသောက်ရေးဒုက္ခများအားပါဝင်ကူညီသော အသင်းဖြစ်သည်။

# မျှတသည့် ဘာသာရေး အခွင့်အလမ်းများ ချမှတ်ပေးရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပြောကြား

သီဟ

**နေပြည်တော်၊ ဖေဖော်ဝါရီ-၉**

ယနေ့တိုင် များစွာကြိုးပမ်းဆောင်ရွက်နေသော်လည်း မငြိမ်းချမ်းနိုင်သေးသည့် ကချင်တိုင်းရင်းသားများ၏ ပဋိပက္ခတွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ကြေညာခဲ့သည့် အတိတ်သမိုင်းဖြစ်ရပ်သည်လည်း အခြေခံအကြောင်းတစ်ရပ်အဖြစ်ပါဝင်ခဲ့ကြောင်း ကချင်ပြည်နယ် အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူကပြောသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့လျှောက်လှမ်းနေပြီး ပြောင်းလဲလျက်ရှိနေရာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေရှိမည့် သာသနာရေးမူဝါဒများအပေါ် အထူးပင်စိတ်ဝင်စားလျက်ရှိသည်ဟု ဒေါ်ဒွဲဘူကပြောသည်။

သို့သော် လက်ရှိအခြေအနေတွင် ဗုဒ္ဓဘာသာမဟုတ်သည့် လူနည်းစုဘာသာခြားတိုင်းရင်းသားများအတွက် ၎င်းတို့ကိုးကွယ်ဝတ်ပြုမည့်ဘုရားကျောင်းများဟောင်းနွမ်းပျက်စီးပါက ပြုပြင်မွမ်းမံနိုင်ရန် တင်ပြလျှောက်ကြန့်ကြာခြင်း၊ အသစ်ဆောက်လုပ်ခွင့်မရခြင်း အစရှိသည့် အခက်အခဲများ ကြုံတွေ့နေရသည်ဟု သိရသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့်လူနည်းစုအခြားဘာသာဝင်များအားလည်း မျှတသည့်ဘာသာရေးအခွင့်အရေးများချမှတ်ပေးရန်အတွက် ဒေါ်ဒွဲဘူကပြောသည်။

ဒေါ်ဒွဲဘူက ယနေ့ကျင်းပသည့် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် တင်သွင်းသည့် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ သာသနာရေးဝန်ကြီးဌာနမူဝါဒများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် အထက်ပါအကြောင်းအရာများ ထည့်သွင်းပြောကြားသွားခြင်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012



# ဗိုလ်ချုပ်အောင်ဆန်း၏ တာဝန်သိစိတ်နှင့် အရေးကြီးဆုံးဆောင်ရွက်ချက်များကို ပေါ်လွင်အောင်ရုပ်ရှင်ရိုက်ကူးရန် ဒေါ်အောင်ဆန်းစုကြည်ပြောကြား

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၃**

ဗိုလ်ချုပ်အောင်ဆန်း၏ ကလေးဘဝမှ ကျောင်းသားဘဝနှင့် နိုင်ငံရေးသမားဘဝအထိ ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် တာဝန်သိစိတ်ဓာတ်နှင့် ဗိုလ်ချုပ်၏ဘဝတွင် အရေးကြီးဆုံး ဆောင်ရွက်ချက်ဖြစ်သော တိုင်းရင်းသားသွေးစည်းညီညွတ်ရေး ဆောင်ရွက်ချက်ကို ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ထဲတွင် မီးမောင်းထိုးပြစေချင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ယနေ့ပြုလုပ်သော အတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကားဖြစ်မြောက်ရေး အဖွဲ့ရုံးခန်း ဖွင့်လှစ်ပွဲတွင် ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ၊ ရုပ်ရှင်လောကသားများ၊ နိုင်ငံရေးလောကသားများ တက်ရောက်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကားအား ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ထုတ်လုပ်သွားမည်ဖြစ်သည်။

"ငယ်ငယ်ကလေးကပဲ မေမေ့ကို ဖေဖေ့အကြောင်းပြောပြပါလို့ အမြဲပူဆာခဲ့တယ်။ ငယ်ငယ်ကတည်းက ဖေဖေ့အကြောင်းကို သိချင်ခဲ့တယ်။ ကျွန်မရဲ့ ပုဂ္ဂိုလ်ရေးအရ ဖေဖေ့အကြောင်းကို သိချင်တာလည်းပါတယ်။ နိုင်ငံရေးအရလည်း ဒီနိုင်ငံမှာ သမိုင်းကို မှန်မှန်ကန်ကန် သရုပ်ဖော်နိုင်တဲ့ အတတ်ပညာရှိစေချင်တယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်၏မွေးနေ့ပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဇာတ်ကားအား ထုတ်လုပ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

"တပ်မတော်တစ်ရပ်လုံးရဲ့ ဖခင်ကြီးအကြောင်းကို ရိုက်ကူးတဲ့နေရာမှာ တပ်မတော်ခေါင်းဆောင်ပိုင်းတွေလည်း တစ်နိုင်တစ်ပိုင်ပူးပေါင်းဖို့လိုပါတယ်။ ကျွန်တော်က စစ်သမိုင်းနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ပေးဖို့ပြောထားပါတယ်။ မျိုးချစ်တပ်မတော်သားအားလုံး ပါဝင်ရေးကို တိုက်တွန်းသွားပါမယ်။ လူသားတစ်ရပ်လုံးအတွက် စံနမူနာထားအပ်တဲ့ မော်ကွန်းဝင် ဇာတ်ကားတစ်ကားဖြစ်မှာမို့ အစိုးရကလည်း အလေးအနက်ထားလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု တပ်မတော် ဗိုလ်ကြီးဟောင်းတစ်ဦးဖြစ်သည့် ဦးနေမျိုးဇင်ကဆိုသည်။





အကယ်ဒမီဇင်ဝိုင်းက ရုပ်ရှင်ရိုက်ကူးရာတွင် တပ်မတော်ကကူညီလျှင်ကောင်းမည်ဟုလည်း ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်၍ နိုင်ငံတကာစံချိန်မီ ဇာတ်ကားတစ်ကားဖြစ်လာစေရန် ရုပ်ရှင်လောကသားများကလည်း မျှော်လင့်ထားကြသည်။

"နိုင်ငံတကာအဆင့်မီမယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံတကာအနုပညာရှင်တွေလည်း ပါဝင်မယ်ဆိုတော့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်း မြေနေရာကူညီမယ်လို့ကြားပါတယ်။ အားလုံး ကူညီကြမယ်လို့ထင်ပါတယ်" ဟု သရုပ်ဆောင်နှင့် ဇာတ်မင်းသားဖိုးချစ်ကပြောသည်။

ဇာတ်ကားရိုက်ကူးရာတွင်လည်း ကျွမ်းကျင်ပညာရှင်များကို ထိပ်တန်းတင် လုပ်ဆောင်သွားမည်ဖြစ်ပြီး ကုန်ကျစရိတ်ကိုလည်း လိုအပ်သလောက်ရနိုင်ရန် ရှာဖွေသွားမည်ဖြစ်ကြောင်းသိရသည်။

ယနေ့ပြုလုပ်ခဲ့သည့် အခမ်းအနားတွင် ဆရာတော်အရှင်ဆန္ဒာဓိကက ငွေကျပ် ၃၂ သိန်းကို လှူဒါန်းခဲ့ပြီး ဇာတ်မင်းသားဖိုးချစ်က ငွေကျပ်သိန်း ၄၀ ကို လှူဒါန်းခဲ့သည်။ ထို့အပြင် အမျိုးသားရုပ်ရှင်ထုတ်လုပ်ရေးအဆောက်အအုံကို အသုံးပြုနိုင်ရန် ပိုင်ရှင်ဦးစိန်တင်က အပြီးအပြတ်လှူဒါန်းခဲ့သည်ကိုလည်းတွေ့ရသည်။

"ဗိုလ်ချုပ်ကို ကြည်ညိုတဲ့စိတ်တစ်ခုတည်းနဲ့ ရုပ်ရှင်လောကသားတွေ တော်တော်လေး ပေါင်းမိသွားကြပါတယ်။ အမှန်တရားနဲ့ တရားမျှတမှုအတွက် ဒီခေါင်းစဉ်အောက်မှာ လာစုမိကြတာ သဘာဝကျပါတယ်။ ရိုးရိုးပဲပြောပါရစေ။ ဗိုလ်ချုပ်ရဲ့ ကျောင်းသားဘဝနဲ့ လှုပ်ရှားမှုမှတ်တမ်းကို ကိုယ်တိုင်မကြုံဖူးပေမယ့် အခုမျက်ဝါးထင်ထင်မြင်ချင်ပါတယ်" ဟု အခမ်းအနားသို့တက်ရောက်လာသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်က ပြောသွားသည်။






7 DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012

## မျက်နှာဖုံး-ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့မှသည် မှ

ယခုနှစ်ပိုင်းအတွင်း နှစ် အတန်ကြာ ငုပ်လျှိုးနေသည့် ဗိုလ်ချုပ်၏ ပုံရိပ်သည် ဓာတ်ပုံ၊ ပိုစတာ၊ ဗီနိုင်း၊ ပြက္ခဒိန်များပေါ်တွင် ပလူပျံပေါ်ထွက်လာကာ ပြည်သူများ၏ မြင်ကွင်းနှင့် နှလုံးသားထဲသို့ အသစ်ပြန်လည်ဝင်ရောက်လာခဲ့သည်။

၁၃ ရက်နေ့ နံနက်ရှစ်နာရီခွဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းကပ်ပွဲနှင့်ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ဖြစ်မြောက်ရေးအဖွဲ့ ရုံးခန်းဖွင့်ပွဲကို ရန်ကုန်မြို့၊ ဓမ္မစေတီလမ်း၌ ပြုလုပ်ခဲ့ပြီး သမီးဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တက်ရောက်လာခဲ့သည်။

မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး၊ တပ်မတော်၏ ဖခင်ကြီးဟု ချစ်မြတ်နိုးစွာ ခေါ်ဝေါ်ကြသည့် ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းကြောင်းကို နာမည်ကျော်မြန်မာဒါရိုက်တာများ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ စာပေပညာရှင်များ၊ နိုင်ငံရေးသမားကြီးများက ဦးဆောင်၍ လာမည့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်း နှစ် ၁၀၀ ပြည့်မွေးနေ့အမီ ရိုက်ကူးကြတော့မည်ဖြစ်သည်။

“ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိကို ရိုက်တဲ့နေရာမှာ ဘာဖြစ်လို့ ဗိုလ်ချုပ်အောင်ဆန်းဆိုပြီးတော့ အများက ခေါ်ခဲ့လဲဆိုတာကိုလည်း သုံးသပ်စေချင်ပါတယ်။ တချို့ကတော့ လွယ်လွယ်ပြောမှာပေါ့နော်။ တပ်မတော်ရဲ့ ဖခင်မို့လို့။ ဒါပေမဲ့ ဒီထက်ပိုပြီး အရေးကြီးတဲ့အချက် တစ်ချက်ရှိတယ်လို့ ကျွန်မ ထင်ပါတယ်။ ဗိုလ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့နော်။ ‘ဗိုလ်’ဆိုတာ ‘ဗလ’ ကလာတာပဲ။ အင်အားပေါ့။ ဒီအင်အားဟာ မှန်ကန်တဲ့အင်အားဖြစ်ရမယ်။ ဒီလို မှန်မှန်ကန်ကန် အင်အားကို သုံးခဲ့တာကို အလေးအနက်ထားပြီး အသိအမှတ်ပြုပြီးတော့ ဖေဖေ့ကို ဗိုလ်ချုပ်ဗိုလ်ချုပ်ဆိုပြီးတော့ ပြည်သူတွေကခေါ်ပြီး ချစ်ခင်ခဲ့တယ်လို့ ကျွန်မ ဒီလိုပဲ ထင်ပါတယ်။ ကျွန်မတို့ ငယ်ငယ်က ဆိုလို့ရှိရင် တပ်မတော်ကလည်း သိပ်ပြီးတော့ မကြီးသေးပါဘူး။ ဗိုလ်ချုပ်ဆိုလို့ရှိရင် ဘယ်သူ့ကို ပြောလဲဆိုတာ အားလုံးသိပါတယ်။ နာမည်တပ်ဖို့တောင်မှ မလိုပါဘူး။ ကျွန်မပြောချင်တာက ဗိုလ်ချုပ်အောင်ဆန်းလို့ ပြည်သူတွေက ချစ်ချစ်ခင်ခင် မြတ်မြတ်နိုးနိုး ခေါ်ရတဲ့အကြောင်းရင်းဟာ တပ်မတော်အရာရှိတစ်ယောက်ဖြစ်လို့မဟုတ်ပါဘူး။ ပြည်သူကို အင်အားပေးတဲ့ခေါင်းဆောင်တစ်ဦး ဖြစ်လို့ပဲဖြစ်တယ်လို့ ကျွန်မယူဆပါတယ်” ဟု ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်အောင်ဆန်းအားပြည်သူများက ချစ်ခင်ရခြင်း အကြောင်းရင်းကို သုံးသပ်ခဲ့သည်။

ပြည်ထောင်စုနေ့၏ နောက်တစ်နေ့တွင် ကျရောက်သည့် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်စေချင်ကြောင်း ရန်ကုန်မြို့ခံတစ်ဦးကဆိုသည်။

“တစ်နိုင်ငံလုံးမှာရှိတဲ့ မျိုးဆက်သစ်တွေအတွက် အာဇာနည် အလောင်းအလျာတွေဖြစ်အောင် သွန်သင်ဖို့လိုတယ်။ အာဇာနည်ပေါ်များတဲ့တိုင်းပြည်ဟာ ဘယ်တော့မှ သူ့ကျွန်မဖြစ်ဘူး။ ရဲရဲတောက်၊ အမှန်တရားဘက်က ရပ်တည်မယ့် လူငယ်တွေ ပေါ်ပေါက်လာအောင် သွန်သင်တဲ့ အခမ်းအနားမျိုးတွေ လုပ်သင့်တယ်”ဟု တပ်မတော်ဗိုလ်ကြီးဟောင်း ဦးနေမျိုးဇင်က ပြောသည်။

“ဗိုလ်ချုပ်က အသက် ၃၂ နှစ် ရှစ်လမှာ ဆုံးပေမယ့် နှစ်ပေါင်းသုံးဆယ်လောက် တည်တံ့မယ့်ကိစ္စတွေ လုပ်ခဲ့တယ်။ ကျွန်တော်တို့ဘဝတွေအတွက် ဒုတိယကိုးကွယ်ရာပါပဲ”ဟု ဒီဇိုင်းဆရာ၊ ကဗျာဆရာ ခန့်မင်းထက်ကပြောသည်။

“မွေးနေ့ဆိုတာကတော့ တစ်ရက်တည်းပါပဲ။ ဒါပေမဲ့လွန်ခဲ့တဲ့ ဘယ်နှနှစ်က လွတ်လပ်ရေးဖခင်ကြီး မွေးဖွားခဲ့ပါလားဆိုပြီး ခံစားရပါတယ်”ဟု ဇာတ်မင်းသားဖိုးချစ်ကဆိုသည်။

‘ဖေဖော်ဝါရီ ၁၃မှာ ဗိုလ်ချုပ်မွေးနေ့ပါ’ ဟူသည့် ကဗျာဆရာကြီးတင်မိုး၏ ကဗျာစာသားလေးကို မြန်မာလူငယ်တိုင်းလိုလို အလွတ်ရကြသည်။ အင်တာနက်စာမျက်နှာများပေါ်တွင် ‘ဗိုလ်ချုပ်မွေးနေ့တို့မမေ့’ဟူသည့်စကားလုံးများ ပလူပျံလာသည်။ ‘၁၄ ရက်နေ့၊ ဗယ်လင်တိုင်းနေ့ကို မျှော်လင့်နေမည့်အစား ၁၃ရက်နေ့ဗိုလ်ချုပ်မွေးနေ့ကို အမှတ်ရကြပါ’ဟူသည့် သတိပေးစာသားများဖြင့် လူငယ်အချင်းချင်းကြား နှိုးဆော်လာကြသည်။

“ဗိုလ်ချုပ်မွေးနေ့မှာ ဗိုလ်ချုပ်လို စိတ်ထားမျိုးလေး လိုက်ထားကြည့်ဖို့ ကြိုးစားသင့်တယ် ။ အဲ့ဒီတစ်ရက်တည်း လူတော်တော်များများ ဗိုလ်ချုပ်လို စိတ်ထားရှိမယ်ဆိုရင်တောင် မြန်မာပြည်အတွက် တော်တော်ကောင်း နေပြီ။ အများကြီးမတောင်းဆိုဘူး။ တစ်ရက်တည်းပါပဲ”ဟုမလေးရှားနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသည့် အသက် ၂၂နှစ်အရွယ် ကိုမင်းလုလင်ကပြောသည်။

ငယ်ရွယ်စဉ်ကကျောင်းသင်ခန်းစာအဖြစ် ကဗျာတိုလေးအား ရွတ်ဆိုခဲ့ရသော်လည်း ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို ပြည့်ပြည့်စုံစုံသိခွင့်မရခဲ့ကြသည့် လူငယ်များမှာ ယနေ့အချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းဟူသည့် အမျိုးသားခေါင်းဆောင်ကြီး အကြောင်းအား ဆွေးနွေးရင်း အမြင်ဖလှယ်လာနေကြပြီဖြစ်သည်။

“လူငယ်တွေကြားမှာ ဖေဖော်ဝါရီ ၁၂ နဲ့ ၁၃ ကိုကျော်ပြီး ၁၄ ရက်နေ့အကြောင်းပဲ ပြောနေကြမယ်ဆိုရင်တော့ ဗိုလ်ချုပ်နဲ့ ပင်လုံကို အားနာဖို့ ကောင်းပါတယ်”ဟု ပြောလာသူက မော်လမြိုင်ကျွန်းမြို့နယ်မှ အသက် ၂၄ နှစ်အရွယ်ကျူရှင်ဆရာကိုအောင်မြင်ဖြစ်သည်။

ယခုနှစ်တွင် ရန်ကုန်မြို့ရှိ လူငယ်များ၏ ခန္ဓာကိုယ်ပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းပုံများ နေရာယူလာကြသည်။ ဗိုလ်ချုပ်ပုံပါသော တီရှပ်များ၊ ဆွဲကြိုးများ ခေတ်စားလာသည်။ နေရာအနှံ့တွင် ဗိုလ်ချုပ်အောင်ဆန်းကို မြင်တွေ့နိုင်ကြပြီဖြစ်သည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ဖြစ်သည့် ယနေ့ ဖေဖော်ဝါရီ ၁၃ ရက်အား မေ့လျော့နေကြသည့်လူငယ်အချို့လည်းရှိကောင်းရှိနိုင်သည်ဟုအသက် ၂၄နှစ်အရွယ် လူငယ်စာရေး ဆရာ၊ ကဗျာဆရာ သူရဿဝါကဆိုသည်။

“ငယ်ငယ်တုန်းက ကျောင်းနေအရွယ်မှာတော့ သိနေကြပေမယ့် ကျောင်းပြီးလို့ လူ့လောကထဲတကယ်ရောက်သွားတဲ့ အခါ တချို့က ကိုယ့်လူမှုရေးရာကိစ္စတွေနဲ့ လုပ်ငန်းခွင်ကိစ္စတွေကြားမှာ ဗိုလ်ချုပ်မွေးနေ့ကို မေ့ကုန်ကြတယ်၊ ကြာတော့ မေ့ရာကနေ မသိတော့ဘူး။ နောက်တစ်ချက်က လွတ်လပ်ရေးနေ့ဆိုရင် ဇန်နဝါရီ ၄ ရက်၊ ဘယ်တော့မှ ဘယ်သူမှမမေ့ဘူး။ မမေ့အောင်လည်း လွတ်လပ်ရေးနေ့ဆိုရင် အခမ်းအနားတွေ၊ ပျော်ပွဲရွှင်ပွဲတွေ ရှိနေတာကိုး”




ယနေ့ လူငယ်အများစုအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းအား မေ့လျော့ကြခြင်းမှာ လူငယ်များတွင် အပြစ်မရှိဘဲ လူကြီးမိဘ ဆရာသမားများတွင်သာ တာဝန်ရှိကြောင်း၊ မိမိတို့ အိမ်အသုံးစရိတ်ထဲမှ ငွေကျပ်သုံးထောင်မျှဖြင့် ဗိုလ်ချုပ်အကြောင်း စာအုပ်တစ်အုပ်၊ ဓာတ်ပုံတစ်ပုံဝယ်ယူစုဆောင်းပြီး အိမ်တွင် ထားရှိပေးခြင်းဖြင့် မျိုးဆက်သစ်အားလုံးအတွက် ကောင်းကျိုးတစ်စုံတစ်ရာ ဖြစ်ထွန်းစေနိုင်ကြောင်း ဆောင်းပါးရှင် ရွှေဖြိုးမောက်က 7Day News ဂျာနယ်၊ အတွဲ(၁၀)၊ အမှတ်၄၇တွင်ပါဝင်သော‘ဖေဖော်ဝါရီ၁၃ပြီးတော့နောက်တစ်ရက်’ ဆောင်းပါး၌ ရေးသားတင်ပြခဲ့သည်။

“ဖေဖော်ဝါရီ ၁၄ရက်တွင် အပြတ်ကဲကြသော၊ မှောင်ရိပ်ခိုကြသော၊ တည်းခိုခန်းသွားကြသော လူငယ်များ၏ ဆိုင်ကယ်များ၊ ကားများတွင် ဗိုလ်ချုပ်၏ ပုံများ ပါမသွားပါစေနဲ့ဟုသာ ဆုတောင်းလိုက်ပါသည်” ဟု ဆရာရွှေဖြိုးမောက်က ရေးသားခဲ့သည်။

“လူဖြစ်ခွင့်ရနေတဲ့အချိန်မှာ အများအတွက် ဘယ်လောက်ပေးဆပ်ခဲ့သလဲ၊ ဘယ်လောက်ကိုယ်ကျိုးစွန့်ခဲ့သလဲ၊ အနစ်နာခံခဲ့သလဲ၊ ဘယ်လောက်ရိုးဖြောင့်ခဲ့သလဲ၊ ဘယ်လောက်စွန့်လွှတ်ခဲ့သလဲ ဆိုတဲ့အပေါ်မူတည်ပြီး အဲဒီလူရဲ့ မွေးနေ့ဆိုတာ အရေးပါတာပါ။ နိုင်ငံအတွက်၊ ဒီနေ့လူငယ်တွေ အဲဒီလို အရေးပါတဲ့ နေ့ကိုမေ့ပြီး ဗယ်လင်တိုင်းနေ့ကို အရေးပါသယောင်ထင်ခဲ့ကြတာ စာဖတ်အားကြောင့်လည်းပါတယ်။ တခြားအကြောင်းတွေကြောင့်လည်းပါတယ်။ အခု ဗိုလ်ချုပ်မွေးနေ့ကို ပြန်လည်ပြုလုပ်လာကြ၊ ပြန်သိလာကြတယ်။ အမှတ်တရဖြစ်တဲ့ မွေးနေ့ပိုင်ရှင်ဆိုတာ မြန်မာနိုင်ငံမှာ လက်ဆယ်ချောင်းလောက်ပဲရှိတယ်။ ဗိုလ်ချုပ်ဟာ အဲဒီထဲမှာ နံပါတ်တစ်ပုဂ္ဂိုလ်ပါ။ မြန်မာနိုင်ငံကြီး တည်နေသရွေ့၊ ကမ္ဘာကြီး မပျက်သရွေ့ ဒီနေ့က ဘယ်လိုမှ မပျောက်ပျက်နိုင်တဲ့နေ့တစ်နေ့ပါပဲ”ဟု စာရေးဆရာ မောင်သာချိုက ဗိုလ်ချုပ်မွေးနေ့နှင့် ပတ်သက်၍ သုံးသပ်ပြောပါသည်။

ယခုရက်ပိုင်းတွင် လူငယ်ထုအကြား ထူးခြားချက်တစ်ခုအဖြစ် အနောက်တိုင်းဓလေ့ဖြစ်သည့် ဖေဖော်ဝါရီ ၁၄ရက်ကို ကန့်ကွက်ကြောင်းလှုံ့ဆော်မှုတစ်ခု အင်တာနက်စာမျက်နှာအချို့ပေါ်ရောက်ရှိ လာခဲ့သည်ကို တွေ့ရသည်။ ယခင်နှစ်များက ချစ်သူများနေ့အကြောင်းကိုသာ အများဆုံး တစ်ခုတ်တရ ပြောဆိုကြသည့် အွန်လိုင်းလူမှုကွန်ရက် စာမျက်နှာများတွင်လည်း ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံများကို မွေးနေ့အမီ တင်ဆက်လာကြသည်။

သို့သော်လည်း တန်ဖိုးကြီးမားသည့် နေ့ရက်များထဲမှ တစ်နေ့ဖြစ်သော မြန်မာ့အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဖေဖော်ဝါရီ ၁၃ရက်မွေးနေ့အား ပြည်သူများအကြား၊ လူငယ်ထုအကြား တန်ဖိုးထားမြတ်နိုးတတ်လာစေရန် အတွက်မူ အချိန်အနည်းငယ်ယူကြရလိမ့်ဦးမည်ဖြစ်သည်။ ဤ နေ့သည် မြန်မာ့သားကောင်း ရတနာတစ်ဦး မွေးဖွားခဲ့သည့် နေ့ဖြစ်သည်။

အဖိုးမဖြတ်နိုင်သော ခေါင်းဆောင်တစ်ဦးအား မြန်မာနိုင်ငံသူနိုင်ငံသားများ ရရှိခဲ့ဖူးသည့် နေ့ဖြစ်သည်။

ကမ္ဘာ့အလယ်တွင်နှစ်ပေါင်းများစွာ ဂုဏ်သတင်း တည်တံ့နေစေမည့် ခေါင်းဆောင်ကောင်းတစ်ဦး ပေါ်ထွန်းခဲ့သည့်နေ့လည်း ဖြစ်သည်။

ဤနေ့အထိဗိုလ်ချုပ်အောင်ဆန်းသာ လုပ်ကြံမခံရဘဲ ကျန်းကျန်းမာမာနှင့် အသက်ရှည်ရှည်နေခဲ့ရမည်ဆိုပါလျှင်. . .။

နီလာ
အပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီ
မအေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
(၁၁)ညအိပ် (၁၂)ရက်ခရီး - ဗုဒ္ဓဂယာ၊ ဗိဂဒါရုန်(တရားဓာသီ)၊ သာဝတ္ထိ၊ လုမ္ဗိနီ(နီပေါ)၊ ကုသိနာရုံ၊ ဝေသာလီ
ပဋ္ဌနား၊ ရာဇဂြိုဟ်၊ နာလန္ဒာ၊ ဗုဒ္ဓဂယာ (၈)သိန်း (လေယာဉ်ကြေး) India Airline
(၁၄)ညအိပ် (၁၅)ရက်ခရီး - ဗုဒ္ဓဂယာ၊ မိဂဒါရုန်(တရားဓာသီ)၊ သင်္ကဿနဂိုရ်၊ နယူးဒေလီ (တင်ခုံမဟာ)၊ သာဝတ္ထိ၊ လုမ္ဗိနီ(နီပေါ)၊
ကုသိနာရုံ၊ ဝေသာလီ၊ ပဋ္ဌနား၊ ရာဇဂြိုဟ်၊ နာလန္ဒာ၊ ကိုလ်ကတ္တား (၉)သိန်း (လေယာဉ်ကြေး) India Airline
(၁၄)ညအိပ် (၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဋ္ဌမဟာလေးဌာန + နယူးဒေလီ(မဟာသတိပဋ္ဌာန်)တင်ခုံမဟာ (၉)သိန်း (လေယာဉ်ကြေး) MAI

7 DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012



အိန်ဂျယ်လင်း

# တစီစီလိုရာ ပျံ့သန်းလို့

သင့်ကိုယ်ပိုင် ပထမတန်းစားပုံစံပဲဖြစ်ပါစေ။ တခြားတစ်စုံတစ်ယောက်ရဲ့ ဒုတိယတန်းစားပုံစံ ဘယ်တော့မှအဖြစ်မခံပါနဲ့။



တနင်္ဂနွေနေ့ရောက်ပြီဆိုတာနဲ့သမီးရဲ့ခန္ဓာကိုယ်ထဲမှာကြောက်စိတ်တွေက တဖွားဖွားထွက်လာတော့တယ်။ မျက်ရည်တွေဆိုတာလည်း သမီးလည်ချောင်းထဲမှာအစိုင်အခဲနဲ့ အသင့်စောင့်နေသလိုပဲလေ။ တနင်္ဂနွေညဆိုတာ နောက်တစ်နေ့မှာ ကျောင်းတက်ရတော့မယ်ဆိုတဲ့ သဘောပဲပေါ့။ တနင်္လာနေ့ကိုမနက်စောစောကျက်သရေမရှိလှတဲ့ နှိုးစက်သံစူးစူးရှရှနဲ့ စတင်တယ်။ နေရောင်ခြည်တွေက သမီးအိပ်ခန်းရဲ့ ခန်းဆီးလိုက်ကာတွေကို ဖောက်ထွင်းဝင်ရောက်မလာသေးခင်မှာပဲနေ့တစ်နေ့ကိုစရတယ်လေ။ အဲဒီနောက်တော့ စိတ်ညစ်ညူးဖွယ်အဝါရောင်တောက်တောက်ကျောင်းကားကိုလမ်းတစ်လျှောက်မောင်းလာတာကို အိမ်တွေကြားထဲကနေ လှမ်းမြင်နေရမယ်။ တကယ်တော့ ဒီကျောင်းကားဝါကြီးဟာ သမီးကို ရန်သူ့နယ်မြေဆီကို အတင်းအကျပ်သယ်ဆောင်သွားမယ့်မိစ္ဆာကောင်ကြီးပဲလေ။

တကယ်တော့ ကျောင်းကို သမီးရဲ့ရန်သူလို့တော့ ဆိုချင်တာမဟုတ်ပါဘူး။ ရန်သူတွေက သမီးကိုတစ်စက်ကလေးမှဂရုမစိုက်ကြတဲ့ တခြားကလေးတွေ၊ သူများတွေကို လိုက်ကြည့်နေရလို့ သမီးအတွက်အချိန်မပေးနိုင်ကြတဲ့ ဆရာမတွေနဲ့သူတို့ကစားတိုင်းသမီးကို ပေးမပါဘဲ ချန်ထားတဲ့သူတွေပေါ့။

အဲဒီနှစ်အကုန်မှာတော့ အားကစားချိန်မှာ ဆရာကဂိမ်းတစ်မျိုးကိုကစားခိုင်းတယ်လေ။ အဲဒီဂိမ်းမှာ သမီးတို့အားလုံးက အခန်းထဲကတခြားအခန်းဖော်တစ်ယောက်စီအကြောင်းကောင်းတဲ့အချက်တွေကို စာနဲ့ရေးပြီး ကျောကုန်းမှာတိပ်နဲ့လိုက်ကပ်ပေးရတဲ့ ကစားနည်းပဲ။ ပြေးပြေးလွှားလွှားလည်းလုပ်ရလို့ပျော်စရာတော့အကောင်းသားလို့ထင်မိတယ်။ နောက်ဆုံးကိုယ့်ကို တခြားလူတွေဘာပေးသလဲဆိုတာကိုကြည့်တော့ ‘တော်တယ်’ ‘လိမ္မာတယ်’ ဆိုတာမျိုးတွေပဲ ရေးပေးလိုက်ကြတာတွေ့ရတယ်။ ထူးထူးခြားခြား ‘ရီရတယ်’ လို့ရေးပေးတဲ့သူက သုံးယောက်ပဲရှိပြီး နောက်တစ်ယောက်ကတော့ ‘စမတ်ကျတယ်’ လို့ ရေးပေးထားတယ်။ သမီးကိုစမတ်ကျတယ်လို့ ပြောပေးတဲ့သူက သမီးလိုပဲ လူရာသိပ်မဝင်တဲ့လူတစ်ယောက်လည်း ဖြစ်နိုင်တယ်။ နောက်ပြီးဆရာမကရေးပေးလိုက်တာလည်း ဖြစ်နိုင်တယ်လေ။

အဲဒီအချိန်ကစပြီး သမီးဟာကိုယ့်ကိုယ်ကိုယ်ကြောက်တတ်ပြီး လူတောမတိုးရဲတဲ့သူတစ်ယောက်အဖြစ်လက်ခံသတ်မှတ်ထားလိုက်တယ်လေ။ သမီးအနားကိုရောက်လာတဲ့သူတွေအားလုံးကလည်း သမီးရှိနေတာကို ထွေထွေထူးထူးသတိထားမိပုံမပေါ်ဘဲ ဒီလိုပဲဘာသိဘာသာဖြတ်သန်းသွားခဲ့ကြတာပါပဲ။ သမီးရဲ့ ဒက်ဒီက သမီးကိုပြောဖူးတယ်။ ‘သမီးကို တခြားလူတွေက ဘယ်လိုဆက်ဆံတယ်၊ သမီးအကြောင်းဘယ်လိုပြောကြတယ်ဆိုတာ တကယ်တော့ သမီးဘယ်လိုလူလဲဆိုတာထက် သူတို့ဘယ်လိုလူလဲဆိုတာကိုပိုပြီးသက်သေပြနေကြတာပဲ’ တဲ့။ ဒီစကားကို သမီးသိပ်သဘောကျတယ်။ ဒါနဲ့ ဒီစကားကို သမီးနဲ့ ရင်းနှီးတဲ့သူငယ်ချင်းတွေကို တိုက်ဆိုင်ရင်ပြောပြမိတယ်။ သူတို့တစ်တွေလူတွေရဲ့ ဝေဖန်ပြစ်တင်စကားတွေကြောင့် စိတ်သောကရောက်တဲ့အခါမျိုးတွေမှာသမီးရဲ့စကားတွေကြောင့် စိတ်သက်သာရာရကြလိမ့်မယ်လို့ သမီးထင်တယ်လေ။

သမီးအဖေရဲ့ စကားကို ကိုးကားတဲ့အကြိမ်များလာလေ၊ ဒီစကားရဲ့ တကယ့်အဓိပ္ပာယ်ကို ပိုပြီး သဘောပေါက်လာလေပဲ။ ကျောင်းက ကလေးတွေသမီးကိုရုပ်ဆိုးမလို့ခေါ်ချင်ခေါ်မယ်၊ ဒါမမဟုတ် သမီးကို လျစ်လျူရှုချင်ရှုမယ်၊ သမီးကို သူတို့အကျိုးအတွက် အသုံးချချင်လည်းချမယ်။ ဒါပေမဲ့ သူတို့ရဲ့ သမီးအပေါ်ထားတဲ့သဘောထားတွေကြောင့် သမီးကို သမီးမဟုတ်တဲ့ အခြားလူတစ်ယောက်ဖြစ်သွားအောင်တော့ ဘယ်လိုမှ လုပ်နိုင်မှာ မဟုတ်ဘူးလေ။ သမီးသူတို့ကို ဒေါသထွက်ရင်ထွက်မယ်၊ ကိုယ့်ဘာသာလည်း ဝမ်းနည်းရင်နည်းမယ်။ ဒါပေမဲ့ သူတို့ရဲ့ အခုလိုသူတစ်ပါးကို ချိုးနှိမ်ဆက်ဆံပုံဟာ ဒီလိုဆက်ဆံမှသာ သူတို့စိတ်ချမ်းသာရာရမယ့်ပုံမျိုးဖြစ်နေလို့ သူတို့ကို ခွင့်လွှတ်နိုင်ရင်ခွင့်လွှတ်၊ ခွင့်မလွှတ်နိုင်ရင်လည်းလျစ်လျူရှုလိုက်ဖို့ပဲရှိတော့တယ်။

နောက်ပြီးတော့ သမီးသူတို့ကို သနားရကောင်းမှန်းလည်း သိလာတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတစ်ပါးကို အနိုင်ကျင့်တဲ့သူ၊ ရိုင်းစိုင်းတဲ့သူတွေဟာ သူတို့ရဲ့ ဗီဇစိတ်အခြေခံထဲမှာ သူတို့ကိုယ်သူတို့ မလုံခြုံစိတ်ရှိနေလို့ပဲဆိုတာ နားလည်လာလို့လေ။ သူတို့ သမီးကိုနာကျင်အောင်လုပ်တိုင်း ဒီလိုလုပ်တာဟာ သူတို့ရင်ထဲက ဒဏ်ရာကိုသမီးဆီကို လွှဲပို့နေတာလို့ သိနားလည်ထားတဲ့အတွက် သူတို့ကိုပြန်သနားနိုင်တဲ့ နားလည်မှုမျိုးရှိလာတယ်လေ။ ကိုယ့်ကိုရန်လုပ်တဲ့သူတွေကို ချစ်ခင်ဖို့ဆိုတာ ခက်ခဲလှတဲ့အလုပ်တော့မှန်ပါတယ်။ ဒါပေမဲ့ ဒါဟာမှန်ကန်တဲ့အလုပ်တစ်ခုလို့တော့ သမီးအသေအချာသိတယ်။

တစ်ခါတုန်းက အဖေနဲ့သမီးတို့ကားမောင်းသွားရင်းနဲ့ သမီးကကျောင်းမှာ နောက်ဆုံးဖြစ်ပျက်ခဲ့တာတွေကို အဖေ့ကိုပြောပြမိတယ်။ ကျောင်းမှာသမီးကိုခင်တဲ့လူတစ်ယောက်မှမရှိဘူးလို့ အဖေ့ကိုညည်းပြမိတယ်။ လူတွေကသမီးအကြောင်းကိုလည်းတကယ်တမ်းဘယ်သူမှမသိကြဘူးလို့ထင်နေတယ်။ တကယ်တော့သမီးရဲ့ ပင်ကိုသဘာဝကလွတ်လွတ်လပ်လပ်ပျော်ပျော်ရွှင်ရွှင်နဲ့ နေတတ်တဲ့ကလေးတစ်ယောက်ဖြစ်ခဲ့တယ်။ ဒါပေမဲ့ ကျောင်းမှာ တိတ်တဆိတ်အသံမထွက်ဘဲနေတာက အကျင့်ပါနေပြီလေ။

အဖေက သမီးပြောတာကို အာရုံစိုက်နားထောင်နေတယ်။ ပြီးမှသမီးရဲ့ ကိုယ်ပေါ်ကို ကိုင်းညွတ်ပြီးတော့ ‘သမီးလေး၊ ဒစ်စနေက အာလာဒင်နဲ့ ဆီမီးခွက်ကားကို မှတ်မိတယ်မဟုတ်လား။ အဲဒီမှာအာလာဒင်နဲ့ ဂျက်စမင်တို့လေသာဆောင်မှာစကားတွေပြောနေကြတုန်းမှာ ဂျင်နီက မီးခွက်ထဲကနေထွက်လာပြီး ပျားယောင်ဖန်ဆင်းလို့ အာလာဒင်ရဲ့နားနားမှာ သွားပြီး တစီစီလုပ်နေတယ်လေ။ ဒီတော့အာလာဒင်ကဘာပြောလိုက်လဲ သမီးလေးမှတ်မိသေးလား’ လို့မေးတယ်လေ။ သမီးကလည်း မှတ်မိတာပေါ့။ သူကဂျင်နီကို ‘နင့်ဖာသာ တစီစီလုပ်မှာသာ လုပ်စမ်းပါကွာ’ လို့ပြောလိုက်တာလေ။ သမီးအဖေ့ရဲ့ မေးခွန်းကို ကြားတော့မှ သဘောကျပြီး အသံထွက်အောင်ရယ်မိသေးတယ်။ သမီးလည်း အဲဒီပျားကလေးလိုတဒီးဒီးမြည်ပြီးလွတ်လွတ်လပ်လပ် ပျံ့သန်းချင်လိုက်တာ။ ဒါပေမဲ့ ဒီလိုဖြစ်အောင် ဘယ်လိုနေရမယ်ဆိုတာကို မသိသေးဘူးလေ။ သမီးရဲ့ တကယ့်အစစ်အမှန်ကဘာလဲ။ သမီးက အလေ့ကျပေါက်တဲ့ တိုက်ကပ်ပန်းကလေးလား၊ ဒါမှမဟုတ် လူတိုင်းတန်ဖိုးထားကြတဲ့ နှင်းဆီပန်းကလေးလား။ သမီးက ဘယ်လိုပန်းကလေးလဲဆိုတာကို ဘယ်သူတွေက အဆုံးအဖြတ် ပေးရမှာလဲ။ ကျောင်းမှာကြုံခဲ့ရတဲ့ အဆင်မပြေမှုတွေက သမီးရဲ့ ဘဝကို သတ်မှတ်ပြဋ္ဌာန်းတာကို ခံရမှာလား။

စာသင်ကျောင်းမှာကြုံရတဲ့ အခက်အခဲတွေစိန်ခေါ်မှုတွေက သမီးရဲ့ ခရီးစဉ်တစ်ခုပဲဖြစ်ရမှာပေါ့။ ဒီခရီးစဉ်ရဲ့ပန်းတိုင်ကတော့ သမီးရဲ့ အစစ်အမှန်ကိုပြန်လည်ရှာဖွေတွေ့ရှိဖို့ပဲ ဖြစ်တယ်လေ။ သမီးဟာ အလေ့ကျပန်းကလေးတစ်ပွင့်မဟုတ်တာကိုတော့ သမီးဘာသာအသေအချာသိတယ်။ အားလုံးက သဘောကောင်းပြီးအေးတဲ့ကောင်မလေးလို့ပြောကြတာလည်း ပြဿနာမရှိပါဘူး။ သမီးမှာ လှပတဲ့ပန်းကလေးတစ်ပွင့်အဖြစ် ဝေဆာဖူးပွင့်စရာ ဗီဇကပါလာပြီးသားပဲလေ။ ပျားကလေးလို ကိုယ့်အသံကိုယ်မြည်ပြီး ကိုယ်ပျံ့လိုရာကို တစီစီပျံ့သန်းသွားဖို့ပဲလိုတယ်မဟုတ်လား။ ။

*Ref: 'Not Just an Ordinary Flower' by Stephanie Warner*

## စာ – ၂၆၊ ခေတ်ပတ်ဝန်းကျင်၊ လူငယ်နှင့် တားဆီးရမည့်ပြဿနာ မှ

ကျွန်တော်တို့ ဆယ်တန်းကျောင်းသားဘဝ ရုပ်ပတ်ဝန်းကျင်သည် ယခုခေတ်လောက်မဖွံ့ဖြိုးသေး။ ရုပ်ရှင်ကြည့်ချင်လျှင် ရုပ်ရှင်ရုံသို့တကူးတက သွားရသည်။ ပွဲကြည့်ချင်လျှင် ပွဲလာမှကြည့်ခွင့်ရသည်။ ကျွန်တော်တို့လိုမြို့ငယ်ကလေးတွေမှာ ကျောင်းသားတစ်ယောက် ကျောင်းပြေးလို့ အလွန်အကျွံ ထန်းရည်ဆိုင်လောက်သာရောက်သွားနိုင်သည်။ ဒါကလည်း တစ်ခါနှစ်ခါအပြင်ပိုမသွားရဲ။ အနီးအပါး လူကြီးမိဘများက သတင်းပေး၍ ကျောင်းကအချိန်မရွေး သိသွားနိုင်သည်။ အရက်ဆိုင်ဆိုတာတော့ ဘယ်ကလေးမှ မသွားရဲ။ သည်တော့ ကျွန်တော်တို့ကျောင်းသားတွေအတွက် အပျင်းပြေစရာ ဘောလုံးကစားချင် ကစား။ ဒါမှမဟုတ် စာအုပ်အငှားဆိုင်တွေက ဝတ္ထုတွေ၊ မဂ္ဂဇင်းတွေ ငှားဖတ်ချင်ဖတ်။ ဒါပဲရှိသည်။ ဆိုတော့ကာ ကျွန်တော်တို့ခေတ် ကျောင်းသားများအတွက် ပျက်စီးဖို့ အခွင့်အလမ်းနည်းပါးသည်။ ကော်မယ်သာဇင်တို့၊ ဆေးခြောက်တို့ သုံးစွဲသူအနည်းအကျဉ်းသာရှိပါသည်။ ဒါကလည်း တစ်ကျောင်းလုံးမှာ လက်ချိုးရေမှ ငါးချောင်းပင် ပြည့်မည်မထင်ပါ။

ယနေ့ခေတ် ရုပ်ပတ်ဝန်းကျင်ကတော့ လိုတာအကုန်ဖြစ်နိုင်သည်။ ရုပ်ရှင်ကြည့်ချင်၍ ရုပ်ရှင်ရုံသွားစရာမလို။ ကျွန်တော်တို့ခေတ်က မင်းသားနှင့်မင်းသမီးဖက်သည့်အခန်းဆိုလျှင်ပင် အချို့မိန်းကလေးများ ရုပ်ရှင်ရုံထဲမှာ ခေါင်းအောက်ငုံ့ထားကြသည်။ ယခုမူ ဆင်ဆာမဲ့နိုင်ငံခြားခွေထဲက အဖော်အချွတ်ခန်းများကိုမိန်းကလေးများ မရှက်မရွံ့ကြည့်ရဲကြပြီ။

ကျောင်းသားတစ်ယောက် ကျောင်းပြေးလျှင်လည်း အပြင်မှာ “လာပါလာပါ”လက်ယပ်ခေါ်နေသည့် နေရာတွေက များလှသည်။ ဂိမ်းဆိုင်သွားမလား။ အင်တာနက်ဆိုင်သွားမလား။ ကာရာအိုကေဆိုင်သွားမလား။ မာဆပ်သွားမလား။ ဘီယာဆိုင် သွားမလား။ (အခန်းသီးသန့်စီစဉ်ပေးသည်)ဘီလီယက်ထိုး သွားမလား။ (ဘက်ညီတာရှာပေးသည်)အရက်ဆိုင်တွေဆိုတာလည်း ကျွန်တော်တို့ ကျောင်းသားဘဝကထက် ဆယ်ဆမက တိုးပွားလာသည်။

လက်ဖက်ရည်ဆိုင်တွေမှာလည်း ဂဏန်းတွေကိုတိုးတိုးတိတ်တိတ် အလောင်းအစားပြုနိုင်သေးသည်။ ဆေးခြောက်ကအစ ကာမလှုံ့ဆော်သည့်ဆေးများအဆုံးဝယ်တတ်လျှင် အလွယ်တကူရနိုင်သေးသည်။ ဆိုတော့ ကလေးများအတွက် အလွယ်တကူ ပျက်စီးသွားစေနိုင်သည့်အရာတွေကများလှသည်။ တစ်ပြိုင်နက်မှာပဲ အပျင်းဖြေစရာ များလာတော့ ကလေးအများစုမှာ စာအုပ်ဘက်ကိုမလှည့်ကြတော့။ စာဆိုလျှင်ကျောင်းစာကလွဲပြီး ဘာဝတ္ထု၊ ဘာကာတွန်းမှ မဖတ်ဖူးသောကလေးတွေအများကြီးရှိပါသည်။

ပြောင်းလဲလာသော ရုပ်ပတ်ဝန်းကျင်နှင့်အတူ လူငယ်များ၏ အနေအထိုင်၊ အပြုအမူ၊ အကျင့်စရိုက်များပြောင်းလဲလာသည်။ အရာရာကို အသုံးချမှုစံနှင့် တိုင်းတာသည့်လူငယ်တွေ များလာသည်။ ဘာတစ်ခုမှ အလေးအနက်မထားဘဲ ကျောင်းတက်ပြီး ပညာသင်နေသည့် ကိစ္စကိုပင် အချို့ကလေးများက ဝတ်ကျေတန်းကျေလုပ်နေကြသည်။

ဤပြဿနာသည် အသေးအဖွဲပြဿနာမဟုတ်ပါ။ နိုင်ငံ၏အနာဂတ်နှင့်ဆိုင်ပါသည်။ နိုင်ငံတည်ဆောက်ရေးတွင် လူနည်းစုတော်နေရုံနှင့်မရပါ။ လူအများစုက စာရိတ္တကောင်းသော၊ ယဉ်ကျေးရည်မွန်သော၊ ဘဝကိုအလေးအနက်ထားတတ်သော နိုင်ငံသားများဖြစ်ဖို့လိုပါသည်။ အချို့ကိစ္စများ (ဥပမာ-မူးယစ်ဆေးဝါး)ကိုဥပဒေဖြင့် တားဆီး၍ရသော်လည်း အချို့ကိစ္စများကို ဥပဒေဖြင့် တားဆီး၍မရပါ။ နိုင်ငံဖြတ်ကျော် စီးဆင်းလာသော ယဉ်ကျေးမှုစီးကြောင်းကိုပိတ်ပင်၍မရပါ။ အင်တာနက်သုံးလျှင် ဘယ်လိုင်းပဲသုံး ဘယ်လိုင်းမသုံးနဲ့ နိုင်ငံခြားရုပ်ရှင်တွေကြည့်လျှင် ဘယ်အခန်းတွေဆို မကြည့်ရ၊ သွားလုပ်၍မရပါ။

သို့ဆိုလျှင် ဤပြဿနာများကို မည်သို့ဖြေရှင်းမည်နည်း။ ကျောင်းသားလူငယ်များနှင့် အနီးကပ်ဆုံး ပတ်ဝန်းကျင်နှစ်ခုကို ကျွန်တော်မြင်ပါသည်။ မိဘနှင့် ဆရာဖြစ်ပါ၏။ မိဘများကလည်း ကိုယ့်သားသမီးကိုယ် တန်ဖိုးထားအပ်သောအရာကို တန်ဖိုးထားတတ်အောင်၊ ဘယ်ဟာ အမှား ဘယ်ဟာအမှန်၊ ဘယ်ဟာ အဆိုး ဘယ်ဟာ အကောင်း ခွဲခြားတတ်အောင် ငယ်ငယ်ကတည်းက စာဖတ်သည့်အလေ့ စွဲမြဲအောင်လေ့ကျင့်ပေးသင့်သည်။ (အချို့မိဘများ ရုပ်ဝတ္ထုပစ္စည်းပြည့်စုံအောင်ဖန်တီးပေးထားလျှင် မိဘဝတ္တရားကျေပြီဟုယူဆကြသည်)ဒုတိယအချက်မှာ မိဘနှင့် သားသမီးကြား ပွင့်လင်းသောဆက်ဆံရေး ထူထောင်ထားသင့်သည်။ စာပေဗဟုသုတရှိပြီး ပွင့်လင်းသောလူငယ်တစ်ယောက်ကို မည်သည့်ကိစ္စမျှ အလွယ်တကူမကူးစက်နိုင်ပေ။

တစ်ခါ ကျောင်းများတွင်လည်း ဆရာများက စာကိုချည်းသင်ပေးခြင်းမျိုးမဟုတ်ဘဲ ကလေးများ၏စိတ်ကိုပါ သင်နိုင်အောင် ကြိုးစားကြရပေမည်။ ကလေးများ၏ စာပေဗဟုသုတ ကိုယ်ခံအားကောင်းအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမည်။ ကလေးများ ကျောင်းအားချိန်တွင် ဂိမ်းဆိုင်များဘက် ခြေဦးလှည့်မသွားအောင် ကျောင်းစာကြည့်တိုက်၊ ရပ်ကွက်စာကြည့်တိုက်များဘက် ခြေဦးလှည့်ချင်လာအောင် ဆွဲဆောင်စည်းရုံးရမည်။ ကျောင်းများတွင် နံရံကပ်စာစောင်များ၊ စာပေပြိုင်ပွဲများကို အခါအားလျော်စွာပြုလုပ်ပေးရမည်။

အမှန် အမှား၊ အကောင်း အဆိုး၊ တန်ဖိုးအတု တန်ဖိုးအစစ် ကွဲကွဲပြားပြား နားလည်သွားလျှင် မိမိဂုဏ်သိက္ခာကျမည့် အလုပ်မျိုး၊ မိမိဘဝ နစ်မွန်းမည့်အလုပ်မျိုးကို ဘယ်လူငယ်မျှ လုပ်လိမ့်မည်မဟုတ်ပေ။ ဤသို့ဆိုလျှင် ရှေ့မှာပြောခဲ့သည့် မနှစ်မြို့ဖွယ်သတင်းဆိုးများလည်း လျော့ပါးသွားလိမ့်မည်ထင်သည်။

ပြောမယ့်သာ ပြောရသည်။ ကျွန်တော့်စိတ်ကူးတွေ၊ အတွေးတွေက ကိုသန်းလှိုင်လား၊ ကိုတင်လှိုင်လား သီဆိုခဲ့သည့်သီချင်းတစ်ပုဒ်ထဲကလို ဖြစ်နေမလားပင်။ “နေရောင်ခြည်ကမ္ဘာမပျံ့ဖို့၊ ပဝါဖြန့်လို့ တားဆီးသလိုနှယ်။ ငွေလှိုင်းတွေ သောင်ပြင်မတက်ဖို့ စောင်ဖျင်သဘက်တို့နဲ့ တားဆီးသလိုပါကွယ်”။ ။

7 DAY NEWS
Vol.10, No.48 • FEBRUARY 16 , 2012

ဒေါက််တာစိုးသိမ်း

# တွေ့ကြုံခဲ့ရဖူးသည့်သူတို့ဆီက လူထုကျန်းမာရေးစောင့်ရှောက်မှု

မကြာသေးမီက စာရေးသူ၏ အဒေါ်အရင်း အသက် ၈၀ အရွယ်ရှိအိမ်ထောင်မရှိအပျိုကြီးသည် ရုတ်တရက် မူးလဲသတိလစ်၍ ကိုယ်တစ်ခြမ်း လေဖြတ်သွားခဲ့သည်။ ထို့ကြောင့်အိမ်နှင့်နီးသည့်ပြင်ဦးလွင်မြို့ရှိ ပုဂ္ဂလိကဆေးရုံတစ်ရုံတွင်တင်၍ကုသခဲ့ရပါသည်။ အဒေါ်သည် သတိလစ်နေရာမှ ရှစ်ရက်မြောက်တွင်သတိပြန်လည်လာပါသည်။ သို့သော်လည်း တစ်ပိုင်းတစ်စ သတိရခြင်း (Semi-conscious)သာဖြစ်ပြီး စကားမပြောနိုင်၊ အစာမစားနိုင်၊ မလှုပ်ရှားနိုင်သည့် အခြေအနေပါ။ လူနာအတွက် အစွမ်းကုန်ကုသပြုစုခြင်း (Intensive Care)လိုအပ်နေသေးချိန်ဖြစ်ပါသည်။

အဒေါ်၏ ဆေးကုသစရိတ်အတွက် အဝေးရောက် တူ၊ တူမများက စုပေါင်းကာ လှမ်း၍ ငွေရှစ်သိန်းပို့ပေးပါသည်။

ပုဂ္ဂလိကဆေးရုံတွင် ဆေးကုသစရိတ်မှာ တစ်ရက်လျှင် ပျမ်းမျှ ရှစ်သောင်းခန့်ရှိသဖြင့် ဆယ်ရက်အကြာ၌ ထိုငွေရှစ်သိန်းမှာပြိုက်ခနဲ ကုန်သွားပါတော့သည်။



သို့ဖြင့် ဆက်လက်၍ ဆေးကုသစရိတ်ကိုဖြေရှင်းရန် အဒေါ်နှင့် စာရေးသူ ပူးတွဲငွေစာရင်း (Joint Account)ဖွင့်ထားသည့် ငွေစုဘဏ်စာအုပ်ထဲမှ ငွေဆယ်သိန်းထုတ်လိုက်ရပါတော့သည်။ ၎င်းငွေစုဘဏ်စာရင်းမှာလည်းအဒေါ်၏ အိမ်မြေကို ခွဲရောင်း၍ရသည့်ငွေလေးအား စားဝတ်နေရေးအတွက် အတိုးကလေးရအောင် ထည့်ထားခြင်းဖြစ်ပါသည်။ အဒေါ်သည် ဦးစီးအရာရှိအဆင့်ဖြင့် ပင်စင်ယူခဲ့သူဖြစ်ပြီး ပင်စင်လစာကလေးနှင့် ဘဏ်တိုးလေးပေါင်းကာ စားဝတ်နေရေးကိုဖြေရှင်းနေရသည်။ စာရေးသူက အခါအားလျော်စွာတတ်နိုင်သလောက် ထောက်ပံ့ခဲ့သည့်ငွေလေးများမှာ အဒေါ်အတွက်မတ်တတ်နာဆေးဖိုးလေးတွေပဲဖြစ်ပါသည်။

အဒေါ် ဆေးရုံတွင် တက်ရောက်ကုသမှု ၁၈ ရက်မြောက်၌ အဒေါ့်အထက်က အစ်ကို စာရေးသူ၏ ဦးလေးက ဆေးရုံမှာ ကုသနေခြင်းသည် လူနာကို ဒုက္ခပေးညှဉ်းဆဲသလိုဖြစ်နေမည်။ သက်သက်သာသာဖြင့် အိမ်မှာပဲ ဘဝကူးပြောင်းပါစေဟုဆိုပြီး အနီးကပ်ကြီးကြပ်ပြုစုနေသည့် စာရေးသူ တူအကြီးဆုံးက သဘောမတူဘဲ ပါရဂူ၊ ဆရာဝန်များကိုပြောပြီး ဆေးရုံမှဆင်း၍ အိမ်တွင်ပဲပြုစုစေပါသည်။

အဒေါ်၏ ၁၈ရက်ကြာ ဆေးရုံတွင် တက်ရောက်၍ ကုန်ကျသည့်ဆေးကုသစရိတ်မှာငွေဆယ့်သုံးသိန်းရှိပါသည်။

၎င်းငွေဆယ့်သုံးသိန်းစာရင်း(Bill)ကိုကြည့်လိုက်တော့ဆေးစစ်ဆေးချက်များက တစ်သောင်းဝန်းကျင်၊ အောက်ဆီဂျင်ဖိုးက တစ်သောင်း၊ ဆရာဝန်ကုသစရိတ်က ခြောက်ထောင်၊ နေ့ည Special Nurse ငှားခက ခုနစ်ထောင်၊ အခန်းခက ခုနစ်ထောင့်ငါးရာ၊ အထွေထွေစရိတ်က သုံးထောင်နှင့် ဆေးဝါးဖိုးက တစ်သောင်းနှင့်သုံးသောင်းကြားရှိပါသည်။ ပျမ်းမျှ တစ်ရက်လျှင် ကုန်ကျငွေ ငါးသောင်းနှင့် ရှစ်သောင်းကြားဖြစ်ပါသည်။

ကဲ-လူနာကိုပြည်သူ့ဆေးရုံတွင် ကုသစေမည်ဆိုပါက သီးသန့်ခန်းခ ငါးထောင်သာပေးရမည်ဖြစ်ရာ သက်သာမည့်ငွေ နှစ်ထောင့်ငါးရာ၊ အောက်ဆီဂျင်ဖိုး နှစ်ထောင်သာပေးရမည်ဖြစ်ရာ သက်သာမည့် ငွေရှစ်ထောင်၊ ဆရာဝန်စရိတ်သက်သာမည့် ငွေခြောက်ထောင် စသည်ဖြင့် ခန့်မှန်းသက်သာမည့်ငွေမှာ တစ်နေ့လျှင် နှစ်သောင်းဖြစ်ပါသည်။

ထိုရောအခါ ပြည်သူ့ဆေးရုံတွင် ကုသပါက ကုန်ကျမည့်ငွေမှာ တစ်နေ့လျှင် ပျမ်းမျှငွေသုံးသောင်းနှင့်ခြောက်သောင်းကြားဖြစ်ပါသည်။

အထက်ပါကိန်းဂဏန်းများကိုဆန်းစစ်အဖြေထုတ်လိုက်ပါက အို၊ နာ၊ သေဘေးတွင် အိုရေးက မခက်ခဲ၊ အချိန်တန်လျှင် သူ့ဘာသာသူရောက်လာမည်။ နာရေးကတော့ အတော့်ကို ခက်ခဲလှပါသည်။ ငွေကြေးပြည့်စုံသူများအတွက် မခက်ခဲလှသော်လည်း လူလတ်တန်းစားနှင့် အောက်ခြေလူတန်းစားများအတွက်မူ အတော့်ကို ခက်ခဲသောကိစ္စဖြစ်သည်မှာ ဘယ်သူမှ ငြင်း၍မရပါချေ။

အဒေါ်၏ ဆေးကုသစရိတ်တွေကြောင့် စာရေးသူမှာ သံဝေဂလည်းရ၊ စိတ်အစဉ်တွင်လည်း ရှုပ်ထွေးနောက်ကျိသွားခဲ့ရပါသည်။

စာရေးသူမှာ တပ်မတော်တွင် အရာရှိကြီးအဆင့်မှ အငြိမ်းစားယူခဲ့သူဖြစ်ပြီး အရပ်ဘက်ဝန်ထမ်းဘဝတွင်လည်း ငါးနှစ်တာမျှ တာဝန်ထမ်းဆောင်ခဲ့ကာ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်ဖြင့် သက်ပြည့် အငြိမ်းစားယူခဲ့ သူဖြစ်ပါသည်။ တပ်မတော်အရာရှိကြီးဘဝ၊ အရပ်ဘက်အရာရှိကြီးဘဝတွင်လည်း ကျင်လည်ခဲ့စဉ် သမ္မာအာဇီဝအဖြစ် လစာငွေနှင့် အခြားစရိတ်ငွေများသာ ဝင်ငွေရှိခဲ့ပြီး အငြိမ်းစားယူချိန်၌ ငွေကြေးအဖြစ် များများစားစားစုဆောင်းနိုင်ခဲ့ခြင်းမရှိပါ။

အဒေါ့်လိုအဖြစ်မျိုး စာရေးသူထံသို့လည်း မရောက်ဟုမပြောနိုင်ပါ။ အိုနာသေဘေးမှ ဘယ်သူမှ ပြေးမလွတ်ပါ။ ကဲ-စာရေးသူအိုသည့်အခြေအနေမှ နာသည့်အခြေအနေရောက်လာလျှင် ဘယ်လိုများ ဆေးကုသနိုင်ပါမည်နည်း။ အဒေါ်၏ သာဓကကိုယူ၍ သံဝေဂလည်းရ၊ ပူလည်း ပူပန်မိပါသည်။

တစ်လောက ဂျာနယ်တစ်စောင်၏ ကာတွန်းကဏ္ဍလေးကို သဘောကျပြုံးမိပါသည်။ ကာတွန်းတွင် တစ်ဦးက “မြန်မာပြည်မှာ ငတ်သေတဲ့မသာမရှိဘူး”ဟု ပြောရာ ကျန်တစ်ဦးက “ငတ်သေတဲ့ မသာတော့မရှိသေးဘူး။ ဆေးမကုနိုင်လို့ သေရတဲ့ မသာတွေကတော့ တော်တော်များတယ်”ဟု ပြန်ပြောလိုက်ပုံသည် ဟာသရသမြောက်လှပါသည်။

ဤအဖြစ်အပျက်များကို မြစ်ဖျားခံပြီး စာရေးသူ၏အတွေးသည် အတိတ်သို့ ရောက်သွားပါတော့သည်။

စာရေးသူသည် အမိနိုင်ငံတော်၏ တာဝန်ပေးချက်အရ ၂၀၀၁ ခုနှစ်တွင် ရုရှားနိုင်ငံ၌ ပါရဂူဘွဲ့လွန်သုတေသနလုပ်ငန်း (Post Doctoral Research) ဆောင်ရွက်ရန် ပညာတော်သင်အဖြစ် စေလွှတ်ခံခဲ့ရပါသည်။

ရုရှားမြေတွင် တစ်နှစ်ကျော်ကာလမျှ ကြာသည့်အခါ ၂၀၀၂ ခုနှစ် နွေရာသီ၏ ညဉ့်တစ်ညဉ့်၌ စာရေးသူ၏ ညာဘက်နံစောင်းအနောက်က မခံမရပ်နိုင်အောင် နာကျင်သည့်ဝေဒနာကို ခံစားရပါသည်။ လေအောင့်သည်ထင်၍ ပါလာသည့် အစာကြေဆေးစား၊ လိမ်းဆေးများ လိမ်းသော်လည်း မသက်သာပါ။ နံနက် မိုးလင်းတော့လည်း မသက်သာလာပါ။ ထိုရောအခါ စာရေးသူတို့ နိုင်ငံခြားသား ပညာတော်သင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုအာမခံဒေါ်လာ ၂၀၀ သွင်းထားသဖြင့် အခမဲ့ ဆေးကုသခွင့်ရှိသော သက်ဆိုင်ရာနယ်မြေ ဆေးခန်းကြီး(Poly Clinic)သို့ သွားရောက်ပြသရပါသည်။ ၎င်းဆေးခန်းကြီးသည် ရောဂါပေါင်းစုံ (Case)ပေါင်းစုံကို ကုသပေးနိုင်အောင် သက်ဆိုင်ရာ ပါရဂူအမျိုးမျိုး၊ ဆရာဝန်အဖုံဖုံ၊ ကိရိယာစုံလင်စွာဖြင့် ဖွဲ့စည်းတည်ထောင်ထားပါသည်။ မြန်မာပြည်က ပုဂ္ဂလိကဆေးရုံအငယ်စားများထက် ဆယ်ဆခန့်ကြီးသော အဆောက်အအုံဖြစ်ပါသည်။

စာရေးသူအား သက်ဆိုင်ရာ ပါရဂူဆရာဝန်မကြီးက လိုအပ်သော စစ်ဆေးစမ်းသပ်မှုပြုလုပ်ပြီး “ဆေးရုံတက်ရမယ်၊ အမှတ် ၅၂ ဆေးရုံကိုသွားရမယ်။ အရေးပေါ်လူနာတင်ယာဉ် (Ambulance) စီစဉ်ပေးမယ်” ဟုဆိုကာ လိုအပ်သော စီစဉ်မှုများ ဆောင်ရွက်ပေးသဖြင့် စာရေးသူ ဆေးရုံသို့ရောက်သွားပါသည်။ စာရေးသူ၏ တပည့် ပညာတော်သင် အရာရှိလေးတစ်ဦးက လိုက်ပါကူညီပေးပါသည်။ Poly Clinic ဆေးခန်းကြီးမှာ ကုသခနှင့် Ambulance ကားခစရိတ်ငွေ လုံးဝမပေးချေရပါချေ။

ဆေးရုံပေါ်ရောက်တော့ သက်ဆိုင်ရာ ပါရဂူဆရာဝန်ကြီးက လိုအပ်သော ပဏာမစစ်ဆေးစမ်းသပ်မှုများ ပြုလုပ်ပြီးနောက် G.N. Spectroscopy ဟုခေါ်သည့် အစာအိမ်နှင့်ရင်ခေါင်းတွင်း အခြေအနေကို မှန်ပြောင်းဖြင့် စစ်ဆေးခြင်းပြုလုပ်ပါသည်။ သူနာပြုဆရာမလေး အကူအညီဖြင့် အာခေါင်အတွင်းသို့ ပိုက်ကိုထိုးထည့်ပြီး မှန်ပြောင်းဖြင့် စစ်ဆေးကြည့်ရှုစစ်ဆေးသည်။ ရောဂါရှာမရသဖြင့် ဝမ်းဗိုက်ကိုခွဲ၍ မှန်ပြောင်းဖြင့် ကြည့်ရှုစစ်ဆေးရဦးမည်ဟု ပြောကာ သဘောတူကြောင်း ပုံစံ(Form)တွင်လက်မှတ်ရေးထိုးခိုင်းသဖြင့် လက်မှတ်ထိုးပေးလိုက်သည်။ ထိုအခါ သူနာပြုဆရာမချောချောလေးတစ်ဦးက စာရေးသူကို ထမ်းစင်တွန်းလှည်း (Wheel Stretcher)ပေါ်တင်၍ ခပ်ကြမ်းကြမ်းတွန်းကာဓာတ်လှေကားဖြင့်အခန်းတစ်ခုသို့ခေါ်သွားပြီး စာရေးသူ၏ အောက်ပိုင်းအမွေးအမှင်များကို ရိတ်ပေးသည်။ ထို့နောက် ခွဲစိတ်ခန်းမကြီး(Operation Theatre)ထဲသို့ခေါ်သွားပါသည်။ ထို့နောက် ပါရဂူဆရာဝန်ကြီးက စာရေးသူ၏ ဝမ်းဗိုက်ချက်အောက်နားတွင် ထုံဆေးထိုး၍ ခွဲ၊ ခွဲကြောင်းထဲသို့ မှန်ပြောင်းထည့်ပြီး ကြည့်ရှုစစ်ဆေးသည်။ စာရေးသူက ပါရဂူဆရာဝန်ကြီးအား အခြေအနေမေးမြန်းရာ “ပုံမှန်အခြေအနေပါပဲ။ ရောဂါရှာမတွေ့ဘူး”ဟုပြောပါသည်။

သို့နှင့် စာရေးသူသည် ခွဲစိတ်ကုသလူနာဆောင်တွင် နေရပြီး မိမိအား နေ့စဉ် Drip များ သွင်းခြင်း၊ အသားဆေး ခြောက်ကြိမ်ထိုးခြင်း၊ စားဆေးမျိုးစုံပေးခြင်းပြုလုပ်ရာ သုံးရက်မြောက်တွင် နာကျင်သည့် ဝေဒနာများ လုံးဝပျောက်ကင်းသွားပါသည်။

ပါရဂူကြီး၊ တာဝန်ကျ ဆရာဝန်နှင့် သူနာပြုဆရာမများလည်း အသီးသီး တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြသည်။ ထူးခြားပုံမှာ ၎င်းတို့သည် လူနာထံ တစ်ဦးချင်းလာပြီး ပြုစုကုသကြခြင်းဖြစ်ပါသည်။ ပါရဂူကြီးသည်လည်း အခြံအရံဖြင့် မလာဘဲ တစ်ဦးတည်းလာ၍ လိုအပ်ချက်ကို ရေးမှတ်သွားသည်။ တာဝန်ကျဆရာဝန်လည်း ထိုနည်းတူပင်။

စာရေးသူသည် ဝေဒနာများ သက်သာလာပြီး ဗုဒ္ဓဘာသာ ဗမာလူမျိုးတို့၏ ထုံးစံအတိုင်း ပါရဂူကြီး၊ ဆရာဝန်နှင့် သူနာပြုများကို ဂါရဝပြုလိုသဖြင့် ဦးစွာ သူနာပြုမလေးထံ လက်ဆောင် စားသောက်ဖွယ်ရာများ သွားပေး၍ ဗန်းစကားအရ ‘ဂါ’ ပါသည်။ ထိုရောအခါ သူနာပြုမလေးက “ဒါ ထုံးစံမဟုတ်ဘူး။ ဘာလက်ဆောင်မှ ပေးစရာမလိုဘူး”ဟု မာကျောစွာ ပြန်ပြောလိုက်၍ နောက်ကြောင်းပြန်ခဲ့ရသည်။ သူတို့ လူမျိုးထုံးစံက မွေးနေ့တို့ နှစ်သစ်ကူးကာလတို့လူနာအမည်အလိုက် သတ်မှတ်ထားသည့် နှစ်ပတ်လည်နေ့တွေမှ လက်ဆောင်ပဏ္ဏာပေးကြတာကို နောက်မှ သိရသည်။ အကြောင်းမဲ့ လက်ဆောင်ပေးလျှင် ‘ကြောင်’သည်ဟု သတ်မှတ်ပုံရပါသည်။ သို့ဖြစ်၍ စာရေးသူမှာ ဆရာဝန်ကိုရော ပါရဂူကြီးကိုရောလက်ဆောင်ပေး ဂါရဝပြုခြင်းကိစ္စကို လက်လျှော့လိုက်ရပါတော့သည်။

စာ(၄၀) သို့

## JOKE

### အဖေ့သဘောတူညီမှု

ဆူဇန်တစ်ယောက် ရည်းစားနှင့် တွဲခုတ်နေသည်မှာ လပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ရာ တစ်နေ့တွင် ထိုအကြောင်းကို သူ့ကို အလွန်ချစ်သော ဖခင်ကိုအသိပေးရန် အချိန်တန်ပြီဟု ဆုံးဖြတ်လိုက်သည်။ သူ့ချစ်သူမှာ မရိမ်းစစ်သားတစ်ဦးဖြစ်ပြီး မကြာခင်က အီရတ်မှပြန်လာသူဖြစ်ကြောင်း ရှင်းပြလိုက်ပါက အဖေကြီးသဘောကျလိမ့်မည်ဟု ဆူဇန်၏မိခင်က အကြံပြုသည်။ ထိုအကြောင်းကို ပြောလိုက်သောအချိန်တွင်လည်း ဆူဇန်၏ဖခင်မှာ အလွန်ကျေနပ်သွားပြီး “မရိမ်းစစ်သား. . အင်း . . ကောင်းတယ်။ ဒါဆို သူ ကောင်းကောင်းအမိန့်နာခံတတ်တာပေါ့”ဟု ဆိုပါလေ၏။

### လေ့ကျင့်ခန်း

ကျွန်မ အမျိုးသားက ဝိတ်ချတော့မည်ဆိုကာ လမ်းလျှောက်လေ့ကျင့်စက်တစ်ခုဝယ်လာသည်။ ပထမတော့ အိမ်အောက်ထပ်ကားဂိုဒေါင် ထဲတွင် လမ်းလျှောက်စက်ကိုထားသည်။ သိပ်မသုံးဖြစ်။ သို့ဖြင့် လမ်းလျှောက်စက်ကို ကျွန်မတို့အိပ်ခန်းထဲပြောင်းထားလိုက်သည်။ အခန်းမှာရှုပ်သွားတာပဲ အဖတ်တင်သည်။ လေ့ကျင့်ခန်းကတော့မလုပ်ဖြစ်။ သို့ဖြင့် စက်ကို စတိုခန်းထဲထည့်ထားရန် ကျွန်မကအကြံပြုရာ “ဟာ. . အိပ်ခန်းထဲမှာထားတော့ ငါ အဝတ်လဲချင်တိုင်း ဒီစက်ကိုကွေ့ပတ်ပြီးသွားရတာ ငါလမ်းပိုလျှောက်ဖြစ်တယ်ကွ” ဟုဆိုပါတော့သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမို၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။
**နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။
**ပုံနှိပ်စက်-** သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၄၅၄၁ ၊ ၃၈၆ ၄၅၉ ၊ ၃၇၆ ၅၂၅ ၊ ၃၇၃ ၆၂၉
Fax : 393 458, Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com
7DAY NEWS Hotline : 73032006

7 DAY NEWS JOURNAL

# Business

Vol.10, No.48 · FEBRUARY 16 , 2012

## ဆောက်လုပ်ရေးလုပ်ငန်းများ ပိုမိုဆောက်လုပ်လာ



ဇာဇာနီ

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၉**

ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းများမှာ ယခုပွင့်လင်းရာသီတွင် ယခင်နှစ်များကထက်ပိုမိုဆောက်လုပ်လာကြောင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ စုံစမ်းသိရသည်။

“ပွင့်လင်းရာသီကြောင့် ၇၅ ရာခိုင်နှုန်းလောက်တော့ တက်လာကြတယ်။ ရာနှုန်းပြည့်တော့ ပြောလို့မရသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ အရစ်ကျစနစ်တွေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုလည်း မျှော်ပြီးလုပ်ကြတာများတယ်။ ရင်းနှီးမြှုပ်နှံမှုက လက်တွေ့မဝင်သေးတော့”ဟု Three Friends ဆောက်လုပ်ရေးမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုလေးက ပြောသည်။

ယခုနှစ်တွင် မြို့ရွာနှင့် အိုးအိမ်မှ အိမ်ရာစီမံကိန်းများဖော်ထုတ်လာမှုကြောင့်လည်း ပုဂ္ဂလိကဆောက်လုပ်မှုများက ပို၍အားထုတ်လာကြောင်း ယင်းလုပ်ငန်းရှင်ကဆိုသည်။

ရှိုင်းဆောက်လုပ်ရေးမှ တာဝန်ရှိသူက “ကွန်ဒိုဥပဒေကလည်း ထွက်လာဖို့ရှိတယ်။ နောက် ဘဏ်တွေက အာမခံပေးတဲ့စနစ်တွေကလည်း ရှိလာတော့ ဝယ်လိုအားကို တွက်ပြီး ဆောက်ကြတယ်”ဟု ပြောသည်။

ဘဏ်များက အာမခံပေးသည့်အရစ်ကျရောင်းချမှုများတွင် ကျပ်ငွေသိန်းထောင်ဂဏန်းရှိ ကွန်ဒိုများဖြစ်ပြီး သုံးနှစ်မှ ငါးနှစ်အတွင်း အကျေဆပ်ရမည်ဖြစ်သောကြောင့် လက်ရှိတွင် ဝယ်လိုအားနည်းနေကြောင်းသတင်းရရှိသည်။

“ဒီအရစ်ကျရောင်းတာကလည်း များသောအားဖြင့် ငွေကြေးပိုလျှံတဲ့သူတွေပဲ ဝယ်နိုင်ကြတာများတယ်။ ၂၀၁၁ မတ်လနောက်ပိုင်းမှာ လူတွေက ကွန်ဒိုထက် မြေယာတွေကိုဝယ်သူများတယ်။ ဘာကြောင့်လဲဆိုရင် ဂျပန်ငလျင်၊ တာလေငလျင်နဲ့ အင်ဒိုနီးရှားငလျင်တွေကြောင့်လည်းပါတယ်။ ကွန်ဒိုထက်စာရင် မြေကလည်း အလုပ်ဖြစ်တယ်”ဟု မဏ္ဍိုင်အကျိုးဆောင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

နိုင်ဂရုပ်ဆောက်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက “ဆောက်နေတဲ့ တိုက်အများစုကတော့ အရစ်ကျနဲ့ရောင်းဖို့ ဆောက်တာများတယ်။ Customer တွေအနေနဲ့လည်း အရစ်ကျနဲ့မှ ပိုအဆင်ပြေကြတယ်လို့ထင်တယ်”ဟု ပြောသည်။

“ဆောက်လုပ်ရေးလုပ်ငန်းအများစုကတော့ အပြိုင်အဆိုင်ဈေးကွက်ကို ချဲ့ထားကြတာ။ နာမည်ရလေ အကျိုးအမြတ်များလေပဲ။ ဒီလို ချဲ့လို့ပဲ မြေကြီးမစိုက်ရဘူး။ ကြိုပွဲ့င့်ရောင်းရင်လည်း သူတို့အတွက် ကျန်တယ်။ ဈေးကွက်ကို အုပ်စိုးချင်တာလည်း ပါတယ်”ဟု ဝါရင့်အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကပြောသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၁၃ | ၈၂၇ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၁၃ | ၈၂၇ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၃၅ | ၆၄၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၂၇ | ၁၀၄၃ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၅ | ၂၆ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၅ | ၁၂၇ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၅၄ | ၈၅၅ | ကျပ် |

၂၀၁၂ ဖေဖော်ဝါရီ ၁၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၄၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၇၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၇. ၅၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၉၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၉. ၃၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၁၁ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၃. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၂၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၈၃ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၅၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၇၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၅၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၄၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၃၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၀၈၉ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၀၁၆ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၀၄၄၇ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၇၂၅. ၃၀၀ |
| ရေနံစိမ်း | စည် | ၁၁၇. ၃၁၀ |
| ငွေ | ၁ အောင်စ | ၃၃. ၆၀၄ |
| ကြေးနီ | ပေါင် | ၃၈၆. ၆၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၄၇၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၂ ဖေဖော်ဝါရီ ၁၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## ထိုင်းနှင့် တရုတ်ငါးဖမ်းသင်္ဘောများ မြန်မာ့ပင်လယ်ပြင်တွင် အလွန်အကျွံငါးဖမ်းဆီးနေဟုဆို

သန်းငွေး

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၇**

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးခွင့် (Fishing Rights) ရရှိထားသော ထိုင်းနိုင်ငံနှင့် တရုတ် (တိုင်ပေ) သင်္ဘောများသည်အလွန်အကျွံငါးဖမ်းဆီးမှုများ ရှိနေကြောင်း ရေလုပ်ငန်းပညာရှင် ဦးမောင်မောင်က ပြောသည်။

“မြန်မာ့ပင်လယ်ပြင်ကိုစိုးမိုးထားနိုင်တဲ့ အခြေအနေလျော့လာလို့လား”ဟု ၎င်းကပြောသည်။

အလားတူ မြန်မာ့ပင်လယ်ပြင်ကို စောင့်ကြပ်ကြည့်ရှုသောသင်္ဘောများ ယခင်ကရှိခဲ့သော်လည်း ယခုအခါတွင် မရှိတော့၍လည်းဖြစ်နိုင်ကြောင်းမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ နာယကတစ်ဦးကလည်းပြောသည်။

ငါးအသေးများအား ဖမ်းမိစေသော တရွတ်ဆွဲပိုက်အသုံးပြုသည့် ထိုင်းငါးဖမ်းသင်္ဘောများက ပင်လယ်ကြမ်းပြင်ကိုပါ ပွတ်တိုက်သွားသောကြောင့် ရေအောက်ရှိ သယံဇာတများ ပျက်စီးကုန်ကြောင်း ၎င်းက ပြောသည်။

“အဲဒီ ငါးဖမ်းသင်္ဘောတွေပေါ်မှာ သူတို့ဘာလုပ်နေတယ်ဆိုတာ အကုန်သိနိုင်ဖို့

စာ(၃၄)သို့

စင်ထွာ
မီးလင်းကတ္တား
မှ အသစ်ထပ်မံ ထုတ်လုပ်သော ဒိုင်ခွက် မိတ်ဆက်ခြင်း
- ချိန်တွယ်သွားသော ပစ္စည်းအလေးချိန်အားလုံးကို M+ ကိုနှိပ်၍ မှတ်တမ်းတင်ထားပေးခြင်း။
- ပစ္စည်းအရေအတွက်ကို ရေတွက်ပေးနိုင်သော Counting Function ပါဝင်ခြင်း။
- ပရင်တာ ထုတ်ပေးနိုင်ခြင်း။
- အရှေ့အနောက် နှစ်ဖက်မြင်နိုင်ခြင်း။




09.7300.9641, 09.731.236.36,02.788.24

7DAY NEWS JOURNAL
Vol.10, No.48 · FEBRUARY 16 , 2012

# အထည်ချုပ်စက်ရုံများ ပြည်ပမှ အပ်ထည်ပိုများလာ

**ပြည်သိမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂**

အပ်ထည်အော်ဒါများ ပိုမိုရရှိလာသော်လည်း အထည်ချုပ်စက်ရုံများတိုးမြင့်လာမှုမရှိသေးကြောင်း အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးမြင့်စိုးက ပြောသည်။

ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံရန် ပြည်ပလုပ်ငန်းရှင်များ အများဆုံး စုံစမ်းမေးမြန်းသည့်လုပ်ငန်းများမှာ ဟိုတယ်လုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်းဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ဆိုသည်။

မလေးရှား၊ ဂျပန်၊ တောင်ကိုရီးယား စသည့်နိုင်ငံများသည် ပြည်တွင်း၌ အထည်ချုပ်လုပ်ငန်းများ ထူထောင်ရန် မေးမြန်းစုံစမ်းမှုများရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။ တရုတ်နိုင်ငံတွင် အလုပ်သမားခများ ဈေးနှုန်းမြင့်တက်လာသည့်အတွက် ဈေးသက်သာသည့်နိုင်ငံများသို့ ပြောင်းရွှေ့ရန် ဖြစ်သည်။

"အမေရိကန်ဆန်ရှင်မဖြုတ်သေးတော့ဝင်လာမှာမဟုတ်ဘူး။ စောင့်ကြည့်လေ့လာနေတဲ့အဆင့်ပဲ"ဟု အထည်ချုပ်လုပ်ငန်းများတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများမှာ အမေရိကန်နှင့်ဥရောပစီးပွားရေးပိတ်ဆို့မှု မဖယ်ရှားပါက မလာနိုင်သေးကြောင်း ဦးမြင့်စိုးက ရှင်းပြသည်။

ပြည်တွင်းသို့ အထည်ချုပ်လုပ်ငန်းများ ရုတ်တရက်များစွာဝင်ရောက်လာပါကလည်း ကျွမ်းကျင်လုပ်သား အခက်အခဲရှိနိုင်ကြောင်းလည်း ဦးမြင့်စိုးက ထပ်မံရှင်းပြသည်။ လက်ရှိမှာ ဂျပန်နိုင်ငံမှ အော်ဒါရသည့် စက်ရုံများမှာ လုပ်ငန်းများ အထူးကောင်းမွန်နေသည်ဟု သတင်းရရှိသည်။

ချုပ်ထည်များပြည်ပနိုင်ငံသို့ တင်ပို့ရမှုသည် ၂၀၀၇ မှ ၂၀၁၀ အတွင်း၌ ဂျပန်နိုင်ငံသည် အများဆုံးဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် ချုပ်ထည်တင်ပို့နိုင်မှုသည် ကန်ဒေါ်လာ ၉၅ ဒသမ ၅ သန်းရှိပြီး ၂၀၁၀ ခုနှစ်တွင် ကန်ဒေါ်လာ ၁၈၃ ဒသမ ၄ သန်းထိ တက်လာသည်။ ဒုတိယအများဆုံးတင်ပို့နိုင်သည့် နိုင်ငံမှာ ဂျာမနီနိုင်ငံဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် ကန်ဒေါ်လာ ၇၄ သန်းဖိုး တင်ပို့နိုင်ခဲ့သည်။

"ရင်းနှီးမြှုပ်နှံမှုက မကြာမီ အချိုးညီမျှတဲ့ အနေအထားကို ရောက်လာမှာပါ" ဟု ဦးအောင်နိုင်ဦးက ရှင်းပြသည်။

လက်ရှိတွင် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှုများသည် သဘာဝသယံဇာတအပေါ်တွင်သာ အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများနေသည်။ လုပ်သားအင်အားကိုအခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများတွင် ငွေကြေးရင်းနှီးမှုပမာဏနည်းနေသည်။

တိုင်းပြည်တစ်ခု တည်ဆောက်ရာတွင် လုပ်သားအင်အား အခြေခံသည့် Labour Intensive လုပ်ငန်းများနှင့် စတင်ရလေ့ရှိကြောင်း စင်ကာပူနိုင်ငံ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုနှင့် နှိုင်းယှဉ်၍ ပညာရှင်တစ်ဦးက ဟောပြောပွဲတွင် ရှင်းပြခဲ့ဖူးသည်။

စက်မှုလုပ်ငန်းများတွင် အလုပ်သမားအင်အားစု အများဆုံးမှာ အထည်ချုပ်လုပ်ငန်းများ ဖြစ်သည်။

"အထည်ချုပ်က ဝင်လာတာတစ်ခုတလေပဲ။ ဒါကလည်း နိုင်ငံခြား တိုက်ရိုက်ထက် မြန်မာနာမည်ခံရှဲဒိုးပဲ ဝင်တယ်" ဟု အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

လက်ရှိအစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံ နယ်စပ်ဒေသတွင် စက်မှုဇုန်များ ဖော်ထုတ်ပေးလျက်ရှိသည်။ ကရင်၊ ရှမ်း၊ ရခိုင် စသည့်ပြည်နယ်များတွင် စက်မှုဇုန်များ ထပ်မံဖော်ထုတ်မည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၏ ပြောကြားထားသည်။

"ဘားအံစက်မှုဇုန်မှာတော့ အထည်ချုပ်စက်ရုံနှစ်ခုသွားလုပ်နေပြီ။ ပြည်ပရင်းနှီးမြှုပ်နှံမှုတော့ မဟုတ်ဘူး။ ပြည်တွင်း လုပ်ငန်းရှင်ပဲ"ဟု ဦးမြင့်စိုးကဆိုသည်။

အထည်ချုပ်လုပ်ငန်းများတွင် ပြည်ပလုပ်ငန်းရှင်များ စိတ်ဝင်စားမှုသည် အခွန်သက်သာခွင့် အားသာချက်များကြောင့် ဖြစ်နိုင်ကြောင်း ကုန်သည်စက်မှုအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အထည်ချုပ်လုပ်ငန်းများတွင် နိုင်ငံတော်မှ ရသည့် အခွန်မှာ ချုပ်ခ၏အပေါ်တွင်သာရှိပြီး ၂ ရာခိုင်နှုန်းသာ ပေးရကြောင်း အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အထည်ချုပ်လုပ်ငန်းများသည် မြန်မာနိုင်ငံတွင် ၁၉၉၉-၂၀၀၀ ပြည့်နှစ်က အကောင်းဆုံးဖြစ်ခဲ့ပြီး စက်ရုံပေါင်း (ပုဂ္ဂလိကနှင့် အစိုးရ) ၂၉၁ ခုထိရှိခဲ့သည်။ လက်ရှိတွင် ပြည်တွင်း၌ အထည်ချုပ်စက်ရုံသည် ၁၈၀ ဝန်းကျင်သာရှိသည်။

"လောလောဆယ်အိုတီကြေးနဲ့ဘောနပ်စ်တို့နဲ့ဆိုတော့ မဆိုးပါဘူး။ အိုဗာတိုင်ကောင်းရင် လစာကောင်းပါတယ်။ အပ်ထည်များများရဖို့လိုတယ်"ဟု ရွှေပြည်သာစက်မှုဇုန်ရှိ YesII အထည်ချုပ်စက်ရုံမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

ထို့အပြင် အထည်ချုပ်စက်ရုံများ၏ လုပ်ငန်းပိုင်းတွင်လည်း ယခင်ကထက် စက်ပိုင်းဆိုင်ရာ နည်းပညာများ မြင့်လာကြောင်း သတင်းရရှိသည်။




## စာ(၃၃) - ထိုင်းနှင့် တရုတ်ငါးဖမ်းသင်္ဘောများ မြန်မာ့ပင်လယ်ပြင်တွင် အလွန်အကျွံငါးဖမ်းဆီးနေဟုဆို မှ

ဂြိုဟ်တုစလောင်းကနေ ကြည့်လို့ရတဲ့ ကိရိယာတပ်သင့်တယ်" ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတစ်ဦးကပြောသည်။

ထို့ကြောင့် တစ်နှစ်အတွင်း ဖမ်းဆီးထုတ်လုပ်နိုင်သော အမြင့်ဆုံး ငါးတန်ချိန်ကို သိရှိနိုင်ရန်နှင့် Fishing Rights များအား ထိန်းချုပ်နိုင်ရေးအတွက် မြန်မာ့ပင်လယ်ပြင်တွင် အလျင်အမြန်သုတေသနပြုသင့်ကြောင်း ၎င်းက ပြောသည်။

မြန်မာ့ပင်လယ်ပြင်တွင် သုတေသနလုပ်သော သင်္ဘောများလည်းမရှိသည့်အပြင် လုပ်နိုင်သောပညာရှင်များလည်းတဖြည်းဖြည်းလျော့နည်းလာသောကြောင့် အိမ်နီးချင်းနိုင်ငံများထံမှ အကူအညီတောင်းခံသင့်ကြောင်း ရေလုပ်ငန်းပညာရှင် ဒေါက်တာတိုးနန္ဒာတင်ကပြောသည်။

ပြည်ပနိုင်ငံများမှ ငါးဖမ်းသင်္ဘောအစီး ၃၀၀ ကျော်အား ငါးဖမ်းခွင့်တရားဝင်ပေးထားပြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ဖက်စပ်လုပ်ကိုင်နေကြသော ပြည်ပကုမ္ပဏီကိုးခုခန့်ရှိကြောင်း သတင်းရရှိသည်။

သုတေသနပြုခဲ့သော မှတ်တမ်းအရ တစ်နှစ်လျှင် ငါးတန်ချိန်တစ်သန်းဝန်းကျင်သာ ထုတ်ယူသင့်သည်ဆိုသော်လည်း ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ၂၁၆၀,၇၆၀ မက်ထရစ်တန် မြန်မာ့ပင်လယ်ပြင်မှ ထုတ်ယူသုံးစွဲပြီး ပြည်ပသို့ ၃၇၃,၈၉၂ မက်ထရစ်တန်တင်ပို့ခဲ့ကြောင်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

7 DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012



## 7DAY BOOK REVIEW

# ဘာကြောင့် ဒီမိုကရေစီလိုချင်ရသလဲ

(ဖေမြင့်)

'ဒီမိုကရေစီ' စနစ်ထွန်းကားပေါ်ပေါက်ရန် ဝိုင်းဝန်းကြိုးပမ်းနေကြသည့် ယနေ့မြန်မာနိုင်ငံတွင် ဘာကြောင့် ဒီစနစ်ကို လိုချင်နေကြရတာလဲ၊ ဘာကြောင့် သည်လောက်တပ်မက်၊ တောင့်တနေရတာလဲ ဟူသည့်အဖြေတစ်ခုကိုပေးနိုင်ရန် စာရေးသူ ဖေမြင့်က ကြိုးပမ်းအားထုတ်ထားသောစာအုပ်ဖြစ်သည်။

စာရေးသူသည် ဆရာဝန်တစ်ဦးဖြစ်သော်လည်း ရသစာပေသမားတစ်ဦးအဖြစ် အောင်မြင်ထင်ရှားခဲ့သလို နိုင်ငံသား တစ်ယောက်ဖြစ်သည့် အားလျော်စွာ နိုင်ငံ၏အရေးကိစ္စများကိုလည်း စိတ်အားထက်သန်စွာဖြင့် နိုင်ငံရေး ဆောင်းပါးများ တစ်စိုက်မတ်မတ်ရေးသားခဲ့ပြန်သည်။




ယခုစာအုပ်သည် ၎င်းရေးခဲ့သမျှ နိုင်ငံရေးဆောင်းပါး (နိုင်ငံရေးဆန်သော ဆောင်းပါးများ) ကို စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်သည်။ စာအုပ်တွင် ဆောင်းပါးပေါင်း ၈၂ပုဒ်ပါဝင်ပြီး ဆောင်းပါး ၅၈ပုဒ်သည်ပြည်သူ့ခေတ်ဂျာနယ်တွင် ဖော်ပြခဲ့သည့် အယ်ဒီတာခေါင်းကြီးများဖြစ်သည်။

ဆောင်းပါးတစ်ပုဒ်ချင်းစီ၏ အောက်တွင် စာပြီးနှစ်များပါဝင်သည့်အတွက် မြန်မာနိုင်ငံ၏ အချိန်အခါအလိုက် ပြောင်းလဲလာသော နိုင်ငံရေးဖြစ်စဉ်များနှင့် အခြေအနေအရပ်ရပ်ကို သုံးသပ်နိုင်မည့်အပြင် စာရေးသူ၏ နိုင်ငံရေးအမြင်၊ အယူအဆတို့ကိုလည်း ဝေဖန်သုံးသပ်နိုင်မည်ဖြစ်သည်။

'လွတ်လပ်မှုကို လိုချင်တာလူ့ပင်ကိုသဘာဝဖြစ်သည်။ လွတ်လပ်မှုရှိမှလည်း သူ့အသက်ရှင်ရပ်တည်မှုအတွက် သူ့အားထုတ်နိုင်မည်။ လွတ်လပ်မှုသည် လူ၏ မွေးရာပါပစ္စည်း၊ သူ့ပစ္စည်းသူပိုင်ရမည်။ သူမပိုင်လျှင် အခြားသူတစ်ဦးတစ်ယောက်က ရယူသိမ်းဆည်းထား၍ဖြစ်မည်။ အဲဒါဆိုလျှင် ဘယ်မှာတရားမျှတပါမည်လဲ'

'ကိုယ်လိုချင်တာတွေချည်းပဲလားလို့မေးလျှင် သည်လိုချည်းမဟုတ်ဘူးဆိုတာ ပြတ်ပြတ်သားသား ဖြေကြလိမ့်မည်။ လူတွေသည် **'ဆန်ပေးမှဆေးရ'** သဘောကို နားလည်ကြသည်။ လုပ်ပိုင်ခွင့်ရှိသလို လုပ်ပေးရမည့်တာဝန်တွေရှိတာလည်းသိကြသည်။ လုပ်ပေးခဲ့တာတွေ များပါပကောလားဟုစောဒကတက်နိုင်သည်'ဟု 'ဘာကြောင့် ဒီမိုကရေစီ လိုချင်ရတာလဲ' ဆောင်းပါးတွင် ယနေ့ လူထုအနေဖြင့် ဒီမိုကရေစီလိုချင်ရသည့် အကြောင်းတရားနှင့် လုပ်ပိုင်ခွင့်၊ ပြန်လုပ်ပေးရမည့် လူတိုင်း၏ တာဝန်ဝတ္တရားများကို ခြုံငုံသုံးသပ်ထားသည်ကို ဖတ်ရပါသည်။ စာအုပ်ကျောဖုံးတွင် 'ဒီမိုကရေစီဆိုလျှင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် တန်းတူညီမျှမှုတို့ရှိရလိမ့်မည်' ဟု ဖော်ပြထားသည်။

စစ်မှန်သည့် ဒီမိုကရေစီစနစ်စစ်စစ်ကိုပုံဖော်နိုင်ရန် လာမည့်ပြေလကြားဖြတ်ရွေးကောက်ပွဲမတိုင်မီ ထွက်ရှိလာသော ယခုစာအုပ်သည်လူထုက လိုချင်တောင့်တနေသည့် ဒီမိုကရေစီစနစ်စစ်စစ်အတွက် အထောက်အပံ့တစ်ခုပေးနိုင်မည့် ဆောင်းပါးများဟုဆိုချင်ပါသည်။

ဖေမြင့်စာပေကတန်ဖိုး ၄,၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ခန္ဓာကိုယ်အစိတ်အပိုင်းအသစ် ပြန်ဖြစ်နိုင်တာ ဘာကောင်လဲ

Annelids ဟူသည်ကွင်းဆက်အပိုင်းများဆက်ထားသည့်ခန္ဓာကိုယ်ရှိသော ပိုးကောင်များဖြစ်သည်။ ယင်းတို့ထဲတွင် တီကောင်၊ မျှော့၊ ကျွတ်တို့အပြင်သဲပလုပ်ကောင်ကဲ့သို့သော ရေနေပိုးကောင်များပါဝင်သည်။ ၎င်းတို့တွင်ထင်ရှားမြင်သာသော ဦးခေါင်းနှင့် နူးညံ့ပျော့ပျောင်းသောကိုယ်ခန္ဓာပါရှိပြီး ပင်မကိုယ်ထည်ကို ကွင်းဆက်များတွဲဆက်ထားသည့်ပုံစံဖြစ်ကာအတွင်းပိုင်းတွင်အမြှေးပါးအကန့်ဖြင့် ပိုင်းခြားထားသည်။

Annelid များမှာခန္ဓာကိုယ်အစိတ်အပိုင်းပျက်စီးဆုံးရှုံးမှုဖြစ်ပါက အသစ်အစားထိုးပြန်လည်ဖြစ်တည်နိုင်စွမ်းရှိကြသည့်ပိုးကောင်များဖြစ်သည်။ ရေနေပိုးကောင်မျိုးစိတ်များမှာ ရွှံ့နွံထူသောကမ်းခြေများ၊ ကျောက်တုံးများအောက်တွင်တွင်းများတူး၍ နေထိုင်ခြင်း၊ ရွှံ့မှုန်များဖြင့်ပိုက်ခေါင်းငယ်များသဖွယ်တည်ဆောက်နေထိုင်လေ့ရှိကြသည်။


—Source:Wisdom Monthly Digest






## ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အခွင့်အရေးနှစ်မျိုး တစ်ပြိုင်တည်းပေါ်မည်။ အပြိုင်အတိုက်အခံများ အခါတိုင်းထက်ပိုမည်။ မိမိအပေါ် ဒုက္ခပေးသောသူများနှင့်ဆက်ဆံရမည်။ မိမိနှင့်ယှဉ်လာသောသူများအပေါ် အနိုင်ယူနိုင်မည်။ အကျပ်အတည်းကြားမှ ဆောင်ရွက်မှုများအောင်မြင်မည်။ စိတ်ကူးကောင်းကို ဉာဏ်နှင့်ယှဉ်၍ ဆောင်ရွက်မှုကြောင့် ထူးခြားသောတိုးတက်မှုရမည်။ ဘဝတွင် မှတ်တိုင်ထူနိုင်သည့်ကိစ္စများဆောင်ရွက်နိုင်မည်။



## TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

မိမိဆောင်ရွက်သင့်သည့်အရာများကို ရှေ့တိုးဆောင်ရွက်ပြီး တက်လမ်းအဆင့်ဆင့်ရရှိမည်။ လုပ်ငန်းစီးပွားရေးရာပိုင်းကို ဦးစားပေးသင့်သည်။ ပေါ်ပေါက်လာသောအခွင့်အရေးများသည် မိမိဘဝတိုးတက်မှုအားရရှိစေမည်။ အလိုအလျောက် စိတ်ဒေါသနှင့် တုံ့ပြန်တတ်သောစရိုက်ကိုပြင်ရမည်။ အလုပ်တစ်ခုမပြီးခင် နောက်တစ်ခုစတင်တတ်ခြင်းအားပြင်ရမည်။ ကောင်းသောကျော်ကြားမှုရှိမည်။



## GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ရန်အနှောင့်အယှက်များကိုကျော်လွှား၍ အောင်မြင်မှုရရှိမည်။ ပြဿနာဖြေရှင်းရန် ဝန်မလေးပါနှင့်။ ငွေဝင်ခြင်းကံကောင်းသည်။ ဆောင်ရွက်လိုက်သောကိစ္စမှန်သမျှ ထူးခြားသောတိုးတက်မှုရမည်။ မည်သည့်ကိစ္စကိုမဆို ရှေ့တိုးဆောင်ရွက်ပါ။ စတင်ဆောင်ရွက်လိုက်သောကိစ္စများမှ ထူးခြားသောအကျိုးပေးမှုရမည်။ မိမိကို အမှန်တကယ်အထောက်အကူပြုမည့်အကြီးအကဲများကြုံမည်။



## CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ကောင်းမယောင်နှင့် ဆိုးသောကာလဖြစ်သည်။ စိတ်ကူးရည်မှန်းထားသည်များကို လက်တွေ့ဆောင်ရွက်ရန် နှောင့်နှေးနေသည်။ ကိုယ့်ကိစ္စကိုယ် ဦးစားပေး၍မရ။ သူတစ်ပါးအတွက် အချိန်ပေးနေရသောကာလဖြစ်သည်။ ရုတ်တရက်ပေါ်ပေါက်လာသော အခြေအနေပြောင်းလဲမှုကြောင့် မူလ စီစဉ်ထားသည်များကို လမ်းကြောင်းပြောင်း လုပ်ကိုင်ရပေမည်။



## LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ပစ္စည်းပျောက်တတ်သည်။ လိမ်ညာလှည့်စားမာယာများသောသူများနှင့်တွေ့ရတတ်သည်။ စကားကတိမတည်သောသူများအပေါ် ယုံစားမိ၍ မိမိတွင်စိတ်ရှုပ်ရမည်။ ခရီးကိစ္စများ၊ အပြောင်းအလဲများကို လက်တွေ့ဆောင်ရွက်၍ အဆင်ပြေမည်။ တစ်ပါးသူလက်ရောက် မိမိရပိုင်ခွင့်များ လက်ဝယ်ပြန်လည်ရရှိမည်။ အစီအစဉ်မကျနသော်လည်း ဖြစ်လာသမျှသည် ကောင်းသောအကျိုးဆက်တို့ ဖန်တီးပေးလိမ့်မည်။



## VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အပြိုင်အဆိုင်များမည်။ စကားများရမည်။ ငွေဝင်မည်။ ငွေမမြဲ။ လုပ်သမျှ ကြန့်ကြာပြီးမှ အဆင်ပြေမည်။ စိတ်ဓာတ်ကျစရာကောင်းလောက်အောင် ဝေဖန်သောသူများတွေ့မည်။ စိတ်ရှည်သည်းခံပါ။ လမ်းသစ်ထွင်ပြီး ဆောင်ရွက်လိုက်သော မိမိဆောင်ရွက်မှုအပေါ်တွင် လမ်းဟောင်းမှ သူများက ဝေဖန်ခြင်းပြုမည်။ ခရီးသွား၍ အကျိုးရှိမည်။ အရပ်ဝေးနှင့်ဆက်သွယ်ပြီး တိုးတက်မှုရမည်။



## LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

စိတ်ချမ်းမြေ့စရာများရှိလာမည်။ အခက်အခဲများ ပြေလည်အောင်ဖြေရှင်းနိုင်မည်။ မိမိအပေါ် အကျိုးပြုသူများနှင့်တွေ့ကြုံမည်။ အသက်အရွယ်ကြီးရင့်၍ စကားဩဇာထက်မြက်သော အမျိုးသမီးအကြီးအကဲတစ်ဦးထံမှ အထောက်အကူကောင်းရမည်။ မျှော်မှန်းထားသည်ထက်ပို၍ ငွေကုန်မည်။ လုပ်လက်စကိစ္စများ တစ်ပိုင်းတစ်စဖြစ်နေမည်။ လက်ဝယ် ငွေပြတ်လပ်သွားသည်အထိ အကုန်အကျများမည်။



## SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အဖက်ဖက်မှ အဆင်ပြေမည်။ ရည်ရွယ်ချက်အောင်မြင်မည်။ မိမိစိတ်ကူးထားသည်များ လက်တွေ့အကောင်အထည်ဖော်၍ ဘဝအဆင့်တိုးတက်အောင်မြင်မည်။ တစ်ပါးသူထက် သာလွန်အောင်ဆောင်ရွက်နိုင်သောအနေအထားကောင်းရှိမည်။ ရုတ်တရက်စိတ်ကူးပြီး ဆောင်ရွက်လိုက်သည်များမှ ထင်ရှားသောအကျိုးကို အပြည့်အဝရရှိမည်။ လုပ်ငန်းလုပ်နေသူများ အလုပ်အဆင့်တိုးတက်မည်။



## SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

လူလိမ်ခံရမည်။ အပျောက်အရှများမည်။ တန်ဖိုးထားသည့်ပစ္စည်းများ၊ အဖိုးတန်ပစ္စည်းများ ပျက်စီးပျောက်ရှတတ်သည်။ ခရီးသွားရန်ကိစ္စ အကြောင်းပြ၍ ငွေလိမ်ခံရတတ်သည်။ ခြံ၊ ကား၊ အရောင်းအဝယ်ပွဲစားများအိမ်သို့ အဝင်အထွက်များလာပြီး ၎င်းတို့စကား နားယောင်မိကာ ငွေဆုံးရှုံးခြင်းများကြုံကာဒုက္ခတွေ့တတ်သည်။ ခြံ၊ ကား အဝင်မတော်ပါ။



## CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အတိုက်အခံ၊ ပဋိပက္ခများကြားမှ ငြိမ်းချမ်းမှုကိုရရှိမည်။ မိမိဘဝတိုးတက်မှုအတွက် ရင်ဆိုင်တက်လမ်းရှာရမည်။ ဤကာလအတွင်း အခက်အခဲများ၊ ပြဿနာများကို ကြိုတင်တွေးပြီး ကြောက်ရွံ့ခြင်းမရှိသင့်။ လက်တွေ့ရဲရဲတင်းတင်းရင်ဆိုင်၍ အလုံးစုံကျော်ဖြတ်ပါ။ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်နှင့် လာမည့်ဘေးပြေးတွေ့ပါ။ ကြိုတင်မှန်းဆ၍မရနိုင်သော ရန်အနှောင့်အယှက်များရှိမည်။



## AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ကိုယ်နှုတ်နှစ်ပါး စောင့်စည်းရမည်။ ကတိပေးမှားမည်။ ဆောင်ရွက်သည့်လုပ်ငန်းများတွင် အနှောင့်အယှက်ဝင်မည်။ ပေါ့ပေါ့တန်တန် သဘောထားပြီး လုပ်လိုက်သောကိစ္စမှ ထူးခြားသော အောင်မြင်မှုရမည်။ စိတ်လှုပ်ရှားလွယ်မည်။ စိတ်မထိန်းနိုင်ခြင်း၊ အလောတကြီး ဆောင်ရွက်ခြင်းကြောင့် ဆုံးရှုံးခြင်းများ ကြုံတတ်သည်။ လူကောင်းများနှင့်တွဲဖက်ကတိုးတက်၍ ဆိုးသောသူများနှင့်တွဲက ဆိုးမည်။



## PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ပျော်ရွှင်မှုနှင့် စိတ်ချမ်းမြေ့မှုများဖြစ်ပေါ်မည်။ အောင်မြင်ခြင်းနှင့် ဘဝတိုးတက်ခြင်းကြုံမည်။ သူတစ်ပါးမှ မိမိအရည်အသွေးကို အသိအမှတ်ပြုမည်။ ကာလအတန်ကြာ ခက်ခဲနေသောကိစ္စအား ပြေလည်အောင်ဆောင်ရွက်နိုင်မည်။ အလုပ်တာဝန်ကြီးနှစ်ခုကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်လိမ့်မည်။ ယှဉ်လာသောသူများအား အနိုင်ယူနိုင်မည်။ အလှူအတန်းကိစ္စ၊ မင်္ဂလာကိစ္စများပါဝင်ပတ်သက်ရမည်။

7 DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012



# တိုင်းပြည်မတည်ငြိမ်သောအခါ

ကြည်နေဝင်းမင်း

မော်တော်ဆိုင်ကယ်များကို ပွတ်တိုက်ဆေးကြောရန် လမ်းပေါ်တွင်ဆောင့်ကြောင့်ထိုင်ရင်း အသက်ခြောက်နှစ်အရွယ် ပါကစ္စတန်ကလေးငယ် နာဘီလ်မွတ်ခတာ၏ ပေကျံနေသောမျက်နှာပေါ်၌ မျက်ရည်များစီးကျနေသည်။ ရက်သတ္တတစ်ပတ်လျှင် ခြောက်ရက်၊ တစ်ရက်လျှင် ကိုးနာရီ ဆိုင်ကယ်များ ဆေးကြောပေးရသည်မှာ နာဘီလ်၏အလုပ်ဖြစ်သည်။

နာဘီလ်မှာ အစိုးရက ခြစားမှုများလွန်းပြီး သူ့နိုင်ငံသားများ၊ ကလေးငယ်များနှင့် ကူညီသူမဲ့များကိုပင် ဂရုမစိုက်နိုင်ဟု ရှုမြင်ခံရသောနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုကြောင့် အလုပ်လုပ်ရန် တွန်းအားပေးခံရသော သန်းပေါင်းများစွာသော ကလေးငယ်များထဲမှ တစ်ယောက်ဖြစ်သည်။

“ကျွန်တော် စာသင်ချင်တယ်။ ဆရာဝန်ကြီးဖြစ်ချင်တယ်။ ဒါပေမဲ့ အိမ်မှာ ပိုက်ဆံတစ်ပြားမှမရှိဘူး” ဟု မိသားစုစားဝတ်နေရေးကူညီဖြေရှင်းပေးနေသော နာဘီလ်ကဆိုသည်။

စားသောက်ကုန်ဈေးနှုန်း ကြီးမြင့်ခြင်း၊ လောင်စာဆီဈေးနှုန်းမြင့်မားခြင်းနှင့် ရုန်းကန်နေရသော စီးပွားရေးအခြေအနေများကြောင့် မိသားစုများမှာ ၎င်းတို့၏ကလေးများကို စာသင်ခန်းသို့ ပို့လွှတ်ရမည့်အစား အလုပ်ခွင်ထဲသို့ပို့နေကြရသည်။

အမေရိကန်၏ မဟာမိတ် ပါကစ္စတန်နိုင်ငံတွင် မကြာခဏဆိုသလို နိုင်ငံရေးအကျပ်အတည်း ကြုံတွေ့ရခြင်းကလည်း တောင်အာရှနိုင်ငံမှ ခေါင်းဆောင်များအနေဖြင့် ကလေးလုပ်သားကိစ္စကို အဆုံးသတ်ပေးနိုင်ဖွယ်မရှိသလို တာလီဘန်သူပုန်ထခြင်းမှသည် လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း စသော ပြဿနာပေါင်း သောင်းခြောက်ထောင်ကိုလည်း အလျင်အမြန်ဖြေရှင်းနိုင်ရန်မဖြစ်နိုင်ပေ။

“ကျွန်မရဲ့ ရင်ထဲ အသည်းထဲမှာ ကျွန်မသားကို ကျောင်းထားချင်ပါတယ်။ ဒါပေမဲ့လည်း ကျွန်မတို့မှာ ကုန်ကျစရိတ်တွေအများကြီးပဲ။ စားပွဲပေါ်မှာစားစရာရောက်လာအောင်မနည်းရုန်းကန်နေရတယ်”ဟုနာဘီလ်အပြင် လေးနှစ်အရွယ် သားတစ်ယောက်နှင့် ၂ နှစ်အရွယ် သမီးလေးတစ်ယောက်လည်းရှိသေးသူ နာဘီလ်၏မိခင် ရှာဇီယာကပြောသည်။ ရှာဇီယာ၏ ယောကျ်ား မိုဟာမက်မှာ လမ်းပေါ်မှာပင် ဆံပင်ညှပ်သူဖြစ်ပြီး တစ်လလျှင် ပါကစ္စတန်ရူပီး ၇,၅၀၀(၈၃ ဒေါ်လာ)ခန့် ရှာဖွေနိုင်သည်။ ယင်းငွေမှာ မိသားစုကိုထောက်ပံ့ရန် မလုံလောက်ပါ။

“သူ အလုပ်လုပ်ဖို့ သင့်နေပြီလေ။ အခုဆိုရင် တစ်လ ရူပီး ၃၀၀-၄၀၀ လောက်ရတယ်။ အဲဒါဘာဖြစ်လဲ။ ငါတို့က ဆင်းရဲတယ်လေ” ဟု မိုဟာမက်က သူ့သားနှင့်ပတ်သက်၍ ပြောသည်။

ပါကစ္စတန်နိုင်ငံအနေဖြင့် ငွေကြေးဖောင်းပွမှုကိုထိန်းချုပ်နိုင်ရန် အတိုးနှုန်းများကိုမြှင့်တင်ခြင်းနှင့်ဘတ်ဂျက်တည်ငြိမ်စေရန် ချက်ချင်းလက်ငင်း အရေးယူဆောင်ရွက်ရန် လိုအပ်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)က သတိပေးထားသည်။

စီးပွားရေး ဖိအားများကဆယ်ကျော်သက်အရွယ် နိုအာရှားနှင့် ၎င်း၏ညီအစ်ကိုသုံးဦးကဲ့သို့သော လူငယ်များအား အိမ်ကိုစွန့်ခွာပြီး အလုပ်ရှာရန်တွန်းအားပေးနေသည်။ ယခုအခါနိုအာရှားတို့ညီအစ်ကိုလေးဦးမှာ ပါကစ္စတန်နိုင်ငံ၏ အကြီးမားဆုံးနှင့် စီးပွားရေးအကောင်းဆုံးဖြစ်သောကရာချိမြို့မှ မှုန်ကုပ်ကုပ်လက်ဖက်ရည်ဆိုင်လေး၏ ထပ်ခိုးပေါ်တွင်နေထိုင်ကြရသည်။ နေ့လယ်ဘက်တွင် တစ်နေကုန် ဆိုင်ထဲအလုပ်လုပ်ကြရသည်။

“ဆေးစရာပန်းကန်တွေကလည်း အများကြီးပဲ။ ကျွန်တော်မောလာရင်တောင်လက်ဖက်ရည်လာသောက်တဲ့လူတွေက ကျွန်တော့်ကို စိတ်ဆိုးပြီး အော်ငေါက်ဆဲဆိုကြတော့တာပဲ”ဟု ဖွံ့ဖြိုးမှုနိမ့်ပါးသည့် ဘာလူချီစတန်ပြည်နယ်မှလာသော နိုအာရှားကဆိုပါသည်။ အသက်၁၁နှစ်အရွယ်ကာရှစ်လိုကလေးအလုပ်သမားများဆိုလျှင် ပိုပြီးဆိုးဆိုးရွားရွား ဆက်ဆံခံရသည်။

“သူ အမှားတစ်ခုခုလုပ်လို့ကတော့ ကျွန်တော် သူ့ကိုတီးပစ်လိုက်တာပဲ”ဟု အသက် ၁၉နှစ်အရွယ် ကြီးကြပ်သူ တန်ဗာရှာဇတ်ကဆိုသည်။ ရှာဇတ်ငယ်ငယ်တုန်းကလည်း ဤသို့ ဆက်ဆံမှုများကိုခေါင်းငုံ့ခံခဲ့ရသည်။

ပါကစ္စတန်နိုင်ငံတွင်ကလေးငယ်ပေါင်း ၁၀ သန်းအထိ အလုပ်လုပ်နေကြကြောင်း ကုလသမဂ္ဂကလေးသူငယ်များရန်ပုံငွေအဖွဲ့(UNICEF)မှ ကလေးနှင့် ဆယ်ကျော်သက် အကာအကွယ်ပေးရေး ကျွမ်းကျင်သူ မာနန်ရာနာကပြောပါသည်။ ကလေးအလုပ်သမားသုံးသန်းရှိသည်ဟုဆိုသော အစိုးရ၏ ကိန်းဂဏန်းများမှာ ၁၉၉၆ ခုနှစ်က ထုတ်ပြန်ခဲ့ခြင်းဖြစ်ရာယင်းမှာ ကလေးအလုပ်သမားပြဿနာကို မှတ်တမ်းတင်မှု မည်မျှအားနည်းကြောင်းကို သက်သေထူနေပြီး လူဦးရေအလျင်အမြန်တိုးပွားလာမှုကို ထည့်တွက်ပါက ယင်းပြဿနာမှာ ပိုမိုဆိုးရွားနေဖွယ်ရှိသည်။

ဆိုင်ယယ်ကော့တ်မြို့တွင် ဘောလုံးများကို ကလေးများကလက်နှင့်ချုပ်၍ ထုတ်လုပ်နေကြောင်း သိရှိလာသောအခါ ပါကစ္စတန်နိုင်ငံမှ ကလေးလုပ်သားများ၏ ကံကြမ္မာကို နိုင်ငံတကာက သိရှိလာခဲ့သည်။ နိုင်ငံခြားအားကစားပစ္စည်းရောင်းချရေးကုမ္ပဏီများအနေဖြင့်ကလေးများကို ခေါင်းပုံဖြတ်ခြင်းကိစ္စနှင့် တစ်စွန်းတစ်စ ပတ်သက်နေမှာကို စိုးရိမ်ကြသည်။ ကုမ္ပဏီတစ်ခုဆိုလျှင် ၂၀၀၆ ခုနှစ်မှစ၍ ပါကစ္စတန်အခြေစိုက် လက်ချုပ်ဘောလုံးမှာယူခြင်းကို ရပ်တန့်ပစ်ခဲ့ပြီး စက်ရုံမှာ အလုပ်သမားစည်းကမ်းချိုးဖောက်မှုများအပေါ် ပြုပြင်ရန် ပျက်ကွက်ခဲ့သည်ဟုဆိုသည်။

“ဒါဟာ ဆိုင်ယယ်ကော့တ် ဒေသကပြဿနာတင်မဟုတ်ဘူး။ ကလေးအလုပ်သမားပြဿနာက ပါကစ္စတန်နိုင်ငံတစ်နိုင်ငံလုံးမှာ ပျံ့နှံ့နေတယ်။ ဖန်လက်ကောက်ထုတ်လုပ်တာတို့၊ ဆီသယ်ကားတွေ ဆေးတာတို့၊ မွေးမြူရေးခြံတွေ၊ ကားဝပ်ရှော့တွေ၊ အုတ်ဖုတ်လုပ်ငန်းတွေ၊ ဟိုတယ်လုပ်ငန်းတွေမှာပျံ့နေတယ်” ဟု ပါကစ္စတန်လူ့အခွင့်အရေး ပူးပေါင်းညှိနှိုင်းရေးမှူး ဟူစိန်နာကီက ဆိုပါသည်။

ပါကစ္စတန်နိုင်ငံသည် နိုင်ငံ့ဂျီဒီပီ(ပြည်တွင်းစုစုပေါင်းကုန်ထုတ်လုပ်မှုတန်ဖိုး)၏ ၂ ရာခိုင်နှုန်းကိုသာ ပညာရေးအတွက် သုံးစွဲသည်။ ယင်းမှနေ၍ ကြီးထွားလာသည့် လူငယ်ထုမှာ လိုအပ်သောကျွမ်းကျင်မှုနည်းပါးသည်ဟု အဓိပ္ပာယ်ထွက်ပြီး အများစုမှာ လမ်းပေါ်ထွက် အလုပ်ရှာရသည့် အခြေအနေဖြစ်လာသည်။ နှိုင်းယှဉ်ကြည့်ပါက ၂၀၁၁-၁၂အတွက်ကာကွယ်ရေးအသုံးစရိတ်မှာ ဂျီဒီပီ၏ ၁၇ ရာခိုင်နှုန်းရှိပြီး အချို့ကျွမ်းကျင်သူများကမူယင်းပမာဏကို ၂၆ရာခိုင်နှုန်းအထိရှိသည်ဟုဆိုကြသည်။

“ပြဿနာရှိတယ်။ ဒါကို ကျွန်တော်တို့ငြင်းဆန်မနေပါဘူး” ဟု ဝန်ကြီးချုပ်၏ လူမှုရေးကဏ္ဍအထူးလက်ထောက် ရှာနက်ဝါဇာအလီကပြောပြီး ပါကစ္စတန်နိုင်ငံ လူဦးရေ သန်း ၁၈၀ ၏ ၄၅ ရာခိုင်နှုန်းမှာအသက် ၂၂နှစ်အောက် လူငယ်များဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပါသည်။

သို့သော် ပါကစ္စတန်ခေါင်းဆောင်များမှာ မကြာခဏဆိုသလို အတွင်းတိုက်ပွဲများ၊ တင်းမာမှုများနှင့်လုံးထွေးနေပြီးကလေးများ၏ သက်သာချောင်ချိရေးကို လှည့်မကြည့်အားပေ။ အစိုးရ၏ ကာကွယ်မှု မရှိသလောက်အနေအထားတွင် ကလေးငယ်များမှာ ခေါင်းပုံဖြတ်ခံရမှုသံသရာထဲ တဝဲလည်လည်ဖြစ်နေကြရသည်။


“ဒါတွေအားလုံးက ကလေးတွေရဲ့ စိတ်ထဲမှာ ဒဏ်ရာအနာတရဖြစ်စေပါတယ်”ဟု လူ့အခွင့်အရေးကာကွယ်ရေးအုပ်စုတစ်ခုဖြစ်သော ‘လူမှုရေးတီထွင်ဆန်းသစ်မှုများ’အဖွဲ့၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ ဆယ်လ်မာဂျာဖာကဆိုပါသည်။ “မင်း နှိပ်စက်ခံရတယ်ဆိုရင် အဲဒီနှိပ်စက်မှုနဲ့ပဲ မင်းကြီးပြင်းလာတယ်” ဟု ဆယ်လ်မာဂျာဖာကဆက်လက်ပြောသည်။

*—Ref: Millions pushed into child labor in Parkistan*





Friends With Polo & Solo . . . .
SOLO®
COLLECTION
W H E R E V E R   Y O U   G O   S O L O   W I L L   F O L L O W

Rx For
Energy & Strength
နာလန်ထစလူမမာများကို
အမြန်ဆုံးအားအင်ပြည့်ဖြိုးစေမည့်
အကောင်းဆုံးအားဆေး
Polyamin-Forte
ကြွက်သားကျစ်လစ်သန်မာဖို့ Polyamin - Forte သောက်ကြစို့…
• သက်သတ်လွတ်စားသူများ
• အားကစားသမားများ
• နာလန်ထလူမမာများ
• နာတာရှည်ရောဂါသည်များ
• သက်ကြီးရွယ်အိုများ
• အစားအသောက်ပျက်နေသော ကိုယ်ဝန်ဆောင်များ
30 Capsules
Polyamin-Forte
Dose : 1 - 2 Capsule, Once or Twice a day
Reg. No. MYN R1301A2828
MARKETED BY :
AA MEDICAL PRODUCTS LTD.
KWANG MYUNG PHARM (Korea)




ကြည့်…ပိုးပေါက်လုံးဝမရှိ
Colgate
Proven Cavity Protection
Great Regular Flavor
ကယ်လ်ဆီယမ်အရည်
ဖလိုရိုဒ်နှင့် ကယ်လ်ဆီယမ်အရည်* ပါဝင်သည့် တစ်ခုတည်းသောဖော်မြူလာ
သွားကြိုသွားကြားမကျန်သန့်ရှင်းစေပြီး ပိုးပေါက်လုံးဝမရှိအောင်အပြည့်အဝကူညီသည်။
သွားဆရာဝန်များ၏ထောက်ခံချက်ရရှိထားသော နံပါတ် (၁) သွားတိုက်ဆေး
TNS Research International (Thailand) Co., LTD

# Commodity Watch

7DAY NEWS JOURNAL
Vol.10, No.48 · FEBRUARY 16 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) (775) Processor | 52,000 |
| Intel P4 Dual Core 3.0 (E 5800) (775)Processor | 55,275 |
| Intel P4 Dual Core 3.2 (E 6700) (775) Processor | 60,225 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 167,475 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 245,850 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 50,325 |
| MSI PH61A-P35 (B3) | 81,675 |
| ASUS P5G41T-MLX (775) | 51,150 |
| ASUS P8H61-MLX Plus (1155) | 65,175 |
| ASUS P8H67MLE (1155) | 94,875 |
| Gigabyte G41MT-S2(775) | 51,150 |
| Gigabyte P61-USB3 (B3) (1155) | 89,925 |
| Gigabyte H61M-S2 (B3) (1155) | 74,250 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 39,600 |
| 1 GB DDR2 (800) Kingston | 16,500 |
| 2 GB DDR2 (800) Kingston | 23,925 |
| 4 GB DDR3 (1333) Kingston | 19,800 |
| **Harddisk** | |
| 500 GB Seagate SATA | 73,425 |
| 1 TB Seagate SATA | 99,000 |
| 1.5 TB Seagate SATA | 107,250 |
| 2 TB Seagate SATA | 123,750 |
| **PCI Express Card** | |
| MSI N430GT 1GB PCI Express Card | 68,475 |
| MSI N430GT 2GB PCI Express Card | 72,600 |
| ASUS ENGTX520 1GB PCI Express Card | 51,150 |
| ASUS EAH 6570 1GB DDR3 PCI Express Card | 72,600 |
| ASUS EHA 6670 1GB DDR5 PCI Express Card | 94,875 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 42,075 |
| Gigabyte ATI Redeon HDR545 HM 1GB PCI Express Card | 46,200 |
| **Memory Stick** | |
| Kingston 8 GB (101) | 7,000 |
| Silicon Power 8 GB(850) | 9,900 |
| Apacer 8 GB (AH-129) | 11,000 |
| SONY 8 GB | 13,500 |
| **UPS** | |
| Numeric (600 VA) UPS | 33,000 |
| Numeric (1000 VA) UPS | 66,000 |
| Power Pro (650 VA) UPS | 34,500 |
| Power Pro (1200 VA) UPS | 63,000 |
| Star (650 VA) UPS LED | 29,230 |
| Star (650 VA) UPS LCD Display | 30,810 |
| SVC (1200VA) UPS | 60,500 |
| East (650 VA) UPS LED | 39,600 |
| East (1.2KVA) UPS | 60,225 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 22,275 |
| Liteon 8X Blu-ray Disc Combo | 115,500 |
| Liteon DVD Writer (SATA) | 22,275 |
| **အိတ်ဆောင်တီဗီငှက်ကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဖေဖော်ဝါရီ(၁၁) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 185,000 |
| LG(LCD) | 22LH15R | 175,000 |
| Sony (LCD) | 22BH300 | 200,000 |
| Toshiba (TV) | LZE 21-28 | 110,000 |
| Daewoo | DTU2131NZF | 115,000 |
| | DTU2132NZF | 125,000 |
| **DVD** | | |
| EVD (coeco) | 8082 | 24,000 |
| EVD(sukura) | DVK75 | 27,000 |
| LG | DV276 | 32,000 |
| Toshiba | DV380 | 28,000 |
| Daewoo | 1400S | 40,000 |
| HQ | HDMI999 | 50,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 175,000 |
| Sanyo | SR811 | 479,000 |
| Hitachi | 19AGV7 | 270,000 |
| Panasonic | NR.BT223 | 265,000 |
| **Washing** | | |
| Daewoo | DW900C | 169,000 |
| | DW172C | 189,000 |
| Daewoo | DWF200KR | 300,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ(၁၁)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၄-၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၈-၈၅ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၈၈ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၂၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၇၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၂၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ (၁၁)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၈,၀၀၀-၉,၀၀၀ |
| ပန်းဂေါ်ဖီ(ဗမာ) | ၁ ထုပ် | ၂၅၀-၃၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၅၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀- ၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၇၀၀-၈၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၀၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဖေဖော်ဝါရီ(၁၁)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၉၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ ဝန်းကျင် |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၂,၈၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၆,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၀၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၂,၆၀၀-၂၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၄၀၀-၁,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၅၀၀-၂,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၅၀၀-၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၆,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၅၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၉,၀၀၀-၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀- ၁,၆၀၀ |

ဖေဖော်ဝါရီ (၁၁)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| ဟိုင်းလတ်ဆပ် | ၉၇ | ၇ဂ | ၅၀၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁ဂ | ၁၇၅ |
| တိုယိုတာ (လီမီတက်) | ၈၈ | ၁ဃ | ၁၄၈ |
| တိုယိုတာ (ဖင်ကောက်) (ဒီဇယ်) | ၉၉ | ၅ဂ | ၃၁၀ |
| တိုယိုတာ ဝက်ဂွန် (ဟာရီယာ) | (အင်ဂျင်ပါဝါ သုံးထောင်) | ၉ဂ | ၃၆၅ |
| ရွှေငါး (2.0) | ၂၀၀၁/၀၂ | ၉ဂ | ၃၀၀ |
| မတ်တူး | ၉၉ | ၉ဂ | ၂၈၀ |
| ပါဂျဲရို | ၉၇ | ၆ဂ | ၄၂၀ |

ဖေဖော်ဝါရီ(၁၁)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Feb (5) | Feb (6) | Feb (7) | Feb (8) | Feb (9) | Feb (10) | Feb (11) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၅၀ | ၃,၅၅၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၆၅၀ | ၃,၆၅၀ |
| Octane ဒီဇယ် | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၇၅၀ | ၃,၇၅၀ |
| Premier ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၈၀၀ | ၃,၈၀၀ |

7 DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012

## စာ-၃၂၊ တွေ့ကြုံခဲ့ရဖူးသည့်သူတို့ဆီက လူထုကျန်းမာရေးစောင့်ရှောက်မှု မှ

သူတို့၏ ဆေးလောကကို တစေ့တစောင်း လေ့လာကြည့်ခဲ့ရာ သူတို့လည်းသူတို့ပညာဖြင့်အနောက်တိုင်းဆေးပညာရပ်ကို ထူးထူးချွန်ချွန် ဆောင်ရွက်လျက်ရှိကြသည်။ ဆေးပညာသာမက ဝိဇ္ဇာ၊ သိပ္ပံပညာရပ်အလုံးစုံကို သက်ဆိုင်ရာ ပညာရှင်များက ကျမ်းစာအုပ်အသီးသီးကို ရုရှားဘာသာဖြင့် ပြုစုထားရှိပြီး ကမ္ဘာ့အသီးသီးတွင် ၎င်းတို့ဘာသာ ထူးချွန်စွာ ရပ်တည်နိုင်ခဲ့သည်မှာ ကမ္ဘာ့အသိ ဖြစ်ပါသည်။ ဆေးပညာလောကတွင် အနောက်ဥရောပ၊ ဗြိတိန်မှ နာမည်ကျော် M.R.C.P ဘွဲ့တို့၊ F.R.C.S ဘွဲ့တို့ကို ၎င်းတို့ စိတ်မဝင်စားကြချေ။ အင်္ဂလိပ်စကားကိုလည်း အထင်ကြီးစွာမသုံးကြချေ။ မိမိကိုယ်ကိုသာ ယုံကြည်အားထား (Self Reliance) သူများဖြစ်ကြပါသည်။

ရုရှားနိုင်ငံတွင် M.Sc. Med. Sc သင်တန်းတက်နေသော စာရေးသူ၏ တပည့်/မိတ်ဆွေ ဗမာ့တပ်မတော် ဆရာဝန်လေးက သူ့အတွေ့အကြုံကိုပြောပြပါသည်။ သူက ခွဲစိတ်ပညာ Surgery ဘွဲ့လွန် တက်နေသူပါ။ သူက "အဘရေ ဒီမှာ ရောဂါရှာဖွေတာနဲ့ ရောဂါစစ်တမ်း Diagnosis ထုတ်တဲ့ကိစ္စက ဘာမှကို မခက်ခဲဘူး။ ကိရိယာတွေ အစုံရှိတယ်။ ချက်ချင်း ရောဂါကို အတိအကျသိတယ်။ Diagnosis သိတာနဲ့ တန်းခွဲစိတ်တော့တာပဲ။ ကျွန်တော်လည်း ခွဲစိတ်တဲ့အတွေ့အကြုံတွေ အများကြီးကို ရလာခဲ့တယ်"ဟုပြောပါသည်။

၎င်းတို့ ဆေးရုံတွင် လူနာများကို ကျွေးမွေးပြုစုပုံ ဖောက်သည်ချပါဦးမည်။ နံနက်စောစော မနက်စာ(Breakfast )၊ နေ့လယ်စာ (Lunch)နှင့် ညစာ (Dinner) ကို ကောင်းကောင်းကျွေးပါသည်။ သို့သော် စာရေးသူမှာ သူတို့အစားအစာကို ငြီးငွေ့လှသဖြင့် တပည့်ရင်းမြန်မာကျောင်းသားများကို ညစာ မြန်မာထမင်းဟင်းစားလိုကြောင်းပြောပြရာ ၎င်းတို့က မြေအောက်ရထား သုံးဆင့်ပြောင်းစီးပြီး တကူးတက မြန်မာ ထမင်းဟင်းလာပို့ပေးကြသည်။ ထိုကျေးဇူးကို အမြဲအောက်မေ့သတိရပါသည်။

စာရေးသူကို ခွဲစိတ်ကုသဆောင် (Surgical Ward) တွင် တစ်ပတ်ထားပြီး စိတ်ချရသဖြင့် ဆေးဝါးကုသဆောင်(Medical Ward)သို့ပြောင်းပေးပါသည်။ ၎င်း Ward တွင်လည်း ပြုစုကုသကျွေးမွေးပုံမှာ အတူတူပင်ဖြစ်ပါသည်။

၎င်းတို့ ဆေးရုံတွင် ထူးခြားသည်က ညနေဆိုလျှင် မြန်မာထုံးစံလို လူနာလာကြည့် မေးကြခြင်းမျိုး မရှိကြခြင်းပင် ဖြစ်ပါသည်။စာရေးသူက လူနာမိတ်ဆွေကိုခင်ဗျားဆေးရုံလာတက်တာငွေ ဘယ်လောက်ကုန်သလဲဟု မေးကြည့်ရာ ၎င်းက အံ့ဩသည့်ပုံစံဖြင့် ဘာမှမကုန်ဘူးဟုပြောပါသည်။ ၎င်းတို့သည် အိတ်တစ်လုံးဖြင့် ဆေးရုံလာတက်၊ ဆေးရုံဆင်းတော့လည်း အိတ်တစ်လုံးနှင့်တိတ်တိတ်ဆိတ်ဆိတ်ဆင်းသွားကြပါသည်။ ဘာ'ပလီဘောဒ'မှမရှိကြပါ။ အတော်ကောင်းသည့် လူထုကျန်းမာရေးစောင့်ရှောက်မှုအစီအမံပါပဲဟုမှတ်ချက်ကောင်းစွာပြုခဲ့ရပါသည်။

စာရေးသူသည် Medical Ward တွင် ၁၀ ရက်နေရပြီး စုစုပေါင်း ဆေးရုံတက်ရက် ၁၇ ရက်အကြာတွင် ဆေးရုံက ဆင်းပေးလိုက်ပါသည်။ လှောင်ချိုင့်အတွင်းက လွတ်လိုက်သည့် ငှက်ငယ်လိုပေါ့ပါးရွှင်လန်းသွားပါတော့သည်။ စာရေးသူ ဆေးရုံတွင် ၁၇ ရက်ကြာ တက်ရောက်ကုသခြင်းအတွက် ငွေတစ်ပြားတစ်ချပ်မှ မပေးခဲ့ရပါ။

သို့သော်လည်း ဆေးရုံက ဆင်းပေးရာတွင် သက်ဆိုင်ရာ Poly Clinic ပါရဂူဆရာဝန်မကြီးထံ ပြန်လည်သတင်းပို့ပါဟု ညွှန်ကြားလိုက်ပြန်ပါသည်။ ကဲ . . သူတို့လောကတွင် စစ်ဆေး Refer လုပ်ခဲ့သူ ဆရာဝန်ထံ လူနာကို ပြန်၍လွှဲပေးခြင်းသည် ဆေးလောက၏ လေးစားဖွယ် Procedure ပင်ဖြစ်ပါသည်။

စာရေးသူမှာ Poly Clinic ပြန်သွား၍ ပါရဂူဆရာဝန်မကြီးကို သတင်းပို့ရာ ပါရဂူဆရာဝန်မကြီးက ဆေးကုသချက်မှတ်တမ်းများအား ဖတ်ကြည့်ပြီး "ဆေးရုံက ကုသတာတွေကို မကြိုက်သေးဘူး။ Gamma Camera နဲ့ရိုက်ပြီး ထပ်စစ်ရဦးမယ်။ Gamma Camera ရှိတဲ့ အမှတ် ၈၂ ဆေးရုံကို သွားပါဟု ညွှန်ကြားပြန်ပါသည်။

သို့နှင့် စာရေးသူမှာ အမှတ် ၈၂ ဆေးရုံသို့ မြေအောက်ရထားတစ်တန်၊ ဘတ်စ်ကားတစ်တန်ဖြင့် သွားပြီး Gamma Camera အရိုက်ခံရပြန်ပါသည်။ Radiologist ဆရာဝန်ကို အခြေအနေမေးကြည့်ရာ "ပုံမှန်ပါပဲ။ စိုးရိမ်စရာမရှိပါ"ဟုပြော၍ စိတ်အေးလက်အေးသွားကာ ၎င်း Result ကို ပါရဂူဆရာဝန်မကြီးထံ သတင်းပို့ရာ "အင်း-မဆိုးပါဘူး။ နောက်တစ်ပတ်ပြန်လာခဲ့ဦး"ဟုပြောပြန်ပါသည်။ သူတို့ ဆေးလောက၏ Procedure ကျပုံ၊ ဂရုစိုက်ပုံ၊ စေ့စပ်သေချာပုံ၊ ကရုဏာထားပုံ၊ ငွေကြေးကို အဓိကမထားပုံ စသည့် ကောင်းမွန် မွန်မြတ်လှသော လုပ်ဆောင်ချက်များကို စာရေးသူ တစ်သက်မေ့နိုင်တော့မည်မဟုတ်ပါချေ။

စာရေးသူ၏ ဝေဒနာမှာလည်း သက်သာပျောက်ကင်းသွားပြီဖြစ်၍ Poly Clinic ပါရဂူဆရာဝန်မကြီးထံ မသွားတော့ချေ။

ဤဆောင်းပါးကို နိဂုံးချုပ်ပါတော့မည်။ စာရေးသူ၏ တင်ပြချက်များမှာ တိုင်းတစ်ပါးကို အထင်ကြီးစွာ ရေးသားခြင်း မဟုတ်ကြောင်း ရိုးသားစွာဝန်ခံရပါမည်။ သို့သော် သူတို့၏ ကောင်းမွန်သည့်ဆောင်ရွက်ချက်များကိုမူ မှတ်တမ်းတင်ပါသည်။ ကိုယ့်မြေမှာ မရှိသည့် အခြေအနေများကို နည်းနာယူသင့်ပါသည်။ ၎င်းတို့၏ လူထုကျန်းမာရေးစောင့်ရှောက်မှုအစီအမံများကိုလည်း အတုယူသင့်ပါသည်။

လူထုကျန်းမာရေးစောင့်ရှောက်မှုအကြောင်းပြောလျှင် ဘတ်ဂျက်ခွဲဝေမှုမှ ကျန်းမာရေးအသုံးစရိတ်ဘက်ကိုရောက်မည်။ လာမည့် ဘဏ္ဍာနှစ်တွင် အစိုးရက ကျန်းမာရေးအသုံးစရိတ်ပိုသုံးမည်ဟု လွှတ်တော်ဘက်မှ ကြားရသည်။ နိုင်ငံသားတိုင်းအတွက် ကျန်းမာရေးအသုံးစရိတ်များ တိုးပေးမည်ကို မျှော်လင့်နေသည်။

ပြန်ကောက်ရပါဦးမည်။ အိုရေးက မခက်၊ အချိန်တန်လျှင် သူ့အလိုလို ရောက်လာမည်။ သေရေးလည်း မခက်ပါ။ ဦးကျော်သူတို့လို ပုဂ္ဂိုလ်တွေ ဦးဆောင်နေသည့် နာရေးကူညီမှုအသင်းတွေ တစ်နိုင်ငံလုံး အနှံ့ရှိနေပါပြီ။ ခက်နေသည်က နာရေးပင်။ ကြာကြာမနာချင်၊ ဖြစ်နိုင်လျှင် မြန်မြန်သေသွားသည်ကပင် အားလုံးအတွက် အကောင်းဆုံးဖြစ်မည်ဟု ထင်မြင်ယူဆချင်ပါသည်။ ။

### လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဥပဒေနှင့်အညီ စိစစ်မည်ဖြစ်ကြောင်း ကြေညာခြင်း

၁။ ၂၀၁၂ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ကြားဖြတ် ရွေးကောက်ပွဲများအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားသည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများကိုသက်ဆိုင်ရာနေပြည်တော်ကော်မရှင်အဖွဲ့ခွဲနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများက မဲဆန္ဒနယ်အလိုက် ၆-၂-၂၀၁၂ ရက်နေ့မှ ၁၀-၂-၂၀၁၂ ရက်နေ့အတွင်း ပုဒ်မ ၂၄ အရဥပဒေနှင့်အညီ စိစစ်မည်ဖြစ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၆၂/ ၂၀၁၁)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

၂။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၄ အရ စိစစ်သည့်အချိန်တွင် ယင်းနည်းဥပဒေ ၂၆ အရ စိစစ်ရန် သတ်မှတ်ထား သည့် နေ့ရက်၊ အချိန်နှင့်နေရာသို့ အောက်ပါပုဂ္ဂိုလ်များလာရောက်ခွင့် ရှိပါသည်။

- (က) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊
- (ခ) သက်ဆိုင်ရာ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊
- (ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးက ဤကိစ္စအလို့ငှာ စာဖြင့် တာဝန်လွှဲအပ်ထားသူ၊
- (ဃ) နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ(သို့မဟုတ်)ခရိုင်ကော်မရှင်အဖွဲ့ခွဲကို ကူညီရန်အတွက် ယင်းအဖွဲ့ခွဲက တာဝန်ပေးအပ်ခြင်းခံရသူများ၊
- (င) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ။

၃။ ထိုသို့ လွှတ်တော်ကိုယ်စားလှယ်လောင်း စိစစ်သည့်အချိန်တွင် ယင်းဥပဒေပုဒ်မ ၂၅(က)အရ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူသည် မိမိတင်ပြလိုသော အထောက်အထားများကို တင်ပြခွင့်ရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

### လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးရာတွင် ကော်မရှင်၏ ညွှန်ကြားချက်နှင့် ကြေညာချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေး

၁။ ၂၀၁၂ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲများအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို၆-၂-၂၀၁၂ရက်နေ့မှ၁၀-၂-၂၀၁၂ရက်နေ့အတွင်း သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများက စိစစ်အတည်ပြုကြမည်ဖြစ်ပါသည်။

၂။ ယင်းသို့စိစစ်အတည်ပြုပြီးသည့် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မကြာမီကာလအတွင်း ရွေးကောက်ပွဲတွင် ၎င်းတို့ အနိုင်ရရှိရေးကိုရှေ့ရှုလျက် မိမိတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကိုပြည်သူလူထုအား ဟောပြောခြင်း၊ ရေးသားတင်ပြမဲဆွယ်စည်းရုံးခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်ပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်တို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန် နည်းလမ်းနှင့်လိုက်နာရမည့်စည်းကမ်းများ ကို ၁၈-၈-၂၀၁၀ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၉၁/ ၂၀၁၀)ဖြင့် ထုတ်ပြန်ညွှန်ကြားထားပြီးဖြစ်ပါသည်။

၄။ ယင်းကြေညာချက်တွင်မဲဆွယ်စည်းရုံးရန်အတွက်စုဝေးဟောပြောခြင်းကို မိမိတို့၏ ပါတီဌာနချုပ်နှင့် ပါတီရုံးခွဲများတွင် ပြုလုပ်ခြင်းဖြစ်ပါက ခွင့်ပြုချက်လျှောက်ထားရန်မလိုဘဲ သက်ဆိုင်ရာကော်မရှင် အဖွဲ့ခွဲသို့ကြိုတင်အသိပေးရန်သာလိုကြောင်း၊ သို့ရာတွင် (ပါတီရုံးများ မှအပ) အခြားနေရာများ၌ စုဝေးဟောပြောခြင်းပြုလုပ်လိုလျှင် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီသက်ဆိုင်ရာကော်မရှင် အဖွဲ့ခွဲသို့ (၇)ရက်ကြိုတင်လျှောက်ထားပြီး ခွင့်ပြုမိန့်ရရှိမှသာ စုဝေးဟောပြောခွင့်ရှိကြောင်း ညွှန်ကြားထားပါသည်။

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ညွှန်ကြားထားသည့် အထက်ပါကြေညာချက်(ညွှန်ကြားချက်)နှင့်အညီ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ခွင့်ပြုမိန့်တောင်းခံပြီး ခွင့်ပြုချက်အရဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာအဖွဲ့အစည်းများမှ လိုအပ်သည့်စောင့်ရှောက်မှုများပေးရန် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ကြေညာချက်(၉၁/ ၂၀၁၀)ကိုတိကျစွာလိုက်နာ၍ ဥပဒေနှင့်အညီမဲဆွယ်စည်းရုံးခြင်း/စုဝေးဟောပြောခြင်းတို့ကို ပြုလုပ်ကြပါရန် အသိ ပေးနှိုးဆော်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**သင်တန်းသားအလိုရှိသည်**

International Language & Business Centre, ILBC တွင် Teacher Training သင်တန်း ဖွင့်လှစ်ရန်အတွက် သင်တန်းသူ/သားများ လိုအပ်နေပါသဖြင့် လျှောက်ထားလိုသူများ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

လျှောက်ထားသူသည် တက္ကသိုလ် တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အသက်၃၀နှစ်ထက်မကျော်ရ။ လျှောက်လွှာရွေးချယ်ခံရသူသည် သင်တန်းတက်ရောက်ခွင့် အင်္ဂလိပ်စာ စာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး သင်တန်းကာလ၃လ ပြီးဆုံးအောင်မြင်သည့်အခါ Training Teacher အဖြစ် တာဝန်ပေးခန့်အပ်မည်ဖြစ်ပါသည်။

Colour လိုင်စင်ဓာတ်ပုံ (၂) ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ ရပ်ကွက်နေထိုင်ကြောင်း ထောက်ခံစာ၊ သန်းခေါင်စာရင်းနှင့် အခြားလိုအပ်သော စာရွက်စာတမ်းထောက်ခံစာများနှင့်အတူ Human Resources Department, အမှတ်၃၄၊ လေးထောင့်ကန်လမ်း၊ တာမွေမြို့နယ် လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**ဝန်ထမ်းအမြန်အလိုရှိသည်**

(၁) ယာဉ်မောင်း - ကျား(၁၀)ဦး
Town Ace, Canter, Truck ကားမောင်းနှင်နိုင်ရမည်။ လိုင်စင်အနီဖြစ်ရမည်။
(၂) Quality Control Supervisor/Chemist - ကျား/မ(၅)ဦး
B.Sc(I.C)/Chemistry, B.E/B-Tech/A.G.T.I (Food Technology), Food Technology ဘွဲ့ရပြီး စားသောက်ကုန်လုပ်ငန်း၊ ဓာတ်ခွဲခန်း အတွေ့အကြုံရှိသူကိုဦးစားပေးမည်။
(၃) သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှုမန်နေဂျာ - ကျား(၃)ဦး
(၄) စာရင်းကိုင် LCCI Level-3 - မ(၃)ဦး
(၅) Office Staff - မ(၃)ဦး

-အထက်ပါအလုပ်လျှောက်ထားသူများသည် မိမိ၏ ကိုယ်ရေးရာဇဝင်၊ လေဘာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ ရယက+ရဲစခန်းထောက်ခံစာမူရင်း၊ ပညာအရည်အချင်းမိတ္တူ၊ ဓာတ်ပုံ(၂)ပုံ နှင့် အတူ (၂၉-၂-၂၀၁၂)ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**လျှောက်လွှာတင်ရမည့်နေရာ။ ။ အမှတ်(၉၇)၊ ချယ်ရီလမ်း၊ စက်မှုဇုန်(၁)၊ ရွှေပြည်သာမြို့နယ်။**

**ဆရာမဒေါ်သဥ္ဇာဖြိုးဝေဦးစီးသော**
**အောင်ထက်အောင်**
**ဆေးဝါးကျွမ်းကျင်နှင့် သူနာပြုအကူသင်တန်း**

-ဆေးရုံ၊ ဆေးဆိုင်များတွင် ကျွမ်းကျင်စွာ လက်တွေ့လုပ်ကိုင်ခဲ့သော ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်များ၊ဆရာဝန်ကြီးများ ဦးစီးသင်ကြား ပေးသည်။ ဆေးရုံဆေးဆိုင်များတွင် လက်တွေ့သင်တန်းဆင်းပေးသည်။
- ပြည်တွင်း၊ ပြည်ပအသုံးပြုနိုင်သော သင်တန်းဆင်း(Certificate) အောင်လက်မှတ် ထုတ်ပေးသည်။
- အလုပ်အကိုင်ရရှိရန် အခမဲ့ကူညီပေးသည်။ ဘော်ဒါဆောင်ရှိသည်။

**အပတ်စဉ်တန်းခွဲသစ်များ ဖွင့်လှစ်နေပါသည်။**

**တိုက်(၂)၊ အခန်း(၈)၊ ပထမထပ်၊ လှည်းတန်းလမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၁၃၃၅၂၊ ၀၉ ၇၃၀၇၈၁၂၆၊ ၀၉-၅၁၃၉၆၃၁၆**

Environment

7 DAY NEWS JOURNAL

Vol.10, No.48 • FEBRUARY 16 , 2012

# ဖရုံကာကျွန်းမှ ကျောက်ထုတ်ယူသုံးစွဲလာမှုကြောင့် သန္တာကျောက်တန်းများ ပျက်စီးလာ

**မောင်သန်းဝင်း**

**စစ်တွေ၊**

**ဖေဖော်ဝါရီ- ၈**

စစ်တွေရေနက်ဆိပ်ကမ်းတည်ဆောက်မှုလုပ်ငန်းများနှင့် ဒေသတွင်း လမ်းတံတားအဆောက်အအုံစီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သောကျောက်များကိုလေးမြို့ချောင်းဒေသမှ မဟုတ်ဘဲ ဖရုံကာကျွန်းစုအတွင်းမှထုတ်ယူသုံးစွဲလာမှုများကြောင့်သန္တာကျောက်တန်းများ ယိုယွင်းပျက်စီးလာကြောင်း စစ်တွေမြို့ခံ သဘာဝပတ်ဝန်းကျင်သန္တာကျောက်တန်းများအကြောင်း လေ့လာသူပညာရှင်တစ်ဦးကပြောသည်။

ဖရုံကာကျွန်းစုအတွင်း သဘာဝအတိုင်း ဖြစ်တည်နေသော သန္တာကျောက်တန်း အရေအတွက်၅၀ ကျော်ရှိပြီး အချို့သန္တာကျောက်တန်းများမှာကျောက်တပ်၊ ကျောက်ဆောင်၊ ကျောက်တုံးများဖြင့် ဖွဲ့စည်းတည်ရှိနေကြောင်း သိရသည်။

"မဆင်မခြင်အတားအဆီးမရှိ ကျောက်ထုတ်လုပ်ငန်းတွေကြောင့် ဖရုံကာကျွန်းစုမှာ သန္တာကျောက်တန်း တော်တော်များများ ယိုယွင်းပျက်စီးမှုတွေကို ရခိုင်ကမ်းရိုးတန်းဒေသသက်ဆိုင်ရာ အဖွဲ့အစည်းတွေအနေနဲ့ အချိန်မီဟန့်တားနိုင်ဖို့လိုပါတယ်။ ဒီလိုမှမဟုတ်ရင် ဖရုံကာကျွန်းစုအတွင်း သန္တာကျောက်တန်းသဘာဝအရင်းအမြစ်များ ပျက်စီးမြဲပျက်စီးနေမှာပဲ" ဟု အဆိုပါ ပညာရှင်က အကြံပြု တိုက်တွန်းပြောကြားသည်။

လေးမြို့ချောင်း ဒေသမှ ကျောက်ထုတ်လုပ်ရရှိမှုနည်းပါးလာခြင်း၊ ထုတ်လုပ်ရရှိသော ကျောက်များကိုလည်း စစ်တွေအထိ သယ်ယူရာတွင် စရိတ်ကြီးမြင့်မှုကြောင့် ခရီးမိုင်တိုပြီး လွယ်လင့်တကူ ထုတ်လုပ်ရယူနိုင်သော သန္တာကျောက်တန်းများမှ ကူးပြောင်းထုတ်ယူလာကြခြင်းဖြစ်ကြောင်း သိရသည်။



## စစ်တွေအခြေစိုက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအဖွဲ့ ဖွဲ့စည်း

**မင်းသိန်းအောင်**

**စစ်တွေ၊ ဖေဖော်ဝါရီ-၈**

ရခိုင်ပြည်နယ်ကိုယ်စားပြုစစ်တွေမြို့အခြေစိုက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအဖွဲ့တစ်ခုကို ဇန်နဝါရီလ ၂၉ ရက်က စစ်တွေမြို့ အရှေ့ဘက်ကမ်းနားလမ်းဇေစေတီ၌ ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

တက်ရောက်လာကြသောမြို့ပေါ် လူထုများဖြင့် အဆိုပါအဖွဲ့အစည်းအား ဖွဲ့စည်းခဲ့ကြခြင်းဖြစ်ပြီး ရခိုင်ဒေသတွင်း၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို အစိုးရနှင့် သက်ဆိုင်ရာများသို့ တိုက်ရိုက်တင်ပြတောင်းဆိုမှုများ ပြုလုပ်သွားရန် ရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။

## ကျောက်တော် - မြောက်ဦးကားလမ်း ဝဲယာတစ်လျှောက် သစ်ပင် ၁၂,၀၀၀ စိုက်ပျိုးမည်



*ရခိုင်ပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရန်အတွက် သစ်ပင်များစိုက်ပျိုးသွားမည်ဖြစ်သည်*

**မင်းသိန်းအောင်**

**စစ်တွေ၊**

**ဖေဖော်ဝါရီ-၈**

ရခိုင်ပြည်နယ်စစ်တွေ-အမ်း-ရန်ကုန်သို့ဆက်သွယ်ထားသည့် အဝေးပြေးကားလမ်းမကြီးတွင်ပါဝင်သော ကျောက်တော်-မြောက်ဦး လမ်းပိုင်းဝဲယာတစ်လျှောက်၌ အရိပ်ရနှစ်ရှည်ပင် ၁၂,၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြောက်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးဆောင်၍စိုက်ပျိုးသွားမည်ဖြစ်ကာ ကျွန်းပင် ၂,၀၀၀၊ ပျဉ်းကတိုးပင် ၃,၀၀၀နှင့် ယူကလစ်ပင် ၇,၀၀၀တို့ကို စိုက်ပျိုးရန်စီစဉ်ထားပြီးဖြစ်သည်။ စိုက်ပျိုးမည့်အစီအစဉ်ကို လာမည့်ဇွန်လတွင် စတင်အကောင်အထည်ဖော်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

အဆိုပါသစ်ပင်စိုက်ပျိုးမှုကို မြောက်ဦးမြို့နယ် အုတ်ဖိုကန်ကျေးရွာအနီး အဘောင်တော်အင်းမှ လင်းမြွေတောင်ဘုရားအကျော် တစ်မိုင်ခန့်အထိ စိုက်ပျိုးသွားမည်ဖြစ်ရာ အဘောင်တော်အင်း အနီးရှိ မိုင်တိုင်အမှတ် (၁၁၂/၆)မှ (၁၂၄/၅)ရှည်လျားမည်ဖြစ်ကြောင်းသိရသည်။

"လက်ရှိအခြေအနေအရ စစ်တွေ-မြောက်ဦး ကားလမ်းဘေးဝဲယာတစ်လျှောက်မှာ အရိပ်ရသစ်ပင်တွေ နည်းပါတယ်။ အရင်ကဌာနဆိုင်ရာတွေက စိုက်ပျိုးခဲ့တာတွေ ရှိခဲ့တယ်။ ဒါပေမဲ့ ဒေသခံတွေနဲ့ ကျွဲနွားတွေကြောင့် ပျက်စီးခဲ့ရတာချည်းပဲ။ ခုစိုက်ပျိုးမယ့်အစီအစဉ်မှာ စိုက်ပြီးခါစအပင်တွေကို ဒေသခံတွေအနေနဲ့ အသိစိတ်ရှိရှိနဲ့ အပင်တွေကြီးလာတဲ့အထိ ထိန်းသိမ်းဖို့တော့လိုအပ်တယ်"ဟုမြောက်ဦးမြို့ခံတစ်ဦးက ပြောကြားသည်။

## စွမ်းအင်ထိရောက်စွာသုံးစွဲရေးနှင့် ချွေတာရေးဆိုင်ရာ နည်းပညာပြိုင်ပွဲကျင်းပမည်

**ဖေဖော်ဝါရီ-၇**

စွမ်းအင်နှင့်ပတ်သက်သည့်လုပ်ငန်းများကိုစိတ်ပါဝင်စားသောမျိုးဆက်သစ်လူငယ်များ စွမ်းအင်ဆိုင်ရာနည်းပညာရပ်များ ဖော်ထုတ်ပြသခွင့်ရမည့် စွမ်းအင်ထိရောက်စွာသုံးစွဲရေးနှင့် စွမ်းအင်ချွေတာရေးဆိုင်ရာ နည်းပညာပြိုင်ပွဲကို လာမည့်မတ်လအတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(MES)နှင့် ဆူပရင်းကုမ္ပဏီများအုပ်စုတို့ပူးပေါင်းပြုလုပ်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်ဟုသိရသည်။ ပြိုင်ပွဲတွင် အကောင်းဆုံးရွေးချယ်ခံရသူများကို ပထမဆု ကျပ် ၁၀ သိန်း၊ ဒုတိယဆု ကျပ်ငါးသိန်းချီးမြှင့်မည်ဖြစ်ကာ ဈေးကွက်အတွင်း ကျယ်ပြန့်စွာအကောင်အထည်ဖော်သုံးစွဲနိုင်ရန်လည်း ချိတ်ဆက်လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယှဉ်ပြိုင်သည့် နည်းပညာအသေးစိတ်၊ ပုံစံ၊ တည်ဆောက်ထားပုံသဘောတရား၊ လက်တွေ့သီအိုရီအလိုက် အမှတ်ပေးကာ မတ်လကုန်တွင် ဆုရွေးချယ်မည် ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများသည် ပြိုင်ပွဲဝင်ပုံစံနှင့်ပြိုင်ပွဲစည်းကမ်းများကို ယခုလ ၁ ရက်မှ ၂၈ ရက်အတွင်း ရယူနိုင်ပြီး မတ်လ ၁၅ ရက် နောက်ဆုံးထား၍စွမ်းအင်နှင့် ပြန်ပြည့်မြဲစွမ်းအင်ကော်မတီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(MES)သို့ ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**Environment Cartoon**






# Tourism

7 DAY NEWS JOURNAL

Vol.10, No.48 · FEBRUARY 16 , 2012


# ၂၀၁၁ တွင် ကမ္ဘာလှည့်ခရီးသွား လေးသိန်းနီးပါးဝင်ရောက်ခဲ့

ခန့်မှန်းထားသည်ထက် ကမ္ဘာလှည့်ခရီးသွားတစ်သိန်းလျော့ကျခဲ့သော်လည်း ၂၀၁၀ ကထက် ကိုးသောင်းကျော်ပိုများ . . .

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၁**

၂၀၁၁ တစ်နှစ်လုံးတွင်မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားလေးသိန်းနီးပါး ဝင်ရောက်ခဲ့ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်သော စာရင်းဇယားအရ သတင်းရရှိသည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ ခရီးသည် ၃၉၁,၁၇၆ ဦး ဝင်ရောက်ခဲ့သည်။ ခရီးသွား လုပ်ငန်းကျွမ်းကျင်သူများနှင့် အစိုးရက ၂၀၁၁ တွင် ကမ္ဘာလှည့်ခရီးသည် ငါးသိန်းခန့် မှန်းထားသည်ထက် တစ်သိန်းကျော် လျော့ကျခဲ့သည်။

သို့သော် ၂၀၁၀ပြည့်နှစ်တွင် ကမ္ဘာလှည့်ခရီးသည်သုံးသိန်းဝန်းကျင်သာလာရောက်၍ကိုးသောင်းကျော် ပိုများခဲ့သည်။ ၂၀၁၂ တွင်မှ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုဆက်လက်မြင့်မားလျက်ရှိပြီး ဇန်နဝါရီ တစ်လအတွင်း မှာပင်၅၀,၂၈၀ ဦးထိ ဝင်ရောက်ခဲ့သည်။

၂၀၁၁တစ်နှစ်လုံးတွင်ကမ္ဘာလှည့် ၃၉၁,၁၇၆ ဦး မြန်မာနိုင်ငံသို့လာရောက်ရာတွင်ရန်ကုန်လေဆိပ်မှ ၃၅၉,၃၅၉ ဦး ဝင်ရောက်ခဲ့သည်။

ယခုလပိုင်းအတွင်း ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှုများလာ၍ ရန်ကုန်မြို့ရှိ ဟိုတယ်များအခန်းပြည့်ဧည့်သည်ရရှိကြပြီး ဟိုတယ်အခန်းခများလည်း ဈေးတက်ခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားလေးသိန်းခန့် ဝင်ရောက်ခဲ့ရာတွင် ရန်ကုန်လေဆိပ်မှ ၂၉၅,၁၄၇ ဦးဝင်ရောက်ခဲ့သည်။ထို့ကြောင့်၂၀၁၁တွင်၂၀၁၀ထက် ကမ္ဘာလှည့်ဦးရေ ခြောက်သောင်းကျော် ရန်ကုန် လေဆိပ်မှ ဝင်ရောက်မှု ပိုများခဲ့သည်။



**ကမ္ဘာလှည့်ခရီးသွားများ ရွှေတိဂုံစေတီတော်ပေါ်တွင်** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ရခိုင်မဟာမုနိ ဘုရားပွဲတော် ကျင်းပမည်

**မင်းသိန်းအောင်**

**စစ်တွေ၊ ဖေဖော်ဝါရီ-၈**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ အထင်ကရသမိုင်းဝင် သီရိဂုတ္တကုန်းတော်ထက်တွင် ကိန်းဝပ်စံပယ်လျက်ရှိသည့်မဟာမုနိဘုရားကြီးပွဲတော်ကို လာမည့်မတ်လ ၅ရက်မှ ၇ရက်နေ့အထိ အစဉ်အလာမပျက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မဟာမုနိဘုရားကြီးမှာ ကျောက်တော်မြို့၏ အရှေ့ဘက် ငါးမိုင်ခန့်အကွာ စစ်တွေ-ရန်ကုန်ကားလမ်းမပေါ်တွင်တည်ရှိပြီး ဓညဝတီခေတ်၊ မဟာသက္ကရာဇ်၁၂၃ ခုနှစ်တွင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရင်ငွေ့တော်ဖြင့် သွန်းလုပ်ပူဇော်ခဲ့သည့် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည်။ ထို့ကြောင့် နှစ်စဉ်ဘုရားပွဲတော်ရက်များအတွင်း ပြည်တွင်းဘုရားဖူးများအပြင် ကမ္ဘာလှည့်ခရီးသည်များပါ လာရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

## မဟာဂန္ဓာရုံကျောင်းတော် ဆွမ်းစားဆောင်အတွင်းသို့ ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်ခွင့်ကန့်သတ်

**အောင်သူရ**

**ရန်ကုန် ဖေဖော်ဝါရီ - ၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ နှစ်ပေါင်း ၆၀ ကျော် သက်တမ်းရှိသော မဟာဂန္ဓာရုံကျောင်းတော် ဆွမ်းစားဆောင်အတွင်းသို့ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်ခွင့်မပြုတော့ကြောင်း မန္တလေးဇုန် ဧည့်လမ်းညွှန်အသင်းက သတင်းထုတ်ပြန်ခဲ့သည်။

ဆွမ်းစားဆောင်အတွင်း ဖိနပ်မစီးရန် တားမြစ်ထားသော်လည်း ဧည့်သည်များမှာ ဖိနပ်စီးခြင်းနှင့် ခြေအိတ်များဝတ်၍ ဝင်ရောက်နေသဖြင့် ထိုကဲ့သို့ တားမြစ်ရခြင်းဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

"မဟာဂန္ဓာရုံကျောင်းက မန္တလေးမှာ အရင်ဆုံးပြရတဲ့ နေရာပါ။ တစ်ခုလျော့သွားတာပေါ့ ဝမ်းနည်းစရာပဲ"ဟု ဂျာမန်ဧည့်လမ်းညွှန်တစ်ဦးကပြောသည်။

အဆိုပါ ကျောင်းသည် သံဃာတော်များ အများဆုံး သတင်းသုံးသော ကျောင်းတစ်ခုဖြစ်ပြီး ဝါတွင်းကာလမဟုတ်သောအချိန်တွင် ပင့်သံဃာအပါးတစ်ထောင်ခန့်ရှိသည်။ ဆွမ်းစားချိန်တွင် အသံမထွက်အောင်ဘုန်းပေးရသော ကျောင်းဖြစ်သည်။

ခရီးသွားများ ဝင်ရောက်မှုများသော ယခုနှစ်တွင် ဧည့်သည်အချို့မှာဖိနပ်စီးခြင်းနှင့်ခြေအိတ်ဝတ်ဆင်ခြင်းအားကန့်သတ်ထားသောနေရာများတွင် လိုက်နာခြင်းမရှိသည့်အတွက် ဧည့်လမ်းညွှန်အချို့က သက်ဆိုင်ရာသို့ တင်ပြထားကြသည်။

## စစ်တွေကမ်းခြေရှိ ဘန်ဂလိုများ ခွင့်ပြုချက်ရလျှင် ချက်ချင်းဖွင့်မည်

**မာန်ယုကျော်**

**စစ်တွေ၊ ဖေဖော်ဝါရီ- ၈**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ပင်လယ်ကမ်းခြေတွင် တည်ဆောက်လျက်ရှိသည့် ဘန်ဂလိုများအား သက်ဆိုင်ရာမှ ခွင့်ပြုချက်ရသည်နှင့် ချက်ချင်းဖွင့်လှစ်မည် ဖြစ်ကြောင်း စစ်တွေကမ်းခြေရှိ ဘန်ဂလိုတည်ဆောက်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ပြည်တွင်း၊ပြည်ပကခရီးသွားဧည့်သည်တွေ အဆင်ပြေစွာနဲ့ တည်းခိုစေနိုင်ဖို့အတွက် ဆောက်လုပ်ထားခြင်းပါ။ ဒီဘန်ဂလိုတွေအားလုံး ၂၀၁၁ ခုနှစ်၊ ဩဂုတ်လကတည်းကနေပြီးစီးနေတာပါ။ ဖွင့်လှစ်ဖို့အတွက် သက်ဆိုင်ရာဆီခွင့်ပြုချက်တင်ထားတာလည်း ငါးလကျော်ရှိနေပါပြီ။ ခွင့်ပြုချက်ရတာနဲ့ ချက်ချင်းဖွင့်လှစ်ပေးသွားမှာပါ"ဟုတာဝန်ရှိသူကပြောသည်။

အဆိုပါ ဘန်ဂလိုများမှာ စစ်တွေကမ်းခြေအတွင်း ၃ ဧကကျော်ကျယ်ဝန်းသည့် မြေနေရာတွင် ဆောက်လုပ်ထားခြင်းဖြစ်ပြီး စစ်တွေကမ်းခြေတွင် ပထမဆုံးတည်ဆောက်ထားသည့်ဘန်ဂလိုများဖြစ်ကြောင်း သိရသည်။



**ကမ္ဘာသိငပလီကမ်းခြေကို တွေ့ရစဉ်**

ပြည်တွင်း၊ ပြည်ပမှ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များအတွက် ပင်လယ်ကမ်းခြေတွင်စိတ်အေးချမ်းသာစွာတည်းခိုနိုင်ရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်းလည်း သိရသည်။

ရခိုင်ဒေသသည်ကမ္ဘာလှည့်ခရီးသည်များစိတ်ဝင်တစားလာရောက်လည်ပတ်လေ့ရှိသည့် ဒေသတစ်ခုဖြစ်သည်နှင့်အညီ ကမ္ဘာလှည့်ခရီးသည်များ ရခိုင်သို့ လာရောက်လည်ပတ်ကြသည့်အခါ ရန်ကုန်မှ စစ်တွေသို့ ဦးစွာလာရောက်လေ့ရှိကြပြီး ထိုသို့စစ်တွေ၌ လည်ပတ်နေစဉ်အတွင်း စစ်တွေရှိ ဟိုတယ်ကြီးများနှင့် စစ်တွေပင်လယ်ကမ်းခြေတွင်ရှိသည့် စစ်တွေဟိုတယ်၌ တည်းခိုလေ့ရှိကြောင်း သိရသည်။

ယခုအခါ စစ်တွေပင်လယ်ကမ်းခြေတွင် တည်းခိုလိုသည့် ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များအနေဖြင့် ကမ်းခြေရှိစစ်တွေဟိုတယ်၌ တည်းခိုနိုင်သည့်အပြင် ဘန်ဂလိုများ ဖွင့်လှစ်ပါကလည်း အဆိုပါဘန်ဂလိုများတွင် စိတ်အေးချမ်းသာစွာ တည်းခိုနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။









7 DAY NEWS JOURNAL
Vol.10, No.48 · FEBRUARY 16 , 2012


# The Cartoon Logo










7 DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012

# ယခုနှစ်အတွင်း ဆမ်ဆောင်းက စမတ်တီဗီ ၂၅ သန်း ရောင်းမည်




**ဆိုးလ်၊ ဖေဖော်ဝါရီ - ၈**

တောင်ကိုရီးယားနိုင်ငံမှ ဆမ်ဆောင်းကုမ္ပဏီသည် ယခုနှစ်အတွင်း ပေါ်ထွန်းလာသည့် အင်တာနက် တီဗီဈေးကွက်တွင် Apple အပါအဝင်ပြိုင်ဘက်များကိုယှဉ်ပြိုင်နိုင်ရန် အင်တာနက်ကြည့်ရှုနိုင်သည့် စမတ်တီဗီလုံးရေ ၂၅ သန်းကျော်ကို ရောင်းချရန်စီစဉ်ထားကြောင်းသိရသည်။

ကုမ္ပဏီ၏ ရုပ်မြင်သံကြားဌာန အကြီးအကဲ ကင်ဟွမ်ဆက်က ဆမ်ဆောင်းသည် ယခုနှစ်အတွင်း အင်တာနက်သုံးနိုင်သည့် တီဗီများအပါအဝင် မှန်ပြား Flat-Screen တီဗီလုံးရေ သန်း ၅၀ တင်ပို့ရန် မျှော်လင့်ထားကြောင်း ပြောသည်။

ဆမ်ဆောင်း၏ နောက်ဆုံးပေါ် စမတ်တီဗီများသည် ဘာသာစကားအမျိုးပေါင်း ၃၀ ဖြင့် ပြောဆိုသော လူ့စကားသံများကို မှတ်သားသိရှိကာ နှုတ်ဖြင့် အမိန့်ပေးနိုင်၊ ဖွင့်ပိတ်နိုင်၊ အသံအတိုးအကျယ်လုပ်နိုင်သော နည်းပညာများပါဝင်သည်။

ES8000 ဟုအမည်ပေးထားသော ယင်းစမတ်တီဗီမော်ဒယ်အသစ်များကို လာမည့် မတ်လမှစ၍ ကမ္ဘာတစ်ဝန်း ဖြန့်ချိမည်ဖြစ်သည်။ ဆမ်ဆောင်းသည် ဂူးဂဲလ်၏ Operating System အသုံးပြုသော ဖုန်းများ၊ ကွန်ပျူတာမိုဘိုင်းပစ္စည်းများတွင် ဖွင့်နိုင်သော စမတ်တီဗီတစ်မျိုးကိုလည်း ယခုနှစ်ကုန်တွင် ထုတ်လုပ်ရန် ရည်မှန်းထားသည်။

သုတေသနကုမ္ပဏီ Display Search ၏အဆိုအရ ကမ္ဘာလုံးဆိုင်ရာ တီဗီဈေးကွက်သည် ၂၀၁၁ ခုနှစ်တွင် တိုးတက်မှုမရှိခဲ့သော်လည်း ယခုနှစ်တွင် ၂ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းထားကြောင်းသိရသည်။

*—Ref: AFP*

## နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်ရန် ရုရှားနှင့်အိန္ဒိယ ပြင်ဆင်

**မော်စကို၊ ဖေဖော်ဝါရီ - ၇**

ယခုနှစ် နွေရာသီတွင် ရုရှားနိုင်ငံ၌ပြုလုပ်မည့် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှု အစီအစဉ် INDRA-2012 အတွက် ရုရှားနှင့် အိန္ဒိယနိုင်ငံတို့က စတင်ပြင်ဆင်နေပြီဖြစ်ကြောင်း ရုရှားအရှေ့ဘက် စစ်ဘက်ခရိုင်မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးကပြောကြားသည်။

"အခုနှစ် နွေရာသီမှာ ပြုလုပ်မယ့် နှစ်နိုင်ငံစစ်ရေးလေ့ကျင့်မှုတွေအတွက်ပြင်ဆင်မှုတွေလုပ်ဖို့ အိန္ဒိယစစ်ဘက်ကိုယ်စားလှယ်အဖွဲ့ အူလန်အူဒေးဒေသကိုရောက်ရှိလာခဲ့ပါတယ်"ဟု ဒုတိယဗိုလ်မှူးကြီး အလက်ဇန္ဒား ဂေါ်ဒီယက်ဖ်က ပြောသည်။

စစ်ရေးလေ့ကျင့်မှုများကို မည်သည့်ဒေသတွင်ပြုလုပ်မည်ဆိုသည့်အပေါ် ရုရှားနှင့်အိန္ဒိယ စစ်ဘက်အရာရှိများက ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်ကပြောသည်။

ရုရှားနှင့် အိန္ဒိယနိုင်ငံတို့သည် ၂၀၀၃ ခုနှစ်မှစ၍ ကြည်းတပ်နှင့် ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုများငါးကြိမ် ပြုလုပ်ခဲ့ပြီး ယင်းသို့ နှစ်ဖက်လေ့ကျင့်မှုများကို ၂၀၁၀ ပြည့်နှစ်တွင် နောက်ဆုံးကျင်းပခဲ့သည်။

သို့သော် ပြီးခဲ့သည့်နှစ်တွင် နှစ်ဖက်စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်မည်ဟု စောစောပိုင်းက ကြေညာခဲ့သော်လည်း ယင်းလေ့ကျင့်မှုကို ဖျက်သိမ်းခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးတွင် ရုရှားနိုင်ငံက လေယာဉ်တင်သင်္ဘော Admiral Gorshkov ကို တပ်ဆင်ပေးခြင်းအပေါ် နှောင့်နှေးနေခြင်းကြောင့် ထိခိုက်ခဲ့ရကြောင်း ဆိုသည်။ သို့သော် အိန္ဒိယနိုင်ငံမှာ ရုရှားမှ လက်နက်များကို အဓိကဝယ်ယူနေဆဲဖြစ်ကြောင်း ရုရှားသတင်းဌာန RIA Novosti တွင် ဖော်ပြသည်။

*—Ref: RIA Novosti*

# ယခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် အဝင်နည်းမည်ဟု စင်ကာပူခန့်မှန်း

**စင်ကာပူ၊ ဖေဖော်ဝါရီ - ၇**

စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့(STB)က ယခုနှစ်အတွင်း နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုနှုန်း လျော့ကျဖွယ်ရှိကြောင်း ခန့်မှန်းလိုက်သည်။

အဖွဲ့၏အဆိုအရ ၂၀၁၁ တွင် ခရီးသည်ဝင်ရောက်မှုအရေအတွက်စံချိန်တင်ခဲ့ပြီးနောက် ယခုနှစ်တွင် တိုးတက်မှုနှုန်းနှေးကွေးသွားမည်ဟုသိရသည်။ ဘုတ်အဖွဲ့၏ အမှုဆောင်အရာရှိချုပ် အော်ကားပင်ကလည်း ယခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေးမရေရာမှုကြောင့် ခရီးသည်ဝင်ရောက်မှုတိုးတက်နှုန်းမှာ ပုံမှန်သာရှိမည်ဖြစ်ကြောင်းဆိုသည်။

ယင်းအဖွဲ့က ၂၀၁၁တွင်ခရီးသည်များ စံချိန်တင်ဝင်ရောက်မှုအဖြစ် ၁၃ ဒသမ ၂ သန်း ဝင်ခဲ့ပြီး တရားဝင်ခန့်မှန်းချက်ကို ကျော်လွန်ခဲ့ကြောင်းဆိုသည်။ ၂၀၁၁ အတွက် ခရီးသွားလုပ်ငန်းဝင်ငွေမှာ စင်ကာပူဒေါ်လာ ၂၂ ဒသမ ၂ ဘီလီယံအထိ စံချိန်တင်ရရှိခဲ့သည်။


Photo - Getty Images

စင်ကာပူနိုင်ငံသို့ အများဆုံးလည်ပတ်သော ဧည့်သည်များမှာ အင်ဒိုနီးရှားနိုင်ငံမှဖြစ်၍ ၂၀၁၁ တွင် ၂,၅၉၂,၀၀၀ (နှစ်သန်းငါးသိန်းကျော်)လာရောက်လည်ပတ်ခဲ့သည်။

*—Ref: CNA*

## ကင်ဂျုံအီလ်အမှတ်တရ နတ်ကွန်းဆောက်ရန် ကြိုးပမ်းသူ တောင်ကိုရီးယားတွင် ဖမ်းဆီး

**ဆိုးလ်၊ ဖေဖော်ဝါရီ - ၈**

တောင်ကိုရီးယားနိုင်ငံမှ တက်ကြွလှုပ်ရှားသူတစ်ဦးသည် ပြီးခဲ့သည့် ဒီဇင်ဘာလက ကွယ်လွန်ခဲ့သည့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီလ်အမှတ်တရနတ်ကွန်းတစ်ခုတည်ဆောက်ရန် ကြိုးစားမှုဖြင့် ဖမ်းဆီးခံရကြောင်းသိရသည်။

ယွန်းဟုခေါ်သည့် အဆိုပါ အသက် ၅၃နှစ်အရွယ် ပုဂ္ဂိုလ်သည် နှစ်နိုင်ငံပြန်လည်ပေါင်းစည်းရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်ပြီး ၎င်းသည် မြောက်ကိုရီးယားနိုင်ငံအား ချီးကျူးသော အရေးအသားများ အွန်လိုင်းပေါ်တွင် လွှင့်တင်ခြင်းနှင့် ပြံယမ်းကို ထောက်ခံသော စာစောင်များ ထုတ်လုပ်ဖြန့်ချိမှုဖြင့်လည်းတရားစွဲခံထားရသည်။

တောင်ကိုရီးယားနိုင်ငံ၏ တင်းကျပ်သော အမျိုးသားလုံခြုံရေးဥပဒေသည် နိုင်ငံသားများကို မြောက်ကိုရီးယားအား ထောက်ခံခြင်း၊ ချီးကျူးခြင်းမပြုလုပ်ရန်တားမြစ်ထားသည်။ တောင်ကိုရီးယားအစိုးရသည် မြောက်ကိုရီးယားပြည်သူများအား စာနာကြောင်း ဖော်ပြလေ့ရှိသော်လည်း ပြီးခဲ့သည့် ဒီဇင်ဘာလ ကင်ဂျုံအီလ်ကွယ်လွန်စဉ်ကမူ ပြံယမ်းသို့ ဈာပနအခမ်းအနားသွားရောက်ဂါရဝပြုရန် နိုင်ငံတွင်းမှ ထင်ရှားသည့် လူနှစ်ဦးကိုသာခွင့်ပြုခဲ့သည်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကလည်း တောင်ကိုရီးယားအာဏာပိုင်များသည် လုံခြုံရေးဥပဒေ တင်းကျပ်လွန်း၍ လွတ်လပ်စွာပြောဆိုဖော်ထုတ်ခွင့်ကိုထိခိုက်နိုင်ကြောင်း ပြီးခဲ့သည့် သီတင်းပတ်က ဝေဖန်ခဲ့သည်။

*—Ref: AFP*

7 ရက် သတင်းဂျာနယ်
7DAY NEWS
Vol.10, N... 16 , 2012





# Leader's Profile

## ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီဥက္ကဋ္ဌ

# မစ္စတာမီလိုကိုတာရက်

ရဲမင်း

မစ္စတာမီလိုကိုတာရက်သည် စလိုဗေးနီးယားနိုင်ငံသားဖြစ်ပြီး ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီ၏ ၆၈ ဦးမြောက် ဥက္ကဋ္ဌအဖြစ် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် စတင်တာဝန်ယူဆောင်ရွက်ခဲ့သည်။

မစ္စတာ မီလိုကိုတာရက်ကို ၁၉၆၂ ခုနှစ်တွင် စလိုဗေးနီးယားနိုင်ငံ ပါတီဇန်စကီးဒေသ၌ မွေးဖွားခဲ့သည်။ မစ္စတာကိုတာရက်သည် ၁၉၈၆ ခုနှစ်တွင် စလိုဗက်နည်းပညာတက္ကသိုလ်မှ အီလက်ထရိုနည်းပညာ အင်ဂျင်နီယာဘာသာရပ်အထူးပြုဖြင့် မဟာဘွဲ့ရရှိခဲ့ပြီး ဘရာတီစလာဗာ စီးပွားရေးတက္ကသိုလ်မှစီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့(MBA)ကို ၁၉၉၂ခုနှစ်တွင်ရရှိခဲ့သည်။ မစ္စတာကိုတာရက်သည် Commenius တက္ကသိုလ်၌လည်း ၁၉၉၂ မှ ၁၉၉၄ ခုနှစ်အထိ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာများကို သင်ယူလေ့လာခဲ့သည်။ ၁၉၈၉ မှ ၁၉၉၃ ခုနှစ်များတွင် မိမိဘွဲ့ရရှိခဲ့ရာ တက္ကသိုလ်၌ လက်ထောက်ကထိကအဖြစ်လုပ်ကိုင်ခဲ့သည်။

မစ္စတာကိုတာရက်သည် ၁၉၉၃ ခုနှစ်မှစ၍ စလိုဗက်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ဝန်ကြီးဌာန၏ ကုလသမဂ္ဂနှင့် အခြား နိုင်ငံတကာအဖွဲ့အစည်းများဌာန၌ ကုလသမဂ္ဂနှင့် ဆက်ဆံရေးဌာနအကြီးအကဲအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၅ ခုနှစ်မှစ၍ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ စလိုဗက်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့အတွင်းပါဝင်လာခဲ့ပြီး ပထမဦးစွာ လက်ထောက်အတွင်းဝန်အဖြစ်လုပ်ကိုင်ခဲ့ကာ ၁၉၉၈ ခုနှစ်တွင် ပထမအတွင်းဝန်တာဝန်နှင့် နောက်ပိုင်း၌ ကိုယ်စားလှယ်အဖွဲ့၏ ယာယီ ဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင်မူ မစ္စတာကိုတာရက်သည် ကုလသမဂ္ဂဆိုင်ရာအမြဲတမ်း စလိုဗက်ကိုယ်စားလှယ်ဖြစ်လာသည်။

ယင်းနောက် မစ္စတာကိုတာရက်သည် ၁၉၉၉ ခုနှစ်မှစ၍ နိုင်ငံခြားရေးဌာန(OSCE)သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး ပထမ၌ လက်နက်ဖျက်သိမ်းရေးဌာနခွဲ၏ ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ပြီး နောက်ပိုင်းတွင် ဒါရိုက်တာဖြစ်လာသည်။ ထို့မှနေ၍ မစ္စတာကိုတာရက်သည် ဘရပ်ဆဲလ်မြို့ နေတိုးအဖွဲ့ချုပ်တွင် နေတိုးအဖွဲ့ဆိုင်ရာ စလိုဗက်ကိုယ်စားလှယ်အဖွဲ့၏ ဒုတိယအကြီးအကဲအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၀၄ မှ ၂၀၀၉ ခုနှစ်အတွင်းတွင်မူ မစ္စတာကိုတာရက်သည် ဥရောပပါလီမန်အမတ်အဖြစ် ငါးနှစ်တာဝန်ယူခဲ့သည်။

ဥရောပပါလီမန်အမတ် ငါးနှစ်သက်တမ်းကုန်ဆုံးချိန်တွင် မစ္စတာကိုတာရက်သည် ကုလသမဂ္ဂဆိုင်ရာ စလိုဗက်နိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည်။ ထိုအတောအတွင်း မစ္စတာကိုတာရက်သည် ကုလသမဂ္ဂ၏ နိုင်ငံတကာရာဇဝတ်မှုခုံရုံးအတွက် တရားရေးအရာရှိများရွေးချယ်ရေးကော်မတီတွင် ပါဝင်ခဲ့သလို (၆၅) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌ၊ လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးကော်မတီ ဥက္ကဋ္ဌတာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် ဥက္ကဋ္ဌဖြစ်လာသည်။

မစ္စတာ ကိုတာရက်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။

—Ref: Wikipedia

### နောက်ကျောဖုံး - ဂျာမနီအဓိပတိ မစ္စမာကယ်လ်သည် ဥရောပကို လမ်းမှားသို့ ပို့ဆောင်နေကြောင်း ဂျော့ချ်ဆိုးရော့စ် ပြောကြား မှ

ငွေကြေးသုံးစွဲမှုလျှော့ချဖြတ်တောက်နည်းဖြင့် ဥရောပငွေကြေးအကျပ်အတည်းအား ကိုင်တွယ်ခြင်းကိုလည်း မစ္စတာဆိုးရော့စ်က သတိပေးပြောကြားပြီး ထိုအစား (ဈေးကွက်အတွင်းသို့) ငွေကြေးထပ်မံထည့်သွင်းရန် တိုက်တွန်းပြောကြားခဲ့သည်။

“ဒါမှမဟုတ်ရင်တော့ ၁၉၂၉ ခုနှစ်မှာ အမေရိကန်နိုင်ငံကို စီးပွားပျက်ကပ်ကြီးထဲ ကျရောက်သွားစေခဲ့တဲ့အမှားမျိုးတွေ ကျွန်တော်တို့ ထပ်မံကျူးလွန်မိပါလိမ့်မယ်”ဟု မစ္စတာဆိုးရော့စ်ကပြောသည်။

ထို့အပြင် ဥရောပအနေဖြင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏ အကူအညီမပါဝင်ဘဲ အကျပ်အတည်းကို ဖြေရှင်းနိုင်လိမ့်မည်ထင်မြင်မိကြောင်းနှင့် ဂရိနိုင်ငံအား ကယ်တင်ရေးအတွက် မြင့်မားသောအတိုးနှုန်းနှင့် ချည်နှောင်ထားခြင်းမှာလည်း မှားယွင်းသည်ဟုထင်မြင်ကြောင်း မစ္စတာဆိုးရော့စ်က ဆက်လက်ပြောကြားသည်။ —Ref: AFP

### နောက်ကျောဖုံး - သမ္မတဟူဂိုချားဗက်ကို စိန်ခေါ်မည့် အတိုက်အခံခေါင်းဆောင် ဗင်နီဇွဲလားတွင် ရွေးချယ် မှ



မဲပေးသူအရေအတွက်မှာ မျှော်လင့်ထားသည်ထက်များပြားခဲ့သောကြောင့် မဲပေးချိန်ကို တစ်နာရီတိုးမြှင့်ပေးခဲ့ရကြောင်း ရွေးကောက်ပွဲကျင်းပသူများကပြောသည်။

သမ္မတဟူဂိုချားဗက်ကမူ ၎င်းအနေဖြင့် မည်သူနှင့်ယှဉ်ပြိုင်ရသည်ဖြစ်စေ ပြန်လည်၍ ရွေးကောက်တင်မြှောက်ခံရမည်ဟု စိတ်ချယုံကြည်ကြောင်းပြောကြားထားသည်။ လက်ဝဲယိမ်းခေါင်းဆောင် မစ္စတာချားဗက်သည် ဗင်နီဇွဲလားနိုင်ငံအား ၁၉၉၉ ခုနှစ်မှစ၍ အုပ်ချုပ်ခဲ့ပြီး ရွေးကောက်ပွဲများတွင် အကြိမ်ကြိမ် အနိုင်ရရှိခဲ့သည်။

အကြိုရွေးကောက်ပွဲကို အတိုက်အခံ ဒီမိုကရက်တစ်ညွန့်ပေါင်းက စည်းရုံးကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံရေးပါတီပေါ် အစွဲမထားဘဲ မဲပေးရန် အရွယ်ရောက်သောဗင်နီဇွဲလားနိုင်ငံသားတိုင်း ပါဝင်မဲပေးနိုင်ရန် စီစဉ်ပေးခဲ့ကြောင်း သိရသည်။

“ယနေ့ဟာဗင်နီဇွဲလားနိုင်ငံရဲ့ အနာဂတ်အတွက် ရည်ရွယ်တဲ့နေ့ပါ”ဟု မစ္စတာဟင်နရီကေးကာပရီလက်စ်က ပြောကြားသည်။ —Ref: BBC

### နောက်ကျောဖုံး - iPad 3 မတ်လတွင် စတင်မိတ်ဆက်မည်



Apple ကုမ္ပဏီနှင့်ပတ်သက်၍ မဆုံးနိုင်သော ကောလာဟလများအနက်မှ နောက်ဆုံးထွက်ပေါ်လာသည့်ယင်းသတင်း၌ကယ်လီဖိုးနီးယားအခြေစိုက် ကုမ္ပဏီသည် မတ်လ ပထမအပတ်အတွင်း iPad 3 အား အခမ်းအနားတစ်ရပ်ပြု လုပ်၍မိတ်ဆက်မည်ဖြစ်ကြောင်း အမည်မဖော်ပြသောသတင်းရင်းမြစ်များကို ကိုးကား၍သတင်းတွင် ဖော်ပြသည်။

မျိုးဆက်သစ် iPad သည် လက်ရှိ မော်ဒယ်ပုံသဏ္ဌာန်သာရှိပြီး ပိုမိုမြန်ဆန်သော ကွန်ပျူတာချစ်ပ်အသုံးပြုထားကာ ဂရပ်ဖစ်များကို Apple ၏ အိုင်ဖုန်းများတွင် မြင်တွေ့ရသကဲ့သို့ တန်းတူဖြစ်ရန် အဆင့်မြှင့်တင်ထားသည်ဟု ယင်းဘလော့ဂ်တွင် ရေးသားထားသည်။ —Ref: AFP

### နောက်ကျောဖုံး - ဆီးရီးယားအတိုက်အခံများနှင့် ဆက်သွယ်ရန် အာရပ်အဖွဲ့ချုပ် သဘောတူ မှ



ထိုအတောအတွင်း လက်ဘနွန်နိုင်ငံတွင် ရောက်ရှိနေသော ဒုက္ခသည်များက ဆီးရီးယားတပ်ဖွဲ့များ သိမ်းပိုက်ထားသော ဟမ်းစ်မြို့၌ ၎င်းတို့ခံစားခဲ့ရပုံများကို အသေးစိတ်ပြောကြားခဲ့သည်။

အာရပ်အဖွဲ့ချုပ်မှ သံတမန်များသည် ဆီးရီးယားအတိုက်အခံအဖွဲ့များနှင့်အဆက်အသွယ်ပြုလုပ်ရန် လမ်းကြောင်းများဖွင့်လှစ်ပြီး နိုင်ငံရေးနှင့် ဘဏ္ဍာရေးအထောက်အပံ့ပေးရန် ကမ်းလှမ်းခဲ့ကြောင်း၊ အတိုက်အခံအဖွဲ့များကိုလည်း စည်းလုံးကြရန်တိုက်တွန်းကြောင်း အေအက်ဖ်ပီသတင်းဌာနကရရှိခဲ့သော အာရပ်အဖွဲ့ချုပ်၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ထို့အပြင် အာရပ်အဖွဲ့ချုပ်သည် အပစ်အခတ်ရပ်စဲရေးအကောင်အထည်ဖော်ရေးကို ကြီးကြပ်နိုင်ရန် ကုလသမဂ္ဂနှင့် အာရပ် ပူးတွဲငြိမ်းချမ်းရေးတပ်ဖွဲ့ ဖွဲ့စည်းရေးအတွက်ဆုံးဖြတ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအား တောင်းဆိုထားကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ယင်းအတွက် လက်ဘနွန်နှင့် အယ်လ်ဂျီးရီးယားနိုင်ငံတို့က ပွင့်ပွင့်လင်းလင်းမပြောခဲ့ဟု အဖွဲ့ဝင် ၂၂ နိုင်ငံပါဝင်သော အာရပ်အဖွဲ့ချုပ်က ပြောကြားသည်။

ထိုအတောအတွင်း အာရပ်အဖွဲ့ချုပ်၏ အရေးယူဆောင်ရွက်မှုများကို ကိုင်ရိုမြို့ရှိ ဆီးရီးယားသံအမတ်ကြီးက ရှုတ်ချလိုက်ပြီး အာရပ်အဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်များအား ဆီးရီးယားနိုင်ငံက ပြတ်ပြတ်သားသားပယ်ချလိုက်ကြောင်းနှင့် ယင်းမှာ အဆိုပါအစိုးရများ၏ ထိတ်လန့်မှုလွန်ကဲခြင်းကို ရောင်ပြန်ဟပ်နေကြောင်း ဆီးရီးယားသံအမတ်ကြီး ယူဆွတ်အာမက်ကပြောကြားသည်။ —Ref: AFP

### နောက်ကျောဖုံး - ဂရိနိုင်ငံတွင် အဓိကရုဏ်းများကြားထဲ ချွေတာရေးအစီအစဉ် ဖော်ထုတ် မှ

ယင်းခြိုးခြံချွေတာရေးအစီအစဉ်များအား ပါလီမန်အမတ် ၂၇၈ဦးအနက်၁၉၉ဦးကထောက်ခံခဲ့ကြောင်းပါလီမန်ဥက္ကဋ္ဌ ဖိလစ်ပို့စ်ပက်ဆယ်နီကိုစ့်ကပြောသည်။ ပါလီမန်ပြင်ပတွင်လည်း ရဲတပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာ စောင့်ကြပ်နေခဲ့ရသည်။

ပါလီမန် လူများစုဆိုရှယ်လစ် PASOK ပါတီနှင့် လက်ယာယိမ်းဒီမိုကရေစီသစ်ပါတီတို့က ယင်းဥပဒေအား ဆန့်ကျင်မဲပေးခဲ့သူများကို ပါတီမှ ထုတ်ပယ်ခဲ့ကြောင်းသိရသည်။

အမတ်များသည် ၎င်းတို့၏ တာဝန်ကို အပြည့်အဝယူပြီး ဥရောပနှင့်ယူရိုငွေကြေးအဖွဲ့တွင် ဆက်လက်ပါဝင်နိုင်ရန် အရေးကြီးဆုံးရွေးချယ်မှုကို လုပ်ဆောင်ရတော့မည်ဟု ဂရိဝန်ကြီးချုပ် လူးကပ်စ်ပါပါဒီမို့စ်က မဲခွဲဆုံးဖြတ်မှုမတိုင်မီတွင် ပြောကြားခဲ့သည်။

ဂရိပါလီမန်နှင့်ကပ်လျက်တွင်တည်ရှိပြီး လူထုအမျက်ဒေါသပေါက်ကွဲသောနေရာဖြစ်လာခဲ့သည့် ဆင်တက်မာရင်ပြင်၌ အရေးပေါ် ကယ်ဆယ်ရေးလုပ်သားများက ကျောက်ခဲများနှင့် မျက်ရည်ယိုဗုံးများကြားတွင် ဒဏ်ရာရရှိသူများကိုခက်ခက်ခဲခဲကယ်ဆယ်ခဲ့ရသည်။

အေသင်မြို့၌နေရာ ၄၀ တွင် မီးလောင်မှုဖြစ်ပွားခဲ့ကာ ယင်းမီးများမှာ ဓာတ်ဆီဗုံးများကြောင့်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ဟု ပြည်သူ့ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားပြီး ၅၄ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနကပြောသည်။

—Ref: AFP

7 DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012



# ခိုင်မာတဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်ရောက်တော့မှာ . . .

## ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ဟီနာရတ်ဘန်နီခါနှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး မစ္စဟီနာရတ်ဘန်နီခါဟာ ပြီးခဲ့တဲ့ ၂၀၁၁ ဇူလိုင်ကစလို့ ရာထူးတာဝန်ထမ်းဆောင်ခဲ့သူပါ။ သူမဟာ ရာထူးတာဝန်စတင်ယူချိန်ကစလို့ ၂၀၁၁ မေလအတွင်း ဘင်လာဒင်ကို ပါကစ္စတန်ပိုက်နက်အတွင်း အမေရိကန်တို့ အသိမပေးဘဲ တိတ်တဆိတ်ဝင်ရောက်စီးနင်း သတ်ဖြတ်ခဲ့မှု၊ အာဖဂန်နဲ့ နှစ်နိုင်ငံဆက်ဆံရေးယိုယွင်းလာမှု၊ ပြီးခဲ့တဲ့နိုဝင်ဘာမှာ နယ်စပ်ဖြတ်ကျော်စစ်ဆင်ရေးတစ်ခုအတွင်း အမေရိကန်တပ်ဖွဲ့ဝင်တွေ မှားယွင်းသတ်ဖြတ်မှုကြောင့် ပါကစ္စတန်စစ်သား ၂၄ ဦးကျဆုံးမှု စတဲ့ သံတမန်ရေးရာအကျပ်အတည်းတွေကို ရင်ဆိုင်လာခဲ့ရသူလည်းဖြစ်ပါတယ်။ သူမဟာ ပါကစ္စတန်ရဲ့ အသက်အငယ်ဆုံးနဲ့ ပထမဆုံးသော အမျိုးသမီးနိုင်ငံခြားရေးဝန်ကြီးလည်း ဖြစ်သူပါ။ ဒါကြောင့် တိုင်းမ်မဂ္ဂဇင်းဟာ အာဖဂန်မြို့တော် ကဘူးလ်သို့ သွားရောက်ဖို့ရှိနေတဲ့ မစ္စဟီနာရတ်ဘန်နီခါနဲ့ အာဖဂန်-ပါကစ္စတန်ဆက်ဆံရေးအကြောင်း၊ အမေရိကန်နဲ့ ဆက်ဆံရေးအကြောင်း၊ ပါကစ္စတန်နိုင်ငံရေးမှာ စစ်တပ်ရဲ့ အခန်းကဏ္ဍအကြောင်းတွေကို ဆွေးနွေးမေးမြန်းခဲ့ပါတယ်။ ယခု ဖော်ပြလိုက်တာက ယင်းတွေ့ဆုံမှုမှ ကောက်နုတ်ချက်တချို့ပါပဲ။

**ကဘူးလ်ကို သွားဖို့ ဝန်ကြီးရဲ့ ခရီးစဉ်ကို ဘာကများ စေ့ဆော်ခဲ့တာပါလဲ။**

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအနေနဲ့ ကျွန်မ ပြောချင်တာကတော့ ကမ္ဘာမှာ အရေးပါဆုံးမြို့တော်ဟာ ကဘူးလ်ဖြစ်တယ်ဆိုတာပါပဲ။ တကယ်လို့ ဒီလမ်းကြောင်းအလုပ်ဖြစ်ရင် ပါကစ္စတန်နဲ့ အာဖဂန်နစ္စတန်ဟာလည်း တစ်ဦးရဲ့ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ချက်တွေကို ယုံကြည်မှုရှိရှိနဲ့ လုပ်ဆောင်နိုင်မယ်ဆိုရင် ကျွန်မတို့ ခရီးရှည်ရှည်သွားနိုင်ပါလိမ့်မယ်။ အဲဒီယုံကြည်မှုနဲ့ပဲ ကိစ္စတွေအများကြီး ကျွန်မတို့ ဖြေရှင်းနိုင်မယ်။ ပြင်ပသြဇာလွှမ်းမိုးမှု၊ ကြားဝင်နှောင့်ယှက်မှုတွေ မလိုတော့မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ အာဖဂန်နစ္စတန်နဲ့ အဆင့်တိုင်းမှာ အချိန်တိုင်းမှာ ထိတွေ့ဆက်ဆံဖို့ လမ်းဖွင့်ထားပါမယ်။ ၂၀၀၈ ကစလို့ (ပြည်သူ့ရွေးကောက်ခံအစိုးရ အာဏာရလာချိန်ကစလို့) ကျွန်မတို့ဟာ အာဖဂန်ကို အလွန်သင့်လျော်တဲ့ သတင်းစကားတစ်ခုပေးထားပြီးဖြစ်ပါတယ်။ အဲဒါကတော့ အလုပ်ကိစ္စပါ။ ဆိုလိုတာက အာဖဂန်တွေက သူတို့အတွက် ကောင်းတယ်လို့ ခံစားရသမျှကို ကျွန်မတို့အနေနဲ့ ထောက်ခံအားပေးသွားချင်ပါတယ်။ သူတို့ဦးတည်ရာလမ်းကြောင်းရွေးရပါမယ်။ ပြီးရင် အဲဒီလမ်းကြောင်းအတိုင်း သူတို့သွားရာနောက်ကနေ ကျွန်မတို့ လိုက်ပါမယ်။

**ကဘူးလ်မှာ (အာဖဂန်)သမ္မတ ဟာမစ်ကာဇိုင်းနဲ့ နိုင်ငံခြားရေးဝန်ကြီး ဇယ်လ်ရက်ဆိုးတို့အပြင် ဘယ်သူတွေနဲ့ တွေ့ဆုံမှာပါလဲ။**

အာဖဂန်မှာ အရေးပါတဲ့ နိုင်ငံရေးခေါင်းဆောင်မှုပိုင်းက အားလုံးကို တွေ့ရဖို့ ကျွန်မမျှော်လင့်ထားပါတယ်။

**အတိုက်အခံဘက်က ပုဂ္ဂိုလ်တွေရောပါသေးလား။**

ဟုတ်ကဲ့။ အတိုက်အခံတွေကိုလည်း ကျွန်မ တွေ့ဆုံဆွေးနွေးသွားမှာပါ။

**ဘာကြောင့်ပါလဲ။ အဲဒါဟာ အငြင်းပွားဖွယ်ရာ အလားအလာရှိတယ်လို့ ဝန်ကြီး မထင်မိဘူးလား။**

ဘာကြောင့် ဖြစ်ရမှာလဲ။ အဓိကအချက်က ကျွန်မတို့ဟာ အာဖဂန်နစ္စတန်ရဲ့ လူအားလုံးဆီ ရောက်ရှိနေတာပါ။ အဲဒါ ကောင်းပါတယ်။ နိုင်ငံ နိုင်ငံချင်း၊ ပြည်သူပြည်သူချင်းဆက်ဆံရေးကို ကျွန်မတို့တည်ဆောက်ချင်ပါတယ်။ အဲဒါတွေက ကာလရှည်အနာဂတ်အတွက် စဉ်ဆက်မပြတ်ဖြစ်ပေါ်နေတဲ့ဆက်ဆံရေးတွေပါ။ ပါကစ္စတန်ဟာ ပုံမှန်အားဖြင့်တော့ အာဖဂန်အတွင်းက အပိုင်းတစ်ခု (တာလီဘန်)နဲ့ တွဲဆက်ထားသယောင်အမြင်ခံရတယ်။ ဒါကြောင့် အဲဒါဟာ ချိုးဖျက်ပစ်ဖို့လိုနေတဲ့ ပုံပြင်တစ်ခုသာဖြစ်တယ်လို့ကျွန်မထင်တယ်။ အဲဒါကိုပုံပြင်တစ်ခုလို့ကျွန်မခေါ်တယ်။ ဘာလို့လဲဆိုတော့ပြီးခဲ့တဲ့ ၁၀နှစ်တာကာလအတွက် အဲဒါမှန်ကန်ခဲ့တယ်လို့ ကျွန်မ မထင်လို့ပါ။ ဒါကြောင့် အာဖဂန်နစ္စတန်မှာ အရေးကြီးတဲ့ မည်သူမဆို ပါကစ္စတန်အတွက်လည်း အရေးကြီးပါတယ်ဆိုတဲ့ သတင်းစကား(မက်ဆေ့ချ်)ကို ပေးပို့ရေးက သိပ်အရေးကြီးပါတယ်။

**ဝန်ကြီးဟာ ဆော်ဒီမှာ တာလီဘန်နဲ့ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်း ဖွင့်လှစ်ဖို့ ဆွေးနွေးဦးမယ်လို့လည်း ခန့်မှန်းနေကြတာတွေ အများကြီးရှိနေပါတယ်။**

မရှိပါဘူး။ အဲဒါတွေအားလုံးစိတ်ကူးယဉ်အရေးအသားတွေပါ။ အဲဒါက သတင်းစာတွေ ရောင်းကောင်းအောင်တော့ ကူညီနိုင်မယ်ထင်တယ်။ ကျွန်မက ရှင်းရှင်းလင်းလင်းပဲလုပ်မှာပါ။ ရည်ရွယ်ချက်က အာဖဂန်နစ္စတန်ကိုချဉ်းကပ်နိုင်ဖို့ပါ။ အာဖဂန်တွေက သူတို့ကိုယ်တိုင် ရွေးတဲ့လမ်းကြောင်းမှန်သမျှမှာ ပါကစ္စတန်ကလည်း အနောက်မှာ ရှိပေးနေမယ်ဆိုတဲ့ယုံကြည်မှုကို သူတို့ကို ပေးဖို့ပါ။ ဒါသိပ်အရေးကြီးတဲ့သတင်းစကားဖြစ်ပါတယ်။ သူတို့ အနာဂတ်မှာ ကျွန်မတို့လည်း တစ်နေရာပါဝင်ထားတယ်။ ဘာကြောင့် လဲဆိုတော့ ကျွန်မတို့အနာဂတ်က သူတို့နဲ့ချိတ်ဆက်နေလို့ပါ။ တခြားတစ်ယောက်ယောက်ရဲ့အကြိုက်ကို ဦးစားပေးပြီး ကျွန်မတို့ လုပ်နေတာမဟုတ်ပါဘူး။

**အာဖဂန်အတွက် ပါကစ္စတန်ရဲ့ ရည်မှန်းချက်တွေဟာ အမေရိကန်၊ နေတိုးတပ်ဖွဲ့တို့ရဲ့ ရည်မှန်းချက်တွေနဲ့ ဘယ်လိုကွာခြားပါသလဲ။**

အာဖဂန်အတွက် ပါကစ္စတန်ရဲ့ မျှော်လင့်ချက်တွေနဲ့ ဆန္ဒတွေကတော့ ငြိမ်းချမ်းတဲ့၊ တည်ငြိမ်တဲ့ အာဖဂန်ဖြစ်ရေးထက် ဘာမှမပိုပါဘူး။ ဒါဟာ ပါကစ္စတန်အတွက် မိတ်ဆွေဆန်ချင်မှ ဆန်မယ်။ သူတို့က ဘယ်သူ့ကို မိတ်ဆွေဖြစ်ချင်တယ်၊ မဖြစ်ချင်ဘူး ဆုံးဖြတ်ရမယ့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံပါ။ ဒီတော့ ကျွန်မတို့ရဲ့ အခွင့်အလမ်းတွေကဘာများပါလဲ။ ကျွန်မတို့အခွင့်အလမ်းတွေကတော့ ကိုယ်တတ်နိုင်သမျှ ယုံကြည်မှုတည်ဆောက်ရေး၊ တစ်ဦးနဲ့တစ်ဦး ငြိမ်းချမ်းမှုရှိစွာ နေနိုင်ရေး၊ နိုင်ငံတစ်နိုင်ငံချင်းစီမှာ တည်ငြိမ်မှုနဲ့ ငြိမ်းချမ်းမှုမြှင့်တင်ရေးပါ။ ဒါကြောင့် ပါကစ္စတန်ရဲ့ အကျိုးစီးပွားဟာ အဲဒီကစပြီး အဲဒီမှာပဲဆုံးတာပါ။

အမေရိကန်နဲ့ပတ်သက်လို့ကတော့ ကွဲပြားခြားနားတဲ့ကိစ္စတစ်ခုပါ။ အမေရိကန်လို မဟုတ်ဘဲ ကျွန်မတို့က အိမ်နီးချင်းတွေမို့ ဒီမှာပဲ ဆက်ရှိနေရမှာပါ။ ဒါကြောင့် တည်ငြိမ်တဲ့ အာဖဂန်နစ္စတန်ရှိနေရေးဟာ ပါကစ္စတန်ရဲ့ အကျိုးစီးပွားတွေထဲမှာ ကြီးကြီးမားမားရှိနေပါတယ်။ ဒါပေမဲ့ အမေရိကန်နဲ့နေတိုးအဖွဲ့ဝင်နိုင်ငံတွေကတော့ ဒီကိုရည်မှန်း ချက်တချို့နဲ့ ရောက်လာခဲ့ကြတာပါ။ ပြီးခဲ့တဲ့ ဆယ်နှစ်အတွင်း အဲဒီ ရည်မှန်းချက်တွေ သိသိသာသာပြောင်းသွားပြီလို့ ကျွန်မယုံကြည်ပါတယ်။ သူတို့ဟာ ဒီကို သူတို့ဝင်လာတဲ့အချိန်ကထက် ပိုတည်ငြိမ်တဲ့အနေအထားထဲမှာ အာဖဂန်ကိုထားပြီးမှ ထွက်သွားချင်နေကြတယ်လို့ယုံကြည်ပါတယ်။

**၂၀၁၄ မှာ နေတိုးတပ်ဖွဲ့တွေ အာဖဂန်ကနေ ဆုတ်ခွာသွားရင်အထိခိုက်ခံရနိုင်ဆုံး အိမ်နီးချင်းနိုင်ငံအနေနဲ့ အဲဒီ(ဆုတ်ခွာရေး) အချိန်ဇယားအပေါ် ဝန်ကြီး ဘယ်လိုမြင်ပါသလဲ။**

ကျွန်မတို့ အမြဲတမ်းပြောခဲ့တာကတော့ အချိန်ဇယားတွေဟာ လက်တွေ့အခြေအနေအပေါ် အခြေခံသင့်တယ်လို့မြင်ပါတယ်။ အချိန်ဇယားဟာ အောင်မြင်အောင် ဆောင်ရွက်ရမယ့်ရည်မှန်းချက်တွေနဲ့ ဆက်နွှယ်ထားသင့်ပါတယ်။ အချိန်ဇယားကို လတွေ၊ နှစ်တွေဆိုတဲ့ အသုံးအနှုန်းမျိုးနဲ့ အတိအကျမဖြစ်စေသင့်ဘူး။ ဒီကို ကိုယ်တွေ့ရောက်လာချိန်မှာ အောင်မြင်အောင်လုပ်ရမှာတွေနဲ့ သတ်မှတ်ထားတာမျိုးနဲ့ပဲဖြစ်သင့်ပါတယ်။

**လူများစုကတော့ အမေရိကန်ဟာ အာဖဂန်မှာ စစ်ရှုံးစပြုနေပြီလို့ပြောနေကြပါတယ်။**

ဒီကိစ္စကို ကျွန်မ မှတ်ချက်မပေးချင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီကိစ္စက သူတို့ ဘာအောင်မြင်ခဲ့လဲဆိုတာကို ရှင်တို့ဘက်က ကြည့်ပုံကြည့်နည်းမှာ မူတည်နေလို့ပါ။ ဒါပေမဲ့ လူတွေရဲ့ စိတ်နဲ့ နှလုံးသားတွေကိုရရှိရေး (ပြည်သူ့ထောက်ခံမှုရရေး)တိုက်ပွဲကိုတော့ရှုံးခဲ့တယ်။ ဘာကြောင့်ရှုံးသလဲတော့ ကျွန်မ မသိဘူး။ ဒါပေမဲ့ အနိုင်မရခဲ့တာတော့ သေချာတယ်။

**ပါကစ္စတန်မှာရော ဘယ့်နှယ်ရှိပါသလဲ။**

အမေရိကန်ရဲ့ ဆောင်ရွက်ချက်တချို့ဟာ ခြွင်းချက်အားဖြင့်တော့ အမေရိကန်နဲ့ပါကစ္စတန်တို့ကြားက ကာလရှည်ပူးပေါင်းဆောင်ရွက်မှုကို ပျက်စီးစေခဲ့တယ်လို့ထင်ပါတယ်။

**ပါကစ္စတန်မှာ တခြား ဘယ်အစိုးရကမှမရခဲ့တဲ့ တစ်စုံတစ်ခုကို ဝန်ကြီးတို့အစိုးရက အောင်မြင်မှုရရှိတော့မှာလား။ ဟိုတစ်နေ့က ဝန်ကြီးချုပ်ယူဆွတ်ရာဇာဂီလန်နီပြောသလိုမျိုး ဒီတိုင်းပြည်မှာ အာဏာသိမ်းမှုတွေ ကုန်ဆုံးသွားပြီလား။ ဒီအယူအဆဆီရောက်အောင် ဘာက သယ်ဆောင်လာတာပါလဲ။**

လွယ်ကူတဲ့အဖြေတော့ မရှိဘူးဆိုတာ သိနားလည်မှုနဲ့အတူ ပါကစ္စတန်မှာ အသွင်ပြောင်းလဲမှုဖြစ်ပေါ်နေပြီလို့ ကျွန်မထင်တယ်။ ပါကစ္စတန်မှာဖြစ်တဲ့ စစ်ဘက်အာဏာသိမ်းမှုတွေဟာ ပြဿနာတွေကိုဖြေရှင်းနိုင်တယ်ဆိုတဲ့အချက်အပေါ် အခြေခံခဲ့တာလို့ ကျွန်မထင်တယ်။ ပြီးခဲ့တဲ့ နှစ် ၆၀ လုံးလုံး ကျွန်မမြင်ရတာတော့ အာဏာသိမ်းမှုတွေကိုယ်နှိုက်က ပြဿနာရဲ့အစိတ်အပိုင်းမဟုတ်ဘူး။ ပြဿနာကိုယ်တိုင်ပဲ။ အဲဒါတွေက ပြဿနာကိုဖန်တီးခဲ့တာ။ ပါကစ္စတန်ဟာ ပိုတောက်ပတဲ့အနာဂတ်ရှိခဲ့ဖူးတယ်။ အလားအလာကောင်း အများကြီးရှိခဲ့ဖူးတယ်။ စစ်ဘက်အာဏာသိမ်းမှုတွေဆီဦးတည်တဲ့ တိမ်းညွှတ်မှုကြောင့် အဖွဲ့အစည်း၊ အင်စတီကျူးရှင်း အများအပြားဟာမသန်စွမ်းနိုင်၊ အခြေမခိုင်နိုင်ခဲ့ဘူး။ အပြောင်းအလဲ အတွက်တော့ မီဒီယာကို အမှတ်တွေအများကြီးပေးသင့်ပါတယ်။ ဒီနေ့မှာတော့ ကျွန်မ ခိုင်ခိုင်မြဲမြဲ ယုံတာတစ်ခုရှိရင် အဲဒါကတော့ ပါကစ္စတန်ဟာ ခိုင်မာတဲ့ဒီမိုက ရေစီလမ်းကြောင်းပေါ် ပြန်ရောက်တော့မှာဆိုတာပါပဲ။ ပါကစ္စတန် ကို ဘယ်အရာကမှ နောက်ကြောင်းပြန်နိုင်စေမှာမဟုတ်ပါဘူး။ ပါကစ္စတန်ဟာ ကမ္ဘာ့ အင်အားကြီးနိုင်ငံတွေထဲက တစ်နိုင်ငံအဖြစ် ပေါ်ထွက်လာမှာပါ။ *—Ref: Time Exclusive: Q&A with Pakistan Foreign Minister Hina Rabbani Khar*

7DAY NEWS JOURNAL

# Entertainment

Vol.10, No.48 · FEBRUARY 16 , 2012









## ဗြိတိသျှအဆိုတော် Adele ဆုခြောက်ဆုသိမ်းပိုက်ခဲ့ပြီး ဝမ်းနည်းမှုစွက်ခဲ့သည့် ၂၀၁၂ ဂရမ်မီည

**လော့စ်အိန်ဂျလိစ်၊ ဖေဖော်ဝါရီ - ၁၂**


အမေရိကန်နိုင်ငံ လော့စ်အန်ဂျလိစ်မြို့တွင် ကျင်းပခဲ့သည့် ၂၀၁၂ ခုနှစ် ဂရမ်မီဆုပေးပွဲ၌ ဗြိတိသျှ အဆိုတော် Adele က ဆုပေါင်း ခြောက်ဆုသိမ်းပိုက်ခဲ့ပြီး ဆုပေးပွဲ ၏ အကြီးကျယ်ဆုံးအောင်မြင်မှု ရရှိခဲ့သည်။ သို့သော် ဆုပေးပွဲမတိုင်မီတစ်ရက်တွင် ကမ္ဘာ့တေးဂီတလောက၏ အကြီးမားဆုံးကြယ် တစ်ပွင့်ကြွေလွင့်ခဲ့ခြင်းကလည်း ဂရမ်မီညကို အရိပ်ထိုးနေခဲ့သည်။

အမေရိကန်ပေါ့ပ် အဆို တော်ဝှစ်တနီဟူစတန်(၄၈ နှစ်)သည် ဂရမ်မီဆုပေးပွဲည မတိုင်မီ တစ်ရက်တွင် ဘီဗာ လီဟေးလ်စ် ဟိုတယ်၌ကွယ်လွန်ခဲ့ရာ၊ ဂရမ်မီညမှာ ဝမ်း နည်း ကြေကွဲမှုများ စွက်နေခဲ့ ပြီး ဆုရရှိသူ၊ ဖျော်ဖြေသူများ က မစ္စဟူစတန် အား ဂုဏ်ပြု စကားများပြောကြားခဲ့ ကြ သည်။

မကြာသေးမီက အသံ အိုး ခွဲစိတ်ကုသလမှုခံယူခဲ့ သူဗြိတိသျှ အဆိုတော်မစ္စ Adele သည်အကောင်း ဆုံးသီချင်း၊ အကောင်း ဆုံးအယ်လ်ဘမ်၊

စာ(၄၈)သို့






## The Lady ဇာတ်ကားတွင် ပါဝင်ခွင့်ရခြင်းသည် ဘဝတစ်သက်သာ အခွင့်အလမ်းဟု မီရှဲလ်ယိုးပြောကြား

**ဟောင်ကောင်၊ဖေဖော်ဝါရီ - ၉**

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အ ကြောင်း ရိုက်ကူးထားသည့် The Lady ဇာတ်ကားတွင်ပါဝင်သရုပ် ဆောင်ခွင့်ရခဲ့ခြင်းသည် မိမိဘဝအတွက် အခွင့်အလမ်းတစ်ရပ် ဖြစ်ခဲ့ကြောင်း ဟောင်ကောင်အခြေစိုက် မလေးရှားရုပ်ရှင်မင်း သမီး မီရှဲလ်ယိုးကပြောသည်။

ဟောင်ကောင်တွင် ဖေဖော်ဝါရီ၃ရက်က ယင်း ဇာတ်ကားကို စတင်၍ အထူးပွဲပြသရာ၌ သူမက "ဒေါ်အောင် ဆန်းစုကြည်အ ကြောင်း တစ်ယောက်ယောက်က ရုပ်ရှင်ရိုက်ချင်တယ်ဆိုတာကို ကျွန်မကြားမိတော့ သရုပ်ဆောင်တစ်ဦးအနေနဲ့ ဒါဟာ တစ်ဘဝ မှာ တစ်ခါပဲရတဲ့ အခွင့်အလမ်းဆိုတာကို ကျွန်မ ချက်ချင်းသိခဲ့ပါ တယ်"ဟုရှင်းပြသည်။

ထို့အပြင် မီရှဲလ်ယိုးက "ဒေါ်စုဟာ လေးစားစရာပုဂ္ဂိုလ်ပါ။ သူမဟာ တကယ်တော်တဲ့သူတစ်ဦးဖြစ်ပြီး သရုပ်ဆောင်တစ် ယောက်ဖြစ်တဲ့ ကျွန်မအတွက် သာမက ကျွန်မ ပရိသတ်အတွက် ပါ အလွန်စိတ်အားတက်ကြွစရာဖြစ်စေပါတယ်"ဟု သတင်း ထောက်များကိုပြောသည်။

မီရှဲလ်ယိုးသည်ရန်ကုန်မြို့သို့၂၀၁၀ဒီဇင်ဘာလကလာရောက် ခဲ့ပြီး၊ ထိုစဉ်က နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာခါစ ဒေါ် အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံခဲ့ဖူးသည်။

—Ref: AFP

## "အကယ်ဒမီက အားဆေးတစ်ခွက်ဖြစ်ပါတယ်"



### "ပင်လယ်ထက်ကနေဝန်းနီ"ရုပ်ရှင်ဖြင့် အကယ်ဒမီရွှေစင်ဆုရခဲ့သူ

### ဝေဠုကျော်နှင့် တွေ့ဆုံခြင်း

**ကြူကြူဟန်၊ အေးမြတ်သူ**

**အကယ်ဒမီပွဲကို သွားခဲ့တဲ့အခါမှာ အစ်ကိုကိုယ့်ကိုယ်ကိုယ်ရလိမ့်မယ်ဆိုတဲ့ အထင်နဲ့သွားခဲ့သလား။**

ကျွန်တော် မျှော်လင့်မထား ဘဲ သွားခဲ့တာပါ။

**ငါမရခဲ့ရင်ဆိုတဲ့ အတွေးရော ဝင်ခဲ့သေးလား။**

ဟုတ်ကဲ့၊ ကျွန်တော်အဲလိုပဲ တွေးပြီးသွားတာပါ။ အဲလိုပဲ အစောကြီး ထဲက တွေးပြီးသွားပါတယ်။ ကျွန်တော်တို့ ဒီဆုကရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ၊ ကျွန်တော်တို့အနုပညာသမားအားလုံးက ဒီလမ်းကိုပဲ လျှောက်ကြ ရ တာပါ။ ရခဲ့တဲ့အတွက်လည်း အားဆေးတစ်ခွက်လည်းဖြစ်ပါတယ်။

**ဆုမကြေညာခင် မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအလိုမှာ အစ်ကို ဘာတွေ တွေးနေ ခဲ့လဲသိပါရစေ။**

မတွေးပါဘူး။ ကျွန်တော်နဂိုထဲက စိတ်ကို အားလုံးလျှော့ထားပြီးသားပါ။

**အစ်ကို့ ဘယ်ဘက်ရင်ဘတ်မှာ မြန်မာပြည်မြေပုံရင်ထိုးထိုး ထားတာ တွေ့မိတယ်။ အဓိပ္ပာယ်တစ်ခုခု၊ ရည်ရွယ်ချက်တစ်ခုခုများရှိမလားရှင့်။**

ဟုတ်ပါတယ်။ ကျွန်တော်ကို မွေးခဲ့တဲ့အမိမြေပါ။ ကျွန်တော်တို့ တန်ဖိုး ထားရမယ့်အမိမြေပါ။ အဲဒါကို ကျွန်တော်စိန်နဲ့လုပ်ပြီး တော့ ကျွန်တော်တို့ မြန်မာပြည်ရဲ့ အသက်သွေးကြောလို့ တင်စားရလောက်တဲ့ ဧရာဝတီနဲ့ ချင်းတွင်းကို ပတ္တမြားလေးတွေနဲ့စီပြီးတော့ အမြတ်တနိုးထိုးခဲ့တာပါ။

**'ပင်လယ်ထက်ကနေဝန်းနီ'ရိုက်ကွင်းတွေက ကိုယ်နဲ့မရင်းနှီးတဲ့ နေရာ တွေမှာ ရိုက်ခဲ့ရတာနော်၊ အစ်ကို့အတွက် အခုထိ စဉ်းစားလိုက်တိုင်း အရင် သတိရတဲ့ အမှတ်တရဖြစ်နေတဲ့တစ်ခုခုက ဇာတ်ကားနဲ့ပတ်သက်ရင် ဘာဖြစ်မလဲ။**

ဒီကားရိုက်တဲ့နေရာထက် ကားရိုက်ဖို့သွားတဲ့ Locationကို သွားတဲ့ နေရာကပိုပြီးတော့ သတိရပါတယ်။

စာ(၄၉)သို့

7DAY NEWS JOURNAL
Vol.10, No.48 · FEBRUARY 16 , 2012




# တရုတ်အလှကုန်အမှတ်တံဆိပ်ကြော်ငြာ ရိုက်ကူးပေးတဲ့ ရိန်းနဲ့ ဟန်ဂျီဝူး

**ဆိုးလ်၊ ဖေဖော်ဝါရီ - ၈**

ကိုရီးယားရုပ်ရှင်စတားများဖြစ်သော ဟန်ဂျီဝူးနှင့် ရိန်းတို့သည် တရုတ်အလှကုန်အမှတ်တံဆိပ် JVJQ အတွက် ကြော်ငြာများရိုက်ကူးပေးရန် ရွေးချယ်ခံရပြီး ရိုက်ကူးပေးခဲ့ကြောင်း သိရသည်။

ဟန်ဂျီဝူး၏ အေဂျင်စီ Tovis Media က အဆိုပါ တရုတ်အလှကုန်ကုမ္ပဏီ JVJQ ၏ ကြော်ငြာကို ယခုအခါ ရိုက်ကူးနေပြီဖြစ်ကြောင်းအတည်ပြုသည်။ "အဲဒီကြော်ငြာကို ရိန်း စစ်မှုထမ်းဥပဒေအရစစ်ထဲမဝင်ခင်ကပဲ တော်တော်လေး ရိုက်ကူးခဲ့တာပါ"ဟု အေဂျင်စီတာဝန်ရှိသူကပြောသည်။




မင်းသမီးဟန်ကလည်း ရိန်းနှင့်တွဲဖက်ရိုက်ကူးခဲ့ခြင်း နှင့်ပတ်သက်၍ "ရိန်းနဲ့ ချစ်သူတွေပုံစံ သရုပ်ဖော်ရိုက်ကူးရတာ တော်တော်လေး စိတ်လှုပ်ရှားစရာပါ။ ဒါပေမဲ့ သူက သူ့အလုပ်ကို သေသေချာချာလုပ်ပြခဲ့လို့ သရုပ်ဆောင်ရတာ သက်သောင့်သက်သာဖြစ်ခဲ့ပါတယ်။ ခြုံပြောရရင် ဒီကြော်ငြာရိုက်ကူးရတာ ကျွန်မအတွက် အမှတ်တရ ထူးခြားတဲ့ အချိန်တစ်ခုပါ"ဟုပြောသည်။

ဟန်ဂျီဝူးသည် တရုတ်နိုင်ငံတွင် နေထိုင်သော ကိုရီးယားလူမျိုးများ၏ မစ္စကိုရီးယားအလှမယ်ပွဲကို ၂၀၀၇ ခုနှစ်တွင် ရရှိခဲ့ပြီးနောက် ရုပ်သံဇာတ်လမ်းတွဲများနှင့်ရုပ်ရှင်များတွင် စတင်ပါဝင်သရုပ်ဆောင်ခဲ့သည်။

ရိန်းသည် ၂၀၁၁ အောက်တိုဘာလတွင် စစ်မှုထမ်းဥပဒေအရ စစ်ထဲဝင်ခဲ့ပြီး စစ်ထဲမဝင်မီနောက်ဆုံး ရှုတ်ဆက်ဖျော်ဖြေပွဲကိုလည်း ပရိသတ်များအတွက် ပြုလုပ်ခဲ့သည်။

—Ref: Koreajoongan




## စာ-၄၇၊ ဗြိတိသျှအဆိုတော် Adele ဆုခြောက်ဆုသိမ်းပိုက်ခဲ့ပြီး၊ ဝမ်းနည်းမှုစွက်ခဲ့သည့်၂၀၁၂ ဂရမ်မီည မှ

အကောင်းဆုံး ခွေဆုများ အပါအဝင် ဆုပေါင်း ခြောက်ဆုရရှိခဲ့သည်။ မစ္စ Adele၏ '21'ဟု အမည်ရသော သီချင်းခွေမှာ ယခုနှစ်အတွင်းရောင်းအားအကောင်းဆုံးအယ်လ်ဘမ်ဖြစ်လာပြီး အရေအတွက် ခြောက်သန်းကျော် ရောင်းချခဲ့ရကာ၊ နံပါတ်'တစ်'နေရာတွင်ရှိနေဆဲဖြစ်သည်။

တေးဂီတဆုပေးပွဲ ဂရမ်မီညမှာ ဝမ်းနည်းမှုနှင့်စတင်ခဲ့ပြီး အစီအစဉ်တင်ဆက်သူ LL Cool J က အနက်ရောင်ဝတ်စုံဖြင့် စင်ပေါ်တက်လာခဲ့ရင်း "ကျွန်တော်တို့ မိသားစုထဲက တစ်ယောက် ကွယ်လွန်သွားခဲ့ပါတယ်"ဟု ဆိုကာ ကွယ်လွန်သွားသူဝှစ်တနီဟူစတန်အတွက် ပရိသတ်နှင့် အတူတူ ဆုတောင်းခဲ့သည်။

—Ref: CBS

**(၅၄)ကြိမ်မြောက် ဂရမ်မီဆုရရှိသူအချို့စာရင်း**

| | | |
|---|---|---|
| အကောင်းဆုံးသီချင်းခွေ | - | Roolling in the Deep (Adele) |
| အကောင်းဆုံးအယ်လ်ဘမ် | - | 21 (Adele) |
| အကောင်းဆုံးသီချင်း | - | Rolling in the Deep (Adele) |
| အကောင်းဆုံးအဆိုရှင်သစ် | - | Bon Iver |
| အကောင်းဆုံးပေါ့ပ် တစ်ဦးတည်းဖျော်ဖြေမှု | - | Someone Like you (Adele) |
| အကောင်းဆုံးပေါ့ပ်နှစ်ဦးတွဲ/ အဖွဲ့လိုက်ဖျော်ဖြေမှု | - | Tony Bunnett & Amy Winehouse (Body and Soul) |
| အကောင်းဆုံးပေါ့ပ်သီဆိုမှု အယ်လ်ဘမ် | - | 21 (Adele) |
| အကောင်းဆုံးအကသီချင်းခွေ အသံသွင်းမှု | - | Skriller (Scary Monsters and Nice Sprites) |
| အကောင်းဆုံးရော့ခ်သီချင်း | - | Foo Fighters (Walk) |
| အကောင်းဆုံး ရော့ခ်အယ်လ်ဘမ် | - | Foo Fighters (Wasting Light) |
| အကောင်းဆုံး အော်တာနေးတစ်အယ်လ်ဘမ် | - | Bon Iver (Bon Iver) |
| အကောင်းဆုံး ရက်ပ်အယ်လ်ဘမ် | - | Kayne West (My Beautiful Dark Twisted Fantasy) |



7 DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012



# အဝတ်အစားနဲ့ ဖိနပ်တွေရောင်းပြီး မသန်စွမ်းဖောင်ဒေးရှင်းကို ငွေလှူခဲ့တဲ့ဆိုဂျီဆပ်

**ဆိုးလ်၊ ဖေဖော်ဝါရီ - ၇**

တောင်ကိုရီးယားမင်းသား ဆိုဂျီဆပ်သည် ၎င်းပိုင်ဆိုင်သော အဝတ်အစားနှင့် ဖိနပ်အစုံ ၁၇၀ ခန့်ကိုရောင်းချကာ မသန်စွမ်း ပုဂ္ဂိုလ်ကူညီရေး ကိုရီးယားဖောင်ဒေးရှင်းသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆိုဂျီဆပ်၏ အေဂျင်စီမှ ထုတ်ပြန်ချက်အရ မင်းသားသည် ကိုရီးယားပြည်တွင်းနှင့်ပြည်ပမှ ၎င်း၏ပရိသတ်များကလပ်အဖွဲ့ဝင် ၁၀၀ ကျော်ကို အဝတ်အစားနှင့်ဖိနပ်များ ရောင်းချပေးခဲ့ပြီး အကျိုးအမြတ်များအား အထက်ပါ ဖောင်ဒေးရှင်းသို့ လှူဒါန်းခဲ့ကြောင်းဆိုသည်။

ဆိုဂျီဆပ်ပရိသတ်များကလပ်အကြီးအကဲ ယောင်ဆိုဆာကလည်း "ကျွန်တော်တို့ဟာ ဆိုဂျီဆပ်နဲ့အတူ မသန်စွမ်းပုဂ္ဂိုလ်တွေကိုကူညီခွင့်ရခဲ့လို့ သိပ်ဝမ်းသာမိပါတယ်" ဟုပြောသည်။

ဆိုဂျီဆပ်သည်ပြီးခဲ့သည့်လက မင်းသမီး ဟန်ယိုဂျူးနှင့်အတူ ထိုင်းနိုင်ငံတွင် Always ရုပ်ရှင် ကားရုံတင်ပြသခြင်းကိုသွားရောက်ကြည့်ရှုခဲ့သည်။ ထိုကားကို တောင်ကိုရီးယားတွင် ပြီးခဲ့သည့်နှစ် အောက်တိုဘာလက ရုံတင်ပြသခဲ့သည်။

—Ref: Hancineman




# အနုပညာသတင်းတိုများ

**ကြုံကြုံဟန်**

■ဒိုရေမီအဖွဲ့၏ "စတား"ဒီဗီဒီကို ဖေဖော်ဝါရီလ ၁၂ ရက်တွင် Excellent Creation မှ ဖြန့်ချိမည်ဖြစ်သည်။ ရွှေဂျော်ဂျော်၊ ဇဝါ၊ R ခိုင်၊ ဝင်းမော်၊ ကိုအောင်၊ လင်းလင်း၊ လင်းနစ်၊ နေတာ၊ သားကြီးတို့ကရေးသားသော တေးသီချင်းများကို ဒိုရေမီအဖွဲ့က သီဆိုထားသည်။

■အဆိုတော်သဲနုဝါ၏ စတုတ္ထမြောက်ခွေဖြစ်သည့် "ပျော်ပျော်ရွှင်ရွှင် ပြုံးပန်းဆင်"(ရေဒီယိုခေတ်ပေါ် သီချင်းများ)တိပ်၊ စီဒီကို ဖေဖော်ဝါရီလ ၁၉ရက်တွင် ခရေဇီတေးစီးရီးဗီဒီယိုထုတ်လုပ်ရေးမှ ဖြန့်ချိတော့မည်ဖြစ်သည်။ ဦးကျော့မှူး၊ မောင်မောင်သီ၊ ကိုမြတ်လင်း၊ ဦးလေးညွှန့်၊ စန္ဒားလှထွဋ်၊ စန္ဒရားချစ်ဆွေ၊ စန္ဒရားကွန်းဇော်တို့က တေးသီချင်းများ ရေးသား ထားပြီး စုစုပေါင်း သီချင်း ၁၂ ပုဒ်ပါဝင်သည်။

■အဆိုတော်လေးယောက်၏ "စိတ်ကူး"အယ်လ်ဘမ်ကို ဖေဖော်ဝါရီလ ၁၈ရက်တွင် ဘိုဘိုအန်တာတိန့်မန့်မှ ဖြန့်ချိတော့မည်ဖြစ်သည်။ ထိုအခွေတွင် ဝေလ၊ မျိုးမင်း၊ အောင်ဖြိုး၊ ဖြိုးကိုတို့က တေးသီချင်းများသီဆိုထားပြီးရော့ခ်ဂီတအမျိုးအစားဖြစ်သည်။



# အယ်လ်ဘမ်သစ်ထွက်ဖို့ ပြင်နေတဲ့ ပဲရစ်ဟီးလ်တန်

**လော့စ်အန်ဂျလိစ်၊ ဖေဖော်ဝါရီ - ၈**

ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်က Paris အယ်လ်ဘမ်ထွက်ရှိခဲ့ပြီးနောက်မည်သည့်အယ်လ်ဘမ်အသစ်မှထွက်ရှိခြင်းမရှိသည့် ဟောလိဝုဒ် ၏ နာမည်ကျော် အမျိုးသမီးအဆိုတော် ပဲရစ်ဟီးလ်တန်သည် မကြာမီ အယ်လ်ဘမ်သစ်ထွက်ရန် ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၃၀ အရွယ်ရှိပဲရစ်သည် ယခုအယ်လ်ဘမ်သစ်ကို သီချင်းရေးဆရာ တော်ရာစတင်ဆင်နှင့် စတူဒီယိုတစ်ခုတွင်သွင်းယူနေခြင်းဖြစ်ပြီး ထုတ်ဝေရန် နီးစပ်နေပြီဖြစ်ကြောင်း သူမ၏ တွစ်တာလူမှုကွန်ရက်ဝက်ဘ်ဆိုက်မှ ပရိသတ်များအား မကြာသေးမီကဖွင့်ဟခဲ့သည်။

ပဲရစ်က "အသံသွင်းခန်းထဲမှာသီချင်းနှစ်ပုဒ်တော့သွင်းပြီးသွားပါပြီ။ အခု နောက်တစ်ပုဒ်စသွင်းနေပါတယ်။ ပျော်စရာကြီးပါ"ဟုတွစ်တာတွင် ရေးသားခဲ့သည်။ ပဲရစ်ဟီးလ်တန်သည်သူမ၏ပထမ အယ်လ်ဘမ်ထွက်ရှိပြီးနောက် Stars are Blind သီချင်းဖြင့် ပရိသတ်များကြိုက်နှစ်သက်မှုရရှိခဲ့သည်။

—Ref: Showbizspy

## စာ-၄၇၊ အကယ်ဒမီရွှေစင်ဆုရခဲ့သူ ဝဋ္ဋူကျော်နှင့် တွေ့ဆုံခြင်း မှ

အိမ်မှာပဲဖြစ်ဖြစ်၊ ရောက်လေရာမှာပဲဖြစ်ဖြစ်၊ နေ့တိုင်းလုပ်တတ်တဲ့အလုပ်ပါ မေ့မနေပါဘူး။ အိမ်သာဝင်တဲ့အလုပ်ပါ။ အဲမှာလည်း အိမ်သာအခက်အခဲနဲ့သွားခဲ့ရပါတယ်။ အခက်အခဲက အများကြီးပါပဲ။ ကျွန်းပေါ်မှာဆိုတော့လည်း ကျွန်တော်တို့သွားရိုက်တဲ့ ကျွန်းပေါ်မှာ အိမ်သာဘယ်သူမှ လိုက်မဆောက်ပေးတဲ့အတွက် ဒီလိုပဲအဆင်ပြေအောင် ချုံတိုးခဲ့ရတာတွေလည်း အများကြီးပါပဲ။ အဲဒါထက်ပိုပြီး ခက်ခဲတာကတော့ ကျွန်တော်တို့ မြိတ်ကနေပြီးတော့ အခြေပြုတဲ့ ဝါးကျွန်းကိုသွားတဲ့ မော်တော်က လိုင်းမော်တော်မဟုတ်ပါဘူး။ ကုန်တင်မော်တော်နဲ့ သွားခဲ့ရတာပါ။ ကုန်တင်မော်တော်ဆိုတော့ အိမ်သာမပါပါဘူး။ သူတို့က လှေမောင်းသမားနဲ့သူ့ဝန်ထမ်းလောက်ပဲဆိုတော့ ဒီလိုပဲ ပင်လယ်ထဲမှာ အဆင်ပြေအောင်သွားနေကြတာ။ သူတို့ကလည်း သီးသန့်မလုပ်ထားတဲ့အတွက် ကျွန်တော်တို့လူ ၄၀၊ ၅၀သွားတဲ့အခါမှာ အခက်အခဲနဲ့ သွားခဲ့ရပါတယ်။ ဒီလှေနံရံကိုကိုင်ပြီးတော့ ဒီလိုပဲ အဆင် ပြေအောင် သွားခဲ့ရပါတယ်။ ဒါလည်း ကျွန်တော်တို့အတွက် ထူးခြားဆုံးအမှတ်တရတစ်ခုပါ။

**အကယ်ဒမီရခဲ့တဲ့အတွက် ပီတိ စကားလေး. . ။**

ကျွန်တော် ပင်ပန်းရကျိုးနပ်ပါတယ်။

**အကယ်ဒမီပွဲမှာ ပြောသွားတဲ့စကားတွေက ကြိုတင်စဉ်းစားခဲ့သလား။**

ရင်ထဲက ခံစားချက်တွေကို ပြောသွားတာပါ။

**ဆင်ဆာကိစ္စနဲ့ပတ်သက်ပြီး ပြောခဲ့တဲ့အတွက် စိုးရိမ်စိတ်တစ်ခုခုရှိလား။**

ကျွန်တော့် လောကသားတွေ အတွက် ကျွန်တော့် အနုပညာသမားတွေအတွက် တကယ်လိုအပ်လို့ ကျွန်တော်ပြောသွားတာပါ။ အဲဒီအတွက် ကျွန်တော့်မှာ အမှားအယွင်းရှိတယ်၊ အပြစ်ရှိမယ်ဆိုရင်လည်း ခံယူပါမယ်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Chronicle | 20th Century Fox | ၂၂,၀၀၄,၁၀၀ | ၁ |
| ၂။ | The Woman in Black | CBS Films | ၂၀,၈၇၄,၁၀၀ | ၁ |
| ၃။ | The Grey | Open Road Films | ၃၄,၅၅၇,၅၀၀ | ၂ |
| ၄။ | Big Miracle | Universal Pic. | ၇,၇၆၀,၂၀၀ | ၁ |
| ၅။ | Underword: Awakening | Screen Gems & Sony Pic. | ၅၄,၂၅၃,၇၀၀ | ၃ |
| ၆။ | One for the Money | Lionsgate | ၁၉,၆၂၄,၃၀၀ | ၂ |
| ၇။ | Red Tails | 20th Century Fox | ၄၁,၀၅၉,၁၀၀ | ၃ |
| ၈။ | The Descendants | Fox Searchlight Pic. | ၆၅,၄၇၅,၆၀၀ | ၆ |
| ၉။ | Man on a Ledge | Summit Entertainment, LLC | ၁၄,၆၁၅,၈၀၀ | ၂ |
| ၁၀။ | Extremely Loud and Incredibly Close | Paramount Pic. & Warner Bros. Pic. | ၂၆,၆၇၀,၀၀၀ | ၆ |

## Movie Review

### Ghost Rider: Spirit of Vengeance



စတန့်သမားဟောင်းလည်းဖြစ်ပြီး တစ္ဆေများအတွက် အလုပ်လုပ် ပေးခဲ့ဖူးသူ ဂျွန်နီသည် သူစွမ်းအင်များမှာ ကျိန်စာတစ်ရပ်ဟုယုံကြည်နေပြီး လူတွေနှင့်ဝေးဝေးရှောင်ရှားနေသည်။ သို့သော် ဘုန်းတော်ကြီးတစ်ဦးက သူ့ကိုချဉ်းကပ်ပြီး မိခင်နှင့်ကလေးတစ်ဦးပါဝင်သည့် သားအမိအား ကူညီစောင့်ရှောက်ပေးရန်ပြောကြားသည်။ ထိုသားအမိကို နှောင့်ယှက် နေသောတစ္ဆေမှာလည်း လူသားအသွင်ဖန်တီးယူထားသောကြောင့် ဂျွန်နီမှာ သားအမိကိုကယ်တင်ရင်း သူ့အပေါ် ကျရောက်နေသည့်ကျိန်စာကိုလည်း ဖယ်ရှားနိုင်မလားဆိုတာ. . .။

Nicolas Cage၊ Violante Placidoနှင့် Ciaran Hinds တို့ဦးဆောင်ပါဝင်ထားသောစွန့်စားခန်း၊ အက်ရှင်၊ စိတ်ကူးယဉ် ဇာတ်ကားအား ဒါရိုက်တာ Mark Neveldine နှင့် Brian Taylor တို့က ရိုက်ကူးထားပြီး Sony Pictures က ဖေဖော်ဝါရီ ၁၇ ရက်တွင်ဖြန့်ချိမည်ဖြစ်သည်။

# Sports

7DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012

# “၁၉၆၆ တုန်းက မြန်မာအသင်းပုံစံမျိုး ပြန်အသက်သွင်းချင်တယ်”

## မြန်မာအသင်းနည်းပြချုပ် ပတ်ဆောင်ဟွာနှင့် တွေ့ဆုံခြင်း

ဗိုလ်ဗိုလ်ဝင်း

**မြန်မာဘောလုံးအသင်းကို ၂၀၁၂ ခုနှစ်တွင် ဆူဇူကီးဖလားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်ပြုလုပ်မည့် ဆီးဂိမ်းပြိုင်ပွဲတို့က စောင့်ကြိုနေသည်။ အဆိုပါပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအသင်းများကို ကိုင်တွယ်ရန်အတွက် ကိုရီး ယားနည်းပြဆရာပတ်ဆောင်ဟွာသည် ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ကိုရီးယားသံရုံးအဆက်အသွယ်၊ မြန်မာ Posco ကုမ္ပဏီ၏ စပွန်ဆာဖြင့် ရောက်ရှိလာခဲ့သည့် နည်းပြမှာ ကိုရီးယားလက်ရွေးစင်၊ လူငယ် လက်ရွေးစင်များနှင့် ကိုရီးယား၊ တရုတ်ကလပ်များအား ကိုင်တွယ်ခဲ့ဖူးပြီး အောင်မြင်မှု မှတ်တမ်းကောင်းများရရှိထားသူဖြစ်သည်။**

**တစ်ချိန်က မြန်မာနှင့် ကိုရီးယားဘောလုံးအသင်းများသည် အာရှတွင်အဓိကယှဉ်ပြိုင်ဘက်များ ဖြစ်ခဲ့ကြသော်လည်း လက်ရှိအချိန်တွင်မူ ကိုရီးယားအသင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နေပြီး မြန်မာအသင်းမှာမူ အာဆီယံအဆင့်၌ပင် ရုန်းကန်နေရဆဲဖြစ်သည်။ မစ္စတာပတ်ဆောင်ဟွာနှင့် ယခုလ ၈ ရက်က တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြအပ်ပါသည်။**



**မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကို ကိုင်တွယ်ဖို့ဆုံးဖြတ်ခဲ့တဲ့ အဓိကအကြောင်းရင်းက ဘာလဲ။**

မြန်မာအသင်းကို ကိုင်တွယ်ဖို့ လုပ်တဲ့အချိန်မှာ ကျွန်တော့်ကို မလုပ်ဖို့ဆိုပြီး ကိုရီးယားနိုင်ငံမှာ တားတဲ့သူ တော်တော်များများရှိတယ်။ အခုလက်ရှိအနေအထားမှာ မြန်မာအသင်းရဲ့ အနေအထားက အခြားအသင်းတွေထက် တော်တော်လေး နိမ့်ကျနေတဲ့အတွက်ကြောင့် အရမ်းခက်ခဲလိမ့်မယ်ဆိုတာ ပြောကြတယ်။ လက်ရှိမြန်မာဘောလုံးအဆင့်အတန်းကလည်း အာဆီယံနိုင်ငံတွေမှာဆိုရင်တောင် အခြားနိုင်ငံတွေထက် တော်တော်လေးနိမ့်ကျနေလို့ စိတ်မကောင်းပါဘူး။ ဒါကြောင့် သိတဲ့အတိုင်းပါပဲ မြန်မာအသင်းကိုကိုင် တွယ်ရတာ လွယ်ကူတဲ့ကိစ္စတစ်ခုတော့ မဟုတ်ပါဘူး။ တိုက်ပွဲတစ်ခုဝင်ရသလိုပါပဲ။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ကိုရီးယား၊ တရုတ်မှာ နည်းပြလုပ်ခဲ့တဲ့ အတွေ့အကြုံ၊ တခြားမှာလည်း လေ့လာထားတာရှိတဲ့အတွက် ယုံကြည်မှုရှိပါတယ်။ အသစ်တစ်ခုကို စိန်ခေါ်မှုတစ်ရပ်အနေနဲ့ လက်ခံချင်တဲ့အတွက် မြန်မာအသင်းကို ကိုင်တွယ်ဖို့ဖြစ်လာတာပါ။ ငွေရဖို့ ဂုဏ်သိက္ခာအတွက်ဆိုရင်တော့ ကျွန်တော် ဒီကိုလာမှာ မဟုတ်ပါဘူး။ ကိုရီးယားမှာပဲ နည်းပြလုပ်မှာပေါ့။

**မြန်မာအသင်းနဲ့ပတ်သက်ပြီး အရင်က ဘာတွေသိထားလဲ။**

ဟိုးအရင် ကျွန်တော် ဘောလုံးကစားတုန်းက မြန်မာအသင်းဟာ တောင့်တင်းတဲ့အသင်းတစ်သင်းဖြစ်မှန်းသိပါတယ်။ အရင်ကတည်းက မြန်မာဘောလုံးသမားတွေဟာ ပင်ကိုယ်အရည်အသွေးကောင်းပြီး အလားအလာရှိတဲ့သူတွေပါ။ အခုလက်ရှိအကြောင်းနဲ့ ပတ်သက်ပြီးတော့ အသေးစိတ်တော့ မသိနိုင်ခဲ့ပါဘူး။

**တကယ်ကိုင်တွယ်ရတဲ့အခါမှာ ကြုံတွေ့ရတဲ့ အခက်အခဲက ဘာတွေလဲ။**

အမှန်အတိုင်းပြောရရင် အခက်အခဲတွေ အများကြီးရှိပါတယ်။ မြန်မာအသင်းရဲ့နိမ့်ကျနေတဲ့ကျွမ်းကျင်မှုအပိုင်း၊ နည်းစနစ်နဲ့ ကြံ့ခိုင်မှုအပိုင်းတွေကို မြှင့်တင်ပေးဖို့ဆိုရင် ထရိန်နင်ကောင်းကောင်းပေးမှဖြစ်မှာပါ။ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲရှိတဲ့အတွက် လက်ရွေးစင်ကစားသမားတွေ စုစည်းပြီး ထရိန်နင်လုပ်ဖို့ကအခက်အခဲရှိပါတယ်။ ခု ကျွန်တော့်အနေနဲ့ မြန်မာအသင်း (လက်ရှိ ဘရူနိုင်းဘုရင်ဖလားသွားမည့် လူငယ်အသင်း)ကို ကိုင်တွယ်နေရပေမယ့် ထရိန်နင်ပေးရတဲ့အချိန်ထက် နားနေရတဲ့အချိန်က ပိုများနေပါတယ်။ ဒီနေရာမှာ ကိုရီးယားမှာ လုပ်ခဲ့တာလေးပြောပြချင်ပါတယ်။ လွန်ခဲ့တဲ့နှစ် ၂၀လောက်က ကိုရီးယားမှာ ကေလိဂ်စတင်ခဲ့တုန်းက ကလပ်ကလက်ရွေးစင်ပါတဲ့ ကစားသမားတွေအနေနဲ့ လက်ရွေးစင်အသင်းမှာပဲ ထရိန်နင်ဆင်းကြတယ်။ တနင်္လာကနေ သောကြာထိလက်ရွေးစင်အသင်းနဲ့ စခန်းဝင်၊ စနေ၊ တနင်္ဂနွေ ကလပ်ပွဲရှိရင်ပြန်ကန်၊ အဲလိုမျိုးလုပ်ခဲ့တာပါ။ လိဂ်က အစဖြစ်၊ လက်ရွေးစင်အသင်းတိုးတက်ဖို့ကလည်း အချိန်လိုတဲ့အတွက် ဒီစနစ်ဟာ အကောင်းဆုံးလို့ ကျွန်တော်ထင်တယ်။ ကစားသမားတွေတိုးတက်ဖို့ဆိုတာ ထရိန်နင်များများလိုအပ်ပါတယ်။ ပါးစပ်နဲ့ပြောနေရုံနဲ့တော့ အသင်းက တိုးတက်လာမှာ မဟုတ်ပါဘူး။ အခုဒီမှာမြန်မာနေရှင်နယ်လိဂ်ရှိတဲ့အတွက် လက်ရွေးစင်ကစားသမားတွေကြိုက်သလိုခေါ်ပြီး ထရိန်နင်ဆင်းခွင့်မရလို့ နှမြောမိပေမယ့် နောက်ပိုင်း ဒီထက်အချိန်ရအောင်တော့ အဖွဲ့ချုပ်ညှိနှိုင်းပြီး ဆောင်ရွက်သွားနိုင်မယ်လို့ ထင်ပါတယ်။ တစ်ဖက်ကလည်း ကလပ်က ကစားသမားတွေဖြစ်တဲ့အတွက်လည်း အကြာကြီးခေါ်ဖို့ အသုံးပြုဖို့အတွက်လည်း အဆင်မပြေနိုင်ဘူး။ ဒါပေမဲ့ လက်ရွေးစင်အသင်းတိုးတက်ဖို့ဆိုရင်တော့ အဖွဲ့ချုပ်နဲ့ ကလပ်အသင်းတွေညှိနှိုင်းပြီး အကောင်းဆုံးထရိန်နင်အစီအစဉ်တွေဆွဲဖို့လုပ်ရပါမယ်။ ကိုရီးယားမှာလည်း ဒီလိုပုံစံမျိုးလုပ်ခဲ့ကြတာပါ။

**ဘောလုံးအားကစားမှာ ကိုရီးယားနဲ့ မြန်မာဆိုတာ တစ်ချိန်တုန်းက ပြိုင်ဘက်တွေဖြစ်ခဲ့ပါတယ်။ အခုအခြေအနေမှာတော့ ကမ္ဘာ့အဆင့်မှာ ကိုရီးယားအသင်းက အဆင့်-၃၀ နဲ့ မြန်မာအသင်းက ၁၇၂ ဖြစ်နေပါပြီ။ အခုလို အရမ်းကွာခြားသွားတာ ဘာကြောင့်လို့ထင်ပါသလဲ။**

၁၉၆၀ ကျော်တုန်းက အခြေအနေဆိုရင် မြန်မာက ကိုရီးယားထက် ပိုသာခဲ့သေးတာပါ။ ဒါပေမဲ့ ၁၉၇၄-၇၅ လောက်ကစပြီး မြန်မာဘောလုံးအဆင့်အတန်း တဖြည်းဖြည်း နိမ့်ကျလာခဲ့တာတွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့မြန်မာပြည်တွင်းမှာ ဘယ်လိုပြဿနာတွေရှိမှန်းတော့ မသိပါဘူး။ နှစ် ၄၀ အတွင်းမြန်မာဘောလုံးအဆင့် ဒီလောက်နိမ့်ကျသွားတာ ဘာကြောင့်လဲဆိုတာ အတိအကျမပြောနိုင်ပေမယ့် ထပ်ပြောရမယ်ဆိုရင်ကမ္ဘာ့အဆင့်မှာတော့ မြန်မာဆိုတဲ့ အမည်မတွေ့ရလောက်အောင်နိမ့်ကျသွားခဲ့တယ်။ အာဆီယံအဆင့်မှာတောင် မြန်မာဘောလုံးအဆင့်က တော်တော်လေးနိမ့်နေတဲ့ အခြေအနေဆိုတော့ ခုချိန်မှာ ကိုရီးယားနဲ့ နှိုင်းယှဉ်ပြောဖို့ဆိုတာကတော့ အရမ်းခက်ခဲသွားပြီ။ ဒါပေမဲ့ တစ်ခုပြောချင်တာက မြန်မာအသင်းအနေနဲ့ ပွဲတိုင်း အနိုင်ရဖို့ဆိုတာထက် မလေးရှား၊ ထိုင်းအသင်းတွေကို အမီလိုက်ပြီး၊ အနိုင်ယူတာ၊ နောက် ဆက်လက်ပြီး ကိုရီးယား၊ ဂျပန်တို့ကို အမီလိုက်ရမယ်ဆိုတဲ့ အစီအစဉ်ကောင်းကောင်းရှိရပါမယ်။ အဲဒီလိုရှိမှသာ အရင်ကလို အင်အားကောင်းတဲ့ မြန်မာဘောလုံးအသင်းပုံစံမျိုး မြင်ရမှာ ဖြစ်ပါတယ်။

**ကိုရီးယား အောင်မြင်ရခြင်းရဲ့ အဓိကအကြောင်းရင်းက ဘာလဲ။**

ကိုရီးယားတွေ အောင်မြင်ရတာဟာ ရေတို၊ ရေလတ်၊ ရေရှည်စီမံကိန်းကောင်းကောင်းတွေရှိခဲ့လို့ပါ။

**မြန်မာဘောလုံးသမားတွေရဲ့ အားနည်းချက်၊ အားသာချက်တွေကိုလည်း ပြောပြပေးပါ။**

ပထမဆုံးပြောချင်တာက လက်ရှိအခြေအနေမှာ မြန်မာအသင်းရဲ့ပြိုင်ဘက်တွေဟာ မလေးရှား၊ ထိုင်းတို့မဟုတ်ဘဲ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်အသင်းတွေဖြစ်တယ်ဆိုတာပါပဲ။ အဲလိုမျိုးပြောရတာ မြန်မာအသင်းအတွက် ဝမ်းနည်းစရာကောင်းပေမယ့် ဒါအမှန်ဖြစ်နေပါတယ်။ ဒါကို ပစ်ပယ်ထားလို့ မရပါဘူး။

စာ(၅၁)သို့




7DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012



# အရှေ့တောင်အာရှမသန်စွမ်းအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်

**မေဝင်းမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၇**



မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် (၇) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ မသန်စွမ်းအားကစားပြိုင်ပွဲ (ASEAN Para Games) အတွက် ပြိုင်ပွဲဝင်အားကစားသမား ၂၀၀ ခန့်ကို ပြည်တွင်းအကြိုပြိုင်ပွဲပြုလုပ်ကာ စခန်းသွင်းလေ့ကျင့်၍ ကြိုတင်ပြင်ဆင်သွားမည်ဟု မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ယခုနှစ်စက်တင်ဘာလတွင် ပြည်တွင်းမသန်စွမ်းအားကစားပြိုင်ပွဲပြုလုပ်ကာ အားကစားသမားများ ရွေးချယ်စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်သည်။

"အခြားနိုင်ငံက Para Games ကို သွားပြိုင်တဲ့အခါ အခြားနိုင်ငံတွေက ၆၀၀ လောက်လာရင် ဒီဘက်က အားကစားသမားအင်အား ၆၀ လောက်ပဲသွားတယ်။ အိမ်ရှင်နိုင်ငံအနေနဲ့ဆိုတော့ အားကစားသမားအင်အားကိုကြိုတင်စုဆောင်းပြီး လေ့ကျင့်တာကို တစ်နှစ်လောက် အချိန်ယူလုပ်ဖို့စီစဉ်ထားပါတယ်။ အားကစားပြိုင်ပွဲနေရာတွေ၊ ကွင်းတွေက အားကစားဝန်ကြီးဌာနရဲ့ အစီအစဉ်တွေနဲ့လုပ်ဆောင်သွားမှာပါ"ဟုမြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဒုဥက္ကဋ္ဌဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)ကပြောကြားသည်။

၂၀၁၃ ဒီဇင်ဘာတွင် ကျင်းပမည့် ASEAN Para Games သို့ အာဆီယံ ၁၀ နိုင်ငံနှင့်တီမောနိုင်ငံတို့မှ ပြိုင်ပွဲဝင်အားကစားသမား ၈၀၀ ကျော်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြေးခုန်ပစ်၊ ရေကူး၊ မျက်မမြင်စစ်တုရင်၊ စားပွဲတင်တင်းနစ်၊ ဘောလီဘော(ထိုင်လျက်)၊ မြားပစ်၊ ဘိုးလင်း၊ သေနတ်ပစ်နှင့် ဉာဏ်ရည်မမီ အားကစားနည်းတစ်မျိုးယှဉ်ပြိုင်စေရန်စီစဉ်ထားသည်ဟုသိရသည်။

အင်ဒိုနီးရှားနိုင်ငံ၊ ဂျာဗားကျွန်းအလယ်ပိုင်း၊ ဆူရာကာတာတွင် ပြီးခဲ့သည့်နှစ်က ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် ASEAN Para Games ၌ မြန်မာနိုင်ငံက ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ်ကိုးခု၊ ကြေးတံဆိပ် ၁၄ ခုဆွတ်ခူးနိုင်ခဲ့သည်။

# ဘရူနိုင်းဘုရင် ဖိတ်ခေါ်ဖလား မြန်မာ-စင်ကာပူနှင့် ပွဲဦးထွက် ရင်ဆိုင်ရမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ- ၉**

ဘရူနိုင်းဘုရင် ဖိတ်ခေါ်ဖလားပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းသည် ပွဲဦးထွက်ပွဲစဉ်အဖြစ် စင်ကာပူလူငယ်အသင်းနှင့် ဖေဖော်ဝါရီ ၂၅ ရက်၌ စတင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာအသင်းအနေဖြင့် အုပ်စု(က)တွင် အိမ်ရှင် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ စင်ကာပူအသင်းများနှင့် ကျရောက်နေပြီး တစ်ဖက်အုပ်စု(ခ)တွင်မူ မလေးရှား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်၊ တီမောအသင်းများ ပါဝင်လျက်ရှိသည်။

အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်မည်ဖြစ်ပြီး မတ် ၉ ရက်တွင် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲဝင်မည့် မြန်မာလူငယ်အသင်းကို ကိုရီးယားနည်းပြ ပတ်ဆောင်ဟွာမှ နည်းပြချုပ်အဖြစ်ကိုင်တွယ်လျက်ရှိပြီး ၂၀၁၃ ဆီးဂိမ်းအတွက် ရည်ရွယ်ဖွဲ့စည်းထားသောအသင်းဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာလူငယ်အသင်း၏ အပြီးသတ် ၁၈ ဦးစာရင်းတွင် ပြီးခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲဝင်အသင်းမှ ခုနစ်ဦး ပြန်လည်ပါဝင်လာခဲ့သည်။ မြန်မာလူငယ်အသင်းတွင် ဂိုး-ပြည့်ဖြိုးအောင်၊ မျိုးမင်းလတ်၊ နောက်တန်း-နန္ဒကျော်၊ ဇော်မင်းထွန်း၊ ရဲဇော်ထက်အောင်၊ ညီညီအောင်၊ ရန်အောင်ဝင်း၊ အလယ်တန်း- သိန်းသန်းဝင်း၊ ကျော်ဇေယျာဝင်း၊ နိုင်လင်းဦး၊ ကြည်လင်း၊ ဒေးဗစ်ထန်း၊ ဇော်လင်း၊ ပြည့်ဖြိုးဦး၊ ရှေ့တန်း-မိုင်းအိုက်နိုင်၊ ကျော်ကိုကို၊ ကောင်းစည်သူ၊ သက်နိုင်တို့ဖြစ်သည်။

# တယ်ရိုဆက်ဆနာကလပ်နှင့် မြန်မာနေရှင်နယ်လိဂ်အသင်းသုံးသင်း ခြေစမ်းမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၁**

ထိုင်းပရီးမီးယားလိဂ်ကလပ်တယ်ရိုဆက်ဆနာအသင်းနှင့် မြန်မာနေရှင်နယ်လိဂ်အသင်းများဖြစ်သည့် ရတနာပုံ၊ ရောဝတီနှင့် ဟံသာဝတီအသင်းတို့သည် ယခုလနောက်ဆုံးပတ်တွင် ရန်ကုန်မြို့၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါခြေစမ်းပွဲများ ဖြစ်ပေါ်လာရခြင်းမှာ တယ်ရိုဆက်ဆနာအသင်းဘက်မှ ကမ်းလှမ်းခြင်းကြောင့်ဖြစ်ပြီး ဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာနေရှင်နယ်လိဂ်အသင်းများနှင့်ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"တယ်ရိုဆက်ဆနာဘက်က ကမ်းလှမ်းတယ်။ သူတို့စရိတ်နဲ့ သူတို့လာမယ်။ ဒီမှာ တည်းခိုနေထိုင်စရိတ်ကိုတော့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမယ့်မြန်မာကလပ်အသင်းတွေကကျခံပေ့။ အဖွဲ့ချုပ်အနေနဲ့ပြီးခဲ့တဲ့ရာသီက အဆင့်-၈ အထိဝင်ခဲ့တဲ့ကလပ်အသင်းတွေကို ဦးစားပေးမေးမြန်းခဲ့ပြီး ကစားမယ်လို့အကြောင်းပြန်ခဲ့တဲ့အသင်းသုံးသင်းနဲ့ ခြေစမ်းပွဲယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်"ဟု အထက်ပါတာဝန်ရှိသူကဆိုသည်။

ထို့ကြောင့် ယင်းထိုင်းပရီးမီးယားလိဂ် ကလပ်သည် ဖေဖော်ဝါရီ ၂၃ ရက်တွင် ဧရာဝတီအသင်း၊ ၂၅ ရက်တွင် ရတနာပုံအသင်းနှင့် ၂၇ ရက်တွင် ဟံသာဝတီအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရတနာပုံအသင်းနှင့် ခြေစမ်းပွဲအား မန္တလေးမြို့ ဗထူးကွင်းတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ကျန်ပွဲစဉ်များကို ရန်ကုန်မြို့ အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါပွဲစဉ်များ၏ ကွင်းဝင်ကြေးအား အထူးတန်းကျပ်တစ်ထောင်နှင့် ရိုးရိုးတန်းကျပ်ငါးရာသတ်မှတ်ထားကြောင်းသိရသည်။

မြန်မာပြည်ဖွား စီးပွားရေးလုပ်ငန်းရှင်ဘရိုင်ယန်မာကာပိုင်ဆိုင်သော တယ်ရိုဆက်ဆနာအသင်းသည် ထိုင်းပရီးမီးယားလိဂ်တွင် နှစ်ကြိမ်ဗိုလ်စွဲထားပြီး ပြီးခဲ့သည့်နှစ် ရာသီကမူ အဆင့်-၈ သာရရှိခဲ့သည်။ ယင်းအသင်းသည်ရန်ကုန်ယူနိုက်တက်အသင်း၏ မိတ်ဖက်ကလပ်အသင်းလည်းဖြစ်သည်။

# ဗာစကိုဒဂါးမားအသင်းမှ လူငယ်ဘောလုံးသမား တစ်ဦး လေ့ကျင့်ခန်းဆင်းစဉ် ရုတ်တရက်သေဆုံး

**ရီယိုဒီဂျနေးရိုး၊**

**ဖေဖော်ဝါရီ - ၁၀**

ဘရာဇီးပြည်တွင်းလိဂ်ပြိုင်ပွဲဝင် ဗာစကိုဒဂါးမားအသင်း၏အသက် ၁၄ နှစ်အရွယ် လူငယ်ဘောလုံးသမားဝင်ဒယ်လ်ဂျူနီယိုဗီနန်ချီယိုဒါဆေးလ်ဗားသည် အသင်းနှင့် လေ့ကျင့်ခန်းဆင်းနေစဉ်အတွင်း နှလုံးရောဂါဖြင့် လဲကျသေဆုံးခဲ့ရကြောင်းသိရသည်။

ဗီနန်ချီယိုဒါဆေးလ်ဗားသည် ရီယိုဒီဂျနေးရိုးမြို့တော်၏ အတွင်းပိုင်းမြို့နယ် အီတာဂူအီရှိအသင်း၏လေ့ကျင့်ရေးကွင်းတွင်အသက် ၁၅ နှစ်အောက် လူငယ်အသင်းနှင့်လေ့ကျင့်ရေးဆင်းနေစဉ် ၁၀ မိနစ်ခန့် လေ့ကျင့်ခန့်များပြုလုပ်စဉ် လဲကျခဲ့ခြင်းဖြစ်သည်။

၎င်းကို ချက်ချင်းပင် အသင်း၏ ဆေးဘက်ဝန်ထမ်းများက ကုသပေးခဲ့သော်လည်း အသက်မမီတော့ဘဲကွယ်လွန်ခဲ့သည်။ ဗာစကိုဒဂါးမားအသင်းသည် ယခုအခါ ဆေးလ်ဗား၏ ကျန်ရစ်သူမိသားစုကိုအားပေးရန် အသင်းပရိသတ်များအား တိုက်တွန်းထားပြီး ၎င်းကွယ်လွန်ခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အားလပ်ရက်သုံးရက်သတ်မှတ်ကြေညာခဲ့သည်။ *—Ref: Xinhua*

## စာ(၅၀) - မြန်မာအသင်းနည်းပြချုပ် ပတ်ဆောင်ဟွာနှင့် တွေ့ဆုံခြင်း မှ

အဲဒီတစ်ချက်ကိုတော့မြန်မာပြည်သူတွေကို အသိပေးပြီး တဖြည်းဖြည်းနဲ့ မြှင့်တင်ပေးဖို့ ကျွန်တော့်မှာ အစီအစဉ်ရှိပါတယ်။ ဒါပေမဲ့ မြန်မာအသင်းရဲ့လက်ရှိပြဿနာက တဖြည်းဖြည်းနဲ့ အမီလိုက်နိုင်တဲ့အပိုင်းမှာ အားနည်းနေတာပါ။ လက်ရှိနိုင်ငံတကာဘောလုံးပွဲစဉ်တွေမှာ ဘောလုံးကစားနည်းဟာ လျင်မြန်ဖို့၊ တိကျဖို့၊ ကြံ့ခိုင်မှုကောင်းဖို့ လိုအပ်နေပါပြီ။ အဲဒီအချက်တွေအားနည်းနေမယ်ဆိုရင်တော့ တခြားအသင်းတွေကို အမီလိုက်နိုင်မှာမဟုတ်ပါဘူး။ လက်ရှိအနေအထားကနေ နောက်တစ်ဆင့်တက်ဖို့အတွက် အလှမ်းဝေးသွားမှာပါ။ ဒါပေမဲ့ မြန်မာဘောလုံးသမားတွေမှာ ပင်ကိုယ်အရည်အသွေးတွေရှိတဲ့အတွက် အလားအလာကောင်းတွေရှိပါတယ်။ အဲဒီလိုအလားအလာကောင်းတွေရှိတဲ့အတွက်ကြောင့်ပဲ ကျွန်တော့်အနေနဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ သူတို့ဆီမှာ မရှိတာတွေကို ရှိလာအောင် သင်ပေးပြီးတော့ တဖြည်းဖြည်းနဲ့ ဆွဲခေါ်သွားရမှာပါ။ ကျွန်တော်ဖြတ်သန်းလာတဲ့ အတွေ့အကြုံအရ ယုံကြည်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တစ်ယောက်တည်း ယုံကြည်လို့တော့မရပါဘူး။ ရေတို၊ ရေလတ်၊ ရေရှည်စီမံကိန်းကောင်းကောင်းချဖို့ လိုအပ်မှာဖြစ်ပြီး ဘောလုံးသမားတွေလည်း ကိုယ်တိုင်ယုံကြည်စွာနဲ့ကြိုးစားကြဖို့လိုပါမယ်။ အားလုံးပူးပေါင်းလုပ်ရမှာပါ။ ပရိသတ်တွေလည်း အပါအဝင်ပေ့၊ တစ်ခုတော့ သတိပေးချင်ပါတယ်။ လာအို၊ ဖိလစ်ပိုင်တို့ကို အနိုင်ကန်ပြီးတော့ အရမ်းကြီး ပျော်မနေကြဖို့ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ မြန်မာအသင်းရဲ့ပြိုင်ဘက်မဟုတ်ပါဘူး။

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေနဲ့ သက်တမ်းအလိုက်ပြိုင်ပွဲမျိုးမှာ အောင်မြင်မှုရရှိအောင် ဦးစားပေးလွန်းနေတာတွေ့ရပါတယ်။ ဒါပေမဲ့အစဉ်အလာအတိုင်းပဲ လက်ရွေးစင်ကြီးမှာပါတဲ့ကစားသမားအများစုဟာ** U-23, U-21 **အသင်းမှာလည်း ပါဝင်ပါတယ်။ အသက်မှန်ကန်မှုလည်း မရှိပါဘူး။ ဒီလိုလုပ်တာ ဘောလုံးဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းလမ်းမှန်တယ်လို့ ထင်ပါသလား၊ ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရနိုင်မလဲ။**

အခု လက်ရှိအခြေအနေကြည့်မယ်ဆိုရင်တော့ နားလည်ပေးလို့ရပါတယ်။ လက်ရှိ အာဆီယံဒေသတွင်းမှာတောင် အောင်မြင်မှုရရှိဖို့ခက်ခဲနေတဲ့အချိန်ဖြစ်နေလို့ပါ။ အသက်လိမ်တာတွေကိစ္စပြောရမယ်ဆိုရင်တော့ မြန်မာမှ မဟုတ်ပါဘူး။ တခြားနိုင်ငံတွေလည်း လိမ်ကြတာပါပဲ။ ဒါပေမဲ့ ရေရှည်အောင်မြင်မှုရရှိဖို့အတွက်တော့ ဒီလိုလုပ်ရပ်က မမှန်နိုင်ပါဘူး။ ရေတိုအနေနဲ့ အောင်မြင်မှုအတိုင်းအတာတစ်ခုရနိုင်ပေမယ့် တိုးတက်မှာတော့ မဟုတ်ပါဘူး။ ဒီလိုဖြစ်တာလည်း အချိန်တွေကြာလာတာနဲ့အမျှ တဖြည်းဖြည်းလျော့သွားမယ်လို့ထင်ပါတယ်။

**မြန်မာနိုင်ငံမှာ ဆုကြေးစားစနစ်ပြောင်းခဲ့တာ သုံးနှစ်ကျော်ခဲ့ပေမယ့် အောင်မြင်မှုမရရှိသေးဘူး။ မြန်မာဘောလုံးပရိသတ်တွေ အပေါ် နည်းပြချုပ်အနေနဲ့ ဘယ်လိုကတိပေးနိုင်မလဲ။**

အမှန်အတိုင်းပြောရမယ်ဆိုရင် ပရိသတ်တွေကို ပေးနိုင်တဲ့ကတိဆိုတာ ပြောခဲ့တာတွေကို နည်းနည်းလေးခြုံကြည့်မည်ဆိုရင် အကြမ်းဖျင်းပါပြီးသား ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ပြောရမယ်ဆိုရင် လက်ရှိမျက်စိရှေ့မှာမြင်ရတဲ့အောင်မြင်မှု၊ အဲလောက်လေးကိုပဲ မျှော်မှန်းတာမဟုတ်ပါဘူး။ ကျွန်တော် အစောကတည်းကလည်း ပြောခဲ့ပြီးပါပြီ။ ၁၉၆၆ လောက်တုန်းက ကိုရီးယားထက်အင်အားတောင့်တင်းခဲ့တဲ့ မြန်မာဆိုတာ၊ လက်ရှိတော့ နိမ့်ကျနေပြီ၊ ၁၉၆၆ တုန်းကမြန်မာအသင်းပုံစံပြန်အသက်သွင်းချင်တယ်ဆိုတာပါ။ ဒါပေမဲ့ ရေတိုမှာတော့ ချက်ချင်းကြီး ဖြစ်လာမှာမဟုတ်ပါဘူး။ အမြန်ဆုံး ဖြစ်လာအောင်တော့ အတတ်နိုင်ဆုံးအကောင်အထည်ဖော်သွားမှာပါ။ ၂ နှစ်အတွင်းမှာတော့ အားလုံးကို အောင်မြင်မှုတွေရရှိအောင် ဆောင်ရွက်ပေးနိုင်မှာတော့မဟုတ်ပါဘူး။ နှစ်နှစ်စီမံကိန်းအတွက်ပဲ စဉ်းစားထားမယ်ဆိုရင်တော့ ဟိုးအရင်က မြန်မာအသင်းပုံစံမျိုးလည်း ပြန်မြင်ရမှာမဟုတ်ပါဘူး။ ပရိသတ်တွေကို ပြောချင်တာကတော့ အချိန်အတိုင်းအတာတစ်ခုပေးပြီး ယုံကြည်မှုပေးမယ်ဆိုရင် တဖြည်းဖြည်းနဲ့ အောင်မြင်မှုရရှိအောင်ဆောင်ရွက်ပေးသွားမယ်ဆိုတာပါပဲ။

7 DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012

# လန်ဒန်အိုလံပစ်ပြိုင်ပွဲဝင် အင်ဒိုနီးရှားကြက်တောင်အသင်းအတွက် ရန်ပုံငွေတိုးမြှင့်ချထားပေးမည်

**ဂျကာတာ၊ ဖေဖော်ဝါရီ - ၁၁**
အင်ဒိုနီးရှားပါလီမန်သည်ယခုနှစ်လန်ဒန်အိုလံပစ်တွင် ရွှေတံဆိပ်မျှော်မှန်းနိုင်သည့် လက်ရွေးစင်ကြက်တောင်ရိုက်အသင်းအတွက် ရန်ပုံငွေတိုးမြှင့်ချထားပေးရန်ပြင်ဆင်နေကြောင်းသိရသည်။

ပါလီမန်တွင် ပြုလုပ်ခဲ့သည့် နိုင်ငံရပ်ခြားရေးရာ အားကစားကော်မရှင်၏ ကြားနာမှု၌ အာဏာရ ဂိုလ်ကာပါတီမှ ဥပဒေပြုအမတ် ဇူလ်ဖတ်ဒလီက “ကြက်တောင်ရိုက်အားကစားနည်းဟာ တခြားအားကစားတွေနဲ့ယှဉ်ရင်


Photo - Getty Images

ပြင်ဆင်မှုကာလအတွင်း အထူးအာရုံစိုက်မှုရသင့်ပါတယ်။ လိုအပ်လို့ရှိရင် ကျွန်တော်တို့ဟာ ကြက်တောင်ရိုက်အားကစားမှာ အင်ဒိုနီးရှားရဲ့ဂုဏ်သိက္ခာကိုမြှင့်တင်နိုင်အောင် ငွေအများကြီး ထောက်ပံ့ရပါမယ်”ဟုပြောသည်။

အင်ဒိုနီးရှားကြက်တောင်ရိုက်အသင်း တာဝန်ရှိသူ ဟာဒီနာဆရီကလည်း ပါလီမန်၏ ယခုကဲ့သို့ ထောက်ခံအားပေးမှုကို ကြိုဆိုကြောင်းပြောကြားသည်။ အင်ဒိုနီးရှားကြက်တောင်ရိုက်အသင်းသည် ၁၉၉၂ ခုနှစ်တွင် အိုလံပစ်၌ယှဉ်အားကစားပါဝင်လာပြီးနောက်နှစ်စဉ် ကြက်တောင်ရွှေတံဆိပ်တစ်ခု အနည်းဆုံးရသည့် အစဉ်အလာရရှိထားသည်။

အင်ဒိုနီးရှားကြက်တောင်အသင်းသည် အိုလံပစ်ပြင်ဆင်မှုအတွက် ဘတ်ဂျက် ရူပီးယား ၁၀ ဘီလီယံ(ဒေါ်လာ ၁ ဒသမ ၁ သန်း)တောင်းဆိုထားသည်။ ယခုအခါ အင်ဒိုနီးရှားပါလီမန်သည် အိုလံပစ်နှင့် အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲများအပါအဝင် ယခုနှစ်အတွင်း အားကစားပြိုင်ပွဲများအတွက် ရူပီးယား ၂၀၀ ဘီလီယံသာ ဘတ်ဂျက်ခွဲဝေချထားပေးသည်။

—*Ref: Xinhua*


Photo - Getty Images

# ပါရီအိုးပင်းကွာတားဖိုင်နယ်မှ ရှာရာပိုဗာ ရှုံးနိမ့်ထွက်ခွာ

**ပါရီ၊ ဖေဖော်ဝါရီ - ၁၁**
ရုရှားနိုင်ငံမှ ကမ္ဘာ့အဆင့်-၃ ထိပ်တန်းတင်းနစ်မယ် မာရီယာရှာရာပိုဗာသည် ကျင်းပလျက်ရှိသော WTA ပါရီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဂျာမနီနိုင်ငံမှ အိန်ဂျယ်လစ်ကာဘာအား ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ရှာရာပိုဗာသည် ဇန်နဝါရီလက ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင်ကာဘာအား အနိုင်ရခဲ့သော်လည်း ယခုပွဲတွင် ပြန်လည်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ယခုတစ်ကြိမ်မှာ ကမ္ဘာ့အဆင့်-၂၇ ရှိသောကာဘာအတွက် ထိပ်တန်းကမ္ဘာ့အဆင့်-၁၀ အတွင်း ရှိသောပြိုင်ဘက်တစ်ဦးကို ပထမဆုံးအကြိမ်အနိုင်ရခြင်းလည်းဖြစ်သည်။ သူမသည် ရှာရာပိုဗာအား ၆-၄၊ ၆-၄ နှစ်ပွဲပြတ်ဖြင့်အနိုင်ရခဲ့သည်။

အိန်ဂျယ်လစ်ကာဘာသည် ပြီးခဲ့သည့်နှစ်က ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်ရောက်ရှိခဲ့ဖူးသည်။ သူမသည် ယခုနှစ် ပါရီအိုးပင်းဆီမီးဖိုင်နယ်တွင် ဘယ်လ်ဂျီယံနိုင်ငံမှ ကမ္ဘာ့အဆင့်-၂၉ ရှိယန်နီနာဝစ်မာယာ (သို့မဟုတ်) ဂျာမနီနိုင်ငံမှ မိုနာဘာသယ်လ်နှင့် တွေ့ဆုံရဖွယ်ရှိသည်။

—*Ref: AFP*


# ဂျိုကိုဗစ်ပုံတူ ဖယောင်းရုပ်တု ဆားဘီးယားတွင် ဖွင့်လှစ်

**ဘဲလ်ဂရိတ်၊ ဖေဖော်ဝါရီ - ၁၀**
ကမ္ဘာ့နံပါတ်-၁ တင်းနစ်ကစားသမား နိုဗက်ဂျိုကိုဗစ်သည် ၎င်းအတွက်ဂုဏ်ပြုထုလုပ်ထားသောပုံတူဖယောင်းရုပ်တုကို ဆားဘီးယားနိုင်ငံအလယ်ပိုင်း ဂျာဂိုဒီနာမြို့တွင် ပရိသတ်များနှင့်အတူဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

ဂျိုကိုဗစ်၏ ပုံတူဖယောင်းရုပ်တုဖွင့်ပွဲကျင်းပရာ ဂျာဂိုဒီနာမြို့သို့ ဂျိုကိုဗစ်အပြင် ယင်းမြို့၏ မြို့တော်ဝန် ဒရာဂန်မာကိုဗစ်ပါလ်မာ၊ ဆားဘီးယားလက်ထောက်ဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး အီဗစ်ကာဒါဆစ်တို့လည်းပရိသတ်ခြောက်ထောင်ခန့်နှင့်အတူတက်ရောက်ခဲ့ကြသည်။

မြို့တော်ဝန် ဒရာဂန်မာကိုဗစ်ပါလ်မာက“ဂျိုကိုဗစ်အအောင်မြင်ဆုံး ဆားဘီးယန်းအားကစားသမားဖြစ်ပြီး သူ့ပုံတူကို ပြတိုက်မှာ ထားရှိဂုဏ်ပြုသင့်တယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်”ဟုပြောသည်။

ဂျိုကိုဗစ်၏ အဆိုပါပုံတူ


Photo - AP

ဖယောင်းရုပ်တုကို ဘဲလ်ဂရိတ်မှ ပန်းပုဆရာ ဆဗက်တိုမီယာရာဒိုဗစ်က ၎င်း၏ ဓာတ်ပုံများ၊ ပြိုင်ပွဲဝင်ပုံဗီဒီယိုမှတ်တမ်းများကိုကြည့်ရှုကာ ဖန်တီးပေးထားခြင်းဖြစ်သည်။ ဂျိုကိုဗစ်သည် ဖေဖော်ဝါရီ ၇ ရက်က ၂၀၁၁ ၏ တစ်နှစ်တာအကောင်းဆုံး လော်ရီးယက်စ်အားကစားဆုကို ဆွတ်ခူးရရှိခဲ့သည်။

—*Ref: Xinhua*



7 DAY NEWS JOURNAL
Vol.10, No.48 • FEBRUARY 16 , 2012



# အာဏာသိမ်းမှုဖြစ်ပေါ်ပြီးနောက် မော်လ်ဒိုက်နိုင်ငံတွင် အကြမ်းဖက်မှုများ ကျယ်ပြန့်လာ



**မာလီ၊ ဖေဖော်ဝါရီ - ၉**

မော်လ်ဒိုက်နိုင်ငံတွင် လက်နက်ဖြင့် အတင်းအကျပ် အာဏာသိမ်းယူခြင်းခံရသည်ဟုဆိုသော သမ္မတဟောင်းအား ထောက်ခံသူများနှင့် လုံခြုံရေးတပ်ဖွဲ့များအကြား မြို့တော်မာလီတွင် ရင်ဆိုင်တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ရာ သွေးထွက်သံယိုအကြမ်းဖက်မှုများကြီးထွားလာသည်။ အခြားကျွန်းများပေါ်တွင်လည်း သမ္မတဟောင်းကိုထောက်ခံသူများက ရဲစခန်း အားစီးနင်းခဲ့ကြောင်းသိရသည်။

ကမ်းခြေများကြောင့် ကျော်ကြားပြီးပျားရည်ဆမ်းခရီးထွက်သူများနှင့်အပန်းဖြေသူများအကြိုက်တွေ့သည့် နိုင်ငံ၏ ကျွန်းလေးကျွန်းတွင် ဒေသခံများက ရဲစခန်းများအားစီးနင်းပြီး အစိုးရအဆောက်အအုံများကို မီးရှို့ခဲ့ကြကြောင်း အရာရှိများက အေအက်ဖ်ပီသတင်းဌာနအား ပြောကြားသည်။

စောစောပိုင်းတွင် မာလီမြို့ရီပက်ဘလစ်ရင်ပြင်၌ မော်လ်ဒိုက်နိုင်ငံ၏ ပထမဆုံး ဒီမိုကရေစီစနစ်ဖြင့် ရွေးချယ်ခံထားရသော သမ္မတမိုဟာမက်နာရှိဒ်အား ထောက်ခံသူ ထောင်ပေါင်းများစွာနှင့် အဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များအကြား ငြိစွန်းတိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး ရဲတပ်ဖွဲ့များက မျက်ရည်ယိုဗုံးများနှင့်နံပါတ်တုတ်များ အသုံးပြုခဲ့ကြောင်းသိရသည်။

အကြမ်းဖက်နှိမ်နင်းမှုကြောင့် လူအသေအပျောက်ရှိသည်ဆိုသော အတည်မပြုနိုင်သည့် သတင်းများထွက်ပေါ်ခဲ့ပြီး ယင်းသတင်းများကို စစ်ဘက်နှင့် ရဲတပ်ဖွဲ့က ငြင်းဆိုခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြခဲ့သည်။

သွေးထွက်သံယို အကြမ်းဖက်မှုများမှာ နေရာဒေသအများအပြားတွင်ဖြစ်ပေါ်ခဲ့ပြီး ပြန့်ကျဲနေသော အချို့ကျွန်းများတွင်ဖြစ်ပေါ်သည့် အကြမ်းဖက်မှုများမှာ မြို့တော်မာလီထက် ပိုမိုဆိုးရွားကြောင်း ရဲချုပ်အဗ္ဗဒူမန်နန်က သတင်းထောက်များအားပြောကြားသည်။

*—Ref: AFP*

# ဒုတိယမြောက် ကမ်းခြေစောင့်စစ်သင်္ဘောတစ်စီး ဖိလစ်ပိုင်သို့ အမေရိကန် စေလွှတ်မည်




**ဝါရှင်တန်၊ ဖေဖော်ဝါရီ - ၈**

တရုတ်နိုင်ငံနှင့် ပင်လယ်ပြင်တွင် တင်းမာမှုများရှိနေစဉ် ၎င်း၏ မဟာမိတ် ဖိလစ်ပိုင်နိုင်ငံ၏ စစ်ဘက်ကို အားဖြည့်ရန်ကြိုးစားရင်း အမေရိကန်က ဖိလစ်ပိုင်သို့ မကြာမီကာလတွင် ကမ်းခြေစောင့်သင်္ဘောတစ်စီးကို ဒုတိယအကြိမ်မြောက်စေလွှတ်သွားရန်ရှိကြောင်းအရာရှိများက ပြောကြားသည်။

အမေရိကန်သည်ပြီးခဲ့သည့်နှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ Halmilton ကမ်းခြေစောင့်သင်္ဘောကို စေလွှတ်ပေးခဲ့ပြီး ယင်းမှာဖိလစ်ပိုင်နိုင်ငံ၏ အားနည်းနေသော ရေတပ်၏ ထိပ်တန်းရေယာဉ်ဖြစ်လာခဲ့သလို မကြာသေးမီက ယင်းရေယာဉ်အား စပရက်တလေကျွန်းများဆီသို့ စေလွှတ်ခဲ့သည်။

ဖိလစ်ပိုင်သို့ ဒုတိယမြောက်သင်္ဘောစေလွှတ်ရေးကိုယခုရက်သတ္တပတ်အတွင်း လွှတ်တော်အမတ်များကလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည့်စုံအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပင်တဂွန် အကြီးတန်းအရာရှိ ပီတာလာဗွိုင်ကလွှတ်တော်သို့အစီရင်ခံခဲ့သည်။

“အမေရိကန်နဲ့ ဖိလစ်ပိုင်နိုင်ငံက ဒီဒေသမှာငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းမှုကိုလိုလားပါတယ်။ အဲဒီ တည်ငြိမ်အေးချမ်းမှုဟာ ကမ္ဘာ့စီးပွားရေးအတွက် အရေးကြီးပါတယ်”ဟု အောက်လွှတ်တော်နိုင်ငံရေးရာဆပ်ကော်မတီ ကြားနာမှုတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သူ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းမှ ရီပက်ဘလေကန်အမတ် ရိုက်စ်က ပြောကြား သည်။

အမေရိကန်နိုင်ငံ၏ ဒုတိယကမ်းခြေစောင့် သင်္ဘောသည် မကြာမီ ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာဖွယ်ရှိကြောင်း မစ္စတာရိုက်စ်ကပြောသည်။ မစ္စတာရိုက်စ် ရွေးကောက်တင်မြှောက်ခံရသော ခရိုင်တွင် ဖိလစ်ပိုင်နိုင်ငံဖွား အမေရိကန်နိုင်ငံသားအများအပြား နေထိုင်ကြောင်း သိရသည်။

*—Ref: AFP*



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.48 · FEBRUARY 16 , 2012

# အအေးလွန်ကဲမှုကြောင့် ဥရောပတွင် လူထောင်ပေါင်းများစွာ အဆက်အသွယ်ပြတ်တောက်၍ အစားအသောက်များ ရဟတ်ယာဉ်များနှင့် ပေးပို့နေရ

**ဆာရာဂျေဗို၊ ဖေဖော်ဝါရီ - ၉**

ဥရောပတိုက်တွင် သာမန်ထက်လွန်ကဲသော အအေးဒဏ်ခံစားရမှု ၁၂ရက်တာ ကြာမြင့်လာခဲ့ပြီဖြစ်ရာ အဆက်အသွယ်ပြတ်နေသောကျေးရွာများသို့ ရဟတ်ယာဉ်များဖြင့် အစားအစာနှင့်ဆေးဝါးများ ပေးပို့နေရကြောင်းသိရသည်။ အအေးဒဏ်ကြောင့်လူ ၄၀၀ ကျော်လည်း သေဆုံးခဲ့ပြီဖြစ်သည်။

သေဆုံးမှု ထက်ဝက်ကျော်မှာယူကရိန်း၊ပိုလန်စသောအရှေ့ဥရောပနိုင်ငံများတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး နောက်ထပ် လူပေါင်းများစွာမှာလည်းဖြစ်သလိုအပူပေးသောစနစ်များကြောင့် အသက်ရှူကျပ်၍ ထပ်မံ အသက်ဆုံးရှုံးခဲ့ရသည်။

ဘော့စနီးယားနိုင်ငံတောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းတွင် အနုတ် ၂၀ဒီဂရီဆဲလ်စီးယပ်အထိ အပူချိန်များကျဆင်းခဲ့သည်။ လျှပ်စစ်ဓာတ်အားပြတ်တောက်နေ၍ လူပေါင်းများစွာ ရုန်းကန်နေရပြီး သမိုင်းဝင် မိုစတားမြို့ ပတ်ဝန်းကျင်တွင် နေအိမ်ပေါင်း ၁၅,၀၀၀ ၌ လျှပ်စစ်မီးပြတ်တောက်နေသည်။ ဘော့စနီးယားအရပ်ဘက်နှင့်စစ်ဘက်ရဟတ်ယာဉ်များဖြင့် မိုစတားမြို့နှင့် ကာနီနိုပစ်ဒေသမှ ရွာငယ်များဆီသို့ အရေးတကြီးလိုအပ်နေသောဂျုံနှင့်လောင်စာဆီများ ပေးပို့နေပြီး နာမကျန်းဖြစ်နေသူများကိုလည်း သယ်ယူပို့ဆောင်ပေးနေရသည်။

ရုရှားနိုင်ငံတွင် ယခုနှစ်အတွင်း အအေးဒဏ်ကြောင့်အနည်းဆုံး လူ ၁၁၀ ဦးသေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားပြီး ဖေဖော်ဝါရီပထမပတ်အတွင်းမှာပင် ၄၄ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

"ဒီလို ရာသီဥတုမျိုးက ငါးနှစ်မှာ တစ်ကြိမ်လောက်ဖြစ်ပေါ်တာပါ။ ထုံးစံဆို ဒီလောက်မအေးပါဘူး"ဟု မော်စကိုမြို့သား ပါဗယ် စတာလီ ကော့ဗ်ဆိုသူက ပြောသည်။

ဥရောပ၏ ရေကြောင်းသွားလာရေးအတွက် အရေးပါသောရေလမ်းကြောင်းတစ်ခုဖြစ်သည့် ဒါနူဘေးမြစ်တွင်ရေလမ်းကြောင်းပွင့်စေရန် ရေခဲခွဲသင်္ဘောများဖြင့် နေ့မအား ညမအား လုပ်ဆောင်နေရသည်။ ယင်းမြစ်၏ ခရိုအေးရှားနှင့် ဘူလ်ဂေးရီးယားနိုင်ငံတို့ကြားနေရာတွင် ကီလိုမီတာပေါင်းများစွာရေခဲလျက်ရှိသည်။

ဆားဘီးယားနှင့် အခြားဘော်လ်ကန်နိုင်ငံများမှ လူပေါင်း ၇၀,၀၀၀ကျော်မှာ အပြင်လောကနှင့် အဆက်ပြတ်နေပြီး ခရိုအေးရှားနိုင်ငံ တောင်ပိုင်းမှ ရွာပေါင်း ၁၀၀ ကျော်မှာလည်း ခြောက်ရက်ဆက်တိုက် အခြားနေရာများနှင့် အဆက်အသွယ်ပြတ်နေသည်။

*—Ref: AFP*


Photo - AP

## ဆီးရီးယားနှင့်ပတ်သက်၍ ဗီတိုအာဏာသုံးပယ်ချမှု ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး အပြစ်တင်



Photo - Reuters

**လန်ဒန်၊ ဖေဖော်ဝါရီ - ၇**

ရုရှားနှင့် တရုတ်နိုင်ငံတို့သည် ဆီးရီးယားနိုင်ငံ၏ အကျိုးစီးပွားကို သစ္စာဖောက်ခဲ့ကြကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဝီလီယံဟေ့ဂ်က စွပ်စွဲပြောကြားလိုက်သည်။

အာရပ်အဖွဲ့ချုပ်နှင့်အနောက်နိုင်ငံများက ထောက်ခံပြီး မော်ရိုကိုနိုင်ငံက တင်ပြခဲ့သည့် ဆီးရီးယားနှင့်ပတ်သက်သော ဆုံးဖြတ်ချက်မူကြမ်းအား အောက်တိုဘာ ၄ ရက်တွင် တရုတ်နှင့် ရုရှားနိုင်ငံတို့က လစ်ဗျားနိုင်ငံ၏ ဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပေါ်စေရန် ဗီတိုအာဏာသုံး ပယ်ချလိုက်ပြီးနောက် မစ္စတာဟေ့ဂ်၏ ထုတ်ပြန်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ဗီတိုအာဏာကို အသုံးချလိုက်ခြင်းဖြင့် ဆီးရီးယားနိုင်ငံတွင် ၎င်းတို့နှစ်နိုင်ငံက ရှောင်ရှားလိုသည့်ပြည်တွင်းဖြစ်ပွားနိုင်ခြေကို ပို၍ မြင့်တက်လာစေကြောင်း၊ ထို့အတွက် ၎င်းတို့သည် အာရပ်အဖွဲ့ချုပ်နှင့် နိုင်ငံတကာထင်မြင်ချက်၏မှားယွင်းသောဘက်တွင် ရပ်တည်ခဲ့ခြင်းဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေး ဝန်ကြီးက ပြောသည်။

ကုလသမဂ္ဂ၏ အဆိုအရ ဆီးရီးယားအစိုးရ ကန့်ကွက်ဆန္ဒပြမှုများအပေါ် ၁၁ လကြာ နှိမ်နင်းခဲ့မှုကြောင့် လူပေါင်း ၅,၄၀၀ သေဆုံးခဲ့ပြီဖြစ်သည်။ ဆီးရီးယား အာဏာပိုင်များကမူ သွေးထွက်သံယိုမှုများအတွက်အယ်လ်ကိုင်ဒါနှင့်ဆက်နွယ်သောလက်နက်ကိုင်အုပ်စုများကို ပြစ်တင်ပြောကြားပြီး ၎င်းတို့ ၏ လက်ချက်ကြောင့်စစ်ဘက်နှင့်ရဲတပ်ဖွဲ့ဝင် ၂,၀၀၀ ကျော်သေဆုံးခဲ့ကြောင်း ပြောကြားသည်။

*—Ref: RIA Novosti*

## ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်လေ့လာသူများ ဆီးရီးယားသို့ သွားရောက်ဖွယ်ရှိ

**နယူးယောက်၊ ဖေဖော်ဝါရီ - ၉**

နိုင်ငံရေးအကျပ်အတည်းကြုံတွေ့နေသော ဆီးရီးယားနိုင်ငံတွင် အကြမ်းဖက်သွေးထွက်သံယိုမှုများ ရပ်တန့်စေရေးထပ်မံကြိုးပမ်းမှုအဖြစ် ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်တို့က ပူးတွဲလေ့လာရေးအဖွဲ့ကို ဆီးရီးယားနိုင်ငံသို့ပို့လွှတ်ရန်စဉ်းစားနေကြောင်း ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။


Photo - AP

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တံခါးပိတ်အစည်းအဝေးအပြီး သတင်းထောက်များအားပြောကြားရာ၌ အာရပ်အဖွဲ့ချုပ်၏ အတွင်းရေးမှူးချုပ် နာဘီလ်အယ်ဘာရာဘီက ဆီးရီးယားသို့အာရပ်အဖွဲ့ချုပ်၏ လေ့လာရေးအဖွဲ့ ထပ်မံစေလွှတ်ရန် ရည်ရွယ်ကြောင်း ကုလသမဂ္ဂ၏အကူအညီကိုလည်း တောင်းဆိုခဲ့ကြောင်း ဘန်ကီမွန်းကပြောသည်။

"ဆီးရီးယားကို ပူးတွဲအထူးကိုယ်စားလှယ်အဖွဲ့ အပါအဝင် ပူးတွဲလေ့လာသူအဖွဲ့ စေလွှတ်ဖို့ သူကထပ်ပြီးအကြံပြုခဲ့ပါတယ်"ဟု ကုလသမဂ္ဂအကြီးအကဲက ပြောသည်။ ယေဘုယျအခြေအနေ အရပ်ရပ်နှင့် မြေပြင်တွင် လက်တွေ့တိုးတက်မှုများရရှိရေးအတွက်မည်သည့်ဘက်ကမဆိုကူညီရန် အသင့်ရှိကြောင်း မစ္စတာဘန်ကီ မွန်းကပြောသည်။

အာရပ်အဖွဲ့ချုပ်၏ စောင့်ကြည့်လေ့လာရေးခရီးစဉ်ကို ဆိုင်းငံ့လိုက်ကြောင်း အာရပ်အဖွဲ့ချုပ်က ဇန်နဝါရီလတွင် ကြေညာခဲ့ပြီး ယင်းမှာ ဆီးရီးယားနိုင်ငံတွင် လုံခြုံရေးအခြေအနေပိုမိုဆိုးရွားလာခဲ့သောကြောင့်ဟုဖော်ပြထားသည်။

*—Ref: RIA Novosti*

## အင်န်ဂျီအိုအဖွဲ့များ နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်နေဟု အီဂျစ်စွပ်စွဲ

**ကိုင်ရို၊ ဖေဖော်ဝါရီ - ၉**

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGO)၏ နိုင်ငံခြားရန်ပုံငွေ တရားမဝင်ရယူခြင်းကိစ္စကို စုံစမ်းစစ်ဆေးနေသော တရားသူကြီးများက ပြည်တွင်းနှင့်ပြည်ပအုပ်စုများသည် နိုင်ငံရေး၌ တရား မဝင်ဝင်ရောက်စွက်ဖက်နေကြောင်း စွပ်စွဲလိုက်ပြီးယင်းအတွက် အဓိကမဟာမိတ်ဝါရှင်တန်နှင့်ဆက်ဆံရေးကို ထပ်မံထိခိုက်စေကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။


အင်န်ဂျီအိုအဖွဲ့များသည် လိုင်စင်မရှိဘဲ အလုပ်လုပ်နေပြီး ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်ပုံများမှာ နိုင်ငံရေးသက်သက်ချည်းသာဖြစ်ပြီးအရပ်ဘက်လူ့အဖွဲ့အစည်းအလုပ်နှင့် လားလားမျှမပတ်သက်ကြောင်း တရားသူကြီး ဆာမက်အဘူဇီအစ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောသည်။

၂၀၁၁ ဒီဇင်ဘာလအတွင်း အင်န်ဂျီအိုအဖွဲ့ ၁၇ဖွဲ့၏ ရုံးများကို ဝင်ရောက်စီးနင်းခဲ့ခြင်းမှာတရားမဝင် ရန်ပုံငွေကိစ္စကို စုံစမ်းနိုင်ရန် တရားဥပဒေနှင့်အညီလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု အီဂျစ်တရားသူကြီးကပြောသည်။

"ဒါဟာ နိုင်ငံခြားကရော အီဂျစ်နိုင်ငံကပါ လူရာပေါင်းများစွာ အဖွဲ့အစည်းပေါင်းများစွာ ပါဝင်တဲ့ အလွန်ကြီးမားပြီး ရှုပ်ထွေးတဲ့အမှုကိစ္စပါ"ဟု ၎င်းက ပြောသည်။ လုံလောက်သော အထောက်အထားများရှိသည်ဟု ယူဆသောကြောင့် ဒါဇင်နှင့်ချီသော လူပေါင်းများစွာအား အမှုစစ်ဆေးမှုတွင် ထည့်သွင်းတင်ပြထားသည်ဟုလည်း အီဂျစ်တရားသူကြီးကဆိုသည်။

၎င်းတို့ထဲတွင် အမေရိကန်နိုင်ငံသား၁၉ဦးလည်းပါဝင်လျက်ရှိရာယင်းကြောင့် အမေရိကန်နှင့် အီဂျစ်နှစ်နိုင်ငံကြားဆက်ဆံရေးကို ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးစေနိုင်ကြောင်း အမေရိကန်အထက်လွှတ်တော်မှ ဦးဆောင်အမတ်သုံးဦးက အီဂျစ်နိုင်ငံအား သတိပေးပြောကြားသည်။

*—Ref: AFP*



Code - 2811
16,000 ks
Code - 0612
18,000 ks
(Slimfit)
Code - 4821
16,500 ks
Code - 6312
21,000 ks
MARK®
WILLIAMS
Excellence through passion
Double Button at Neck
New Arrival
100% COTTON
100% STRONG
Available at : Ga Mone Pwint (Bo Galay Zay)
Hot Line : 09-73187618




အရက်သောက်ခြင်းကြောင့်ဖြစ်သော အသည်းရောဂါများနှင့် နလုံးရောဂါများအတွက်
အကောင်းဆုံး အသည်း နှင့် နှလုံးအားဖြည့်ဆေး
I YOUR
HEPALUCKY Soft Caps
ARGININE + B1+B2+VIT C
Cheers
HEPALUCKY
အာဂျင်နင်း - 200 mg ဗီတာမင်ဘီ -၁ 10 mg
ဗီတာမင်ဘီ -၂ 5 mg ဗီတာမင်စီ 70 mg
PACIFIC
Manufactured for
PACIFIC Pharmaceuticals Pte Ltd.
Made in Korea

7 DAY NEWS JOURNAL

# International

Vol.10, No.48 • FEBRUARY 16 , 2012

# ဂရိနိုင်ငံတွင် အဓိကရုဏ်းများကြားထဲ ချွေတာရေးအစီအစဉ် ဖော်ထုတ်




Photo - AFP

**အေသင်၊ ဖေဖော်ဝါရီ - ၁၃**

ဂရိနိုင်ငံ အေသင်မြို့ လမ်းမများပေါ်တွင် ကြီးမားသော ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပြီး ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့များအကြား တိုက်ခိုက်မှုများဖြစ်ပေါ်၍ လူပေါင်းများစွာ ဒဏ်ရာရရှိကာ အဆောက်အအုံများ မီးရှို့ခံခဲ့ရသော်လည်း ဥရောပက တောင်းဆိုသည့် ခြိုးခြံချွေတာရေးအစီအစဉ်များကို ဂရိပါလီမန်အမတ်များက အတည်ပြုပေးလိုက်သည်။

ဂရိဥပဒေပြုအမတ်များက အေသင်နှင့် သီဆာလိုနီကီမြို့များမှ ကန့်ကွက်သူပေါင်းတစ်သိန်းကို အာခံရင်း ကန်ဒေါ်လာ ဘီလီယံများစွာပါဝင်သည့် ကယ်ဆယ်ရေးရန်ပုံငွေအတွက် နိုင်ငံတကာမြီရှင်များက တောင်းဆိုသည့် ဘတ်ဂျက်တင်းကျပ်ရေးအစီအစဉ်များကို အတည်ပြုခဲ့သည်။ **စာ(၄၅)သို့**



Photo - Reuters

## သမ္မတဟူဂိုချားဗက်ကို စိန်ခေါ်မည့် အတိုက်အခံခေါင်းဆောင် ဗင်နီဇွဲလားတွင် ရွေးချယ်

**ကာရာကက်စ်၊ ဖေဖော်ဝါရီ - ၁၃**

လာမည့် အောက်တိုဘာလ ရွေးကောက်ပွဲတွင် သမ္မတဟူဂိုချားဗက်နှင့်ယှဉ်ပြိုင်ရန် ဗင်နီဇွဲလားအတိုက်အခံများက မီရန်ဒါပြည်နယ်အုပ်ချုပ်ရေးမှူး ဟင်နရီကေးကာပရီလက်စ်ရာဒွန်စကီးအား ရွေးချယ်လိုက်ကြောင်း သိရသည်။ အတိုက်အခံများက ပထမဦးဆုံးသော အကြိုရွေးကောက်ပွဲကျင်းပကာ ရွေးကောက်ပွဲစိန်ခေါ်မည့်သူအား ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ **စာ(၄၅)သို့**

## ဂျာမနီအဓိပတိ မစ္စမာကယ်လ်သည် ဥရောပကို လမ်းမှားသို့ ပို့ဆောင်နေကြောင်း ဂျော့ချ်ဆိုးရော့စ် ပြောကြား



Photo - Reuters

**ဘာလင်၊ ဖေဖော်ဝါရီ - ၁၃**

ဖေဖော်ဝါရီ ၁၂ ရက်တွင် ပုံနှိပ်ထုတ်ဝေခဲ့သော တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ အမေရိကန်ဘီလျံနာသူဌေးကြီး ဂျော့ချ်ဆိုးရော့စ်က ဂျာမနီအဓိပတိ မစ္စမာကယ်လ်အား အပြစ်တင်ပြောကြားလိုက်ပြီး မစ္စမာကယ်လ်၏ မူဝါဒများသည် ၁၉၃၀ ပြည့်နှစ်များကကဲ့သို့ ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြီးကို ထပ်မံဖြစ်ပေါ်လာစေနိုင်ကြောင်း သတိပေးပြောကြားလိုက်သည်။

"မစ္စမာကယ်လ်ရဲ့ ခေါင်းဆောင်မှုကို ကျွန်တော်လေးစားပါတယ်။ ဒါပေမဲ့ ကံအကြောင်းမလှစွာဘဲ မစ္စမာကယ်လ်ဟာ ဥရောပကို လမ်းမှားသို့ ပို့ဆောင်နေပါတယ်" ဟု ဘဏ္ဍာရေးလုပ်ငန်းရှင်နှင့် အလှူအတန်းရက်ရောသူ မစ္စတာဆိုးရော့စ်က ဂျာမန်မဂ္ဂဇင်း Der Spiegel သို့ပြောကြားသည်။ **စာ(၄၅)သို့**



## iPad 3 မတ်လတွင် စတင်မိတ်ဆက်မည်

**ဆန်ဖရန်စစ္စကို၊ ဖေဖော်ဝါရီ - ၁၃**

Apple ကုမ္ပဏီသည် သင်ပုန်းကွန်ပျူတာဈေးကွက်ကို ဦးဆောင်နေသော iPad မော်ဒယ်သစ်အား မတ်လတွင် စတင်မိတ်ဆက်မည်ဖြစ်ကြောင်း နည်းပညာဘလော့ဂ်တစ်ခုဖြစ်သည့် All Things D တွင် ရေးသားထားသည်။ **စာ(၄၅)သို့**

## ဆီးရီးယားအတိုက်အခံများနှင့် ဆက်သွယ်ရန် အာရပ်အဖွဲ့ချုပ် သဘောတူ

**ကိုင်ရို၊ ဖေဖော်ဝါရီ - ၁၃**

ဆီးရီးယားနိုင်ငံ၏ အတိုက်အခံအဖွဲ့များနှင့် အဆက်အသွယ်ပြုလုပ်ရေးကို အာရပ်အဖွဲ့ချုပ်က သဘောတူညီခဲ့ပြီး ဆီးရီးယားအတွက် ပူးတွဲငြိမ်းချမ်းရေးတပ်ဖွဲ့ ဖွဲ့စည်းရန် ကုလသမဂ္ဂကို ပြောကြားလိုက်သည်ဟု အာရပ်အဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။ သို့သော် ယင်းသို့ ထုတ်ပြန်ပြောကြားခြင်းအပေါ် ဆီးရီးယားနိုင်ငံက အလျင်အမြန်ရှုတ်ချလိုက်သည်။ **စာ(၄၅)သို့**






၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.10, No.48 • FEBRUARY 16 , 2012

# အလယ်ရွာကျေးရွာက မီးဘေးသင့်ပြည်သူများ မူလနေရာတွင် နေရာပြန်လည်ချထားပေးရန် စီစဉ်

**ပြည်သိမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၁**

လှိုင်သာယာမြို့နယ် အလယ်ရွာကျေးရွာအား ရပ်ကွက်အဆင့်တိုးမြှင့်ပြီး မီးဘေးကြောင့် အိုးအိမ်မဲ့သူများကို အဆိုပါနေရာ၌ပင်ပြန်လည်နေရာချထားပေးရန် ညှိနှိုင်းနေကြောင်းသတင်းရရှိသည်။

ထိုသို့ ရပ်ကွက်အဆင့်ဖြင့် ပြန်လည်နေရာချထားပေးရာတွင် ပေ ၄၀ × ပေ ၆၀ မြေကွက်များနှင့် ပေ ၂၀ × ပေ ၆၀ မြေကွက်များ ပြန်လည်ချထားပေးမည်ဖြစ်သည်။ နောက်ဆုံး သန်းခေါင်စာရင်းကောက်ချိန်အထိ ကျေးရွာတွင် နေထိုင်သူကို ပေ ၄၀× ပေ ၆၀ မြေကွက်များပေးပြီး သန်းခေါင်စာရင်းကောက်ချိန်တွင်မပါဝင်သူကို ပေ ၂၀ × ပေ ၆၀ မြေကွက်ချထားပေးရန်ညှိနှိုင်းဆောင်ရွက်နေသည်ဟု လှိုင်သာယာမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းကဆိုသည်။

"ခရိုင်အုပ်ချုပ်ရေးမှူးနဲ့ တွေ့တုန်းကစည်ပင်ရယ်၊ အိုးအိမ်ရယ်၊ အုပ်ချုပ်ရေးအဖွဲ့ရယ် ဒီမှာပြန်ချပေးဖို့ကို ညှိနှိုင်းနေတယ်လို့ပြောတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ဖေဖော်ဝါရီ ၆ ရက် နေ့လယ်ပိုင်းက မီးကြွင်းမီးကျန်မှတစ်ဆင့် အလယ်ရွာကျေးရွာတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်ခြေ ၃၃၉ လုံးမီးလောင်ခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုး ကျပ်သိန်း ၁၀၀ ကျော်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှသိရသည်။



**အလယ်ရွာမီးလောင်ပြီးနောက် တွေ့ရစဉ်** ဓာတ်ပုံ - ဝေယံ

"မီးလောင်သွားတဲ့ ဆုံးရှုံးမှုတွေတော့မပြောချင်တော့ပါဘူး။ ဒီနေရာလေးမှာပဲ အိမ်ပိုင်၊ ခြံပိုင်နဲ့ပြန်နေချင်ပါတယ်"ဟု အိမ်မီးလောင်ဆုံးရှုံးသွားသော အသက် ၃၄ နှစ်အရွယ် ဒေါ်အေးဝင်း(ခ) ဒေါ်ကြွက်ကပြောသည်။

ဒေါ်အေးဝင်း၏ အိမ်မှာ သိပ်မိုးပျဉ်ထောင် ၁၀ ပေ× ပေ ၂၀ အိမ်ဖြစ်ပြီး ၂၀၀၄ ခုနှစ်က အဆိုပါကျေးရွာတွင် ဝယ်ယူနေထိုင်သူဖြစ်သည်။

"ကျွန်တော်တို့က ဒီကိုရောက်တာ ၂နှစ်ပဲရှိသေးတယ်။ ဒီမှာ နေရတာ အလုပ်နဲ့အဆင်ပြေတော့မပြောင်းချင်ဘူး"ဟု အသက် ၃၀ နီးပါးရှိ ကိုကျော်စိုးကလည်း ပြောသည်။

ကိုကျော်စိုး၏ အိမ်မှာ ၁၁ ပေ×၁၅ ပေ သွပ်မိုးပျဉ်ကာ အိမ်-တစ်အိမ်ဖြစ်ပြီး မိသားစုငါးဦး နေထိုင်နေခြင်းဖြစ်သည်။

"ဒီမှာ ရှိနေတဲ့ ဒုက္ခသည်တွေက စားရေးဝတ်ရေးမပူရဘူး။ ကိုယ့်နေရာမှာ ကိုယ်ပြန်နေရပါ့မလားဆိုတာပဲ တွေးပူနေတာလေး တွေပြောစေချင်တယ်"ဟု အောင်ဇေယျမင်း ပရဟိတဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်ကမိန့်ကြားသည်။

အလယ်ရွာ မီးဘေးဒုက္ခသည်များအတွက် ပုဂ္ဂလိကအလှူရှင်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ ဗုဒ္ဓဘာသာအဖွဲ့များ၊ သာရေး၊ နာရေးအသင်းငယ်များနှင့် နိုင်ငံရေးပါတီများလည်း လာရောက်လှူဒါန်းကြသည်။ ယနေ့အထိ အလှူစာရင်းမှာ ဆန်အိတ် ၁,၀၀၀ နီးပါးနှင့် ငွေသားမှာ ယနေ့စာရင်းမပါ ကျပ်သိန်း ၈၀ ကျော် ရရှိကြောင်း လှိုင်သာယာမြို့နယ် အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

လှိုင်သာယာမြို့နယ် အလယ်ရွာကျေးရွာ မီးလောင်မှုတွင် အိမ်ထောင်စုပေါင်း ၃၅၃ မှု၊ လူဦးရေ ၁၄၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း စုံစမ်းသိရသည်။

# မိလ္လာကန်အတွင်း ရေဆိုးထုတ်ရာမှ

[redacted]

**အေးမြတ်သူ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လယ်မကျေးရွာတွင် ယခုလ ၇ ရက်ကမိလ္လာကန်အတွင်းရေဆိုးထုတ်ရန် ဆင်းသွားသောလူခြောက်ဦးအနက် လေးဦး သေဆုံးသွားခဲ့ကြောင်း ဖေဖော်ဝါရီ ၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာ၌ဖော်ပြခဲ့သည်။

လွန်ခဲ့သော ၁၀နှစ်ခန့်က အသုံးပြုခဲ့သော အလျား ၁၀ပေ၊ အနံ့လေးပေခန့်ရှိ မိလ္လာကန်အတွင်းသို့ ရေဆိုးထုတ်ရန်အတွက် ဆင်းသွားခဲ့ရာ အောက်ဆီဂျင်ပြတ်လပ်ပြီး ပြန်တက်မလာနိုင်တော့ဘဲ မေ့မြောသွားခဲ့ကာ ဆေးရုံအသွားလမ်းနှင့် ဆေးရုံတွင် စုစုပေါင်း လူလေးဦး သေဆုံးခဲ့ခြင်းဖြစ်သည်။ ကျန်ဒဏ်ရာရရှိသူနှစ်ဦးအား မြို့နယ်ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသထားလျက်ရှိကြောင်း သတင်းရရှိသည်။

မိလ္လာကျင်းအဟောင်းထဲမှမိလ္လာကိုကျင်းအသစ်ထဲသို့ပြောင်းရွှေ့နေစဉ် မိလ္လာလိုင်းပေါက်မှအရည်နှင့် အနံ့အငွေ့အသက်တို့တစ်ပြိုင်တည်းထွက်သောကြောင့် ဦးကျော်မြိုင်ဆိုသူမှာ လဲကျသွားပြီး ကျင်းဝတွင် ရပ်နေသော အိမ်ရှင်ဦးတင်ငွေမှာ လည်း ကျင်းထဲသို့ ပြုတ်ကျသွားခဲ့ကြောင်းသတင်းရရှိသည်။

"အဲဒီမှာ သူတို့နှစ်ယောက် ကျသွားတယ်ဆိုတော့ ဆွေမျိုးသားချင်းတွေက နီးစပ်ရာကို အကူအညီတောင်းတော့ အိမ်နီးနားချင်းတွေက ဆင်းပြီး ဆယ်ရင်းနဲ့ခြောက်ယောက်ဖြစ်သွားတာ"ဟု ပွင့်ဖြူမြို့နယ်ရှိ ဒေသခံတစ်ဦးကပြောသည်။

မိလ္လာကန်ထွက် ဘိုင်အိုဂက်စ်များမှာ လူတို့အတွက် ပြင်းထန်သည့် အဆိပ်ဓာတ်ငွေ့ဖြစ်ရာ လေဝင်၊ လေထွက်နည်းပြီး အနံ့ဆိုးများရှိနေသည့်နေရာများ၊ အထူးသဖြင့် မိလ္လာကန်များအတွင်းသို့ ဆင်းလျှင် အသိတရားဖြင့် ဆင်ခြင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာက အသိပေးနှိုးဆော်ထားသည်ဟုဆိုသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စခန်းမှူးကို 7Day News က ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ မေးမြန်းသော်လည်း ပြန်လည် ဖြေကြားခြင်းမရှိခဲ့ပေ။

"အလောင်းတွေကို ဆေးရုံပို့တဲ့အခါမှာကျတော့ ဆရာဝန်ကြီးတွေက မကောင်းတဲ့အနံ့အသက်တွေပြင်းထန်ပြီးတော့ အသက်ရှူရပ်သွားတာပါလို့ပြောပါတယ်"ဟုပွင့်ဖြူမြို့နယ်ရှိဒေသခံတစ်ဦးကပြောသည်။

# သတ္တုရတနာမြေ ပိုမိုသတ်မှတ်ပေးပါက တစ်ပိုင်တစ်နိုင် လုပ်ငန်းများ ပို၍အဆင်ပြေနိုင်

**သီဟ**

**နေပြည်တော်၊ ဖေဖော်ဝါရီ - ၈**

မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုရှိသည့်အနက် ၁၃ တို့တွင် သတ္တုမျိုးစုံ ထွက်ရှိသော်လည်း သတ္တုရတနာမြေအဖြစ်သတ်မှတ်ခြင်းမရှိသေးကြောင်း ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ် ၉ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်းက ပြောသည်။

သတ္တုရတနာမြေအဖြစ် သတ်မှတ်ပေးနိုင်ပါက လက်ရှိလုပ်ဆောင်နေသည့် သတ္တုလုပ်ငန်းရှင်များအပြင် တိုင်းရင်းသားပြည်သူများပါဥပဒေနှင့်အညီတစ်ပိုင်တစ်နိုင်(သို့မဟုတ်) အသေးစား(သို့မဟုတ်)အကြီးစား သတ္တုလုပ်ငန်းများအား ဝင်ရောက်လုပ်ကိုင်လာနိုင်မည်ဖြစ်သည်ဟု ဦးနေဝင်းထွန်းကပြောသည်။

နိုင်ငံတော်၏ စီမံကိန်းများအရ သတ်မှတ်ထားသည့် ဧရိယာများတွင်အချို့သောနေရာများသည် အမှန်တကယ် ဧရိယာခြင်းမရှိဘဲ ယင်းနေရာများတွင် သတ္တုထွက်ရှိပါက သတ္တုတူးဖော်ခွင့်ပေးသင့်ကြောင်း ဦးနေဝင်းထွန်းက အကြံပြုပြောကြားသည်။

အလားတူ သစ်တောဧရိယာဟုသတ်မှတ်ထားသော်လည်း အမှန်တကယ် သစ်ကြီးဝါးကြီး ပေါက်ရောက်ခြင်းမရှိသည့်နေရာများ၊ စိုက်ပျိုးမြေ သတ်မှတ်ဧရိယာများထဲမှ အမှန်တကယ် စိုက်ပျိုးဖြစ်ထွန်းခြင်း မရှိသည့်နေရာများ အစရှိသည့်နေရာများတွင် သတ္တုထွက်ရှိသည်ကိုတွေ့ရှိရပါက သတ္တုတူးဖော်ခွင့်ပေးသင့်ကြောင်း ပြောကြားသွားသည်။

ဦးနေဝင်းထွန်းက ယနေ့ကျင်းပပြုလုပ်သည့်ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေး သတ္တမနေ့တွင် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန၏ သတ္တုနှင့် တွင်းထွက်ပစ္စည်းများ ကဏ္ဍ စီမံကိန်းနှင့်ရည်မှန်းချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် ထည့်သွင်းပြောကြားသွားခြင်းဖြစ်သည်။



**ရန်ကုန်၊ ဖေဖော်ဝါရီ - ၉**

အမေရိကန်နိုင်ငံတွင် ရောက်ရှိနေသော လူ့ရှင်တော် ဇာဂနာသည် ဖေဖော်ဝါရီ ၈ ရက်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် နှင့် သွားရောက်တွေ့ဆုံခဲ့သည်။

ဇာဂနာ(ခ)ဦးသူရနှင့်အတူ ဒေါ်ဘောက်ဂျာ၊ ဒေါ်ခင်လေးတို့သုံးဦးသည် ပြည်တွင်းသို့ အကူအညီများပေးနေသော နိုင်ငံတကာအဖွဲ့အစည်းများပြုလုပ်သည့် ဖိုရမ်သို့တက်ရောက်ဆွေးနွေးရန် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်သို့ ဖိတ်ကြားခြင်းခံရသည်။ ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၉ ရက်အထိ အမေရိကန်နိုင်ငံတွင် အမေရိကန်နိုင်ငံခြားရေးဝန် ကြီးအပါအဝင် လက်ထောက်နိုင် ငံခြားရေးဝန်ကြီး မိုက်ကယ်ပို့စနာ၊ လွှတ်တော်အမတ်ဂျွန်ကောနဲလ်တို့နှင့်လည်း ခရီးစဉ်အတွင်း တွေ့ဆုံခဲ့ကြသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.48 · FEBRUARY 16 , 2012

# ကြားဖြတ်ရွေးကောက်ပွဲတွင် ရန်ကုန် ခြောက်မြို့နယ်၌ မဲပေးခွင့်ရှိသူ ၁ ဒသမ ၃ သန်းခန့်ရှိ

ကျော်သီဟ


**ရန်ကုန်၊ ဖေဖော်ဝါရီ - ၆**

လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်ခြောက်မြို့နယ်မှ လူဦးရေ၁၃ သိန်းခန့် မဲဆန္ဒပေးနိုင်ပြီး နိုင်ငံရေးပါတီ ၉ခု ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ ရုံးမှ ကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက 7Day News သို့ ယနေ့ပြောကြားခဲ့သည်။

ဧပြီ ၁ ရက်တွင် ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲ၌ အသက် ၁၈ နှစ်ပြည့်ပြီးသူ၊ မဲပေးနိုင်သူများ လူဦးရေစာရင်းမှာ ဒဂုံဆိပ်ကမ်းမြို့သစ်မြို့နယ်တွင် ၇၄၀,၀၀၀ ကျော်၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် တစ်သိန်း၊ မရမ်းကုန်းမြို့နယ်တွင် ၁၂၀,၀၀၀၊ သုံးခွ မြို့နယ်တွင် ၁၁၀,၀၀၀၊ ကော့မှူး မြို့နယ် တွင် ၈၇,၀၀၀ ကျော်နှင့် လှည်းကူးမြို့နယ်တွင် ၁၄၇,၀၀၀ ထောင်ကျော်ရှိကြောင်း ဦးကိုကိုက အတည်ပြုပြောကြားခဲ့သည်။ မဲရုံစုစုပေါင်း ၆၃၅ ရုံရှိပြီး၊ ဒဂုံဆိပ်ကမ်းမြို့သစ်မြို့နယ်တွင် ၆၇ ရုံ၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ၆၈ ရုံ၊မရမ်းကုန်းမြို့နယ်တွင် ၁၁၇ ရုံ၊ သုံးခွမြို့နယ်တွင် ၁၃၅ရုံ၊ ကော့မှူးမြို့နယ်တွင်၁၂၉ ရုံနှင့် လှည်းကူးမြို့နယ်တွင် ၁၁၉ ရုံသတ်မှတ်ထားသည်။

နိုင်ငံရေးပါတီများမှာ ၉ ခု ရှိပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ၊ မြန်မာအမျိုးသားကွန်ဂရက်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)နှင့်တစ်သီးပုဂ္ဂလတစ်ဦးတို့ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နယ်ခြောက်မြို့နယ်၌ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းထားသူ ၃၀ ခန့်ရှိကြောင်း သိရသည်။

# သံတွဲဈေးကြီးမီးလောင် ကျပ်သိန်း ၆,၅၀၀ ဆုံးရှုံး



*သံတွဲဈေးမီးလောင်၍ ငြိမ်းသတ်စဉ်*

ဓာတ်ပုံ - စည်သူအောင်(သံတွဲ)

**အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၃**

ဆိုင်ခန်းပေါင်း ၇၄၀ လောင်ကျွမ်းခဲ့သောသံတွဲဈေးကြီးမီးလောင်မှုတွင်စုစုပေါင်းကျပ်သိန်း၆၅၀၀ဆုံးရှုံးခဲ့ကြောင်း သံတွဲမြို့မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးဦးမျိုးမင်းထွန်းက ပြောသည်။

ဆိုင်ခန်းတန်ဖိုး ၁၆၂၆ သိန်းနှင့် ပစ္စည်းတန်ဖိုး ၄၇၈၄ သိန်း ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။ ဖေဖော်ဝါရီ၁၁ ရက် နံနက် ၅ နာရီခွဲတွင် ‘စ’ လုံးဈေးတန်းမှ မီးစလောင်ခဲ့ပြီး ၈ နာရီ ၄၅ မိနစ်တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

“မီးကြွင်းမီးကျန်ကို နေ့လယ် ၁၁ နာရီအထိ စောင့်ကြည့်ငြိမ်းသတ်ခဲ့တယ်။ မီးသတ်ကားလေးစီးနဲ့ ငြိမ်းသတ်ခဲ့တာပါ” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။ ‘စ’ လုံးတန်းမှစလောင်တာဟုသတင်းရရှိထားပြီးမည်သည့်ဆိုင်မှစတင်လောင်ခြင်းကို စုံစမ်းစစ်ဆေးနေသည်။ ယခုမီးလောင်မှုသည်သံတွဲမြို့တွင် အကြီးမားဆုံး မီးလောင်မှုဖြစ်ပြီး သက်ဆိုင်ရာ မီးသတ်ဦးစီးဌာနအပြင် မြို့တွင်းရှိ လူကြီးလူငယ်များပင် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သံတွဲမြို့ပေါ်နေ ဦးတင်လတ်က ပြောသည်။

သံတွဲဈေးတွင် ဆိုင်ခန်းပေါင်း ၉၀၉ ခန်းရှိသည့်အနက် ၇၄၀ ခန်း လောင်ကျွမ်းခြင်းဖြစ်သည်။ ယခုအခါ ဈေးကိုပိတ်ထားပြီး သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက နေရာအသစ်တွင် ယာယီဈေးရောင်းချရန် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေသည်။

## မျက်နှာဖုံး- ဇော်တိကဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်း ဝန်ထမ်းများ အလုပ်ပြန်ဆင်း မှ

ဇော်တိက သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသွယ်တန်းဖောက်လုပ်သည့် စီမံကိန်းမှ အလုပ်သမားများ၏တောင်းဆိုချက်အား ကုမ္ပဏီက လိုက်လျော၍ လုပ်ငန်းခွင်ပြန်ဝင်နေကြပြီဖြစ်ကြောင်း ကန်ဘောက်မြို့အခြေစိုက် Asia Guiding Star ကုမ္ပဏီမှ တာဝန်ခံ ကိုနိုင်လင်းထွန်းက အတည်ပြုပြောကြားခဲ့သည်။

“အခု အလုပ်သမားတွေအားလုံး အလုပ်ဆင်းနေကြပါပြီ။ ၁၅၀လောက် ဆင်းကြတယ်။ သူတို့တောင်းတဲ့ပမာဏကိုလည်း သဘောတူလိုက်ပါတယ်။ အလုပ်ဝင်တဲ့အကျီဖိုးတွေကတော့ကုမ္ပဏီက ပြန်ယူပါတယ်။ နိုင်ငံတကာမှာလည်း ဒီလိုပဲ ဝတ်စုံဖိုးတွေကို ပြန်ယူလေ့ရှိပါတယ်”ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ဆန္ဒထုတ်ဖော်ပြသသူများသည် အလုပ်ကြမ်းသမားများဖြစ်ပြီး တောင်းဆိုချက်သုံးခု တင်ပြတောင်းဆိုခဲ့ကြသည်။ အလုပ်ဆင်းချိန် မတိကျမှု၊ နေ့တွက်လုပ်ခ ပုံမှန်ထက် လျော့နည်းမှုနှင့် ဘေးကင်းလုံခြုံသော လုပ်ငန်းသုံးအဝတ်အစားပေးရန် ပျက်ကွက်မှုတို့ကိုဖြေရှင်းပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

အလုပ်ရုံရှေ့တွင် နှစ်ရက်ကြာ အလုပ်သမားများ စုဝေးဆန္ဒပြပြီးနောက်ပိုင်းတွင် လုပ်ငန်းရှင်ဘက်မှ နှစ်ရက်ကြာ ဆွေးနွေးခဲ့ကြောင်း၊ ယင်းနောက် အလုပ်သမားများဘက်မှ တောင်းဆိုချက်အချို့ကို လုပ်ငန်းရှင်က လိုက်လျောခဲ့ကြောင်း ဆန္ဒပြအလုပ်သမားတစ်ဦး၏ အစ်ကိုဖြစ်သူက ပြောသည်။

“အရင်က နားချိန်မရှိဘူး။ အခု လက်ဖက်ရည်သောက်ချိန်ပေးတယ်။ အရင်က မနက် ၇ နာရီကနေ ည ၇ နာရီ၊ ၈ နာရီလောက် အလုပ်လုပ်ရတယ်။ အရင်က အချိန်ပိုကြေးမပေးဘူး။ အခုဆို လုပ်ခလည်းတိုးပေးတယ်။ ဝတ်စုံတွေလည်း ထုတ်ပေးတယ်။ ဆန္ဒဖော်ထုတ်ပြီး ငါးရက်လောက်တော့နားရတယ်။ တချို့ အလုပ်သမားတွေကို အလုပ်မရှိလို့ဆိုပြီး ပြန်လွှတ်တယ်”ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။ ယခင်က အလုပ်ကြမ်းလုပ်သားတစ်ဦးလျှင် တစ်ရက် ၄,၀၀၀ ကျပ်မှ ယခု ၅,၀၀၀ ကျပ်သို့ တိုးမြှင့်ပေးပြီး အလုပ်ချိန်အား မနက် ၇ နာရီမှ ညနေ ၅ နာရီ ပြင်ဆင်သတ်မှတ်လိုက်သည်။

လုပ်ငန်းသုံးဝတ်ဆင်ရသော ဖိနပ်၊ မျက်မှန်၊ နှာခေါင်းစည်း၊ ဦးထုပ်၊ အဝတ်အစားများကို ပေးခဲ့ကြောင်း ယင်းကုမ္ပဏီမှ အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ဇန်နဝါရီ၃၁ ရက်နှင့်ဖေဖော်ဝါရီ ၄ရက်တို့၌ ယင်းကုမ္ပဏီတွင် အလုပ်သမား ၆၀ ခန့် အလုပ်မဆင်းဘဲ ဆန္ဒပြခဲ့သည်။ အလုပ်ရှင်များဘက်မှ ဖေဖော်ဝါရီ ၆ ရက်တွင် ပြန်လည်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။

ဇော်တိက ပိုက်လိုင်းသွယ်တန်းမှုကို ထိုင်းနိုင်ငံမှ PTTEP ကုမ္ပဏီနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ကြသည်။ ယင်းစီမံကိန်းကို တရုတ်နိုင်ငံပိုင် CPP (China Petroleum Pipeline) ကုမ္ပဏီမှ ပင်မကန်ထရိုက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ CPP မှတစ်ဆင့် မြန်မာနိုင်ငံမှ Asia Guiding Star ကုမ္ပဏီအား ထပ်ဆင့်ငှားရမ်းလုပ်ကိုင်ခွင့်ပြုထားသည်။

# အခြေခံအဆောက်အအုံများ ဦးစားပေးခဲ့၍ ပညာရေး၊ ကျန်းမာရေးတွင် နောက်ကျခဲ့

**သီဟ**

**နေပြည်တော်၊ဖေဖော်ဝါရီ - ၈**

ယခင်အစိုးရလက်ထက်က လိုအပ်သည့် အခြေခံအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများအား အများအပြားလုပ်ခဲ့သည့်အတွက် တိုင်းပြည်၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် သုံးစွဲသင့်သလောက် သုံးစွဲနိုင်ခြင်းမရှိခဲ့ကြောင်း မင်းလှမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုးကပြောသည်။

ယခင်အစိုးရလက်ထက်က လိုအပ်ချက်အရ နေပြည်တော်လွှတ်တော်တည်ဆောက်ခြင်းလုပ်ငန်းများအပြင် မြစ်ကူးတံတားများ၊ မီးရထားလမ်းများ၊ ကားလမ်းများ၊ တက္ကသိုလ်ကျောင်းများ၊ ဆည်များ၊ တာတမံများလေယာဉ်ကွင်းများ တည်ဆောက်ခဲ့သည့်အပြင် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အား ရှိမည်ဆိုသည့် မူချမှတ်ကာ တပ်မတော်ကိုလည်း တိုးချဲ့တည်ဆောက်ခဲ့သည်ဟုဦးမောင်တိုးကပြောသည်။

“ရုပ်ဝတ္ထုပစ္စည်းဖြစ်တဲ့ Infrastructure တွေ တိုးတက်ရုံသာမက ပြည်သူပြည်သားတွေရဲ့ စားဝတ်နေရေးနဲ့ စိတ်ဓာတ်ရေးရာပိုင်းတွေမှာလည်း တိုးတက်ဖို့လိုပါတယ်။ နိုင်ငံတစ်ခုမှာ GDP တိုးတက်နေရုံနဲ့ ပြည်သူအများစု လူနေမှုအဆင့်အတန်း တိုးတက်လာတာ မဟုတ်သေးပါဘူး။ တိုင်းပြည်ကြွယ်ဝမှုရဲ့ ၈၀ ရာခိုင်နှုန်းကို ၂၀ ရာခိုင်နှုန်းသော လူဦးရေက ပိုင်ဆိုင်နေပြီး ကြွယ်ဝမှုရဲ့ ကျန် ၂၀ ရာခိုင်နှုန်းကို လူများစုဖြစ်တဲ့ ၈၀ ရာခိုင်နှုန်းက ပိုင်ဆိုင်နေရင် ဒီနိုင်ငံတိုးတက်ပြီလို့ မဆိုနိုင်သေးပါဘူး” ဟု ဦးမောင်တိုးက ပြောသည်။

ဦးမောင်တိုးက ယနေ့ကျင်းပပြုလုပ်သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန် အစည်းအဝေး သတ္တမနေ့တွင် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

## မျက်နှာဖုံး- ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လုံခြုံရေးတိုးမြှင့်ထား မှ

ထို့အပြင် ပြည်တွင်းခရီးစဉ်များတွင် ဧည့်သည်များအား မှတ်ပုံတင်နှင့် လူအား သေသေချာချာတိုက်ဆိုင်စစ်ခြင်းနှင့် အိတ်များအား စနစ်တကျစစ်ဆေးခြင်းများ ပြုလုပ်ထားကြောင်း ပြည်တွင်းခရီးစဉ်ပျံသန်းပေးနေသော လေကြောင်းလိုင်းတစ်ခုမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

ခရီးသွားဧည့်သည်များမှာ ပုံမှန်သာသွားလာလျက်ရှိပြီး လေယာဉ်ခရီးစဉ်များအား ပုံမှန်ပျံသန်းလျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်း(MAI)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ “၉ ရက်အတွက် ဘန်ကောက်သွားချင်လို လက်မှတ်ဝယ်တာ ၈ ရက် ညနေအထိမရသေးဘူး”ဟုရန်ကုန်မြို့မှ ဘန်ကောက်သို့သွားမည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ၂၀၁၀ ခုနှစ် ခရီးသွားရာသီမှစ၍ မြန်မာနိုင်ငံသို့ နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှုများခဲ့ပြီး လေကြောင်းလိုင်းများ အလုပ်ဖြစ်ခဲ့ကြသည်။

ZENITH
Air - con Service's Anniversary Promotion
Last Date 29.02.2012
(1) Zenith မှ Air-con ဝယ်ယူ တပ်ဆင်လိုသူများအတွက် - Safeguard + Frame FREE
(2) Zenith နှင့် Air-con Servicing ပြုလုပ်လိုသူများအတွက် - 40% Discount
Zenith's Customer ဟောင်းများအတွက် - အထက်ပါအခွင့်အရေးများ + Cash Discount များပါထပ်မံခံစားရမည် ဖြစ်ပါသည်။
Sales & Service Centre
Building No.B-3, Room No.4, Malikha Shopping Complex, Yadanar Road, Thingangyun Tsp.
Hot Line : 09-73240434, 09-73042580
Mobile Ph : 09-5169931, 09-5130855, 09-5087938, 09-49223868, 09-49223870

TRADEMARK CAUTION
PTT PUBLIC COMPANY LIMITED, a company incorporated in Thailand at No 555, Moo 1, Vibhavadi Rangsit road, Kwaeng Chatuchak, Khet Chatuchak, Bangkok, Thailand is the Owner and Sole Proprietor of the following Trademarks:-
ptt
Reg : No.4/2362/2009
dan.
Reg : No.4/2363/2009
In respect of : lubricant used for automobile, lubricant used for fishery and industrial lubricant in International class 4.
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 16.Feb.2012